# တရားရေး ဂျာနယ်

# JUDICIAL JOURNAL

အတွဲ(၃)၊ အမှတ်(၈)၊ ဖေဖော်ဝါရီလ၊ ၂၀၁၉



# တရားရေးဂျာနယ်

## အတွဲ(၃) အမှတ်(၈)

## ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ



# မာတိကာ

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်လှုပ်ရှားမှုသတင်းမှတ်တမ်းလွှာ


- ပြည်ထောင်စုတရားသူကြီးချုပ်နှင့်ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ ပြည်ပခရီးသတင်း မှတ်တမ်းလွှာ ၆
- ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ ပြည်ပဧည့်သည်တွေ့ဆုံမှု သတင်းမှတ်တမ်းလွှာ ၁၇
- ပြည်ထောင်စုတရားလွှတ်တော်ချုပ် လှုပ်ရှားမှုသတင်းမှတ်တမ်းလွှာ ၂၄
- တရားစီရင်ရေးစွမ်းဆောင်ရည်မြင့်မားစေရန် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၏ ဆောင်ရွက်ချက်များ ၄၁


### ကဗျာများ


- ခရီးမဝေး အနီးလေး — ကိုတရား(ထီးတန်း) — ၅၄
- ပန်းတိုင်ဆီ အရောက်လှမ်းမည် — ကိုတရား(ထီးတန်း) — ၅၅
- အလုပ်လုပ်ကြပါစို့ — ကိုတရား(ထီးတန်း) — ၅၆


### ဆောင်းပါးများ


- သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲခြင်း ဆိုင်ရာအမှုများစစ်ဆေးစီရင်ခြင်းဆိုင်ရာအာရှ-ပစိဖိတ် ဒေသတရားရေးညီလာခံ (Asia Pacific Judicial Conference on Environmental and Climate Change Adjudication)ကျင်းပခြင်း — ဥမ္မာအေး(တွဲဖက်အတွင်းရေးမှူး) ညီလာခံကျင်းပရေးကော်မတီ — ၅၇
- မြန်မာနိုင်ငံမှ တရားသူကြီးများနှင့် တရားရေးအရာရှိများအား စွမ်းဆောင်ရည်မြင့်တင်ရေးအတွက် ပြည်ထောင်စုတရားသူကြီးချုပ်ရုံးနှင့် အိန္ဒိယနိုင်ငံ၊ အမျိုးသားတရားစီရင်ရေးအကယ်ဒမီတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း — မျိုးကျော်အောင်(တရားရေး) — ၇၈
- ကြိုတင်ထွက်ချက် — လှအေး(တရားရေး) — ၈၀

| | | |
|---|---|---|
| ပိုနေမြေ ကျားနေမြေလျှောက်ထားမှု | လှအေး(တရားရေး) | ၈၃ |
| သမ္မာန်စာ(Summons) | လှအေး(တရားရေး) | ၈၆ |
| အမွေပုံမှုခင်းဆုံးဖြတ်ရာတွင်လိုက်နာရမည့်အချက်များ | သိန်းကိုကို(ပြည်နယ်တရားလွှတ်တော်တရားသူကြီး) | ၈၉ |
| အောင်မြင်ခဲ့သောစင်ကာပူသမ္မတနိုင်ငံ၏ အစိုးရဌာန– အကျဉ်းထောင်စနစ် ပြုပြင်ပြောင်းမှု | ထွန်းထွန်းအောင်(တရားရေး) | ၉၃ |
| စွဲချက်တင်သောအခါဝယ် | တင်တင်မာ(တရားရေး) | ၉၉ |
| ဒီကရီနှစ်ဆင့်နှင့်ပစ္စည်းရောင်းချခြင်းပြဿနာ | စိုးဝင်း(ဒီပဲယင်း) | ၁၀၁ |
| ရှေ့နေရှေ့ရပ်များ | ဂျူနီယာတုတ်ကလေး | ၁၀၆ |
| မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေကြမ်းမိတ်ဆက် | ဂျူနီယာတုတ်ကလေး | ၁၀၉ |
| နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ဖြင့် မှုခင်းစီမံခန့်ခွဲမှုစနစ်အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | မျိုးကျော်အောင်(တရားရေး) | ၁၁၈ |
| တရားမမှုများတွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး | ဒေါက်တာသိမ့်သိမ့်ထွေး | ၁၃၀ |
| တစ်သီးပုဂ္ဂလလူမွဲခံယူခြင်းဆိုင်ရာ သိကောင်းစရာများ | ဦးဦးသန့် | ၁၃၃ |
| ခရစ်ယာန်ဘာသာဝင်များ တရားရုံးတွင် မှတ်ပုံတင်ထိမ်းမြားခြင်းပြုနိုင်ရန်လိုအပ်ချက်များ | ထွန်းမျိုးဌေး(တရားရေး) | ၁၃၇ |
| စွဲချက်နှင့်ပတ်သက်သော ပြင်ဆင်မှုဥပဒေသများကို လေ့လာခြင်း | ထွန်းမျိုးဌေး(တရားရေး) | ၁၄၃ |


## တရားစီရင်ရေးဆိုင်ရာ


| | |
|---|---|
| ၂၀၁၆ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် (၅၅ နှင့် ၅၆) | ၁၆၄ |
| ၂၀၁၆ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် (၆၃) | ၁၇၃ |
| ၂၀၁၆ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် (၇၄) | ၁၇၉ |
| ၂၀၁၆ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် (၃၈၇) | ၁၈၆ |


## ENGLISH SECTION


| | | |
|---|---|---|
| Recognition and Enforcement of Foreign Judgment in Myanmar | Junior Toke Kalay | 194 |
| Digitalization and Enhancing Courts Proceedings and Justices with Information Technology | Khin Myint Cho | 198 |


ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးက ထုတ်ဝေသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုတရားလွှတ်တော်ချုပ်

| | | | |
|---|---|---|---|
| ၁။ | ဦးထွန်းထွန်းဦး | B.A(Law), LL.B | ပြည်ထောင်စုတရားသူကြီးချုပ် |
| ၂။ | ဦးသာဌေး | LL.B | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၃။ | ဦးမြသိမ်း (၅-၁၀-၂၀၁၈ရက်နေ့အထိ) | B.A | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၄။ | ဦးမြင့်အောင် | B.A | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၅။ | ဦးအောင်ဇော်သိန်း | B.A(Law), LL.B | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၆။ | ဦးမြဟန် | B.A(Law), LL.B D.B.L, D.M.L | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၇။ | ဦးမျိုးတင့် | LL.B | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၈။ | ဦးစိုးနိုင် | B.A(Law), LL.B | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၉။ | ဦးခင်မောင်ကြည် | LL.B | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၁၀။ | ဦးမျိုးဝင်း | LL.B, C.B.L | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |

## တရားရေးဂျာနယ်စာတည်းအဖွဲ့

| | | | |
|---|---|---|---|
| ၁။ | အမြဲတမ်းအတွင်းဝန် | ပြည်ထောင်စုတရားသူကြီးချုပ်ရုံး | ဥက္ကဋ္ဌ |
| ၂။ | ညွှန်ကြားရေးမှူးချုပ် | ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံး | ဒုတိယ ဥက္ကဋ္ဌ |
| ၃။ | ဒုတိယအမြဲတမ်းအတွင်းဝန် | ပြည်ထောင်စုတရားသူကြီးချုပ်ရုံး | အဖွဲ့ဝင် |
| ၄။ | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ (စီမံ/ထောက်ပံ့) | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| ၅။ | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ (လေ့ကျင့်/သုတေသန) | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| ၆။ | ဒုတိယညွှန်ကြားရေးမှူးချုပ်(တရားစီရင်ရေး) | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အဖွဲ့ဝင် |
| ၇။ | ဒုတိယညွှန်ကြားရေးမှူးချုပ်(လုပ်ထုံး/စစ်ဆေးရေး) | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အဖွဲ့ဝင် |
| ၈။ | လက်ထောက်အတွင်းဝန် | ပြည်ထောင်စုတရားသူကြီးချုပ်ရုံး | အဖွဲ့ဝင် |
| ၉။ | ညွှန်ကြားရေးမှူး၊ စီမံရေးရာဌာန | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| ၁၀။ | ညွှန်ကြားရေးမှူး၊ ဘတ်ဂျက်နှင့်ထောက်ပံ့ဌာန | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| ၁၁။ | ညွှန်ကြားရေးမှူး၊ လေ့ကျင့်ဌာန | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| ၁၂။ | ညွှန်ကြားရေးမှူး၊ သတင်းအချက်အလက် နည်းပညာနှင့် ပြည်သူ့ဆက်ဆံရေးဌာန | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| ၁၃။ | ညွှန်ကြားရေးမှူး၊ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးနှင့် သုတေသနဌာန | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| ၁၄။ | ညွှန်ကြားရေးမှူး၊ ပြစ်မှုတရားစီရင်ရေးဌာန | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အဖွဲ့ဝင် |
| ၁၅။ | ညွှန်ကြားရေးမှူး၊ တရားမတရားစီရင်ရေးဌာန | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အဖွဲ့ဝင် |
| ၁၆။ | ညွှန်ကြားရေးမှူး၊ စာချွန်တော်ဌာန | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အဖွဲ့ဝင် |
| ၁၇။ | ညွှန်ကြားရေးမှူး၊ရှေ့နေရှေ့ရပ်နှင့်စစ်ဆေးရေးဌာန | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အဖွဲ့ဝင် |
| ၁၈။ | ညွှန်ကြားရေးမှူး၊ ဥပဒေလုပ်ထုံးလုပ်နည်းဌာန | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အတွင်းရေးမှူး |

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီးများ ရုံးထိုင်သည့် စုံညီခုံရုံး မှတ်တမ်းဓာတ်ပုံ



# ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ ပြည်ပခရီးသတင်းမှတ်တမ်းလွှာ

(၂၇.၇.၂၀၁၈) ရက်နေ့တွင် စင်ကာပူနိုင်ငံတွင် ကျင်းပသည့် အာဆီယံတရား
စီရင်ရေးပေါ်တယ် (ASEAN Judiciaries Portal) စတင်ဖွင့်လှစ်ခြင်း
အခမ်းအနားနှင့် (၆)ကြိမ်မြောက် အာဆီယံ တရားသူကြီးချုပ်များကောင်စီ
အစည်းအဝေးသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး
တက်ရောက်သည့် မှတ်တမ်းဓာတ်ပုံများ






(၁၃.၉.၂၀၁၈) ရက်နေ့မှ (၁၄.၉.၂၀၁၈) ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ကျင်းပပြုလုပ်သည့် မဟာမဲခေါင်ဒေသနိုင်ငံများအတွင်း ကောင်းမွန်သော တရားစီရင်ရေးအပေါ် ယနေ့ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို တုန့်ပြန်ခြင်းဆိုင်ရာ နိုင်ငံတကာညီလာခံသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်သည့် မှတ်တမ်းဓာတ်ပုံများ






JUDICIAL EXCELLENCE
TO TODAY'S CHALLEN

(၂၅.၉.၂၀၁၈) ရက်နေ့မှ (၂၇.၉.၂၀၁၈) ရက်နေ့အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊
ဗလာဒီဗိုစတုတ်မြို့တွင် ကျင်းပပြုလုပ်သည့် (၁၀) ကြိမ်မြောက် အာရှ - ပစိဖိတ်
နိုင်ငံတကာဥပဒေဖိုရမ်သို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး
တက်ရောက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ






(၂၅.၁၁.၂၀၁၈) ရက်နေ့တွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် ကျင်းပပြုလုပ်သည့် ပထမအကြိမ် ဘင်း(မ်)စတက်နိုင်ငံများမှ တရားစီရင်ရေးအကြီးအကဲများ စကားဝိုင်းဆွေးနွေးပွဲသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ



(၂၆.၂.၂၀၁၈) ရက်နေ့မှ (၂၇.၂.၂၀၁၈) ရက်နေ့အထိ ပါကစ္စတန်နိုင်ငံ၊ လာဟိုးမြို့တွင် ကျင်းပသော ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အာရှ - ပစိဖိတ် တရားစီရင်ရေးဆိုင်ရာ ဆွေးနွေးပွဲသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးအောင်ဇော်သိန်း တက်ရောက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ



(၂၀.၂.၂၀၁၈) ရက်နေ့မှ (၂.၃.၂၀၁၈) ရက်နေ့အထိ အမေရိကန်ပြည်ထောင်စု လေ့လာရေးခရီးစဉ်သို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြဟန်နှင့် ဦးမျိုးတင့်တို့ သွားရောက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ



(၁၀.၁၂.၂၀၁၈) ရက်နေ့မှ (၁၁.၁၂.၂၀၁၈) ရက်နေ့အထိ မလေးရှားနိုင်ငံ၊
ပူထရာဂျာရားမြို့တွင် ကျင်းပသော အာဆီယံလူ့အခွင့်အရေးဆိုင်ရာ
အဆင့်မြင့်ဆွေးနွေးပွဲသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး
ဦးမျိုးတင့် တက်ရောက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ



(၁၇.၇.၂၀၁၈) ရက်နေ့မှ (၃၀.၇၂၀၁၈) ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့ အမျိုးသား တရားသူကြီးများကောလိပ်တွင်ပြုလုပ်သည့် ၂၀၁၈ ခုနှစ်၊ အာရှနိုင်ငံများမှ တရားသူကြီးများ ဆွေးနွေးပွဲသို့ ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းထွန်း၊ မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိန်ထွန်း၊ တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးတင်အောင်၊ ချင်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်တို့ တက်ရောက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ




(၁၄.၁၁.၂၀၁၈) ရက်နေ့မှ (၂၀.၁၁.၂၀၁၈) ရက်နေ့အထိ အိန္ဒိယနိုင်ငံ၊ နယူးဒေလီ၊ အာဂရာ၊ လာ့ခ်နောင်းတွင် ကျင်းပသည့် 19th International Conference of Chief Justices of the World သို့ စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့် တက်ရောက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ



(၁၁.၁၀.၂၀၁၈) ရက်နေ့မှ (၁၂.၁၀.၂၀၁၈) ရက်နေ့အထိ တူရကီနိုင်ငံ၊ အစ္စတန်ဘူလ်မြို့တွင်ကျင်းပသည့် 4th International Summit of High Courtသို့ မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးမြင့်သိန်း တက်ရောက်သည့် မှတ်တမ်းဓာတ်ပုံ



# ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ပြည်ပသြေ့တွေ့ဆုံမှု သတင်းမှတ်တမ်းလွှာ

(၅.၁.၂၀၁၈) ရက်နေ့တွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးအား စင်ကာပူသံရုံး၊ သံအမတ်ကြီး H.E Ms. Vanessa Chan Yuen Ying မှ လာရောက်ဂါရဝပြုတွေ့ဆုံသည့် မှတ်တမ်းဓာတ်ပုံ



(၂၅.၁.၂၀၁၈) ရက်နေ့တွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် UNICEF ၏မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. June Kunugiတို့ တွေ့ဆုံသည့် မှတ်တမ်းဓာတ်ပုံ



(၂၀.၂.၂၀၁၈) ရက်နေ့တွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ဂျပန်နိုင်ငံတရားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန၏ အကြီးအကဲဖြစ်သူ Mr. Taro MORINAGAတို့ တွေ့ဆုံသည့် မှတ်တမ်းဓာတ်ပုံများ





(၂၄.၄.၂၀၁၈) ရက်နေ့တွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးအား လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး(OHCHR) ၏ အာရှပစိဖိတ်ဌာနအကြီးအကဲ Ms.Jyoti Sanghera မှ ဂါရဝပြုတွေ့ဆုံသော မှတ်တမ်းဓာတ်ပုံ



(၁.၈.၂၀၁၈) ရက်နေ့တွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ဂျပန်နိုင်ငံ လွှတ်တော်ရေးရာ တရားရေး ဒုတိယဝန်ကြီး Mr. Takashi YAMASHITAတို့ တွေ့ဆုံသည့် မှတ်တမ်းဓာတ်ပုံ



(၂၃.၈.၂၀၁၈) ရက်နေ့တွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် နယ်သာလန်နိုင်ငံ သံအမတ်ကြီး H.E Mr.Wouter Jurgens တို့တွေ့ဆုံသည့် မှတ်တမ်းဓာတ်ပုံ



(၇.၉.၂၀၁၈) ရက်နေ့တွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ကိုရီးယားသမ္မတနိုင်ငံ သံရုံးမှ သံအမတ်ကြီး H.E Mr.Lee Sang-hwa အား လက်ခံတွေ့ဆုံသည့် မှတ်တမ်းဓာတ်ပုံ



(၁၁.၁၀.၂၀၁၈) ရက်နေ့တွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ဒိန်းမတ်နိုင်ငံ သံရုံးမှ သံအမတ်ကြီး H.E. Mr. John Nielsenတို့ တွေ့ဆုံသည့် မှတ်တမ်းဓာတ်ပုံ



(၂၉.၁၀.၂၀၁၈) ရက်နေ့တွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးအား ပါကစ္စတန်နိုင်ငံ၊ လာဟိုးရ်တရားလွှတ်တော်မှ တရားလွှတ်တော်တရားသူကြီး Justice Mr. Jawad Hassan က လာရောက်တွေ့ဆုံသည့် မှတ်တမ်းဓာတ်ပုံ



(၁၅.၁၁.၂၀၁၈) ရက်နေ့တွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့်
အမေရိကန် နိုင်ငံသံရုံးမှ သံအမတ်ကြီး H.E Mr. Scot Marciel တို့
တွေ့ဆုံသည့် မှတ်တမ်းဓာတ်ပုံ



# ပြည်ထောင်စုတရားလွှတ်တော်ချုပ်
# လုပ်ရှားမှုသတင်းမှတ်တမ်းလွှာ

(၃၀.၁.၂၀၁၈) ရက်နေ့တွင် နေပြည်တော်ရှိ MICC-1 တွင် ကျင်းပပြုလုပ်သည့်
Launching of Strategic Plan (2018-2022)
မှတ်တမ်းဓာတ်ပုံများ






(၈.၂.၂၀၁၈) ရက်နေ့မှ (၁၀.၂.၂၀၁၈) ရက်နေ့အထိ ကျင်းပပြုလုပ်သည့် (၁၄) ကြိမ်မြောက်
ခြောက်လပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှတ်တမ်းဓာတ်ပုံ




(၁.၃.၂၀၁၈) ရက်နေ့တွင် နေပြည်တော်၊ ဥပ္ပါတသန္တိစေတီ၌
ဆွမ်းဆန်စိမ်း လောင်းလှူခြင်း မှတ်တမ်းဓာတ်ပုံ



(၂၂.၃.၂၀၁၈) ရက်နေ့တွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက
နေပြည်တော်အချုပ်ထောင်အား စစ်ဆေးသည့် မှတ်တမ်းဓာတ်ပုံ




(၂၁.၄.၂၀၁၈) ရက်နေ့မှ (၂၂.၄.၂၀၁၈) ရက်နေ့အထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင်
ကျင်းပပြုလုပ်သည့် အထူးလုပ်ငန်းညှိနှိုင်းအစည်းအဝေးမှတ်တမ်းဓာတ်ပုံ



## (၂.၅.၂၀၁၈) ရက်နေ့တွင် နေပြည်တော် MICC(II) တွင် ကျင်းပပြုလုပ်သည့် Launching Ceremony of 2017 Annual Court Report မှတ်တမ်းဓာတ်ပုံ



(၁၁.၅.၂၀၁၈) ရက်နေ့တွင်ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ရုံးဖွင့်ပွဲအခမ်းအနားတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးမန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူ ပေးရေး အဖွဲ့ ဥက္ကဋ္ဌ ဦးညဏ်ဝင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်သည့် မှတ်တမ်းဓာတ်ပုံများ





(၁.၆.၂၀၁၈) ရက်နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ကျင်းပပြုလုပ်သည့်
မိုးရာသီသစ်ပင်စိုက်ပွဲတော် မှတ်တမ်းဓာတ်ပုံ



(၁၃.၇.၂၀၁၈) ရက်နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ ကျင်းပပြုလုပ်သည့်
(၁၃) ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူခြင်း မှတ်တမ်းဓာတ်ပုံ



(၂၄.၇.၂၀၁၈) ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပပြုလုပ်သော ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်းအမှတ်စဉ် (၂၇) သင်တန်းဆင်းအခမ်းအနား မှတ်တမ်းဓာတ်ပုံ




(၉.၈.၂၀၁၈) ရက်နေ့မှ (၁၀.၈.၂၀၁၈) ရက်နေ့အထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ကျင်းပပြုလုပ်သော (၁၅) ကြိမ်မြောက် ခြောက်လပတ်အစည်းအဝေး မှတ်တမ်းဓာတ်ပုံ



(၁၆.၁၀.၂၀၁၈) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဒုတိယမြို့နယ်တရားသူကြီးများ
လုပ်ငန်းဝင် သင်တန်းအမှတ်စဉ် (၂၇) တွင် ဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း၊ တာဝန်
ပေးအပ်လွှာများ အပ်နှင်းခြင်း၊ ကျမ်းသစ္စာပြုခြင်း အခမ်းအနား မှတ်တမ်းဓာတ်ပုံ




(၂၉.၁၀.၂၀၁၈) ရက်နေ့မှ (၃၀.၁၀.၂၀၁၈) ရက်နေ့အထိ နေပြည်တော်ရှိ Hilton Hotelတွင်
ကျင်းပပြုလုပ်သည့် Asia-Pacific Judicial Conference on
Environmental and Climate Change Adjudication မှတ်တမ်းဓာတ်ပုံ



(၅.၁၁.၂၀၁၈) ရက်နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင်
ကျင်းပပြုလုပ်သည့်
ကထိန်သင်္ကန်းဆက်ကပ်ခြင်း မှတ်တမ်းဓာတ်ပုံ



(၂၉.၁၂.၂၀၁၈) ရက်နေ့တွင် ချင်းပြည်နယ်တရားလွှတ်တော်ရုံး ပန္နက်တော်တင်
တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး
တက်ရောက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ







(၂၂.၃.၂၀၁၈) ရက်နေ့မှ (၂၃.၃.၂၀၁၈) ရက်နေ့အထိ
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင်
ကျင်းပပြုလုပ်သည့် မီဒီယာဆင့်ပွားသင်တန်း
မှတ်တမ်းဓာတ်ပုံ



(၁၁.၁၂.၂၀၁၈) ရက်နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ စုဝေးခန်းမ၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် JICA Judicial and legal Project တို့ သဘောတူလက်မှတ်ရေးထိုးသည့် စီမံချက်အဆင့် ၂ (Project Phase II) နှင့် စပ်လျဉ်း၍ ဆွေးနွေးမှုမှတ်တမ်းအား ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ အမြဲတမ်းအတွင်းဝန် ဦးကိုကိုနိုင် နှင့် JICA Judicial and Legal Project မှ Mr. KOBAYSHI YOSUKEတို့ လက်မှတ်ရေးထိုးသည့် မှတ်တမ်းဓာတ်ပုံများ






(၁၁.၁၂.၂၀၁၈) ရက်နေ့တွင် နိုင်ငံတော်သမ္မတအိမ်တော်၊ C ဆောင်၌ ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံမှ တရားသူကြီးများနှင့် တရားရေးအရာရှိများအား အိန္ဒိယနိုင်ငံသို့စေလွှတ်၍ သင်တန်းပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ အမြဲတမ်းအတွင်းဝန် ဦးကိုကိုနိုင်နှင့် အိန္ဒိယသံရုံးမှ သံအမတ်ကြီး H.E Mr. Vikram Misri တို့ တက်ရောက်လက်မှတ်ရေးထိုးသည့် မှတ်တမ်းဓာတ်ပုံများ





(၅.၁၁.၂၀၁၈) ရက်နေ့တွင် နေပြည်တော်ရှိ Park Royal Hotel ၌ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့ ပူးပေါင်းပြုလုပ်သည့် စေ့စပ်ဖြေရှင်းရေးဆိုင်ရာ ဆွေးနွေးပွဲ မှတ်တမ်းဓာတ်ပုံ




(၁.၁၁.၂၀၁၈) ရက်နေ့တွင်နေပြည်တော်ရှိ HiltonHotel ၌ ကျင်းပပြုလုပ်သည့် Workshop on Cyber Crimes မှတ်တမ်းဓာတ်ပုံ



(၂၈.၁၁.၂၀၁၈) ရက်နေ့တွင် ဒိန်းမတ် - မြန်မာ ပူးပေါင်းဆောင်ရွက်ရမည့်
အစီအစဉ်အရ Judicial Accountability 'TOT'
အလုပ်ရုံဆွေးနွေးပွဲ မှတ်တမ်းဓာတ်ပုံ



# တရားစီရင်ရေး စွမ်းဆောင်ရည်မြင့်မားစေရန် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များ၏ ဆောင်ရွက်ချက်များ

(၉.၇.၂၀၁၈) ရက်နေ့တွင် ကချင်ပြည်နယ်တရားလွှတ်တော်၌ ကျင်းပပြုလုပ်သော နိုင်ငံတစ်ဝန်း
မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်(NCMP) ဆောင်ရွက်ခြင်း
သင်တန်းဖွင့်ပွဲအခမ်းအနားမှတ်တမ်းဓာတ်ပုံ




(၁၈.၆.၂၀၁၈) ရက်နေ့မှ (၂၅.၈.၂၀၁၈) ရက်နေ့အထိ ကယားပြည်နယ်တရားလွှတ်တော်၌
ကျင်းပပြုလုပ်သော တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့်မွမ်းမံသင်တန်း
အမှတ်စဉ် (၁/၂၀၁၈) ဆင်းပွဲအခမ်းအနားမှတ်တမ်းဓာတ်ပုံ



(၇.၇.၂၀၁၈) ရက်နေ့တွင် ကယားပြည်နယ်တရားလွှတ်တော်၌ကျင်းပသည့် နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်(Case Management Program) သင်တန်း မှတ်တမ်းဓာတ်ပုံ




(၁.၂.၂၀၁၈) ရက်နေ့တွင် ကရင်ပြည်နယ်တရားလွှတ်တော်၌ ကျင်းပပြုလုပ်သော မှုခင်းလျော့နည်းကျဆင်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး မှတ်တမ်းဓာတ်ပုံ



(၉.၇.၂၀၁၈) ရက်နေ့တွင် ကရင်ပြည်နယ်တရားလွှတ်တော်၌ ကျင်းပသည့် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်(CMP) အကောင်အထည်ဖော်ဆောင်ရွက်ရေး ရှင်းလင်းဆွေးနွေးပွဲ မှတ်တမ်းဓာတ်ပုံ



(၂၉.၈.၂၀၁၈) ရက်နေ့တွင် ချင်းပြည်နယ်တရားလွှတ်တော်၌ကျင်းပသည့် နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်(National Case Management Program) သင်တန်း ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနား မှတ်တမ်းဓာတ်ပုံ



(၁၉.၁၀.၂၀၁၈) ရက်နေ့တွင် ကျင်းပပြုလုပ်သော ချင်းပြည်နယ်၊ မတူပီခရိုင် တရားရုံးဖွင့်ပွဲ အခမ်းအနားမှတ်တမ်းဓာတ်ပုံ




(၂၄.၃.၂၀၁၈) ရက်နေ့မှ (၂၅.၃.၂၀၁၈) ရက်နေ့အထိ စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်၌ ကျင်းပပြုလုပ်သော Media Skill Replication Training (3/2018) မီဒီယာကျွမ်းကျင်မှုဆင့်ပွားသင်တန်း (၃/၂၀၁၈) မှတ်တမ်းဓာတ်ပုံ



(၂၂.၉.၂၀၁၈) ရက်နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် UNDP တို့ပူးပေါင်း၍ တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်အစီအစဉ်ဖြင့် မြိတ်မြို့တွင်ကျင်းပပြုလုပ်ခဲ့သည့် မျှတသောတရားခွင်ဆိုင်ရာအခွင့်အရေးများနှင့် တရားစီရင်ရေးဆိုင်ရာကျင့်ဝတ်နှင့် ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲ မှတ်တမ်းဓာတ်ပုံ



(၁၇.၃.၂၀၁၈) ရက်နေ့မှ (၁၈.၃.၂၀၁၈) ရက်နေ့အထိ တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်၌ ကျင်းပသည့် သတင်းမီဒီယာဆင့်ပွားသင်တန်း မှတ်တမ်းဓာတ်ပုံ



(၅.၁.၂၀၁၈) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်တွင် ကျင်းပပြုလုပ်သည့် တွေ့ဆုံပွဲ မှတ်တမ်းဓာတ်ပုံ




(၂.၆.၂၀၁၈) ရက်နေ့တွင် မကွေးတိုင်းဒေသကြီးတရားလွှတ်တော်၌ ကျင်းပပြုလုပ်သော တရားရုံးစာရေးဝန်ထမ်းများ အရည်အသွေးမြှင့် မွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနား မှတ်တမ်းဓာတ်ပုံ



(၂၁.၇.၂၀၁၈) ရက်နေ့မှ (၂၂.၇.၂၀၁၈) ရက်နေ့အထိ မကွေးတိုင်းဒေသကြီးတရားလွှတ်တော်၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် JICA တို့ပူးပေါင်းကျင်းပသည့် Seminar on How to Handle New Type of Evidence မှတ်တမ်းဓာတ်ပုံ




(၁.၆.၂၀၁၈) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တွင် ကျင်းပပြုလုပ်သည့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ မှတ်တမ်းဓာတ်ပုံ



(၂၅.၈.၂၀၁၈) ရက်နေ့မှ (၂၆.၈.၂၀၁၈) ရက်နေ့အထိ မန္တလေးတိုင်းဒေသကြီး
တရားလွှတ်တော်၌ ကျင်းပသည့် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် ဆောင်ရွက်ခြင်းသင်တန်း
မှတ်တမ်းဓာတ်ပုံ




(၈.၉.၂၀၁၈) ရက်နေ့တွင် မွန်ပြည်နယ်တရားလွှတ်တော်၌ ကျင်းပပြုလုပ်သော
မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ဆောင်ရွက်ခြင်း သင်တန်း မှတ်တမ်းဓာတ်ပုံ




(၂၈.၆.၂၀၁၈) ရက်နေ့တွင် ရခိုင်ပြည်နယ်တရားလွှတ်တော်၌ ကျင်းပပြုလုပ်သော
စာရေးဝန်ထမ်းများ ရုံးတွင်းရက်တိုမွမ်းမံသင်တန်းဆင်းပွဲအခမ်းအနား
မှတ်တမ်းဓာတ်ပုံ




(၂၄.၁၂.၂၀၁၈) ရက်နေ့တွင် ကျင်းပဖွင့်လှစ်သည့် မောင်တောခရိုင်တရားရုံး
ဖွင့်ပွဲအခမ်းအနား မှတ်တမ်းဓာတ်ပုံ



(၃၀.၆.၂၀၁၈) ရက်နေ့တွင် ရခိုင်ပြည်နယ်တရားလွှတ်တော်၌ ကျင်းပပြုလုပ်သည့်
မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (CMP) အခြေခံသင်တန်းဖွင့်ပွဲအခမ်းအနား မှတ်တမ်းဓာတ်ပုံ




(၁၉.၅.၂၀၁၈) ရက်နေ့မှ (၂၀.၅.၂၀၁၈) ရက်နေ့အထိ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၌
ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် JICA တို့ ပူးပေါင်းကျင်းပသည့်
Seminar on How to Handle New Type of Evidence မှတ်တမ်းဓာတ်ပုံ




(၁၆.၈.၂၀၁၈) ရက်နေ့တွင် ရှမ်းပြည်နယ်တရားလွှတ်တော်၌ ကျင်းပပြုလုပ်သည့် နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် သင်တန်းအမှတ်စဉ်(၂) ဖွင့်ပွဲအခမ်းအနား မှတ်တမ်းဓာတ်ပုံ




(၁၇.၈.၂၀၁၈) ရက်နေ့တွင် ရှမ်းပြည်နယ်တရားလွှတ်တော်၌ ကျင်းပပြုလုပ်သော နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် သင်တန်းအမှတ်စဉ်(၂) ဆင်းပွဲအခမ်းအနား မှတ်တမ်းဓာတ်ပုံ



(၃.၁၀.၂၀၁၈) ရက်နေ့မှ (၄.၁၀.၂၀၁၈) ရက်နေ့အထိ
ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်မှ ပြုလုပ်သည့်
Workshop on Fair Trial Rights, Human Rights,
Rule of Law and Access to Justice for Court Staffs
မှတ်တမ်းဓာတ်ပုံ



# ခရီးမဝေး အနီးလေး

သူငယ်ချင်း . . .
မင်းငြင်း ငါငြင်း
တင်းမာခြင်းက
တရားမျှတ
အမှန်ရရေး
ခရီးလေးက
ဝေးသထက် ဝေးနေဦးမှာပါ။

သူငယ်ချင်း . . .
မင်းရောငါပါ
မာနခွာချ
ပကာသနကင်း
စိတ်ရင်းဖြူဖွေး
စိတ်ကောင်းမွေး၍
ဖေးဖေးမမ
ကူညီကြမှ
တရားမျှတ
လောကပါလ
အမှန်ရရေး
ခရီးမဝေး
အနီးလေးမှာ ရှိတော့မည်။ ။

ကိုတရား(ထီးတန်း)

# ပန်းတိုင်ဆီ အရောက်လှမ်းမည်

'ရေ'၏ဂုဏ်အင်
ကြည်လင်သန့်ရှင်း၊ ရန့်ကင်းသည်။

'မှန်'၏ဂုဏ်အင်
ကြည်လင်ပြတ်သား၊ အမှားမရှိ
မြင်တာပကတိ ပြသ၏။

'ရေ'နှင့် 'မှန်'အလား
ပမာထား၍၊ အများပြည်သူ
ကြည်ဖြူလိုလား၊ တရားရေးလမ်း
ဖြောင့်တန်းတည့်မတ်၊ ရပ်တည်နိုင်ရေး
စဉ်းစားတွေးလျှင်၊ မနေးအမြန်
မှန်ကန်ရေးဆီ၊ ဦးတည်ကြိုးပမ်း
အရောက်လှမ်းမှ ပန်းတိုင်ဆီသို့ ရောက်တော့မည်။ ။

ကိုတရား(ထီးတန်း)

# အလုပ်လုပ်ကြပါစို့

အမှားက အမှန်
အမှန်ကအမှား၊
လိမ်ထားဝှက်ထား
မြှုပ်ထားထိန်းထား
မုသားမျိုးစုံ၊ အမှုပုံကြား
အများလိုလား၊ တရားအမှန်
ဧကန်ရရေး၊ ကြိုးစားပေးဖို့
တို့များအားလုံး၊ လုပ်ထုံးညီညီ
ပီပြင်ကျန၊ တိကျမှန်ကန်
မြန်ဆန်သွက်လက်၊ ဆုံးဖြတ်ချက်ရေး
စီရင်ပေးရန်၊ ရည်သန်အားထုတ်
အလုပ်လုပ်ကြပါစို့။ ။

**ကိုတရား(ထီးတန်း)**

# သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာအမှုများ စစ်ဆေးစီရင်ခြင်းဆိုင်ရာ အာရှ–ပစိဖိတ်ဒေသ တရားရေးညီလာခံ (Asia Pacific Judicial Conference on Environmental and Cimate Change Adjudication)ကျင်းပခြင်း

ဥမ္မာအေး




ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ၎င်း၏မိတ်ဖက်အဖွဲ့အစည်းများဖြစ်သော အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ ကမ္ဘာ့ကုလသမဂ္ဂသဘာဝပတ်ဝန်းကျင်စီမံချက်(UNEP)တို့နှင့်ပူးပေါင်း၍ 'ဘာဘာဝပတ်ဝန်းကျင် နှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာအမှုများ စစ်ဆေးစီရင်ခြင်းဆိုင်ရာ အာရှ–ပစိဖိတ်ဒေသ တရားရေး ညီလာခံ'ကို နေပြည်တော် Hilton Hotelတွင် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့ပါသည်။

## ညီလာခံကျင်းပနိုင်ရေးဆောင်ရွက်မှုများ

တရားသူကြီးချုပ်များ၊ အဆင့်မြင့်တရားသူကြီးများ၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကျွမ်းကျင်သူများနှင့် သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲရေးဆိုင်ရာ ရှေ့နေများပါဝင်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အာရှတရားသူကြီးများကွန်ယက် (AJNE)၏အောက်တွင် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)သည် ၂၀၁၁ ခုနှစ်

မှစ၍ စားပွဲဝိုင်းဆွေးနွေးပွဲများနှင့် နှစ်စဉ်တွေ့ဆုံပွဲများကို ကျင်းပခဲ့ပါသည်။ ယင်းနှစ်စဉ်ကျင်းပပြုလုပ်သော အာဆီယံအဆင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးပွဲများသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ပြည်ထောင်စုတရားသူကြီးချုပ်က နှစ်စဉ် စေလွှတ် တက်ရောက်စေခဲ့ပါသည်။ ထို့နောက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)နှင့်ပူပေါင်း၍ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာအမှုများ စစ်ဆေးစီရင်ခြင်းနှင့်ပတ်သက်ပြီး အာဆီယံအဆင့် စားပွဲဝိုင်း ဆွေးနွေးပွဲတစ်ခုကို မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရန် ၂၀၁၆ ခုနှစ်ကတည်းက ဆက်သွယ် ညှိနှိုင်းခဲ့ပါသည်။

အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၏ ပြန်ကြားချက်အရ အာဆီယံနိုင်ငံများသာမက တောင်အာရှနိုင်ငံများပါ ပါဝင်သော ဆွေးနွေးပွဲကို ကျင်းပမည်ဖြစ်ကြောင်း သိရှိရ၍ ၂၀၁၇ ခုနှစ်တွင် ပြည်ထောင်စုတရားလွှတ်တော် ချုပ်က ဆွေးနွေးပွဲကျင်းပနိုင်ရေးအတွက် အဆိုပြုလွှာကို အာရှဖွံ့ဖြိုးရေးဘဏ်(ADB)သို့ ပေးပို့ခဲ့ပါသည်။ ထို့နောက် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)မှ ပြန်လည်ပေးပို့လာသောအကြောင်းကြားစာအရ ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပရမည့် ဆွေးနွေးပွဲမှာ အာဆီယံ၊ တောင်အာရှနိုင်ငံများသာမက ပစိဖိတ်ဒေသနိုင်ငံများအပါအဝင် အခြားနိုင်ငံများကိုလည်း ဖိတ်ခေါ်မည့် အာရှ-ပစိဖိတ်ဒေသတရားရေး ညီလာခံဖြစ်ကြောင်း သိရှိရပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကလည်း လက်ခံကျင်းပမည်ဖြစ်ကြောင်း သဘောတူခဲ့ပါသည်။ ညီလာခံကျင်းပမည့်အဖွဲ့အစည်းတွင် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)နှင့်အတူ ၎င်း၏ မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် ကမ္ဘာ့ကုလသမဂ္ဂသဘာဝပတ်ဝန်းကျင်စီမံချက်(UNEP)မှ ပူးပေါင်းပါဝင် လာခဲ့ခြင်းဖြစ်ပါသည်။ ဤညီလာခံသည် သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာအမှုများ စစ်ဆေးစီရင်မှုနှင့်စပ်လျဉ်း၍ တိုးတက်ခိုင်မာလာစေရေးအတွက် ကမ္ဘာပေါ်ရှိ ပထမဆုံး တရားရေးကွန်ယက်ဖြစ် သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အာရှတရားသူကြီးများကွန်ယက်(AJNE)၏ ဦးဆောင်မှုအောက်မှ ကျင်းပခြင်းဖြစ်ပါသည်။

ပြည်ထောင်စုတရားသူကြီးချုပ်သည် ညီလာခံကျင်းပရေးကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးအောင်ဇော်သိန်းအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးနိုင်အား ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန် ပေးအပ်ခဲ့ပါသည်။ ညီလာခံကျင်းပရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)မှ Senior Counsel ဖြစ်သူ Ms. Irum Ahsan ဦးဆောင်သော Mission အဖွဲ့သည် ပြည်ထောင်စုတရားသူကြီးချုပ်နှင့်လည်းကောင်း၊ ညီလာခံကျင်းပရေးကော်မတီနှင့်လည်းကောင်း ၂၂-၅-၂၀၁၈ ရက်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် သို့ လာရောက်တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

ညီလာခံကျင်းပရေးကော်မတီသည် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၊ ကမ္ဘာ့ကုလသမဂ္ဂသဘာဝပတ်ဝန်း ကျင်စီမံချက်(UNEP)တို့နှင့် အပြန်အလှန်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါသည်။ ညီလာခံကျင်းပရေး နှင့်စပ်လျဉ်း၍ ညီလာခံကုန်ကျစရိတ်၊ ပြည်ပမှကိုယ်စားလှယ်များအတွက် ခရီးစရိတ်၊ တည်းခိုနေထိုင် စားသောက်စရိတ်၊ နေပြည်တော်ပြင်ပမှ လာရောက်သော ပြည်တွင်းမှ ကိုယ်စားလှယ်များအတွက် ခရီး စရိတ်နှင့် တည်းခိုနေထိုင်စားသောက်စရိတ် စသည်တို့ကို အာရှဖွံ့ဖြိုးရေးဘဏ်(ADB)နှင့် ၎င်း၏မိတ်ဖက် အဖွဲ့အစည်းများက ကျခံမည်ဖြစ်ပြီး ပြည်တွင်းသို့ရောက်ရှိစဉ် လေဆိပ်မှဟိုတယ်သို့ ဝါစဉ်အရ ကြိုပို့ခြင်း၊ ပြည်ဝင်ခွင့်ဗီဇာကိစ္စ ဆောင်ရွက်ပေးခြင်း၊ ကြိုဆိုဂုဏ်ပြုညစာစားပွဲကျင်းပခြင်း၊ လုံခြုံရေးကိစ္စရပ်များ

ဆောင်ရွက်ခြင်း၊ ညီလာခံကျင်းပချိန်တွင် အဆင်ပြေစေရေးအတွက် အတွင်းရေးမှူးရုံးအဖွဲ့ထားရှိကာ ဆောင်ရွက်ပေးခြင်း၊ ညီလာခံပြီးနောက် မပြန်ရသေးသော ပြည်ပမှ ဧည့်သည်တော်များအား နေပြည်တော်အတွင်း လေ့လာရေးလိုက်လံပို့ဆောင်ပေးခြင်းများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တာဝန်ယူမည်ဖြစ်ကြောင်း သဘောတူညီခဲ့ကြပါသည်။

ညီလာခံအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အတွင်းရေးမှူးရုံးအဖွဲ့၊ လုပ်ငန်းအဖွဲ့များဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်းတို့ကို ပြည်ထောင်စုတရားသူကြီးချုပ်က ၁၆–၇–၂၀၁၈ ရက်စွဲပါ အမိန့်အမှတ် ၁၃၂/၂၀၁၈ ဖြင့် ထုတ်ပြန်ပေးခဲ့ပါသည်။ အမြဲတမ်းအတွင်းဝန် ဦးကိုကိုနိုင်နှင့် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးတို့က လုပ်ငန်းအဖွဲ့များကို ကြီးကြပ်ဆောင်ရွက်ခဲ့ကြပြီး ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ညီလာခံကျင်းပရေးကော်မတီသို့ အဆင့်ဆင့် တင်ပြဆောင်ရွက်ခဲ့ကြပါသည်။

ညီလာခံကျင်းပရေးကော်မတီသည် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)မှ Senior Counsel ဖြစ်သူ Ms. Irum Ahsan ဦးဆောင်သော ADB Mission အဖွဲ့နှင့် ၂၇–၁၀–၂၀၁၈ ရက်နေ့တွင် Hilton Hotel ၌ အပြီးသတ်တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် နှစ်ဖက်သဘောတူညှိနှိုင်းထားသည့်အတိုင်း ညီလာခံကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့နှင့် ၃၀ ရက်နေ့များတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် အောင်မြင်စွာကျင်းပခဲ့ခြင်းဖြစ်ပါသည်။

## ညီလာခံသို့ တက်ရောက်လာသူများ

ညီလာခံသို့ အာရှနှင့် ပစိဖိတ်ဒေသနိုင်ငံများမှ တရားသူကြီးချုပ်များ၊ တရားလွှတ်တော်ချုပ်တရားသူကြီးများ၊ တရားလွှတ်တော်တရားသူကြီးများ၊ ဥပဒေပညာကျွမ်းကျင်သူများ၊ ပါမောက္ခများ၊ ရှေ့နေများ တက်ရောက်ခဲ့ကြပါသည်။ ဒေအလိုက် တက်ရောက်လာသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

**အာဆီယံနိုင်ငံများ–**

| | | | | |
|---|---|---|---|---|
| (က) | ကမ္ဘောဒီးယားနိုင်ငံ | – | ဒုတိယတရားသူကြီးချုပ်အပါအဝင် | ၃ ဦး |
| (ခ) | အင်ဒိုနီးရှားနိုင်ငံ | – | ဒုတိယတရားသူကြီးချုပ်အပါအဝင် | ၂ ဦး |
| (ဂ) | လာအိုနိုင်ငံ | – | ဒုတိယတရားသူကြီးချုပ်အပါအဝင် | ၂ ဦး |
| (ဃ) | စင်ကာပူနိုင်ငံ | – | တရားရုံးချုပ်ကော်မရှင်နာအပါအဝင် | ၃ ဦး |
| (င) | ထိုင်းနိုင်ငံ | – | တရားရုံးချုပ်တရားသူကြီးအပါအဝင် | ၄ ဦး |
| (စ) | ဗီယက်နမ်နိုင်ငံ | – | တရားရုံးချုပ်တရားသူကြီးအပါအဝင် | ၂ ဦး |

**တောင်အာရှနိုင်ငံများ**

| | | | | |
|---|---|---|---|---|
| (က) | အာဖဂန်နစ္စတန်နိုင်ငံ | – | တရားသူကြီးချုပ်အပါအဝင် | ၃ ဦး |
| (ခ) | ဘင်္ဂလားဒေ့ရှ်နိုင်ငံ | – | တရားရုံးချုပ်တရားသူကြီး | ၂ ဦး |
| (ဂ) | ဘူတန်နိုင်ငံ | – | တာဝန်ခံတရားသူကြီးချုပ်အပါအဝင် | ၃ ဦး |
| (ဃ) | နီပေါနိုင်ငံ | – | တရားရုံးချုပ်တရားသူကြီးများအပါအဝင် | ၃ ဦး |
| (င) | ပါကစ္စတန်နိုင်ငံ | – | တရားလွှတ်တော်တရားသူကြီး | ၁ ဦး |
| (စ) | သီရိလင်္ကာနိုင်ငံ | – | တရားသူကြီးချုပ် | ၁ ဦး |

**ပစိဖိတ်ဒေသနိုင်ငံများ**

(က) ပါပူးဝါးနယူးဂီနီနိုင်ငံ– တရားရုံးချုပ်တရားသူကြီး ၁ ဦး

(ခ) ဆာမိုအာနိုင်ငံ – တရားသူကြီးချုပ်အပါအဝင် ၃ ဦး

**Resources persons (စာတမ်းဖတ်ကြားသူများ)**

သြစတြေးလျ၊ ဘရာဇီး၊ ကီရီဘာတီ၊ ဗြိတိန်၊ အမေရိကန်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ နယူးဇီလန်၊ ဖိလစ်ပိုင်နှင့် ပါကစ္စတန်နိုင်ငံများမှ စုစုပေါင်း ၁၆ ဦး တက်ရောက်ခဲ့ပါသည်။ ၎င်းတို့အနက် သြစတြေးလျ၊ ဘရာဇီး၊ ဗြိတိန်နှင့် အမေရိကန်တို့မှ စာတမ်းဖတ်ကြားသူများမှာ အဆင့်မြင့်တရားသူကြီးများ ဖြစ်ကြပါသည်။

**အာရှဖွံ့ဖြိုးရေးဘဏ်(ADB)**

အာရှဖွံ့ဖြိုးရေးဘဏ်(ADB)မှ General Counsel ဖြစ်သူ Mr. Christopher Stephens ဦးဆောင်သော အဖွဲ့ဝင် ၁၀ ဦး တက်ရောက်ခဲ့ပါသည်။

**ကမ္ဘာ့ကုလသမဂ္ဂသဘာဝပတ်ဝန်းကျင်စီမံချက်(UNEP)**

ကမ္ဘာ့ကုလသမဂ္ဂသဘာဝပတ်ဝန်းကျင်စီမံချက်(UNEP) မှ Deputy Director - Regional Office for Asia and the Pacific၊ Ms. Isabelle Louis ဦးဆောင်သော အဖွဲ့ဝင် ၃ ဦး တက်ရောက်ခဲ့ပါသည်။

**Train - The - Trainers Program; Environmental Champions/Country Focal**

ယင်းအဖွဲ့သည် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)မှ အာရှနိုင်ငံများအကြား သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာရေးအထောက်အပံ့ပေးထားသောအဖွဲ့ဖြစ်ပြီး နိုင်ငံအလိုက် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းပေးထားခြင်း ဖြစ်ပါသည်။ ညီလာခံသို့ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ နီပေါ၊ ဖိလစ်ပိုင်၊ သီရိလင်္ကာ၊ ထိုင်း၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့မှ တက္ကသိုလ်ပါမောက္ခများ၊ ကထိကများနှင့် ပညာရပ်ကျွမ်းကျင်သူများ စုစုပေါင်း ၁၅ ဦး တက်ရောက်ခဲ့ကြပါသည်။

**ပြည်တွင်းမှတက်ရောက်သူများ**

ညီလာခံသို့ ပြည်တွင်းမှ အောက်ပါအတိုင်း တက်ရောက်ခဲ့ကြပါသည်–

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ၂ ဦး

(ခ) တိုင်းဒေသကြီး/ပြည်နယ်တရားသူကြီးချုပ် ၅ ဦး

(ဂ) တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်တရားသူကြီး ၉ ဦး

(ဃ) တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ ၁၄ ဦး

(င) ခရိုင်အဆင့်တရားသူကြီးများ ၁၆ ဦး

(စ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားရေးအရာရှိများ ၂၅ ဦး

(ဆ) အမျိုးသားလွှတ်တော်ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာန၊ သတ္တုတွင်းဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနတို့မှတက်ရောက်လာသူများ၊ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေး တက္ကသိုလ် ဥပဒေပညာဌာနပါမောက္ခများစုစုပေါင်း ၈ ဦး

သို့ဖြစ်၍ ညီလာခံသို့ နိုင်ငံပေါင်း ၂၅ နိုင်ငံမှ တရားသူကြီးချုပ်များ၊ တရားရုံးချုပ်တရားသူကြီးများ၊

တရားသူကြီးများ၊ တက္ကသိုလ်ပါမောက္ခများနှင့် ဥပဒေပညာရှင်များဧည့်သည်တော်စုစုပေါင်း ၇၇ ဦး တက်ရောက်ခဲ့ကြပြီး ပြည်တွင်းမှ တက်ရောက်သူ ၇၉ ဦးဖြစ်၍ ညီလာခံသို့ စုစုပေါင်း ၁၅၆ ဦး တက်ရောက်ခဲ့ကြပါသည်။

## ညီလာခံကျင်းပခြင်း

၂၉-၁၀-၂၀၁၈ ရက်နေ့ နံနက် ၀၉၀၀ နာရီတွင် ညီလာခံဖွင့်ပွဲအခမ်းအနားကို Hilton Hotel၊ Grand Ballroom တွင် ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့ရှိ ကော်မရှင်နှင့်ရေးရာကော်မတီများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများနှင့်၊ ရှေ့နေအသင်းများ၊ သတင်းမီဒီယာမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားရေးအရာရှိများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ပြည်တွင်းပြည်ပမှ ညီလာခံ တက်ရောက်လာသူများ တက်ရောက်ခဲ့ကြပါသည်။ ညီလာခံဖွင့်ပွဲတွင် ယဉ်ကျေးမှုဦးစီးဌာနမှ 'မြန်မာ့မင်္ဂလာ' တေးသီချင်း၊ အကပဒေသာဖြင့် ဖျော်ဖြေတင်ဆက်ပြီးနောက် ပြည်ထောင်စုတရားသူကြီးချုပ်က ညီလာခံကို စည်တော်ယွန်း၍ ဖွင့်လှစ်ပေးခဲ့ပါသည်။

ညီလာခံသည် ၂၀၁၁ ခုနှစ်မှ စတင်ကျင်းပခဲ့သော တရားသူကြီးချုပ်များ၊ အဆင့်မြင့်တရားသူကြီးများ၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကျွမ်းကျင်သူများနှင့် သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲရေးဆိုင်ရာ ရှေ့နေများပါဝင်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အာရှတရားသူကြီးများကွန်ယက်(AJNE)၏ စားပွဲဝိုင်းဆွေးနွေးပွဲများနှင့် နှစ်စဉ်တွေ့ဆုံပွဲများမှ ဆက်လက်၍ ကျင်းပခြင်းဖြစ်ပါသည်။ ယခုနှစ်တွင် မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် တောင်အာရှ၊ အရှေ့တောင်အာရှ၊ ပစိဖိတ်နှင့် ကမ္ဘာတစ်ဝှမ်းမှ တရားသူကြီးများတွေ့ဆုံကြကာ မျက်မှောက်ကာလ ကမ္ဘာကြီးရင်ဆိုင်နေရသော သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ စိန်ခေါ်မှုများအကြောင်း၊ သက်ဆိုင်သည့် ကွန်ဗင်းရှင်းများနှင့် ပြည်တွင်းဥပဒေများ၊ ယင်းအကြောင်းအရာများနှင့်ပတ်သက်၍ တရားရုံးသို့ စွဲဆိုတင်ပို့လာသောအမှုများအပေါ် စစ်ဆေးစီရင်မှုများအကြောင်း ဆွေးနွေးခဲ့ကြပါသည်။

ညီလာခံကျင်းပသည့်ပုံစံမှာ စာတမ်းဖတ်ကြားခြင်းနှင့် အကြောင်းအရာများကို သုံးသပ်ဆွေးနွေးခြင်း(Panel Discussion)တို့ဖြစ်ပါသည်။ Session ၇ ခုခွဲထားပြီး Panel Discussion ၂ ခု ပါဝင်ပါသည်။ စာတမ်းဖတ်ကြားသူ ၁၆ ဦးရှိပြီး အောက်ပါခေါင်းစဉ်များကို ဖတ်ကြားဆွေးနွေးခဲ့ကြပါသည်-

**ပထမနေ့အစီအစဉ် (Day 1)**

Session 1-

1. Overview of Myanmar's Environment and Climate Change Issues and Legal Framework for Protection and Enforcement
2. Resolving Environmental Issues in ASEAN Through EIAs and Other Tools for Enforcement
3. It's Gettin' Hot in Here, So Let's Talk GHGs: A Lawyer Talks About Climate Change

Session 2-

1. Who Suffers the First and the Worst : Is Climate Change Unfair?
2. The Paris Agreement - A Judge's Perspective
3. The Different Types of Climate Change Litigation Against Governments and Entities

Session 3 -

1. Urbanization Issues : Air and Plastic Pollution and Their Impacts
2. Ship breaking : Hazards and Solutions
3. Extent of Utilization of Groundwater by Corporations: Legal and Judicial Challenges

**ဒုတိယနေ့အစီအစဉ် (Day 2)**

Session 4 -

1. Eliminating Lead in Paint in the Philippines: How Multi-Stakeholders Collaboration is Protecting Children's Health and the Environment
2. Community Action to Address Climate Change in the Pacific : Kiribati Experience
3. Surviving Disasters for the Most Vulnerable : Teach a Girl to Swim (TAGS) Campaign
4. ADB's Bottom-Up Approach through the Train the Trainers Program: Developing a Cohort of Expert Trainers on Environmental Law

Session 5 -

Panel Discussion

Session 6 -

1. Global Judicial Efforts to Enhance Environment Litigation
2. Environment and Climate Change Litigation in India
3. Case Study : Deforestation and Indonesian Forest Fires Cases

Session 7 -

Panel Discussion

ညီလာခံပထမနေ့ (၂၉-၁၀-၂၀၁၈ ရက်နေ့)၏ Session 1 တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးမှ ညွှန်ကြားရေးမှူးချုပ်ဒေါ်တင်နွယ်စိုးက "Overview of Myanmar's Environment and Climate Change Issues and Legal Farmework for Portection and Enforcement" စာတမ်းကို ဖတ်ကြားခဲ့ပြီး၊ ညီလာခံဒုတိယနေ့ (၃၀-၁၀-၂၀၁၈ ရက်နေ့)၏ Session 5, Panel Discussion တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးအောင်ဇော်သိန်းကလည်းကောင်း၊ Session 7, Panel Discussion တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးနိုင်ကလည်းကောင်း ပါဝင်ဆွေးနွေးခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်တွင်းပြည်ပမှ ညီလာခံသို့ တက်ရောက်လာသူများအားလုံးနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များကို ၂၉-၁၀-၂၀၁၈ ရက်နေ့ ညနေ ၁၈၃၀ နာရီတွင် Hilton Hotel မြက်ခင်းပြင်၌ ကြိုဆိုဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ပါသည်။ ညစာစားပွဲကျင်းပချိန်တွင် ယဉ်ကျေးမှုဦးစီးဌာနမှ မြန်မာ့ယဉ်ကျေးမှုအကပဒေသာများ၊ တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ပါသည်။

၃၀-၁၀-၂၀၁၈ ရက်နေ့ ညနေ ၁၇၀၀ နာရီတွင် ညီလာခံအောင်မြင်ပြီးမြောက်ခဲ့ပါသည်။

**ညီလာခံသို့လာရောက်သော ပြည်ပမှဧည့်သည်တော်များအတွက် ဆောင်ရွက်ပေးမှုများ**

ညီလာခံသို့လာရောက်သည့် ပြည်ပမှဧည့်သည်တော်များအနက် ပြန်လည်ထွက်ခွာရခြင်းမရှိသေးသည့်သူများကို ၃၁-၁၀-၂၀၁၈ ရက်နေ့က နေပြည်တော်အတွင်း Sightseeing Tour နှင့် ဥပ္ပါတသန္တိစေတီတော်၊ အမျိုးသားပြတိုက်၊ ကျောက်မျက်ပြတိုက်၊ ကျောက်မျက်အရောင်းဆိုင်များသို့ လိုက်လံပို့ဆောင်ပေးခဲ့ပါသည်။ ဧည့်သည်တော်များအား နေပြည်တော်၏သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းထားရှိမှုအခြေအနေများကို မြင်တွေ့စေခဲ့ပါသည်။

ပြည်ပမှ ညီလာခံတက်ရောက်ရန်လာရောက်ကြသော ဧည့်သည်တော်များအား ဝါစဉ်အရ ကြိုပို့နိုင်ရန်နှင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် နေပြည်တော်၌ တရားရေးအရာရှိ ၄၈ ဦးနှင့် ရန်ကုန်မြို့၌ တရားရေးအရာရှိ ၁၅ ဦးတို့ကို လေ့ကျင့်သင်တန်းများပေးကာ ဆက်ဆံရေးအရာရှိများအဖြစ် ဆောင်ရွက်စေခဲ့ပါသည်။ ဆက်ဆံရေးအရာရှိများသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့တွင် မိမိတို့တာဝန်ကျရာနိုင်ငံအလိုက် ဧည့်သည်တော်များကြိုဆိုခြင်း၊ ဗီဇာကိစ္စဆောင်ရွက်ပေးခြင်း၊ ညီလာခံကျင်းပစဉ်နှင့် ညစာစားပွဲကျင်းပစဉ်အချိန်များ၌ ကူညီဆောင်ရွက်ပေးခြင်း၊ နေပြည်တော်အတွင်း Sightseeing Tour လိုက်လံပို့ဆောင်ပေးခြင်းများ ပြုလုပ်ပေးခဲ့ကြပါသည်။ သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များနှင့် ဆက်ဆံရေးအရာရှိများအနေဖြင့် လာရောက်ကြသောဧည့်သည်တော်များ စိတ်ကျေနပ်မှုရရှိစေရန် အဆင်ပြေစွာ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး မြန်မာလူမျိုးတို့၏ လှိုက်လှဲပျူငှာမှုနှင့် ဧည့်ဝတ်ကျေပွန်မှုတို့ကို ပြသနိုင်ခဲ့ပါသည်။

**ဌာနဆိုင်ရာများ၏ ကူညီဆောင်ရွက်ပေးမှုများ**

ပြည်ပမှ ဧည့်သည်တော်များသည် မြန်မာနိုင်ငံသို့ ၂၆-၁၀-၂၀၁၈ ရက်နေ့မှစတင်ရောက်ရှိလာကြရာ ဗီဇာကိစ္စများအတွက် ရန်ကုန်နှင့်နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးခဲ့ကြပါသည်။ နေပြည်တော်၌ ဧည့်သည်တော်များအား လေဆိပ်မှ ဟိုတယ်၊ ဟိုတယ်မှ လေဆိပ်သို့ကြိုပို့စဉ်တွင်လည်းကောင်း၊ နေပြည်တော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြစဉ်တွင်လည်းကောင်း ဗဟိုစက်ပစ္စည်းနှင့် စာရင်းအင်းဦးစီးဌာနမှ ယာဉ်တန်းများနှင့် ချိတ်ဆက်ကာ အဆင်ပြေစေရန် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ညီလာခံကျင်းပသည့်နေ့ရက်များ၌ ဧည့်သည်တော်များအား ကျန်းမာရေးပြုစုစောင့်ရှောက်မှုများပေးရန် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ကျဆရာဝန်နှင့် သူနာပြုဆရာမများလာရောက်၍ ဆေးခန်းဖွင့်လှစ်ပေးခဲ့ပါသည်။ ညီလာခံဖွင့်ပွဲအခမ်းအနားနှင့် ညစာစားပွဲတို့တွင် ယဉ်ကျေးမှုဦးစီးဌာနမှ တေးသံသာများ၊ အကပဒေသာများဖြင့် ဖျော်ဖြေခဲ့ကြသဖြင့် ပြည်ပမှဧည့်သည်တော်များအား မြန်မာတို့၏ယဉ်ကျေးမှု၊ အနုပညာစွမ်းရည်ကို ခမ်းနားလှပစွာ တွေ့မြင်စေခဲ့ပါသည်။ ထို့ပြင် ညီလာခံမတိုင်မီမှစ၍ ညီလာခံပြီးမြောက်ပြီး ဧည့်သည်တော်များအား ပြန်လည်ထွက်ခွာပြီးသည့်အချိန်ထိ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များကလည်း လုံခြုံရေးကိစ္စရပ်များကို တာဝန်ကျေပွန်စွာ ဆောင်ရွက်ပေးခဲ့ကြပါသည်။

**အောင်မြင်မှုရလဒ်**

ညီလာခံ၏ဆွေးနွေးချက်များသည် သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲခြင်းတို့နှင့်ဆက်နွယ်

သော အမှုများစီရင်ဆုံးဖြတ်ရာတွင် တရားသူကြီးများနှင့် ဥပဒေဖြင့် အသက်မွေးသူများ၏ ကြုံတွေ့နေရသော စိန်ခေါ်မှုများကို အဓိကဦးတည်ဆွေးနွေးခဲ့ကြခြင်းဖြစ်ပါသည်။ ညီလာခံမှတစ်ဆင့် တရားသူကြီးများ၊ တက်ရောက်လာသူများအနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အမှုစစ်ဆေးစီရင်ဆုံးဖြတ်ခြင်းများ တိုးတက်လာစေရန်နှင့် သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ တရားမျှတမှုလက်လှမ်းမီစေရန်တို့အတွက် အတွေးအခေါ်များနှင့် ဗဟုသုတများဖလှယ်ခြင်း၊ လက်တွေ့လုပ်ဆောင်ရသည့် လုပ်ထုံးလုပ်နည်းများ ဆွေးနွေးခြင်း စသည့် အခွင့်အလမ်းတစ်ရပ်ကို ရရှိစေခဲ့ပါသည်။ ထို့ပြင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့်လည်း နိုင်ငံတကာညီလာခံတစ်ရပ်ကို ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ခြင်းဖြစ်၍ ဒေသတွင်းရှိ တရားစီရင်ရေးဆိုင်ရာအကြီးအကဲများနှင့် ချစ်ကြည်ရင်းနှီးမှုများ ရရှိခဲ့သည့်အပြင် နိုင်ငံတကာညီလာခံကျင်းပခြင်းနှင့်စပ်လျဉ်း၍ အတွေ့အကြုံများရရှိစေခဲ့သဖြင့် အကျိုးကျေးဇူးများစွာရရှိခဲ့ပါသည်။

ညီလာခံအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ ဗဟိုစက်ပစ္စည်းနှင့် စာရင်းအင်းဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ယဉ်ကျေးမှုဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများနှင့် မိမိတို့ကျရာတာဝန်ကို ကျေပွန်စွာဆောင်ရွက်ခဲ့ကြသော တရားရေးအရာရှိများအားလုံးကို မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။ ။

**ဥက္ကာအေး**
**တွဲဖက်အတွင်းရေးမှူး**
**ညီလာခံကျင်းပရေးကော်မတီ**

# ညီလာခံကျင်းပသည့် မှတ်တမ်းဓာတ်ပုံများ



ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ညီလာခံတက်ရောက်လာသူများ၏ မှတ်တမ်းဓာတ်ပုံ




ညီလာခံဖွင့်ပွဲအခမ်းအနား၌ ယဉ်ကျေးမှုဦးစီးဌာနမှ
“မြန်မာ့မင်္ဂလာ” တေးသီချင်း၊ အကပဒေသာဖြင့် ဖျော်ဖြေစဉ်




ပြည်ထောင်စုတရားသူကြီးချုပ်က အောင်စည်တော်ယွန်း၍ ညီလာခံဖွင့်လှစ်စဉ်




ပြည်ထောင်စုတရားသူကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက် အဖွင့်အမှာစကား ပြောကြားစဉ်




ADB မှ General Counsel - Mr.Christopher Stephens က
အဖွင့်အမှာစကားပြောကြားစဉ်




UNEP မှ Deputy Director - Regional Office for Asia and the Pacific
Ms.Isabelle Louis က အဖွင့်အမှာစကားပြောကြားစဉ်




ချင်းပြည်နယ်တရားလွှတ်တော်တရားသူကြီးဦးတဲရင့်ဆမ့်ပြင်းနီကွဲလ်မှ Session 1 ၏
Facilitator အဖြစ် ဆောင်ရွက်စဉ်




ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးမှ Overview of Myanmar's Environment and Climate Change Issues and Legal Framework for Protection and Enforcement စာတမ်းအား ဖတ်ကြားစဉ်




ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးအောင်ဇော်သိန်းက Session 5, Penal Discussion တွင် ပါဝင်ဆွေးနွေးစဉ်




ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးစိုးနိုင်က Sessiion 7, Penal Discussioin တွင် ပါဝင်ဆွေးနွေးစဉ်




ဩစတြေးလျနိုင်ငံ မြေယာနှင့်သဘာဝပတ်ဝန်းကျင်တရားရုံးမှ Chief Judge, The Hon Justice Brian J. Preston မှ စာတမ်းဖတ်ကြားဆွေးနွေးစဉ်



ဆာမိုအာနိုင်ငံတရားသူကြီးချုပ်မှ မေးမြန်းဆွေးနွေးစဉ်



နီပေါနိုင်ငံမှ တရားရုံးချုပ်တရားသူကြီးက မေးမြန်းဆွေးနွေးစဉ်




ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးအောင်ဇော်သိန်းက
နိဂုံးချုပ်အမှာစကားပြောကြားစဉ်




ADB မှ Country Director for Myanmar ဖြစ်သူ Mr. Newin Sinsiriက
နိဂုံးချုပ်အမှာစကားပြောကြားစဉ်



UN Environment မှ Head of the International Environmental Law Unit & Law Division ဖြစ်သူ Mr. Andrew Raine က နိဂုံးချုပ်အမှာစကားပြောကြားစဉ်



ညစာစားပွဲတွင် ယဉ်ကျေးမှုဦးစီးဌာနမှ အကပဒေသာများဖြင့် ဖျော်ဖြေစဉ်



ညစာစားပွဲတက်ရောက်လာသူများနှင့် ဆုမွန်ကောင်းတောင်းစဉ်



ညစာစားပွဲ စုပေါင်းအမှတ်တရဓာတ်ပုံ ရိုက်ကူးစဉ်



ပြည်ထောင်စုတရားသူကြီးချုပ်အား ADB Missionအဖွဲ့မှ ညီလာခံကျင်းပရေးအတွက်
၂၂-၅-၂၀၁၈ ရက်နေ့တွင် လာရောက်တွေ့ဆုံစဉ်




ပြည်ထောင်စုတရားလွှတ်တော်ချုပ် ညီလာခံကျင်းပရေးကော်မတီနှင့် ADB Missionအဖွဲ့တို့၏
၂၂-၅-၂၀၁၈ ရက်နေ့က ပြုလုပ်ခဲ့သော ညီလာခံကျင်းပရေးတွေ့ဆုံဆွေးနွေးပွဲ မှတ်တမ်းဓာတ်ပုံ




ပြည်ထောင်စုတရားလွှတ်တော်ချုပ် ညီလာခံကျင်းပရေး အတွင်းရေးမှူးရုံးအဖွဲ့




ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)နှင့် ကုလသမဂ္ဂသဘာဝ
ပတ်ဝန်းကျင်စီမံချက်(UNEP)တို့မှ ညီလာခံအတွင်းရေးမှူးရုံးအဖွဲ့ဝင်များ



ဆက်ဆံရေးအရာရှိများ



ဆက်ဆံရေးအရာရှိများ

# မြန်မာနိုင်ငံမှ တရားသူကြီးများနှင့် တရားရေးအရာရှိများအား စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ပြည်ထောင်စုတရားသူကြီးချုပ်ရုံး နှင့် အိန္ဒိယနိုင်ငံ၊ အမျိုးသားတရားစီရင်ရေးအကယ်ဒမီတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း

မျိုးကျော်အောင်(တရားရေး)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၅–၂၀၁၇) နှင့် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈–၂၀၂၂) တို့သည် အထင်ကရခြေလှမ်းများပင် ဖြစ်ပေသည်။ အဆိုပါမဟာဗျူဟာစီမံကိန်းများအရ နှစ်အလိုက်လုပ်ငန်းအစီအစဉ်များကို အသေးစိတ်ရေးဆွဲကာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေများကိုလည်း ၂၀၁၆ ခုနှစ်မှစတင်၍ နှစ်စဉ်အစီရင်ခံစာများဖြင့် ထုတ်ပြန်နိုင်ခဲ့ပါသည်။

လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈–၂၀၂၂)၏ နယ်ပယ်(၄)တွင် "တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်" ရည်မှန်းချက်ထား၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါရည်မှန်းချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အကြောင်းအရာများတွင် တရားသူကြီးများနှင့် တရားရေးအရာရှိများ၊ တရားရုံးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ ဆောင်ရွက်မှုများ ပါဝင်ပေသည်။

တရားရုံးအဆင့်ဆင့်ရှိ တရားသူကြီးများနှင့် တရားရေးအရာရှိများသည် တရားစီရင်ရေးလုပ်ငန်းများ၊ တရားရုံးစီမံခန့်ခွဲသည့်လုပ်ငန်းများကို လက်ရှိတည်ဆဲဥပဒေများ၊ ကျင့်ထုံးများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးစီရင်ဆောင်ရွက်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် အရေးကြီးလှပါသည်။ သို့ရာတွင် ၎င်းတို့သည် ပြည်တွင်းဥပဒေများ၊ ကျင့်ထုံးများနှင့် လုပ်ထုံးလုပ်နည်းများကိုသာ ကျွမ်းကျင်နှံ့စပ်နေရုံဖြင့် မလုံလောက်ပေ။ ခေတ်မီပြောင်းလဲတိုးတက်နေသည့် နိုင်ငံတကာမူသဘောတရားများ၊ အခြားနိုင်ငံများ၏ဥပဒေများကိုလည်း လေ့လာသိရှိထားရန် လိုအပ်လျက်ရှိပါသည်။

အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ အမြဲတမ်းအတွင်းဝန်ဦးကိုကိုနိုင်နှင့် အိန္ဒိယနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Vikram Misri တို့သည် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် နိုင်ငံတော်သမ္မတအိမ်တော်၊ C ဆောင်၌ နားလည်မှုစာချွန်လွှာတစ်စောင်ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ယင်းနားလည်မှုစာချွန်လွှာသည် မြန်မာနိုင်ငံမှ တရားသူကြီးများနှင့် တရားရေး အရာရှိများအား အိန္ဒိယနိုင်ငံ၊ အမျိုးသားတရားစီရင်ရေးအကယ်ဒမီသို့စေလွှတ်၍ တရားစီရင်ရေးဆိုင်ရာနှင့် ဥပဒေရေးရာသင်တန်းများတက်ရောက်စေရန်နှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးရန် သဘောတူလက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်ပါသည်။

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံနှင့် ဥပဒေစနစ်အခြေခံချင်း တူညီမှုရှိပါသည်။ အိန္ဒိယနိုင်ငံတွင် ကျင့်သုံးလျက်ရှိသည့် အဓိကဥပဒေအများစုမှာ မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးလျက်ရှိသည့် ဥပဒေများနှင့် အတူတူပင်ဖြစ်ပြီး အိန္ဒိယနိုင်ငံမှ ဥပဒေများမှာ ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ပြဋ္ဌာန်းမှုများပြုလုပ်နိုင်ခဲ့ပါသည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံ၊ အမျိုးသားတရားစီရင်ရေးအကယ်ဒမီတွင် မြန်မာနိုင်ငံတရားရုံးအဆင့်ဆင့်မှ တရားသူကြီးများနှင့် တရားရေးအရာရှိများသည် တရားစီရင်ရေးဆိုင်ရာနှင့် ဥပဒေရေးရာသင်တန်းများ တက်ရောက်ခွင့်ရရှိခြင်းဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း (၂၀၁၈–၂၀၂၂)၊ နယ်ပယ်(၄)တွင် ရည်မှန်းထားရှိသည့် "တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်"ရည်မှန်းချက်ကို ကောင်းစွာအထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။

နားလည်မှုစာချွန်လွှာ၏ သက်တမ်းမှာ လက်မှတ်ရေးထိုးသည့်နေ့ရက်မှ (၅) နှစ်ဖြစ်ပြီး အိန္ဒိယနိုင်ငံ၊ အမျိုးသားတရားစီရင်ရေးအကယ်ဒမီတွင် မြန်မာနိုင်ငံမှ တရားသူကြီးများနှင့် တရားရေးအရာရှိများအား တရားစီရင်ရေးဆိုင်ရာ ဘာသာရပ်များ၊ တရားမနှင့် ရာဇဝတ်ဆိုင်ရာဥပဒေများ၊ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေ၊ ဥပဒေရေးရာဆေးပညာနှင့် ဥပဒေသိပ္ပံပညာ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေ၊ ပစ္စည်းပိုင်ဆိုင်မှုဆိုင်ရာဥပဒေနှင့် ပဋိညာဉ်ဥပဒေများကို လေ့လာသင်ယူခွင့်ရရှိကြမည်ဖြစ်ပါသည်။

နားလည်မှုစာချွန်လွှာအရ မြန်မာနိုင်ငံမှ တရားသူကြီးများနှင့် တရားရေးအရာရှိများအား အိန္ဒိယနိုင်ငံ၊ အမျိုးသားတရားစီရင်ရေးအကယ်ဒမီသို့ စေလွှတ်ရာတွင် တစ်နှစ်လျှင် အများဆုံး သင်တန်းသားဦးရေ (၈၀) ထိ နှစ်သုတ်ခွဲခြားစေလွှတ်ရန်၊ တစ်သုတ်လျှင် အများဆုံးသင်တန်းသားဦးရေ (၄၀)ထိ စေလွှတ်ရန် သဘောတူထားကြပါသည်။ ဤသို့ဖြင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးသည့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့မှစတင်၍ (၅) နှစ်အတွင်း တရားသူကြီးများနှင့် တရားရေးအရာရှိစုစုပေါင်း ၄၀၀ ကို တရားစီရင်ရေးနှင့် ဥပဒေရေးရာသင်တန်းများ ပို့ချပေးခြင်းဖြင့် စွမ်းဆောင်ရည်မြှင့်တင်ပေးသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံမှ တရားသူကြီးများနှင့် တရားရေးအရာရှိများအား အိန္ဒိယနိုင်ငံ၊ အမျိုးသားတရားစီရင်ရေးအကယ်ဒမီသို့ သင်တန်းတက်ရောက်ရန်စေလွှတ်ရာတွင် သင်တန်းကြေး၊ လေယာဉ်လက်မှတ်ခ၊ ပြည်တွင်းခရီးသွားလာစရိတ်၊ နေထိုင်စရိတ်နှင့် နေ့တွက်စရိတ်တို့ကို အိန္ဒိယနိုင်ငံဘက်က ကျခံပေးမည်ဖြစ်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားရုံးအဆင့်ဆင့်မှ တရားသူကြီးများနှင့် တရားရေးအရာရှိများအနက် သင့်လျော်သူများကိုရွေးချယ်၍ ၂၀၁၉ ခုနှစ်မှစတင်ကာ အိန္ဒိယနိုင်ငံ၊ အမျိုးသားတရားစီရင်ရေးအကယ်ဒမီသို့ စေလွှတ်သွားမည်ဖြစ်ပါသည်။ ယင်းသို့သွားရောက်ကြမည့် တရားသူကြီးနှင့် တရားရေးအရာရှိများသည် မိမိတို့၏ ဥပဒေစနစ်နှင့်ကျင့်ထုံးများကို အခြေခံပိုင်နိုင်စေရန် ကြိုးပမ်းလေ့လာထားကြရန်လိုအပ်မည်ဖြစ်ပါသည်။ ထို့ပြင် သင်တန်းတက်ရောက်ရာတွင် ကောင်းစွာဆက်သွယ်ပြောဆိုရေးသားနိုင်ရန် အင်္ဂလိပ်ဘာသာစကားကိုလည်း ကြိုတင်လေ့လာသင်ယူထားကြရန် လိုအပ်မည်ဖြစ်ကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

**မျိုးကျော်အောင်(တရားရေး)**

# ကြိုတင်ထွက်ချက်

**လှအေး(တရားရေး)**

ကြိုတင်ထွက်ချက်ဆိုသည့်အဓိပ္ပာယ်ကို လွယ်လွယ်ရှင်းလင်းရမည်ဆိုလျှင် မှုခင်းတစ်ခုနှင့်စပ်လျဉ်း၍ မြင်တွေ့သိရှိကြားခဲ့သည့် ပုဂ္ဂိုလ်များက ၎င်းမြင်တွေ့သိရှိကြားခဲ့ရသည့် အကြောင်းအရာအချက်အလက်များကို မိမိသဘောဆန္ဒအလျောက် တရားသူကြီးရှေ့သွားရောက်၍ မှတ်တမ်းတင်ထားခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ ပြစ်မှုကို စုံစမ်းစစ်ဆေးမှု၊ သို့မဟုတ် စုံစမ်းစစ်ဆေးမှု မစတင်မီ ထွက်ဆိုသည့်ထွက်ချက်လည်းဖြစ်သည်။

**ကြိုတင်ထွက်ချက်ရယူနိုင်သူ**

ကြိုတင်ထွက်ချက်ကို ပထမတန်းအာဏာရ တရားသူကြီး၊ ၎င်းပြင် အထူးအားဖြင့် အာဏာအပ်နှင်းထားသည့် ဒုတိယတန်းအာဏာရ တရားသူကြီးတို့ကသာလျှင် ရယူဆောင်ရွက်ခွင့်ရှိပေသည်။(၁) ကြိုတင်ထွက်ဆိုချက် ပေးလိုသူ၏ထွက်ချက်ကို ရေးမှတ်ယူရန်မျှသာ တရားသူကြီးများထံ အာဏာအပ်နှင်းထားခြင်းဖြစ်သည်။ ကြိုတင်ထွက်ချက်ပေးမည့် လူတစ်ဦးတစ်ယောက်ကို လာရောက်ရန်၊ သို့မဟုတ် စစ်မေးရန် အခွင့်အာဏာပေးထားခြင်းမဟုတ်ပေ။ သို့သော်လည်း တစ်ဦးတစ်ယောက်က ၎င်း၏ဆန္ဒအလျောက် ပေးလိုသည့် ကြိုတင်ထွက်ချက်ကို ရေးမှတ်ယူခွင့်အာဏာရှိသည်။(၂)

**ကြိုတင်ထွက်ချက်ရယူမှု**

လက်တွေ့တွင် ကြိုတင်ထွက်ဆိုချက်များရယူပေးရန် တရားစွဲဆိုအဖွဲ့အစည်းမှ တာဝန်ရှိသူများက သက်သေတို့ကို တရားသူကြီးများထံသို့တင်ပို့ခြင်း၊ တရားရုံးသို့သွားရောက်စေရန် ညွှန်ကြားခြင်းများ ပြုလုပ်လေ့ရှိသည်ကို တွေ့ရသည်။ တရားရုံးတရားသူကြီးများကလည်း တရားစွဲဆိုသည့် အဖွဲ့အစည်းနှင့် အဆင်မပြေမဖြစ်လိုသည့်ကိစ္စ အထူးသဖြင့် ဘယာဂတိကြောင့် ကြိုတင်ထွက်ချက်ရယူပေးနေကြသည်။ ထိုသို့ဆောင်ရွက်ပေးခြင်းသည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၆၄ ကို အလွဲသုံးစားပြုခြင်းဖြစ်သည်ဟု တရားရုံးများလက်စွဲ အပိုဒ် ၅၉၉(၂) ဒုတိယပိုဒ်တွင် အောက်ပါအတိုင်း ညွှန်ကြားထားခဲ့သည်-

---

၁။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၆၄(၁)။

၂။ တရားရုံးများလက်စွဲ အပိုဒ် ၅၉၉(၁) (၂)။

ပုဒ်မ ၁၆၄ က ရည်ရွယ်သည့် “ထွက်ဆိုချက်များ” မှာ “အလိုအလျောက်ထွက်ဆိုချက်များ”ဖြစ်သည်။ ထို့ပြင် ထိုပုဒ်မက ရည်ရွယ်သည်မှာ ထွက်ဆိုချက်ပေးမည့်သူများသည် ရာဇဝတ်တရားသူကြီးရှေ့သို့ အလိုအလျောက် လာရောက်ခြင်းရှိစေရမည်။ ဤပုဒ်မအရ သက်သေတို့၏ ထွက်ချက်များကို ရေးမှတ်ယူရန် အလို့ငှာ ရဲက သက်သေတို့ကို ရာဇဝတ်တရားသူကြီးရှေ့သို့ တင်ပို့ခြင်းသည် သို့တည်းမဟုတ် ရာဇဝတ် တရားသူကြီးရှေ့သို့ လာရောက်စေရန် ညွှန်ကြားခြင်းသည် ထိုပုဒ်မကို အလွဲသုံးစားခြင်းပင်ဖြစ်သည်။ ထို့ပြင် ရာဇဝတ်တရားသူကြီးရှေ့သို့ လာရောက်သောသူသည် မိမိအလိုအလျောက် လာရောက်ကြောင်းနှင့် မိမိ၏ ထွက်ဆိုချက်ကို ရေးမှတ်ယူစေလိုကြောင်း ရာဇဝတ်တရားသူကြီးတို့က သဘောကျနပ်ရှိမှသာလျှင် ထိုသို့သော ထွက်ချက်များကို ရေးမှတ်ယူရမည်။ ထိုပုဒ်မအရ လူတစ်ဦးတစ်ယောက်ကိုစစ်မေးရန် ရာဇဝတ်တရားသူကြီး၌ အခွင့်အာဏာမရှိချေ။ သို့သော်လည်း ထိုသူ၏အလိုအလျောက်ထွက်ဆိုချက်ကို ရေးမှတ်ယူရန်သာ အခွင့် အာဏာရှိသည်။ သက်သေမှလွတ်လပ်သောဆန္ဒဖြင့် ပေးလိုသည့်ထွက်ချက်ဖြစ်သည်ဟု ယူဆမှသာလျှင် ရယူရပါမည်။ ကြိုတင်ထွက်ချက်ရယူရာတွင် ရာဇဝတ်အထွေထွေမှုဖွင့်လှစ်ပြီးမှ ရယူခြင်းဆောင်ရွက်ရပါမည်။ ကြိုတင်ထွက်ချက်ကို သက်သေထွက်ချက်ပုံစံဖြင့် ရယူရမည်။ ကြိုတင်ထွက်ချက်ရယူပြီးက သက်သေကို ပြန်ဖတ်ပြရပါမည်။

**ကြိုတင်ထွက်ချက်တန်ဖိုး**

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၆၄ အရ စစ်ဆေးခဲ့သော သက်သေထွက်ချက်ကို တရားခံတစ်ဦးသည် အပြစ်ရှိသည် မရှိသည်ဆိုခြင်းနှင့်ပတ်သက်၍ အခြေခံသက်သေခံချက်အဖြစ် အသုံးမပြုနိုင်ပေ။ ထွက်ချက် ပေးသောသက်သေသည် မှသားပြောသည့် သက်သေ ဟုတ်မဟုတ် စိစစ်ရန်လိုသည့်အခါ အဆိုပါထွက်ချက် နှင့် ထိုသက်သေအား ပြန်လှန်မေးခွန်းထုတ်ရာ၌ အသုံးချနိုင်မည်ဖြစ်ရာ ထိုကဲ့သို့သောထွက်ချက်မှာ မှန်ကန် သော ထွက်ချက်ဖြစ်သည်ဟု ကောက်ယူခြင်းမပြုနိုင်ပေ။ ပုဒ်မ ၁၆၄ အရ ထွက်ချက်ရယူခြင်း၏အဓိကရည်ရွယ် ချက်မှာ သက်သေအား အမှုစစ်သောအခါ တစ်မျိုးတစ်ဖုံပြောင်းလဲပြီး ထွက်ဆိုခြင်းမှ ကာကွယ်ရန်သာဖြစ် သည်။[၃]

ကြိုတင်ထွက်ချက်ပေးသူသည် သက်သေခံအဖြစ် စစ်ဆေးခြင်းမခံရမီ ကွယ်လွန်သွားပါက သက်သေ ခံအက်ဥပဒေပုဒ်မ ၃၂ အရ စပ်ဆိုင်သော အကြောင်းခြင်းရာဖြစ်ကြောင်း ပေါ်ပေါက်ခဲ့လျှင်မူ သက်သေခံ အဖြစ် အသုံးချခွင့်ရှိမည်ဖြစ်သည်။[၄]

သက်သေကြိုတင်ထွက်ဆိုချက်သည် တရားခံ၏ရှေ့မှောက်၌ ထွက်ဆိုချက်မဟုတ်ခြင်း တရားခံက ပြန်လှန်စစ်မေးမြန်းခွင့်မရရှိခြင်းတို့ကြောင့် ယင်းထွက်ချက်ကို တရားခံအား အပြစ်ပေးနိုင်ရန် အသုံးပြုနိုင် သည်မဟုတ်ပေ။ တရားရုံးရှေ့ ထွက်ဆိုချက်သည်သာလျှင် တရားခံက ပြန်လှန်စစ်မေးခွင့်ရှိ၍ သက်သေခံ အဖြစ် အသုံးပြုနိုင်သည်။ ကြိုတင်ထွက်ချက်ရယူထားခြင်းသည် ယင်းသက်သေက တရားရုံးရှေ့တွင် လွယ်လင့် တကူ တစ်မျိုးတစ်မည်ထွက်ဆိုခြင်းမပြုနိုင်စေရန် ရည်ရွယ်ခြင်းသာဖြစ်သည်။[၅]

---

၃။ မောင်ဘသိန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၈၂။

၄။ တရားရုံးများလက်စွဲ အပိုဒ် ၅၉၉(၃)။

၅။ မောင်ထွန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၉၉၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၅၀။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၆၄ အရ သက်သေတစ်ဦး၏ ကြိုတင်ထွက်ချက်ကို တရားခံအပြစ် ရှိ မရှိဆိုသောအချက်နှင့်ပတ်သက်၍ စဉ်းစားရန်မဟုတ်ဘဲ ယင်းသက်သေ၏ ထွက်ဆိုချက် မှန် မမှန်ရှိသော အချက်ကို စိစစ်ရန်အတွက်သာ အသုံးချရမည်ဖြစ်ကြောင်းကို **ဦးသန်းဌေးပါ (၂) နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု**[၆] တွင် အောက်ပါအတိုင်း ဆုံးဖြတ်ထားခဲ့သည်–

သန်းဌေး၏ဖြောင့်ချက်သည် ဦးချစ်မြ(လိုပြ–၂၁)၏ ကြိုတင်ထွက်ဆိုချက် သက်သေခံ (င)နှင့် ကိုက်ညီသည်ဟု မူလရုံးက သုံးသပ်ချက်မှာ မှန်ကန်သည်ဟု မဆိုနိုင်။ အဘယ်ကြောင့်ဆိုသော် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၆၄ အရ ရယူသော သက်သေတစ်ဦး၏ ကြိုတင်ထွက်ဆိုချက်ကို တရားခံအပြစ် ရှိ မရှိ ဆိုသောအချက်နှင့်ပတ်သက်၍ စဉ်းစားရန်မဟုတ်ဘဲ ယင်းသက်သေထွက်ဆိုချက် မှန် မမှန်ဆိုသော အချက်ကို စိစစ်ရန်အတွက်သာ အသုံးချရမည်ဖြစ်သည်။

ကြိုတင်ထွက်ချက်ရယူခြင်းနှင့် ကြိုတင်ထွက်ချက်၏ တန်ဖိုးအကြောင်းများ သိရှိနားလည်၍ အမှန်ကို ဆုံးဖြတ်နိုင်ရန်အတွက် ဗဟုသုတအလို့ငှာ ရေးသားလိုက်ပါသည်။ ။

**လှအေး(တရားရေး)**

---

၆။ ၂၀၀၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၆၃။

# ပိုနေမြဲ ကျားနေမြဲ လျှောက်ထားမှု

**လှအေး(တရားရေး)**

တရားမမှုများ၌ အနိုင်ရရှိထားသည့် ဒီကရီတစ်ရပ်ကို ပယ်ဖျက်လိုက်သောအခါ ယင်းပယ်ဖျက်ခံရမည့် ဒီကရီနှင့်စပ်လျဉ်း၍ အကျိုးကျေးဇူးရရှိခဲ့သည့် အမှုသည်အပေါ် ဒီကရီအရ နစ်နာခဲ့သူ၏ ဆုံးရှုံးနစ်နာမှုကို ပြန်လည်ကုစားပေးခြင်းကို ပိုနေမြဲ ကျားနေမြဲ ပြန်ထားခြင်းဟု ဆိုလိုပါသည်။ တစ်နည်းအားဖြင့် ပယ်ဖျက်ပြီးဖြစ်သည့် ဒီကရီအရ ပေးအပ်ခဲ့ရသည့် ပစ္စည်းပြန်လည်ရရှိရန် လျှောက်ထားခွင့်ဖြစ်သည်။ ဒီကရီအရ နစ်နာခဲ့ရသူအနေဖြင့် မိမိ၏နစ်နာမှုကို သီးခြားတရားတစ်ထုံးမစွဲဆိုရဘဲ လျှောက်ထားခွင့်ရှိသော အခွင့်အရေးတစ်ရပ်ဖြစ်ပါသည်။[၁]

ပိုနေမြဲ ကျားနေမြဲလျှောက်ထားလာလျှင် တရားမအထွေထွေမှု ဖွင့်လှစ်ဆောင်ရွက်ရမည်ဖြစ်သည်။[၂] ထို့အတူ ပိုနေမြဲ ကျားနေမြဲလျှောက်ထားမှုကို ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယား အမှတ်စဉ် ၁၈၁ အရ မူလဒီကရီကိုပယ်ဖျက်ခဲ့သည့် အယူခံရုံး၊ ပြင်ဆင်မှုရုံးမှ အမိန့်ချမှတ်ခဲ့သည့်နေ့မှစ၍ သုံးနှစ်အတွင်း လျှောက်ထားဖို့လည်း လိုအပ်ပေသည်။[၃]

ထိုသို့လျှောက်ထားရာတွင်လည်း အောက်ပါအချက်နှစ်ရပ်မှ ပေါ်ပေါက်ရန်လိုပေမည်။ ယင်းအချက်နှစ်ရပ်မှာ–

(က) ပစ္စည်းမှာမူလရုံးဒီကရီအရ တရားနိုင်လက်ဝယ်၌ရှိခဲ့ခြင်း၊

(ခ) မူလဒီကရီကို ပယ်ဖျက်လိုက်သော အယူခံရုံးဒီကရီကြောင့် ထိုသို့လက်ရှိထားရှိခြင်းသည် ဥပဒေနှင့်ဆန့်ကျင့်ခြင်း။[၃]

ပိုနေမြဲ ကျားနေမြဲလျှောက်လွှာအရ အမိန့်တစ်ရပ်ချမှတ်ခဲ့ပြီး ယင်းအမိန့်အပေါ် မကျေနပ်သူသည် အယူခံလျှောက်ထားရမည်ဖြစ်သည်။ ထိုအယူခံလွှာအတွက်လည်း ရုံးခွန်မည်မျှပေးဆောင်ရမည်ဖြစ်ကြောင်း ဦးတင်မြင့်နှင့် ဦးလင်ကျန်ဟင်းအမှု[၄]တွင် အောက်ပါအတိုင်း ဆုံးဖြတ်ထားခဲ့သည်။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အရ လျှောက်ထားမှုတွင် ချမှတ်ခဲ့သောအမိန့်ကို အယူခံဝင်ရာတွင် တင်သွင်းသော အယူခံလွှာအတွက် ရုံးခွန်ကို ဇယား ၂၊ အပိုဒ် ၁၁ အရ ထမ်းဆောင်လျှင် လုံလောက်မည်မဟုတ်ပေ။ ယင်းပြဿနာနှင့်စပ်လျဉ်း၍ တန်ဖိုးအလျောက် ရုံးခွန်ထမ်းဆောင်ရမည်ဖြစ်သည်။

---

၁။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၄(၂)။

၂။ အရှာဘီဘီနှင့် နူရူဒင်၊ အောက်မြန်မာပြည်စီရင်ထုံး၊ အတွဲ–၈၊ စာမျက်နှာ ၂၆၂။

၃။ မောင်ဘကြည်ပါ(၂)နှင့် ဒီဂ္ဂါနန်ပါ (၃) ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး(ရုံးချုပ်)၊ စာမျက်နှာ ၁။

၄။ ၁၉၉၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၄၁။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အရ ပိုနေမြဲ ကျားနေမြဲပြန်ထားရန် လျှောက်လွှာကိုမူ ရုံးခွန်ဥပဒေ ဇယား (၂) အပိုဒ် (၁၁) အရ ထမ်းဆောင်ရန် လိုမည်ဖြစ်သည်။

ပိုနေမြဲ ကျားနေမြဲ လျှောက်ထားမှုတွင် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အရ ချမှတ်သည့်အမိန့် မဟုတ်ဘဲ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၁ အရ ချမှတ်သည့်အမိန့်ဖြစ်ခဲ့လျှင် အယူခံဝင်ခွင့်မရှိပါ။ ပြင်ဆင်မှုသာ တက်ခွင့်ရှိမည်ဖြစ်သည်။[၅]

တရားရုံးတစ်ရုံးရုံး၏ အမိန့်အရမဟုတ်ဘဲ ဒီကရီကို ပယ်ဖျက်ခြင်းများရှိခဲ့လျှင် နစ်နာသူအနေဖြင့် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အရ လျှောက်ထားခွင့်မရနိုင်ပါ။ ဤကဲ့သို့သော အခြေအနေမျိုးပေါ်ပေါက်ခဲ့လျှင် ပိုနေမြဲ ကျားနေမြဲ လျှောက်ထားလာမှုတွင် တရားမကျင့်ထုံးဥဒေပုဒ်မ ၁၅၁ မူလဘူတအာဏာဖြင့် ဆောင်ရွက်ပေးခွင့်ရှိသည်ဟု **ဦးသန်းမောင် နှင့် ဒေါ်အေးညွန့်ပါ(၂) အမှု**[၆] တွင်လည်း အောက်ပါအတိုင်း ဆုံးဖြတ်ထားခဲ့သည်-

အခြေခံဥပဒေပုဒ်မ ၇၃ (ခ) ကို ကျင့်သုံး၍ ယခင်နိုင်ငံတော်ကောင်စီက ချမှတ်သောအမိန့်အရ ပေါ်ပေါက်ခြင်းဖြစ်ရာ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အရဆောင်ရွက်ရန် အကျုံးမဝင်ပေ။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၁ ပါ မူလဘူတအာဏာအရ ထိခိုက်နစ်နာခံရသည့်အမှုသည် ဒေါ်အေးညွန့်တို့အား ပိုနေမြဲ ကျားနေမြဲအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်သည်။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အရ အကျုံးမဝင်သည့်ကိစ္စရပ်တိုင်း၌ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၁ အရ မူလဘူတအာဏာကို အမြဲကျင့်သုံးခွင့်ရှိသည်ဟု မှတ်ယူခြင်းမပြုဖို့ လိုအပ်ပါသည်။ အကြောင်းခြင်းရာအခြေအနေပေါ်မူတည်၍ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အရသော်လည်းကောင်း၊ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၁ အရသော်လည်းကောင်း၊ ပိုနေမြဲ ကျားနေမြဲ ပြန်ထားရေးကိစ္စကို ကျင့်သုံးရန်ဖြစ်သည်။

သာဓကအနေဖြင့်- ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ (၁) (က) ဒုတိယပိုင်းအရ ဒီကရီချထားစဉ်အတွင်း အချင်းဖြစ်ဥပစာမှ ဖယ်ရှားခံခဲ့ရသည်။ အထက်တရားရုံးတွင် မြို့နယ်ဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ (၁) (က) အရသာပြောင်းလဲအမိန့်ချခဲ့မှုကြောင့် ၎င်းအား မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၅ (၁) အရ အခွင့်အရေးနှင့် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ နှင့် ပုဒ်မ ၁၅၁ တို့အရ ပိုနေမြဲ ကျားနေမြဲအခွင့်အရေးအရ အိမ်လခများပေးဆောင်၍ မူလဥပစာတွင် နေထိုင်လိုကြောင်း လျှောက်ထားလာသည်။ ယင်းသို့လျှောက်ထားမှုဖြစ်သည့် **ဒေါ်စကီနာ နှင့် ဦးမောင်စိန်အမှု**[၇] တွင် အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့သည်ကို တွေ့နိုင်ပါသည်။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အရ လျှောက်ထားသူ ဒေါ်စကီနာအနေဖြင့် ၎င်းအပေါ်၌ ဒီကရီ တစ်စုံတစ်ရာချမှတ်ထားခြင်းမရှိသောအခါမှ လျှောက်ထားရမည်ဖြစ်သည်။ ယခုကိစ္စတွင် ဒေါ်စကီနာအပေါ်၌ ၁၂ (၁) (က) အရ ချမှတ်ထားသည့် ဒီကရီမှာ ယခုတိုင် တည်မြဲလျက်ရှိသည်။ ထို့ကြောင့် ဒေါ်စကီနာသည် ၁၄၄ အခွင့်အရေးကို လျှောက်ထားတောင်းဆိုနိုင်သည့်အနေအထား၌ မရှိပေ။ ပုဒ်မ ၁၄၄ ပြဋ္ဌာန်းချက်ရှိနေသဖြင့် ပုဒ်မ ၁၅၁ အခွင့်အာဏာကို ကျင့်သုံးရန်လည်း မသင့်ပေ။ ထို့ကြောင့် ပုဒ်မ ၁၄၄ အရ လျှောက်

---

၅။ ၁၉၈၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၄၈ (၅၂/၅၃)။

၆။ ၁၉၈၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၈၅ (၈၇)။

၇။ ၁၉၉၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၁၁ (၁၃/၁၄)။

ထားသည့် ဒေါ်စကီနာ၏လျှောက်လွှာကို တိုင်းတရားရုံးမှ ခွင့်မပြုခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းကြောင်း မတွေ့ရပေ။ တရားရုံးဒေါ်စကီနာက ၎င်းအပေါ်ချမှတ်ထားသည့် ဒီကရီကို အတည်ပြုပြီးချိန်ကျမှ ပုဒ်မ ၁၅ (၁) ပါ အခွင့်အရေးလျှောက် တောင်းဆိုခြင်းမှာ နည်းလမ်းမမှန်ပေ။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၁ အရ ဒီကရီတစ်ရပ်ရပ်ကြောင့် နစ်နာခဲ့သူအပေါ်တွင်သာ ပိုနေမြေ ကျားနေမြေ ပြန်ထားခွင့်ရှိပေသည်။ နစ်နာခဲ့သူ တရားရုံးမဟုတ်သည့် ဒီကရီအရ လိုက်နာရန် တာဝန်ရှိသူ အနေဖြင့် အချင်းဖြစ်ဥပစာမှ ထွက်ခွာပေးခဲ့သူသည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အရ ပိုနေမြေ ကျားနေမြေ ပြန်ထားပေးရန် လျှောက်ထားခွင့်မရှိပေ။ အကြောင်းမှာ မူလအမှုတွင် အမှုသည်အဖြစ် မပါဝင်ခဲ့သူသည် ဒီကရီပယ်ဖျက်မှုအပေါ်အကြောင်းပြု၍ အချင်းဖြစ်ဥပစာတွင် ပြန်ထားခွင့်အခွင့်အရေးမရှိမှုကြောင့်ဖြစ်သည်။ **ဒေါ်အုံ နှင့် ဦးမြင့်စိုးပါ(၂)/ ဒေါ်မြကြွယ်အမှု**[၇] တွင် ဤအချက်ကို ရှင်းလင်းဆုံးဖြတ်လမ်းညွှန်ထားသည် ကို တွေ့ရမည်ဖြစ်သည်။

မူလဒီကရီ ပယ်ဖျက်ပြီးဖြစ်သော်လည်း ယင်းဒီကရီအရ အကျိုးခံစားခွင့်မရှိသူ တစ်နည်းအားဖြင့် မူလဒီကရီအရ အချင်းဖြစ်ပစ္စည်းအား တရားရုံးမှ လေလံတင်ရောင်းချရာတွင် တန်ရာတန်ဖိုးပေး၍ ဝယ်ယူ ထားသူအပေါ် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အရ အမိန့်ချပေးခွင့်လည်း မရှိသည်ကို သိရှိထားဖို့လည်း လိုအပ်ပေသည်။[၈]

**လှအေး(တရားရေး)**

၈။ ဦးပြေ နှင့် ဦးဘအေး ပါ (၂) ၁၉၇၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၆။

# သမ္မန်စာ(Summons)

**လှအေး(တရားရေး)**

မြန်မာအဘိဓာန်အရဆိုလျှင် သမ္မန်စာဆိုသည်မှာ တရားရုံးကဆင့်ခေါ်သောစာဟု အဓိပ္ပာယ်ရပါသည်။ တစ်နည်းအားဖြင့် မှုခင်းတစ်ရပ်ရပ်အတွက် စစ်ဆေးဆောင်ရွက်မှုစတင်မည်ဖြစ်ကြောင်း သက်ဆိုင်သူထံသို့ အသိပေးအကြောင်းကြားမှုဖြစ်သည်။ တရားရုံးမှ လာရောက်အတည်ပြုဆောင်ရွက်သည့် သမ္မန်စာ၊ လူဖမ်းဝရမ်းစာများကို မည်သို့မည်ပုံ အတည်ပြုဆောင်ရွက်လုပ်ကိုင်ရသည့်အကြောင်း မသိရှိဘဲ အရပ်သဘောလက်ခံရန် တားဆီးခြင်း၊ ဆန့်ကျင်မှုများပြုလုပ်ကြသည်ကို စိတ်မကောင်းစွာတွေ့နေရသည်။ သမ္မန်စာ၊ လူဖမ်းဝရမ်းစာများကို အတည်ပြုသူများသည် ပြဋ္ဌာန်းသတ်မှတ်ထားသည့် ဥပဒေများအပေါ် ဆန့်ကျင်၍ ဆောင်ရွက်ခွင့်မရှိပေ။ ရာဇဝတ်မှုတွင်လည်းကောင်း၊ တရားမမှုများတွင်လည်းကောင်း ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နေခြင်းသာဖြစ်သည်။ ရာဇဝတ်မှုနှင့် တရားမမှုများတွင် ဆင့်စာ၊ သမ္မန်စာ၊ ဝရမ်းစာ (လူ/ပစ္စည်း)များအရ ဆောင်ရွက်ရသည့်ကျင့်စဉ်များကို အများသိရှိစေလိုပါသည်။ အဓိကအားဖြင့် တရားရုံးမှ အကြောင်းကြားသည့် သမ္မန်စာ၊ ဝရမ်းစာများကို ဥပဒေနှင့်အညီ အတည်ဖြစ်ပါက ထိုသို့အကြောင်းကြားခံရသူ ဖမ်းဝရမ်းအထုတ်ခံရသူများအပေါ် ထိခိုက်နိုင်သည့် ကိစ္စများရှိလာနိုင်သည်ကို သိရှိစေလိုခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဥပဒေကို ပြည်သူအများ နားလည်လိုက်နာစေလိုခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဆင့်စာချအပ် အတည်ပြုခြင်းလုပ်ငန်းဆောင်ရွက်ဖို့ နည်းစနစ်နှင့် အကျိုးအပြစ်များ သိရှိထားဖို့လိုပါသည်။

**ရာဇဝတ်မှု(ပြစ်မှု)/(တရားမ)၌ ဆောင်ရွက်မှုကျင့်စဉ်**

ရာဇဝတ်မှုများ၌ ရာဇဝတ်ကျင့်ထုံးဥပဒေရှိ ဒုတိယစာရင်းဇယားကွက် ၄ တွင် ဖော်ပြထားသည့်အတိုင်း စွပ်စွဲထားသည့် ရာဇဝတ်မှု (ပြစ်မှု)အတွက် စွပ်စွဲခံရသူကို သမ္မန်စာ၊ ဝရမ်းစာထုတ်ရမည်ဟု ဖော်ပြထားပါသည်။ (တရားရုံးများလက်စွဲအပိုဒ် ၄၂၉) တရားသူကြီးများသည် ယင်းဇယားပါအတိုင်း ရှေးဦးစွာ ဝရမ်းထုတ်ဆင့်သည့် အမှုမျိုးတွင် ဝရမ်းစာအစား သမ္မန်စာကို ပြောင်းလဲထုတ်ခွင့်ရှိသည်။ ဥပမာအားဖြင့် မယားခိုးမှုအဖြစ် စွပ်စွဲခံရသူကို ရာဇဝတ်ကျင့်ထုံးဥပဒေ၊ ဒုတိယစာရင်းဇယားကွက် ၄ အရဆိုလျှင် ဝရမ်းစာထုတ်ပေးရမည်ဖြစ်သည်။ သို့သော် ဤအခြေအနေမျိုးတွင် အမှုစစ်တရားသူကြီးများသည် အမှုအကြောင်းခြင်းရာကို ချင့်ချိန်ပြီး ဝရမ်းစာအစား သမ္မန်စာထုတ်ပေးလေ့ရှိပါသည်။ သမ္မန်စာအတည်ဖြစ်ပြီး မလာရောက်မှသာလျှင် အာမခံဝရမ်း၊ လူဖမ်းဝရမ်း ထုတ်ဆင့်မှုကို ဆောင်ရွက်ကြခြင်းဖြစ်သည်။[၁]

အမှုစစ်တရားရုံးများအနေဖြင့်လည်း စွပ်စွဲခံရသူများအပေါ် ဝရမ်းစာအစား သမ္မန်စာဖြင့်သာ ထုတ်ဆင့်ဆောင်ရွက်သွားရန် **ဒေါ်မြမြဝင်းပါ (၄) နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ(၂)အမှု**[၂] တွင် လမ်းညွှန်ထုံးပြုထားခဲ့ပြီးဖြစ်သည်။

ဥပဒေအရ ဝရမ်းစာချက်ချင်းထုတ်ပေးရမည်ဖြစ်သော်လည်း အမှုအသီးသီး၏အကြောင်းခြင်းရာ အခြေအနေတို့ကို ထောက်ရှုဆင်ခြင်၍ ဝရမ်းစာအစား သမ္မန်စာထုတ်ပေးရခြင်းဖြစ်သည်။ တိုင်ကြားသူက စွပ်စွဲခံရသူအပေါ်ဘက်လိုက်၍ ဝရမ်းစာအစား သမ္မန်စာထုတ်သည်ဟု ပြောလာမည်ဖြစ်သည်။ တရားရုံးတရားသူကြီးများအနေဖြင့် ဆင်ခြင်တုံတရား လက်ကိုင်ထားဆောင်ရွက်ခြင်းဖြစ်သည်။

---

၁။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၀၄ (၁)။

၂။ ၁၉၉၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၁၈၂။

သမ္မန်စာကို (၂)စောင်ပြုလုပ်ရသည်။ သမ္မန်စာဖြင့် ဆင့်ခေါ်ခံရသူကိုယ်တိုင်မှ ရရှိကြောင်း လက်မှတ်ထိုးလျှင် တစ်စောင်ကို ဆင့်ခေါ်ခံရသူအား ပေးအပ်ရသည်။ ဆင့်ခေါ်ခံရသူ၏ ကိုယ်တိုင်လက်မှတ်ထိုးထားသည့် သမ္မန်စာတစ်စောင်ကို သက်ဆိုင်ရာတရားရုံး တရားသူကြီးထံ ပြန်သွင်းရသည်။ ဆင့်ခေါ်ခံရသူက ကြိုးစားရှာဖွေသော်လည်း မတွေ့ရှိလျှင် ၎င်း၏မိသားစုဝင် အရွယ်ရောက်သူတစ်ဦးဦးထံ (မိဘ၊ ဇနီး၊ သား၊ သမီး)ထံ သမ္မန်စာပေးအပ်ခွင့်ရှိသည်။ သမ္မန်စာဖြင့် ဆင့်ခေါ်ခံရသူ ၎င်း၏မိသားစု အရွယ်ရောက်သူထံ ချအပ်အတည်ပြုနိုင်ခြင်းမရှိမှသာလျှင် ဆင့်ခေါ်ခံရသူ၏ နေထိုင်မြဲဖြစ်သည့် အိမ်၊ သို့မဟုတ် အဆောက်အအုံ၏ မြင်သာသောနေရာတွင် ကပ်ထားခြင်းဖြင့် အတည်ပြုရခြင်းဖြစ်သည်။[၃] သမ္မန်စာချအပ်သူ ဝန်ထမ်းအနေဖြင့် သတ်မှတ်ထားသည့် ဥပဒေအရ အဆင့်ဆင့်ချအပ်အတည်ပြုရခြင်းဖြစ်သည်။

ဆင့်ခေါ်ခံရသူသည် သမ္မန်စာထုတ်သည့်ရုံး၏ စီရင်ပိုင်ခွင့်အတွင်း နေထိုင်သူမဟုတ်ခဲ့လျှင် စီရင်ပိုင်ခွင့်ရှိသောရုံးသို့ ပေးပို့ရမည်။ ယင်းရုံးကလည်း ဥပဒေနှင့်အညီ အတည်ပြုပြီးနောက် သမ္မန်စာအတည်ပြုသူ၏ ကျမ်းကျိန်လွှာနှင့်အတူ ၎င်းအတည်ပြုသည့် သမ္မန်စာကို ပြန်လည်ပေးပို့ရမည်ဖြစ်သည်။ [၄]

တရားမမှုမှ တရားရုံးသမ္မန်စာများကို ထုတ်ဆင့်ရာတွင် တရားလို၏အဆိုလွှာမိတ္တူတစ်စောင်ပါ ပူးတွဲပါရှိရမည်ဖြစ်သည်။[၅] သမ္မန်စာများချအပ်ရာတွင် ကာယကံရှင်ထံသို့ သမ္မန်စာတစ်စောင်လက်ရောက်ပေးအပ်ခြင်းဖြင့် ချအပ်ရမည်ဖြစ်သည်။ တရားပြိုင်မှာ တစ်ဦးထက်ပိုပါက တရားပြိုင်တစ်ဦးစီထံသို့ ပေးပို့ချအပ်ရမည်။[၆] တရားပြိုင်၏ကိုယ်စားလှယ် အငြင်းပွားပစ္စည်းကို ထိန်းသိမ်းစောင့်ရှောက်နေသည့် ကိုယ်စားလှယ်၊ အတူနေမိသားစုဝင် တစ်ဦးဦးထံသို့လည်း တရားပြိုင်၏ကိုယ်စား သမ္မန်စာလက်ခံရယူရန် ချအပ်ဆောင်ရွက်နိုင်ပါသည်။[၇]

ဤတွင် တရားပြိုင်ထံသို့ ချအပ်သည့် သမ္မန်စာကို နေရပ်လိပ်စာမှအပ အခြားနေရာတွင် ရောက်ရှိနေက ချအပ်ခြင်းမပြုရဟု ဥပဒေအရ တားမြစ်ထားခြင်းမရှိပေ။ တရားပြိုင်အလုပ်လုပ်ကိုင်သည့်နေရာတွင် မတွေ့သဖြင့် တရားပြိုင်နေထိုင်ရာနေအိမ်သို့ သွားရောက်အတည်ပြုရာတွင် တရားပြိုင်နှင့် အတူနေမိခင်ဖြစ်သူက သမ္မန်စာလက်ခံရယူခဲ့လျှင် ဥပဒေအရ အတည်ဖြစ်ပါသည်။[၈]

တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁၀၊ ၁၁၊ ၁၂၊ ၁၄ နှင့် ၁၅ တို့အရ ဆောင်ရွက်ခွင့်မရနိုင်သည့် အခြေအနေပေါ်ပေါက်ခဲ့လျှင် တရားပြိုင်နေထိုင်ရာနေရာ၊ အလုပ်လုပ်ကိုင်ရာနေရာရှိ အပြင်ဘက်တံခါးမြင်သာသောနေရာတွင် ကပ်ထားခြင်းဖြင့် သမ္မန်စာကို ချအပ်နိုင်ပါသည်။ ယင်းသို့ချအပ်ခဲ့လျှင် တရားပြိုင်နေအိမ် သို့မဟုတ် အလုပ်လုပ်ရာနေရာကို လိုက်လံပြသူ၏အမည်လိပ်စာနှင့် ၎င်းရှေ့ကပ်ထားကြောင်း ရေးသားဖော်ပြရမည်။[၉]

အခြားတရားရုံးမှထုတ်ဆင့်လာသော သမ္မန်စာဖြစ်ခဲ့လျှင် အတည်ပြုသည့် တရားရုံးက မည်သည့်

၃။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၆၈၊ ၆၉၊ ၇၀၊ ၇၁။
၄။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၇၄(၁)။
၅။ တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂။
၆။ တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁၀ နှင့် ၁၁။
၇။ တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁၂၊ ၁၄ နှင့် ၁၅။
၈။ ဦးကိုကိုကြီးနှင့်ဒေါ်ခင်သောင်း ၁၉၅၈ ခုနှစ်၊ မတစ၊ စာ ၃၈၇ (လွှတ်တော်)။
၉။ တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁၇။
ဦးကျော်ခင်နှင့် ဦးကြည်မောင် ၁၉၆၃ ခုနှစ်၊ မတစ၊ စာ ၄၅၆။

အချိန်၊ မည်သည့်နည်းဖြင့် အတည်ပြုပြီးကြောင်း ကျမ်းကျိန်ဆိုချက်နှင့်အတူ သမ္မန်စာကို ပြန်ပို့ရမည်ဖြစ်သည်။ တရားပြိုင်ထံ သမ္မန်စာအတည်ပြုရာတွင် အထက်တွင် ဖော်ပြထားသည့်အတိုင်း အတည်ပြုဆောင်ရွက်ပေးရမည်ဖြစ်သည်။[၁၀]

**သမ္မန်စာချအပ်ခြင်းအပေါ် လိုက်နာရန်ပျက်ကွက်မှု**

သမ္မန်စာအတည်ပြုဆောင်ရွက်ရာတွင် တားဆီးခြင်း၊ ကန့်ကွက်ခြင်းပြုလုပ်မှု ရှောင်ရှားစေလိုပါသည်။ မည်သည့်အတွက်ကြောင့် ရှောင်ရှားဖို့ အသိပေးနေရခြင်းမှာ ရာဇသတ်ကြီးပုဒ်မ ၁၇၃ ပါ ပြဋ္ဌာန်းချက်နှင့် ငြိစွန်းမှုမရှိစေခြင်းကြောင့်ဖြစ်ပါသည်။ ရာဇသတ်ကြီးပုဒ်မ ၁၇၃ တွင်–

မည်သူမဆို မိမိကိုသော်လည်းကောင်း၊ အခြားသူတစ်ဦးတစ်ယောက်သို့သော်လည်းကောင်း ပြည်သူ့ဝန်ထမ်းတစ်ဦးက ပြည်သူ့ဝန်ထမ်းအဖြစ် ဥပဒေနှင့်အညီ ထုတ်ဆင့်ပိုင်သည့်အတိုင်း ထုတ်ဆင့်သည့် သမ္မန်စာကိုဖြစ်စေ၊ နို့တစ်စာကိုဖြစ်စေ အမိန့်စာကိုဖြစ်စေ ဥပဒေနှင့်အညီ ဆွဲကပ်သည်ကို တမင်တားဆီးလျှင် သို့မဟုတ် ထိုသမ္မန်စာကိုဖြစ်စေ၊ နို့တစ်စာကိုဖြစ်စေ၊ ထိုအမိန့်စာကိုဖြစ်စေ ဥပဒေနှင့်အညီ ဆွဲကပ်ရာနေရာတစ်ခုခုမှ တမင်ခွာပစ်လျှင် သို့တည်းမဟုတ် ဥပဒေနှင့်အညီ ထုတ်ပြန်ကြေညာရန် ဆင့်ဆိုပိုင်သူဖြစ်သော ပြည်သူ့ ဝန်ထမ်းတစ်ဦး၏အမိန့်အရ ဥပဒေနှင့်အညီ ထုတ်ပြန်ကြေညာသည်ကို တမင်တားဆီးလျှင် ထိုသူကို တစ်လထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငါးထောင်ထိငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

သို့မဟုတ် သမ္မန်စာမှာဖြစ်စေ၊ နို့တစ်စာဖြစ်စေ အမိန့်စာမှာဖြစ်စေ၊ ကြေညာစာမှာဖြစ်စေ၊ တရားရုံးသို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ကိုသော်လည်းကောင်း တက်ရောက်စေရန် သို့တည်းမဟုတ် စာတမ်းအမှတ်အသားတစ်ခုခုကို တင်ပြစေရန်ပါရှိလျှင် ထိုသူကို ခြောက်လထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ တစ်သိန်းထိ ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။

သမ္မန်စာ နို့တစ်စာ၊ အမိန့်စာတို့ကို ဆင့်ခေါ်ခံရသူက ၎င်းအပေါ် ထုတ်ဆင့်ခံထားရကြောင်း သိလျက်နှင့် ယင်းသမ္မန်စာ၊ နို့တစ်စာ၊ အမိန့်စာ ချအပ်ခြင်းမပြုနိုင်အောင် ပုန်းအောင်းနေလျှင် တိမ်းရှောင်ရာရောက်သဖြင့် အရေးယူခြင်းခံရနိုင်ပါသည်။[၁၁]

သမ္မန်စာတွင်ဖြစ်စေ၊ နို့တစ်စာတွင်ဖြစ်စေ ဆင့်ခေါ်ခံရသူကို တရားရုံးသို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ကိုသော်လည်းကောင်း လာရောက်စေရမည်ဟု ပါရှိခဲ့ပြီး ထိုသမ္မန်စာ၊ နို့တစ်စာ ဥပဒေနှင့်အညီ အတည်ဖြစ်လျက်နှင့် ပျက်ကွက်ခဲ့လျှင်လည်း ရာဇဝတ်မှုဖြင့် အရေးယူခံရနိုင်ပါသည်။ [၁၂] သို့ရာတွင် သမ္မန်စာ၊ နို့တစ်စာဖြင့်သော်လည်း သက်ဆိုင်ရာဌာန၊ တရားရုံးသို့ လူကိုယ်တိုင်သော်လည်းကောင်း ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း မပျက်မကွက်လာရောက်ရမည်ဟု ဖော်ပြထားခြင်း မရှိခဲ့ပါကယင်း ဥပဒေပုဒ်မအရ အရေးယူခွင့်မရှိပေ။[၁၃]

တရားမမှုများတွင်လည်း သမ္မန်စာကို နည်းလမ်းတကျချအပ်ပြီးဖြစ်ပါလျက် တရားလိုသာလာပြီး တရားပြိုင်မလာခဲ့လျှင် အမှုကို တစ်ဖက်သတ် ဆက်လက်ဆောင်ရွက်ခံရနိုင်ပါသည်။[၁၄] ဤတွင် သမ္မန်စာကို နည်းလမ်းတကျ ချအပ်ခြင်းဆိုသည်မှာ တရားပြိုင်အား ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေမှတစ်ဆင့်ဖြစ်စေ တရားရုံးသို့ လာရောက်ရန် လုံလောက်သော အချိန်ပေး၍ ဆင့်စာကို ချအပ်ခြင်းဖြစ်ရပေမည်။

**လှအေး(တရားရေး)**

---

၁၀။ တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၃ က။

၁၁။ ရာဇသတ်ကြီးပုဒ်မ ၁၇၂။

၁၂။ ရာဇသတ်ကြီးပုဒ်မ ၁၇၄။

၁၃။ ဦးလှဖေနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ပါ (၂) အမှု။
၁၉၇၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး(ရုံးချုပ်)၊ စာမျက်နှာ ၁၄၄။

၁၄။ တရားမကျင့်ထုံးဥပဒေအမိန့် ၉၊ နည်းဥပဒေ ၆ (၁) (က)။

# အမွေပုံမှုခင်း ဆုံးဖြတ်ရာတွင် လိုက်နာရမည့်အချက်များ

**ဦးသိန်းကိုကို**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်သူလူထု၏ဖြစ်ပေါ်လျက်ရှိသည့် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် **"အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့"** ဆိုသော ဆောင်ပုဒ်နှင့်အညီ တရားရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း ၂၀၁၈–၂၀၂၂ ခုနှစ်ကို ရေးဆွဲ၍ တရားစီရင်ရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်အတွက် မြန်မာတရားစီရင်ရေး၏ ရည်မှန်းချက်များ၊ လုပ်ငန်းတာဝန်များနှင့် တန်ဖိုးများ၏ အဓိပ္ပာယ်တို့ကို သတ်မှတ်ဖော်ပြထားရာတွင် အမှုအခင်းများကို **ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန်စီရင်ဆုံးဖြတ်ရေး** လုပ်ငန်းတာဝန်အား ထမ်းဆောင်လျက်ရှိကြသည့် တရားသူကြီးများက တိကျစွာ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ကြရပေမည်။

တရားရုံးအသီးသီးတွင် တရားစွဲဆိုရင်ဆိုင်လျက်ရှိကြသည့် တရားမမှုခင်းများအနက် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုအား စစ်ဆေးကြားနာရာတွင် သက်ဆိုင်သည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်သာဓကစီရင်ထုံးအချို့ကို သိရှိနားလည်ဆင်ခြင်တွေးခေါ်နိုင်ပါက အမွေမှုခင်းများ စီရင်ဆုံးဖြတ်ရာတွင် များစွာအထောက်အကူပြုပေလိမ့်မည်။

အမွေခွဲဝေပေးစေလိုမှုတွင် အဓိကရည်ရွယ်ချက်မှာ အမွေရထိုက်သူတို့အား အမွေခွဲဝေပေးရန်ဖြစ်ပေရာ ကွယ်လွန်သူ၏အမွေကို မည်သူမည်ဝါတို့က ဆက်ခံခွင့်ရှိသည်၊ တရားလိုသည် အမွေဝေစု မည်ရွေ့မည်မျှ ရထိုက်သည်၊ ကွယ်လွန်သူ ကျန်ရစ်သော အမွေပစ္စည်းများသည် မည်သည့်ပစ္စည်းများဖြစ်သည်။ ကွယ်လွန်သူပေးရန် ရရန်ရှိသော ကြွေးမြီများ မည်ရွေ့မည်မျှရှိသည် စသည်တို့ကို စိစစ်ဆုံးဖြတ်ပြီး တရားလိုနှင့် ဝေစုရလို၍ ရုံးခွန်ထမ်းဆောင်သော တရားပြိုင်တို့အား အမွေခွဲဝေပေးရန်ဖြစ်သည်။

မြန်မာ့ဓလေ့ထုံးတမ်းအမွေခန်းဥပဒေတွင် ပုဂ္ဂိုလ်တစ်ဦးကွယ်လွန်ပါက ၎င်း၏အမွေပစ္စည်းကို အမွေခံအစီအစဉ်အရ မည်သူမည်ဝါတို့သည် အမွေခံအမွေစားဖြစ်ရမည်။ ၎င်းတို့၏အမွေဝေစုသည် မည်၍မည်မျှဖြစ်ရမည် စသည်ဖြင့် အတိအကျသတ်မှတ်ထားသည်။ အမွေဆိုင်တစ်ဦးသည် အမွေရှင်ကွယ်လွန်သည်နှင့်တစ်ပြိုင်နက် အမွေဆက်ခံခွင့်ကို ရရှိသည်။ အမွေဆက်ခံသူ၏ အဆိုပါအခွင့်အရေးကိုလည်း အပြီးအပိုင်ရရှိသည့် အကျိုးခံစားခွင့်ဟု ခေါ်ဆိုရပေသည်။

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မခွဲဝေရသေးသော အမွေတွင် အမွေဆိုင်တစ်ဦးရရန်ရှိသော အကျိုးသက်ဆိုင်ခွင့်သည် အပြီးအပိုင်ရရှိသည့် အကျိုးခံစားခွင့် Vested interest ဖြစ်၍ အမွေရှင်ကွယ်လွန်သော

အခါ အမွေစားအမွေခံများသို့ သက်ရောက်သည်။ အမွေဆက်ခံခြင်းဟူသည် ဆိုင်းငံ့ထား၍မဖြစ်၊ အမွေသည် ဆက်ခံရရှိသည်နှင့်တစ်ပြိုင်နက် ရပ်သိမ်း၍ မရကောင်းသည်မှာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအမွေခန်း၏ အခြေခံသဘောတရားပင်ဖြစ်ပေသည်။

ဗုဒ္ဓဘာသာဝင်တစ်ဦး ကျန်ရစ်သော အမွေပစ္စည်းအပေါ် အရေးဆိုသည့် အမွေမှုနှစ်မျိုးနှစ်စားရှိသည်။ တစ်မျိုးမှာ မိဘတစ်ပါးပါးကွယ်လွန်သည့်အခါ ဩရသသားသမီးက ကျန်ရစ်သူ မိဘထံမှ အမွေရခွင့်နှင့် ကျန်ရစ်သူမိဘနောက်အိမ်ထောင်ပြုသောအခါ သားသမီးများက ထိုမိဘထံတွင် အမွေရခွင့်အပေါ် အခြေခံ၍ စွဲဆိုသောအမှုဖြစ်သည်။ ကျန်တစ်မျိုးမှာ အခြားအမွေရှင်ထံမှ အမွေရခွင့်ရှိသဖြင့် ပူးတွဲအမွေဆိုင်အပေါ် စွဲဆိုသော အမွေစီမံခန့်ခွဲမှုဖြစ်သည်။

အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုတွင် မြန်မာဗုဒ္ဓဘာသာဝင်များသည် အမွေခွဲဝေပေးရန် မည်သည့် အချိန်ကာလအတွင်း တောင်းဆိုရမည်ဟု သတ်မှတ်ထားခြင်းမရှိသော်လည်း ပစ္စည်းအမျိုးအစားပေါ်တွင် မူတည်ပေသည်။ မရွှေ့မပြောင်းနိုင်သောပစ္စည်းအပေါ် အမွေမှုစွဲဆိုလျှင် ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အပိုဒ် ၁၄၄ အရ တရားလိုနှင့် ဆန့်ကျင်လာသည့် အချိန်မှစတင်၍ ၁၂ နှစ်အတွင်း တရားစွဲဆို ရမည်။ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းဖြစ်လျှင် ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယား အပိုဒ် ၁၂၀ အရ တရားစွဲဆိုပိုင်ခွင့်ရရှိသည့်အချိန်မှစတင်၍ ၆ နှစ်အတွင်း တရားစွဲဆိုရမည်။ **"မညွန့်သိန်းနှင့် ဦးစံအုန်း၊ ၁၉၇၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၃၅"** အမှု ကို ရည်ညွှန်းသည်။

အမွေဆိုင်တစ်ဦးသည် မခွဲဝေရသေးသည့် အမွေပုံပစ္စည်းပေါ်တွင် လက်ရှိနေထိုင်ခြင်းမှာ အခြား အမွေဆိုင်များ၏ ပိုင်ဆိုင်ခွင့်ကို ဆန့်ကျင်၍ နေထိုင်သည်ဟု မဆိုနိုင်သည်မှာ မှန်သော်လည်း အမွေဆိုင် ပစ္စည်းကို ၎င်း၏အကျိုးအတွက် ပြုပြင်ပြောင်းလဲမှုပြုလုပ်၍ လက်ရှိထားလျှင် အခြားအမွေဆိုင်များကို ဆန့်ကျင် လက်ရှိထားခြင်းဖြစ်သည်ဟု ဆိုရပေမည်။

အမွေရထိုက်သော ဩရသသည် မိဘတစ်ပါးပါး ကွယ်လွန်စဉ်က အမွေမတောင်းခဲ့ဘဲ နေခဲ့ရာတွင် (၁၂)နှစ်ကျော်လွန်သောအခါ ဩရသဝေစုတောင်းခွင့် ဆုံးရှုံးသွားမည်ဖြစ်သော်လည်း ကျန်ရစ်သူ မိဘ နောက်အိမ်ထောင်ပြုသောအခါ အမွေတောင်းခံရန် အခွင့်အရေးအသစ်ထပ်မံရရှိပြီး စည်းကမ်းသတ်ကာလ ကို အသစ်တစ်ဖန်ရေတွက်ရသည်။

ကျန်ရစ်သူ မိဘ နောက်အိမ်ထောင်ပြုသောအခါ အမွေတောင်းခံရန် အခွင့်အရေးအသစ်ရရှိပြီး စည်းကမ်းသတ်ကာလကို အသစ်တစ်ဖန် ရေတွက်ရသည်။ ကျန်ရစ်သူ မိဘက နောက်အိမ်ထောင်ပြုသည့် နေ့မှ (၁၂) နှစ်ကျော်လွန်သော် သားသမီးများသည် ထိုမိဘထံမှ အမွေတောင်းခံခွင့် မရှိတော့ချေ။

ဩရသသားသမီးအခွင့်အရေးသည် အပြီးအပိုင်ရရှိသည့်အခွင့်အရေးဖြစ်ပြီး ထိုအခွင့်အရေးကို ၎င်း၏ လိင်တူမိဘတစ်ဦးဦးကွယ်လွန်ချိန်မှ ၁၂ နှစ်အတွင်း မိဘအမွေပစ္စည်း၏ ၄ ပုံ ၁ ပုံကို တောင်းခံနိုင်သည်။

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မြန်မာဗုဒ္ဓဘာသာအိမ်ထောင်တွင် အဖေ၊ သို့မဟုတ် အမေ ကွယ်လွန်သောအခါ အမွေရထိုက်သည့် ဩရသသားသမီးကျန်ရစ်လျှင် ထိုသားသမီးသည် အမွေ ၄ ပုံ ၁ ပုံ ရခွင့်ရှိသည်။

အမွေပစ္စည်းများကို ခွဲဝေပေးစေလိုမှုတွင် အမွေဆိုင်များသည် အမွေပုံပစ္စည်းတွင် ဥပဒေအရ မိမိတို့ ရရန်ရှိသော ဝေစုများကို ရခွင့်ရှိသည့်အပြင် အမွေပစ္စည်းမှ ဖြစ်ထွန်းသောအကျိုးအမြတ်များကိုလည်း ခံစား ခွင့်ရှိပေသည်။

အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုအား စီရင်ဆုံးဖြတ်ရာတွင် ပထမအဆင့်အနေဖြင့် ပဏာမဒီကရီ ချမှတ်ရမည်ဖြစ်ပြီး ဒုတိယအဆင့်မှာ ခွဲဝေပေးရန် မည်သည့်ပစ္စည်းများ ကျန်ရှိသည်၊ မည်သည့်စာရင်းအင်းများရှိ၍ မည်သို့ထားရှိသည်ဆိုသည့်အချက်များကို စုံစမ်းစစ်ဆေးရန်ဖြစ်သည်။ ထိုသို့စုံစမ်းစစ်ဆေးပြီးလျှင် မည်သည့်ပစ္စည်းကို မည်သို့ရထိုက်ကြောင်း အပြီးသတ်ဒီကရီချပေးရန်ဖြစ်သည်။

ပဏာမဒီကရီ ချမှတ်ခြင်းမပြုမီ မည်သည့်ပစ္စည်းမှာ သေသူ၏ကျန်ရစ်ခဲ့သော ပစ္စည်းများဟုတ် မဟုတ်ဆိုသည့် အငြင်းပွားကိစ္စများကို တရားရုံးများက ဆောင်ရွက်ရန် မလိုအပ်သေးပေ။ ဦးစွာပထမစွဲဆိုသည့်အတိုင်း သေသူအမွေရှင်၏အမွေစားအမွေခံ ဟုတ် မဟုတ်၊ ဟုတ်မှန်ပါက သေသူ၏အမွေကို မည်သည့်အချိုးအစားအတိုင်း ဆက်ခံခွင့်ရှိကြောင်း စစ်ဆေး၍ ပဏာမဒီကရီချပေးရန်ဖြစ်သည်။ **"ဒေါ်တင်ကြည်နှင့် ဒေါ်အမာ၊ ၁၉၇၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၄၅"** အမှုကို ရည်ညွှန်းသည်။

အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုတွင် အမွေပစ္စည်းများကို စာရင်းကောက်ယူရုံမျှဖြင့် အမှုပြီးဆုံးသည်ဟု မဆိုနိုင်ချေ။ တရားမကျင့်ထုံးဥပဒေအမိန့် ၂၆၊ နည်း ၁၃ အရ ကော်မရှင်နာတစ်ဦးခန့်ထား၍ အမွေပစ္စည်းများကို ခွဲဝေပေးရမည်ဖြစ်ပေသည်။

မြန်မာဗုဒ္ဓဘာသာတစ်ဦးသည် မိမိပိုင်ပစ္စည်းကို ပေးကမ်းခွင့်မရှိဟု မြန်မာဓလေ့ထုံးတမ်းဥပဒေက တားမြစ်ခြင်းမပြုသော်လည်း မိဘဖြစ်သူက သားသမီးတစ်ဦးအား အမွေပစ္စည်းအားလုံးကို ပေးကမ်းခဲ့ပါက အမွေရှင်ကွယ်လွန်သောအခါ အမွေခွဲဝေရန် ပစ္စည်းမရှိတော့လျှင် ထိုသို့ပေးကမ်းခြင်းသည် ပျက်ပြယ်သည်။

မြန်မာဗုဒ္ဓဘာသာကိုးကွယ်သူများသည် သေတမ်းစာပြုလုပ်၍ အမွေခွဲဝေပေးကမ်းခွင့်မရှိသောကြောင့် သေခါနီးဆဲဆဲ၌ ပေးကမ်းခြင်းကို အသိအမှတ်ပြုခဲ့လျှင် မိမိတို့လူမျိုး၏ တရားဥပဒေ သို့မဟုတ် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေကို ချိုးဖောက်ခွင့်ပြုရာရောက်မည်ဖြစ်သောကြောင့် မြန်မာဗုဒ္ဓဘာသာဝင်များအဖြစ် သေခါနီးဆဲဆဲ ပေးကမ်းခြင်းသည် တရားမဝင်ပေ။

သေခါနီးဆဲဆဲပေးကမ်းခြင်း(a death-bed gift)ဆိုသည်မှာ ပေးကမ်းသူသည် ပြန်လည်ကျန်းမာရန်အကြောင်းမရှိဘဲ သေရမည်ကို မျှော်မှန်း၍ ပေးကမ်းခြင်းဖြစ်သည်ဟု ကောက်ယူရမည်ဖြစ်ကြောင်း **"ဦးခင်မောင်ဆန်းနှင့် ဒေါ်စောယုနွယ်(ခ)ဒေါ်စောယုယုကျော် ပါ ၃၊ ၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ–၂၇"** အမှုတွင် ဆုံးဖြတ်ထားသည်။

အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုတွင် မိမိအမွေဝေစုကို တောင်းဆိုလိုသော တရားပြိုင်သည် တရားမကျင့်ထုံးဥပဒေ အမိန့် ၂၀၊ နည်းဥပဒေ ၁၃(၂) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း အမွေဝေစုကို လျှောက်ထားတောင်းဆိုနိုင်သည်။ နည်းဥပဒေ ၁၃(၂)အရ အဆိုပါပစ္စည်းမှ ပေးချေခြင်း ခံထိုက်ခွင့်ရှိမည့်သူအားလုံးသည် ပဏာမဒီကရီတွင် ပါဝင်နိုင်ကြသည်ဟူသော စကားရပ်မှာ ပဏာမဒီကရီအရ တရားပြိုင်ရရန်ရှိသော အမွေဝေစုကို ရယူနိုင်ရန် ဖန်တီးပေးထားခြင်းဖြစ်သည်။ အပြီးသတ်ဒီကရီချမှတ်ပြီးပါက အမှုပြီးပြတ်သွားပြီဖြစ်၍ အမွေဝေစုသတ်မှတ်ရန် အမှုမရှိတော့သဖြင့် တရားပြိုင်၏လျှောက်ထားခွင့်မှာ လမ်းပိတ်သွားပြီဖြစ်သည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၂၀၊ နည်းဥပဒေ ၁၃ အရ ချမှတ်သည့်ပဏာမဒီကရီတွင် ပါဝင်ခွင့်ပြုပြီး အမွေဝေစုခွဲဝေပေးရန် တရားပြိုင်၏လျှောက်ထားမှုအတွက် ကာလစည်းကမ်းသတ်အက်ဥပဒေ၌ သီးခြားပြဋ္ဌာန်းချက်မရှိသဖြင့် ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၈၁ အရ လျှောက်ထားပိုင်ခွင့်ဖြစ်ပေါ်လာသည့်အချိန်မှစတင်၍ (၃) နှစ်အတွင်း လျှောက်ထားရမည်။ **"ဦးခင်မောင်အေး (ကွယ်လွန်**

**သူ ဒေါ်ခင်သန်းလွင်၏ တရားဝင်ကိုယ်စားလှယ်)နှင့် ဒေါ်ဝင်းမြင့်(ကွယ်လွန်သူ ဦးကျော်စိုး၏ တရားဝင်ကိုယ်စားလှယ်)ပါ ၃၊ ၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာမျက်နှာ ၅၆"** အမှုကို ရည်ညွှန်းသည်။

အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုတွင် ယခင်စွဲဆိုသောအမှုနှင့် နောက်စွဲဆိုသောအမှုတို့တွင် အမှုသည်များ တူညီခြင်းမရှိသော်လည်း အမှုနှစ်မှု၏ အဓိကအငြင်းပွားသည့် အကြောင်းအရာတူညီလျှင် ယခင်အမှုပြီးပြတ်သည့်တိုင်အောင် နောက်စွဲဆိုသောအမှုကို ဆိုင်းငံ့ရန်လိုအပ်ကြောင်း **"ဒေါ်ကြည်ကြည်ဆွေ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်သီတာပြုံး)နှင့် ဒေါ်သန်းဝေပါ ၇၊ ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ–၁"** အမှုတွင် သုံးသပ်ဆုံးဖြတ်ထားမှုတို့အပေါ် လေ့လာမှတ်သားသိရှိလိုက်နာကျင့်သုံးဆောင်ရွက်ခြင်းဖြင့် အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုများကို မှန်မှန်ကန်ကန် စီရင်ဆုံးဖြတ်ချက် ချမှတ်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်လျက် တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

**ဦးသိန်းကိုကို**
**ပြည်နယ်တရားလွှတ်တော်တရားသူကြီး**

# အောင်မြင်ခဲ့သော စင်ကာပူသမ္မတနိုင်ငံ၏ အစိုးရဌာန – အကျဉ်းထောင်စနစ် ပြုပြင်ပြောင်းမှု

**ဦးထွန်းထွန်းအောင်**

စင်ကာပူသမ္မတနိုင်ငံရှိ National University of Singapore, LEE KUAN Yew School of Public Policy တွင် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်မှ ၂၀ ရက်နေ့ထိ ပြုလုပ်ခဲ့သည့် "တရားရုံးအုပ်ချုပ်သူများအတွက် စီမံအုပ်ချုပ်ရေးဆိုင်ရာခေါင်းဆောင်မှုအစီအစဉ်"သို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး သတင်းအချက်အလက်နည်းပညာနှင့် ပြည်သူ့ဆက်ဆံရေးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်မင်းအောင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းအောင်တို့ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အစီအစဉ်သို့ ဆာဘီယားနိုင်ငံမှ ၅ ဦး၊ အာဖရိကလူ့အခွင့်အရေးရုံးမှ ၁ ဦး၊ မာရှယ်ကျွန်းစုနိုင်ငံမှ ၁ ဦး၊ အာရပ်စော်ဘွားနိုင်ငံမှ ၁ ဦး၊ သြစတေးလျနိုင်ငံမှ ၂ ဦး၊ မြန်မာနိုင်ငံမှ ၂ ဦးနှင့် စင်ကာပူနိုင်ငံမှ ၁၂ ဦး၊ စုစုပေါင်း ၂၄ ဦး တက်ရောက်ခဲ့ပါသည်။

စင်ကာပူနိုင်ငံ၏ အကျဉ်းဌာန ပြုပြင်ပြောင်းလဲရေးနှင့်စပ်လျဉ်း၍ အမှန်လုပ်ကိုင်ဆောင်ရွက်ခဲ့သူ အကျဉ်းဌာန ညွှန်ကြားရေးမှူး (အငြိမ်းစား) Mr. Chua Chin Kiat က ရှင်းလင်းဆွေးနွေးရာ အကျဉ်းသားဦးရေသည် ၁၉၉၈ ခုနှစ်တွင် ၁၆၀၀၀ ဦးရှိရာမှ ၂၀၀၂ ခုနှစ်တွင် ၁၈၂၁၃ ဦးအထိ တိုးတက်လာခဲ့ခြင်း၊ ဝန်ထမ်းအသစ် စုဆောင်းရန်နှင့် တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းများအား ဆက်လက်တာဝန်ထမ်းဆောင်စေရန် အခက်အခဲကြုံတွေ့ခြင်း၊ သင့်လျော်သော ပြုပြင်ပြောင်းလဲရေးအစီအမံများမရှိခြင်း၊ ပြစ်မှုကျူးလွန်လေ့ရှိသော နှုန်းထားများသည် ၄၄% အထိ မြင့်တက်လာခြင်း၊ ဝန်ထမ်းများ၏ စိတ်ဓာတ်နှင့် ခံယူချက် နိမ့်ကျလာခြင်း၊ အမိန့်နှင့်စည်းကမ်းများအား ပြုပြင်နိုင်မှုမရှိခြင်းတို့ဖြစ်ပေါ်ကြုံတွေ့ခဲ့ရပါသည်။

လတ်တလော ဆောင်ရွက်ရန်အတွက် စိုးရိမ်ဖွယ်ရာ အခြေအနေများကြောင့် ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ရန် လိုအပ်ခြင်း၊ ထိုသို့ဆောင်ရွက်ရန် ခေါင်းဆောင်မှုအသစ်တွင် ပြင်းပြသော ဆန္ဒများရှိခြင်း၊ အောင်မြင်မှုမြန်ဆန်ရေးအတွက် အဖြေရှာခြင်း၊ ဖြေရှင်းခြင်းနှင့် အမြန်ရလဒ်ကောင်းအား ရှာဖွေခြင်း၊ အကျဉ်းသား စီမံခန့်ခွဲမှုစနစ်ပြောင်းလဲခြင်းနှင့် အကျဉ်းထောင်တွင်းစာသင်ကျောင်း(Prison School)များ ထူထောင်ပေးခြင်း၊ ဆက်သွယ်မှုအား တိုးမြှင့်ပေးခြင်း၊ ရေရှည်ပြုပြင်ရေး (Longer Term Reform) အခြေခံအချက်များအား ပြင်ဆင်ခြင်းတို့ ဖြစ်ပါသည်။ ရည်မှန်းသော လုပ်ငန်းစဉ်အနေဖြင့် ၁၉၉၉ ခုနှစ်မှစတင်၍

ရေရှည်ကာလ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အတွက် စတင်ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အကျဉ်းဝန်ထမ်းအားလုံး အလွှာပေါင်းစုံမှ ပါဝင်ပြီး ဆောင်ရွက်စေခဲ့ပါသည်။ **ပြစ်ဒဏ်ကျခံပြီး အကျဉ်းသားများအား တာဝန်ရှိသော နိုင်ငံသားများအဖြစ် ပြုပြင်ပြောင်းလဲလာစေရန် မည်သို့ဆောင်ရွက်နိုင်မည်**ကို အဓိကရည်မှန်းဆောင်ရွက်ခဲ့ပါသည်။ ရည်မှန်းချက်အနေဖြင့် မိမိတို့အဖွဲ့အစည်းအား အနာဂတ်တွင် မည်သို့တည်ဆောက်မည်၊ မည်သည့်နေရာသို့ရောက်ရှိရန် ဦးတည်ထားခြင်း မရှိဆိုပါက ဦးတည်ချက်မဲ့ပြီး ရည်မှန်းချက်မရှိသောကြောင့် ရည်မှန်းချက်မရှိမဖြစ် ထားရှိဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်းကို သုံးသပ်တွေ့ရှိခဲ့ကြပါသည်။

ထို့ပြင်အကျဉ်းထောင်အား ကမ္ဘာ့အမြင်သစ် (တံခါးပေါက်အသစ်)အဖြစ် ဆောင်ရွက်ကြရာတွင် ဆောင်ပုဒ်အနေဖြင့် "ဘဝများ၏ ပဲ့ကိုင်ရှင်များ"(CAPTAINS OF LIVES) နှင့် "ပြုပြင်ခြင်း၊ အသစ်ဖြစ်စေခြင်း၊ ပြန်လည်အစပြုခြင်း"(REHAB, RENEW, RESTART)တို့အား ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲကြေညာကာ ပါဝင်ဆောင်ရွက်ကြသူများသည် မိမိတို့ကဏ္ဍအသီးသီးအလိုက် ပူးပေါင်းပါဝင်ခဲ့ကြပါသည်။

**ကမ္ဘာသစ်အမြင်သစ်လုပ်ငန်းစဉ်၏ ဆောင်ရွက်ရန်ဇယား**

| | ဆောင်ရွက်ရမည့်သူများ | ဆောင်ရွက်ရမည့်ကိစ္စများ |
|---|---|---|
| ၁။ | အကျဉ်းဝန်ထမ်းများ | ပြောင်းလဲမှုဆောင်ရွက်စေခြင်း |
| ၂။ | အကျဉ်းသားများ | အကျဉ်းသားများ၏ဘဝအား အပြီးတိုင်ပြုပြင်ခြင်း |
| ၃။ | အကျဉ်းသားများ၏မိသားစုများ | မိသားစုက ထောက်ခံ၍ ပံ့ပိုးမှုများပေးခြင်း |
| ၄။ | ပြစ်မှုတရားစီရင်ရေး | မိတ်ဖက်အဖွဲ့အစည်းအနေဖြင့် အဓိကသော့ချက်တစ်ခုအဖြစ် ပါဝင်ရခြင်း |
| ၅။ | လူ့အဖွဲ့အစည်း | လူအဖွဲ့စည်းတစ်ရပ်လုံးမှ ပါဝင်ဆောင်ရွက်ခြင်း |

ထိုသို့ရည်မှန်းချက်ရောက်ရှိရန် ဆောင်ရွက်ရာတွင်

(က) ဝန်ထမ်းများအကြား အလွှာစုံ စဉ်ဆက်မပြတ် ဆွေးနွေးပွဲများ

(ခ) အလုပ်ရုံဆွေးနွေးပွဲများအား ကျင်းပပေးခြင်း

(ဂ) အမြင်နှင့်သုံးသပ်ချက်များအား ပြန်လည်တောင်းခံခြင်း

(ဃ) ရည်မှန်းချက်ပြင်ဆင်ရန် အမြင်များကို ဖိတ်ခေါ်တောင်းခံခြင်း

(င) ဌာနခွဲများနှင့် ဝန်ထမ်းအလွှာစုံမှ ဝန်ထမ်းပေါင်း ၂၀၀ အား ပါဝင်ဆောင်ရွက်စေခြင်း

(စ) ထိုလုပ်ငန်းစဉ်အတွက် အချိန် ၉ လကြာ ဆောင်ရွက်စေခြင်းတို့ ပါဝင်ပါသည်။ ထို့ပြင် ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ ကိုက်ညီစေရန်အတွက် ရည်မှန်းချက်ကို မည်သည့်အချက်နှင့် မည်သို့ဆောင်ရွက်သင့်သည်ဆိုသော ဝိရောဓိအသွင်ဖြစ်ပေါ်စေခြင်း၊ ပြဿနာတစ်ရပ် အမြဲဖြစ်ပေါ်စေရာ အဆိုပါပြဿနာကို ချက်ချင်းဖြေရှင်းနိုင်သောအဆင့်ထိ ဖြေလျှော့ဆောင်ရွက်ပေးခြင်း၊ ရည်မှန်းချက်နှင့် လုပ်ငန်း

စဉ်များ၏ တစ်စိတ်တစ်ပိုင်းအတွက် အဓိကသော့ချက်များကို ရှာဖွေထားခြင်းများကို မဟာဗျူဟာစီမံချက် တစ်ရပ်အဖြစ် (CAPTAINS OF LIVES) အနေဖြင့် လူ့အဖွဲ့အစည်းအတွက် တန်ဖိုးမြင့်ပေးရန်၊ အကောင်းဆုံးရလဒ်သို့ ရောက်ရှိစေခြင်းဖြင့် ဆောင်ရွက်ရပါသည်။ လုပ်ငန်းစဉ်လွှန်ရည်မှန်းချက် 'ဘဝများ၏ ပဲ့ကိုင်ရှင်များ' လုပ်ငန်းစဉ်အတွက် ပိုမိုကြီးမားသော မျှော်မှန်းချက်နှင့် အလုပ်အကိုင်ဖြည့်ဆည်းပေးမှု၊ ပြစ်မှုကျူးလွန်သူ၊ မိသားစုများနှင့် လူမှုဝန်းကျင်မှဘဝများအတွက် ကွဲပြားခြားနားချက် အကန့်အသတ်လျော့ချရေးနှင့် အကောင်းမြင်မှု ဖြစ်ပေါ်လာစေရေးတို့အား လုပ်ဆောင်ပေးရန် ဖြစ်ပါသည်။

အကျဉ်းသားစီမံခန့်ခွဲမှုအတွက် ပြောင်းလဲရန် လမ်းသစ်များအဖြစ်

(က) အိမ်အသွင်ဖြင့် စီမံခန့်ခွဲမှုစနစ်

(ခ) အကျဉ်းထောင်တွင်း စာသင်ကျောင်းများ ထူထောင်ခြင်းနှင့်

(ဂ) လူထုအခြေပြုပြန်လည်ထူထောင်ရေး စသည်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

အိမ်အသွင်ဖြင့် စီမံခန့်ခွဲမှုစနစ်(Housing Unit Management System)တွင် အကျဉ်းသားများအား ပုဂ္ဂိုလ်ရေးဆိုင်ရာ ကြီးကြပ်သူများက အကျဉ်းသား၏လုံခြုံရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် လိုအပ်ချက်များအား ဆွေးနွေးဖြည့်ဆည်းပေးခြင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဝန်ထမ်းများနှင့် အကျဉ်းသားများ၏ ကျင့်ဝတ်ဆိုင်ရာ အကြပ်အတည်းများအပေါ် ကျင့်ဝတ်ဆိုင်ရာ ညွှန်ကြားချက်ထုတ်ပေးခြင်းဖြင့် ဖြေရှင်းပေးခြင်းတို့ဖြစ်ပါသည်။

လူထုအခြေပြုပြန်လည်ထူထောင်ရေး (Community-Based Rehabilitation)သည် ပြစ်ဒဏ်ကျခံသူများသည် ၎င်းတို့နေအိမ်တွင် စည်းကမ်းချက်ဖြင့် နေစေခြင်းနှင့် အချိန်ပိုင်းအလုပ်လုပ်စေခြင်းများ စသည်ဖြင့် ပြုလုပ်စေခြင်းဖြင့် ပြစ်မှုကျခံပြီးချိန်တွင် အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာချိန်တွင် လူ့အဖွဲ့အစည်းသို့ သာမန်လူများအဖြစ် ပြန်လည်နေထိုင်လုပ်ကိုင်စေရန် အထောက်အပံ့ကိုဖြစ်စေပါသည်။ အကျဉ်းထောင်တွင်း စာသင်ကျောင်းများ ထူထောင်ခြင်းနှင့်စပ်လျဉ်း၍ အကျဉ်းသားများသည် အခြေခံပညာရေးကို သင်ကြားရန်အခွင့်အရေးမရရှိခြင်း၊ ကျောင်းပညာရေးတွင် အောင်မြင်စွာ ပြီးမြောက်မှုမရှိခြင်းတို့ကို တွေ့ရှိရသဖြင့် အဆိုပါစာသင်ကျောင်းများ ထူထောင်ပေးပြီးနောက် ပညာရေးရလဒ်အနေဖြင့် GCE N Level အဆင့်အတန်းတွင် သာမန်ကျောင်းပညာရေး၏ ၈၆% ထက် ၁၀% ခန့်သာ လျော့နည်းပြီး ပျမ်းမျှ ၇၇.၆% ရရှိခဲ့ပါသည်။ ထိုကျောင်းများတွင် လက်တွေ့စမ်းသပ်ခန်းများ ထူထောင်ထားရှိပြီး အသစ်နှင့် တီထွင်ဆန်းသစ်မှု စိတ်ကူးများအား ဖော်ထုတ်၍ အခြားအကျဉ်းထောင်များတွင်လည်း အလားတူ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။

**ပြည်သူ့ပညာပေးလှုပ်ရှားမှု** အနေဖြင့် ပြစ်မှုကျူးလွန်ပြီး ကျခံပြီးသူများအပေါ် ပြည်သူများ၏ အတွေးအမြင်အား ပြောင်းလဲရန်နှင့် ထိုအခြေအနေသို့ ရောက်ရှိစေရန်၊ အဓိကဆောင်ပုဒ်ဖြစ်သော "ဘဝများ၏ ပဲ့ကိုင်ရှင်များ" "ပြန်လည်ထူထောင်ခြင်း၊ အသစ်မွေးဖွားစေခြင်း၊ ပြန်လည်အစပြုခြင်း" (CAPTAINS OF LIVES - Rehab, Renew, Restart)စွဲကိုင်ထားရန်၊ အကျဉ်းထောင်၏အခန်းကဏ္ဍအား သက်မွေးဝမ်းကျောင်းမှုပညာရပ်အဖြစ်သို့ မြှင့်တင်ပေးရန်၊ အကျဉ်းထောင်၏လုပ်ငန်းဆောင်တာများအား အမည်ကောင်းပြန်လည်ရရှိအောင် ဆောင်ရွက်ရန်တို့ကို ထိရောက်စွာ ဆောင်ရွက်ခဲ့ပါသည်။ ဆောင်ရွက်ပြီးသောလုပ်ငန်းများအနေဖြင့် အဖွဲ့အစည်းပုံရိပ်နှင့် အရာရှိများ၏စိတ်ဓာတ်အား မြှင့်တင်ပေးခြင်း၊ ၎င်းတို့ဆောင်ရွက်မှုများအပေါ် ကြိုဆိုလိုလားသူများ (တတ်ကျွမ်းပညာရှင်များ) အား ဆွဲဆောင်ဖိတ်ခေါ်ခြင်း၊ နိုင်ငံတကာ

ညီလာခံများနှင့် နှစ်နိုင်ငံအကြားဖလှယ်ခြင်း အစီအစဉ်များဖြင့် နိုင်ငံတကာအသိအမှတ်ပြုမှုရရှိစေခြင်း၊ ရလဒ်ကောင်းများရရှိခြင်းဖြင့် စင်ကာပူနိုင်ငံ၏ အစိုးရဌာန တစ်ရပ်အတွက် သတင်းကောင်းကို ခိုင်မာစွာ ရရှိစေခဲ့ပါသည်။

အဆိုတော် TONY ORLANDO ၏ Yellow Ribbon သီချင်းကို တင်စား၍ ဖဲကြိုးဝါလှုပ်ရှားမှု စီမံချက် (Yellow Ribbon Project)ကို ၂၀၀၄ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ပါကြောင်း၊ အများပြည်သူနှင့် လူ့အဖွဲ့အစည်းသို့ ပညာပေးရန်၊ အမြင်သစ်အား လက်ခံလာမှုကို အရှိန်မြှင့်တင်ပေးရန်၊ ပြန်လည်ထူထောင်ရေးအား အထောက်အပံ့ဖြစ်စေရန်၊ ပြစ်ဒဏ်ကျခံပြီးသူများအား အခွင့်အခါအလိုက် လူမှုပတ်ဝန်းကျင် ပြန်လည်နေထိုင်လုပ်ကိုင်နိုင်ရန်တို့ကို မြှင့်တင်ပေးရန်အတွက် ဖြစ်ပါကြောင်း၊ ထိုစီမံချက်တွင် ၂၀၀၄ ခုနှစ်မှ ၂၀၁၃ ခုနှစ်ထိ လူပေါင်း ၃ သိန်းကျော် ပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကုမ္ပဏီပေါင်း ၃၄၀၀ ခု၊ စေတနာ့ဝန်ထမ်းပေါင်း ၂၄၀၀ ဦး၊ ဖဲကြိုးဝါပေါင်း ၁.၂ သန်းမှ တစ်နှစ်လျှင် ၁.၆ သန်းထိ တိုးမြှင့်ဆောင်ရွက်ရန် ရည်မှန်းထားခဲ့ကြောင်းနှင့် အဆိုပါဖဲကြိုးဝါလှုပ်ရှားမှုစီမံချက်သည် လူထုထောက်ခံချက်ရရှိရန်နှင့် ပြစ်ဒဏ်ကျခံပြီးသူများအား ဒုတိယအခွင့်အလမ်းရရှိစေရန် စင်ကာပူနိုင်ငံသားများ အများပြည်သူ၏ စိတ်နှလုံးအား ကိုင်လှုပ်နိုင်စေရန်အတွက် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

အကျဉ်းထောင်များ ပြုပြင်ပြောင်းလဲရေးအတွက် **ခေါင်းဆောင်မှု** နှင့် စပ်လျဉ်း၍ ခေါင်းဆောင်မှု၏ လက်တွေ့ဆောင်ရွက်မှုသည် ခက်ခဲရှုပ်ထွေးသော်လည်း အမြင်မှာ ရိုးရှင်းပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် အင်္ဂါရပ်သုံးရပ်တွင် ခေါင်းဆောင်၊ ငယ်သားများနှင့် အနာဂတ်အတွက် ရည်မှန်းထားသည့် ဦးတည်ချက်တစ်ရပ်တို့ရှိရန် လိုအပ်ပါသည်။ ခေါင်းဆောင်မှုဟူသည် ငယ်သားများအား ဦးတည်ချက်ရှိရာနေရာ၊ အရပ်သို့ ရောက်ရှိစေရန် ဦးဆောင်ပို့ပေးသောလုပ်ငန်းစဉ်ဖြစ်ပါသည်။ ခေါင်းဆောင်မှုတွင် အချိန်တစ်ခု၊ အနာဂတ်အတွက် ရည်ရွယ်ထားမှု၊ ပစ္စုပ္ပန်အခြေအနေမှ အနာဂတ်အား မြင်နိုင်စွမ်းရှိသော မဟာဗျူဟာအရ စဉ်းစားမျှော်မြင်သူ၊ ခေါင်းဆောင်မှုအနေဖြင့် နောက်လိုက်ငယ်သားများအား ရည်မှန်းချက်အား မည်သို့ရောက်ရှိရန် ပေါင်းကူးဆက်သွယ်ပေးခြင်းတို့ကို အရေးကြီးသောအချက်များဖြစ်ပါသည်။ ခေါင်းဆောင်မှုသည် နောက်လိုက်ကောင်းများ၊ ဦးတည်ချက်အတွက် လမ်းပြမြေပုံတစ်ခု၊ ရည်မှန်းထားသော ရည်ရွယ်ချက်သို့ ရောက်ရှိစေရန်နှင့် မည်သို့ရောက်ရှိရန် ဆက်သွယ်မှု၊ ခေါင်းဆောင်ကောင်းများသည် ၎င်းတို့ကိုယ်တိုင်သက်သက်မဟုတ်ဘဲ ငယ်သားများအပေါ် အဓိကထားဆောင်ရွက်မှု၊ ခေါင်းဆောင်များ၏ စေ့ဆော်မှုသည် ရံဖန်ရံခါစိတ်ဓာတ်မြှင့်တင်စေမှုတို့ဖြစ်ပေါ်စေသောအကျိုးကို ရရှိစေပါသည်။

၂၀၀၀ ပြည့်နှစ်မှစတင်၍ သတင်းအချက်အလက် နည်းပညာဖြင့် ဆောင်ရွက်သည့်အကျဉ်းထောင်စီမံခန့်ခွဲမှုစနစ် (Prison Management System - PMS)ဆိုသည့်စနစ်အား ထူထောင်ခဲ့ပြီး အကျဉ်းထောင်များ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ အကျဉ်းသားများ၏ ကိုယ်ရေးအချက်အလက်များအား ခြေရာခံစနစ်တို့အား လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် လုပ်ငန်းစီမံခန့်ခွဲမှုနှင့် အကောင်းဆုံးစွမ်းဆောင်မှုအတွက် ပိုမို၍ကောင်းမွန်သော ဝန်ဆောင်မှုများကို ပေးနိုင်ခဲ့ပါသည်။ စင်ကာပူအကျဉ်းဌာနအနေဖြင့် အမြင့်ဆုံးအကျဉ်းထောင်များ လုံခြုံမှု၊ အကျဉ်းသားထွက်ပြေးမှုနှင့် ကိုယ့်ကိုယ်ကိုယ်သတ်သေမှုများ အနိမ့်ဆုံးသို့ ကျဆင်းမှုနှင့် အကျဉ်းသားများအကြား လုံခြုံမှုတိုးတက်လာသည်ကို တွေ့ရှိရပါသည်။ ရည်မှန်းချက်သစ်သို့ ရောက်ရှိနိုင်ရန် သုတေသနနှင့် စီမံကိန်းဌာနခွဲ၏ အကြီးအကဲသစ်အား ခန့်အပ်ခြင်းနှင့် လုပ်ငန်းဆောင်ရွက်နိုင်ရန်၊ လာမည့်အနာဂတ်တွင် လိုအပ်မည့်တောင်းဆိုမှုများအတွက် သုတေသနများပြုလုပ်မှုနှင့် စီမံချက်များ ရေးဆွဲမှုတို့အား

ဆောင်ရွက်စေခြင်း၊ နောက်ပိုင်းတွင် ခိုင်မာသော သုတေသနများ ပြုလုပ်ခြင်းများမှ ပြောင်းလဲရေးအတွက် အထောက်အပံ့ဖြစ်စေခြင်း၊ အကျဉ်းသားများအား ပြုပြင်ပြောင်းလဲစေခြင်းအားဖြင့် သာမန်လူနေမှုဘဝသို့ ပြန်လည်ရောက်ရှိစေသော စီမံချက်များ ရေးဆွဲခြင်းတို့အား ဆောင်ရွက်စေခြင်း၊ ဦးတည်ရည်ရွယ်သောပန်းတိုင်သို့ ရောက်ရှိစေရန် စီမံခန့်ခွဲမှုများကို ဆောင်ရွက်ရပါသည်။

ရည်မှန်းချက်ပန်းတိုင်သို့ရောက်ရှိရန် အကျဉ်းဌာနအငြိမ်းစားညွှန်ကြားရေးမှူး Mr. Chua က ဝန်ထမ်းများနှင့် အမြဲထိတွေ့ဆက်ဆံခဲ့ရာတွင် ၎င်းတို့အား အဖွဲ့အစည်း၏အနာဂတ်တာဝန်သည် ၎င်းတို့လက်ဝယ်တွင်ရှိနေကြောင်း အမြဲမှာကြားလေ့ရှိပါသည်။ အလွှာမရွေး ဆွေးနွေးမှုများ (Ground-breakng Discussing Forum)တွင် ဝန်ထမ်းများအား ယခင်က တစ်ကြိမ်မျှမရှိခဲ့ဖူးသော စိတ်အားထက်သန်မှုများကို ခိုင်မာစေရေးအား အားပေးဆောင်ရွက်ရာမှ လုံခြုံရေးနှင့် လုံခြုံမှုအတွက် ကန့်သတ်ချက်များအပေါ် ပြောင်းလဲလာသည့်အမြင်များ ပေါ်ထွန်းသည့် ရလဒ်ကောင်းများ ရရှိစေခဲ့ပါသည်။ ပြုပြင်ပြောင်းလဲလာမှုများကြောင့် ပြစ်ဒဏ်ကျခံရသူများ ပြန်လည်လွတ်မြောက်သောအခါ ယခင်ကကဲ့သို့ စိတ်ပူပန်မှုများ မရှိတော့ဘဲ အမြဲတမ်းအလုပ်အကိုင်ရရှိစေခြင်းနှင့် ချစ်ခင်သောမိသားစုနှင့် လူမှုပတ်ဝန်းကျင်တွင် ဝင်ဆန့်ခြင်း စသည့်အကျိုးရလဒ်များကို ရရှိခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ်မှစတင်၍ ပြစ်ဒဏ်ကျခံပြီးသူများအား ပြန်လည်ထူထောင်ရေးအတွက် လူမှုအခြေပြုလှုပ်ရှားမှု (Community Action for Rehabilitation of Exoffenders - CARE)အစီအစဉ်အား စတင်တည်ထောင်ဆောင်ရွက်ခဲ့ပါသည်။ ရည်မှန်းချက်သို့ရောက်ရှိရန် လုပ်ငန်းစဉ်နှင့် ရလဒ်များသည် အရာရှိ၊ ဝန်ထမ်းများအားလုံး၏ ထင်မြင်ချက်များကို ထင်ဟပ်စေရန် ဆောင်ရွက်စေခဲ့ခြင်းဖြစ်ပါသည်။ အကျဉ်းထောင်လုပ်ငန်း၏ ဦးတည်ချက်အလုံးစုံအောင်မြင်ရန်အတွက် ရှင်းလင်းပြတ်သားစွာနှင့် ပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။

အစီအစဉ်ကာလအတွင်း စင်ကာပူနိုင်ငံရှိ ချန်ဂီအကျဉ်းထောင်သို့သွားရောက်လေ့လာခဲ့ပါသည်။ တာဝန်ရှိသူများမှ လုံခြုံရေးကားဖြင့် အတွင်းဖက်ရှိ အကျဉ်းပင်မဆောင်တွဲ "က"(Cluster "A")အတွင်းရှိ အဆောင်များသို့ လိုက်လံပြသခဲ့ရာ ဧည့်သည်တွေ့ဆောင်၊ အကျဉ်းသားများ၏ နေ့ဖက်အဆောင်များ၊ ထမင်းစားဆောင်၊ via Vedio-conferencing အသုံးပြု၍ မိသားစုဖြင့် စကားပြောနိုင်သော အခန်းငယ်များ၊ ပြင်ပကုမ္ပဏီဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် အကျဉ်းသားများက မိမိတို့၏ မိခင်ဘာသာစကားဖြင့် တယ်လီဖုန်းခေါ်ဆိုမှုဖြင့် ဝန်ဆောင်မှုပေးသောလုပ်ငန်း (Call Centre for Emergency Service)များ ဆောင်ရွက်မှုကို လိုက်လံပြသရှင်းလင်းခဲ့ပါသည်။ ထို့နောက် ရှင်းလင်းခန်းမတွင် ကျောင်းမှ သင်ကြားပေးပြီးဖြစ်သော အကျဉ်းဌာနပြောင်းလဲမှုများအား ရှင်းလင်း၍ မေးမြန်းသည်များကို ဖြေကြားပေးခဲ့ပါသည်။ အကျဉ်းထောင်လေ့လာရေး ဝင်ရောက်သည့်အခါ လေ့လာသူအားလုံး၏ ပစ္စည်းများကို ထားခဲ့ရပြီး ဝင်ခွင့်ကတ်ပြားများကို အမြဲချိတ်ဆွဲရပြီး ဘယ်ဘက်လက်ကောက်ဝတ်နေရာတွင် မြင်နိုင်ခြင်းမရှိသော လေဆာတံဆိပ်တုံးများ ရိုက်နှိပ်ပြီး ပြန်လည်ထွက်သည့်နောက်ဆုံး လုံခြုံရေးဂိတ်တွင် ထိုတံဆိပ်တုံးများ ပြန်လည်စစ်ဆေးကာဖျက်ပေးခဲ့ပါသည်။ အကျဉ်းသားများ၏ ဘယ်ဘက်လက်ကောက်ဝတ်တွင် လေဆာဖြင့် စစ်ဆေးနိုင်သောကြိုးတပ်ခြေရာခံသည့်စနစ်(Tag Tracking System)ကို အသုံးပြုသည်ကို တွေ့ရှိခဲ့ရပါသည်။

နိဂုံးချုပ်အားဖြင့် အစိုးရ၏ဌာနတစ်ခု ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ရာ၌ အစကနဦးတွင် ခက်ခဲသော်လည်း နောက်ပိုင်းတွင် ပိုမို၍ လွယ်ကူလာစေမည်ဖြစ်ပါကြောင်း၊ တားဆီးပိတ်ပင်မှုများ၊ အကြပ်အတည်းနှင့် အခက်အခဲများကို တွေ့ကြုံရမည်ဖြစ်ပါကြောင်း၊ ထိုအရာများကိုဖယ်ရှား၊ ရှောင်လွှဲသွားနိုင်ရန်

နှင့် လျင်မြန်စွာ ဖြေရှင်းရန်လိုအပ်ပါကြောင်း၊ အောင်မြင်မှုသော့ချက်များအနေဖြင့် သတ္တိ၊ ဇွဲလုံ့လနှင့် ခိုင်မြဲမှုတို့ဖြစ်ပါကြောင်း၊ မှန်ကန်သောအောင်မြင်မှုကို ရည်မှန်း၍ ရလဒ်ကောင်းကိုရရှိရန် လိုအပ်ပါကြောင်းတို့ဖြစ်ပါသည်။ အကျဉ်းထောင်အနေဖြင့် ၂၀၀၆ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်တွင် စင်ကာပူနိုင်ငံအရည်အသွေးဆု (Singapore Quality Awards)ရရှိခဲ့ပါသည်။ ပြည်သူ့အဖွဲ့အစည်းများ၏ အမြင့်ဆုံးစွမ်းဆောင်မှု ၁၀ အတွင်း မဲစနစ်ဖြင့် ရွေးချယ်ခြင်းခံရပါသည်။ အကျဉ်းထောင်၏ဆောင်ပုဒ်အနေဖြင့် "Our mission in life is to get criminals out of prison" **"ဘဝအတွက် ကျွန်ုပ်တို့တာဝန်မှာ ပြစ်မှုကျူးလွန်သူများအား လူကောင်းများအဖြစ် အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်စေရန်"** ဟူ၍ဖြစ်ပါသည်။

**ဦးထွန်းထွန်းအောင်**

# စွဲချက်တင်သောအခါဝယ်

**တင်တင်မာ(တရားရေး)**

စွဲချက်တင်သောအခါတွင် အပိုင်းနှစ်ပိုင်းရှိပါသည်။ တစ်ပိုင်းမှာ တရားခံအား စွဲချက်ကို ရှင်းလင်းဖတ်ပြခြင်းဖြစ်ပြီး တစ်ပိုင်းမှာ တရားခံကို ထုချေစေသည့်အပိုင်းဖြစ်ပါသည်။ အများစုသည် ထိုနှစ်ပိုင်းကို မကွဲပြားဘဲ ရောထွေးနေကြောင်း အမှုတွဲ နေ့စဉ်မှတ်တမ်းများအရ တွေ့ရှိရပါသည်။

လူညီလျှင် ဤသည်ကွဲဖြစ်သည်ဆိုသောစကားရှိပါသည်။ ကွဲဖြစ်နေပြီလားဟု သံသယရှိလာ၍ ဤကို ဤအတိုင်းဖြစ်စေလိုသောဆန္ဒမွန်ဖြင့် တင်ပြလိုပါသည်။

တရားခံအား ရာဇသတ်ကြီးပုဒ်မ ၃၂၃ နှင့် စွဲချက်တင်သည်ဆိုပါစို့–

အမှုနေ့စဉ်မှတ်တမ်း၌

တရားခံအား ရာဇသတ်ကြီးပုဒ်မ ၃၂၃ နှင့်စွဲချက်တင်ကြောင်း ရှင်းလင်းဖတ်ပြရာ တရားခံက အပြစ်မရှိကြောင်း ငြင်းဆိုသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၆ (၁) အရ စစ်ပြီးသက်သေ ပြန်ခေါ်စစ်ဆေးလိုခြင်းရှိမရှိ မေးမြန်းရာ ပြန်ခေါ်သက်သေစစ်ဆေးလိုခြင်းမရှိကြောင်း တရားခံက တင်ပြသည်။

ကျန်သောသက်သေများ ဥပဒေအရာရှိမှ ပယ်သည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၄၂(၁)ပါ လိုအပ်ချက်များ သတိပေးပြီး တရားခံက သက်သေလို အစစ်ခံမည်။ သက်သေနှစ်ဦးပြမည်။ × × × × ဟုရေးကြပါသည်။

ဤနေရာတွင် မှတ်တမ်းတင်ရန်တစ်ချက်ကျန်ခဲ့သည်ကို သတိမပြုမိသူများပါသည်။ စွဲချက်ပုံစံ၏ နောက်ကျောတွင် တရားခံ၏ထုချေချက်ကို ရေးမှတ်ရန်နေရာရှိပါသည်။ မည်သည့်အတွက် အပြစ်မရှိပါဟု ငြင်းဆိုရခြင်းဖြစ်ကြောင်းကို တရားခံအား မေးမြန်း၍ မှတ်တမ်းတင်ကြသော်လည်း တရားခံအား ထုချေခွင့်ပေးခဲ့ကြောင်းကိုမူ အမှုတွဲ၏နေ့စဉ်မှတ်တမ်း၌ မှတ်တမ်းတင်ကြခြင်းမရှိပေ။ တရားခံအား အပြစ် ရှိ မရှိ မေးမြန်းမှတ်တမ်းတင်ခြင်းနှင့် မည်သည့်အတွက်ကြောင့် အပြစ်မရှိကြောင်း ထုချေခွင့်ပေးခြင်းမှာ မတူသည်ကို သတိပြုစေချင်ပါသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၆(၁)တွင် × × × × × ပြန်လှန်စစ်မေးခြင်းနှင့် ထပ်မံစစ်မေးခြင်း (ရှိခဲ့လျှင်)များ ပြီးဆုံးသည့်အခါ ၎င်းသက်သေတို့ကို ပြန်လွှတ်လိုက်ရမည်။ ထို့နောက် တရားခံကို ခုခံချေပစေရန် ဆင့်ဆိုရမည်။ အကယ်၍ တရားခံက ရေးသားလျှောက်ထားချက်တစ်စုံတစ်ရာတင်သွင်းလျှင် ယင်း

တင်သွင်းသည့် ရေးသားလျှောက်ထားချက်ကို အမှုတွင်တွဲထားရမည်ဟု ပြဋ္ဌာန်းထားပါသည်။

ဤသည်မှာ လုပ်ထုံးလုပ်နည်းတစ်ရပ်အနေဖြင့် လိုအပ်၍ ပြဋ္ဌာန်းထားခြင်းဖြစ်လျှင် အမှုတွဲ၏နေ့စဉ်မှတ်တမ်းတွင် တရားခံအားထုချေခွင့်ပေးပြီးကြောင်းကို မှတ်တမ်းတင်ရန် လိုအပ်သည်မှာ မြင်သာပါသည်။ တရားခံအား ခုခံချေပခွင့်ပေးရကြောင်း၊ ထိုအချက်မှာအရေးကြီးကြောင်း သင်ယူဖူးပါသည်။ စွဲချက်ဒုတိယပိုင်းတွင် 'တရားခံအား မည်သည့်အတွက်ကြောင့် အပြစ်မရှိကြောင်း ထုချေခွင့်ပေးပြီးဟု' မှတ်တမ်းတင်မှသာ လုပ်ထုံးလုပ်နည်းနှင့်ညီမည်ဖြစ်ပါသည်။

ပြစ်မှုအမြောက်အများအနက် မည်သည့်ပြစ်မှုမြောက်မည်ကို မဝေခွဲနိုင်သည့်အခါ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၃၆ အရ တရားခံအား ပြစ်မှုအရပ်ရပ်ကိုဖြစ်စေ သို့မဟုတ် တစ်ရပ်ရပ်ကိုကျူးလွန်ကြောင်းဖြစ်စေ စွဲချက်တင်နိုင်သည်။ ထိုအခါ မည်သည့်ပုံစံကိုသုံးမည်နည်း။

တရားရုံးများလက်စွဲအပိုဒ် ၄၃၈(၁)တွင် × × × × တရားခံကို ပြစ်မှုတစ်ခု သို့မဟုတ် တစ်ခု ကျူးလွန်ကြောင်း စွဲချက်တင်ရန်လိုအပ်လျှင် ပြစ်မှုတစ်ခုကို ကျူးလွန်သည် သို့မဟုတ် အခြားတစ်ခုကို ကျူးလွန်သည်ဟူ၍ သီးခြားဖြစ်သော စွဲချက်နှစ်ရပ်ကိုတင်ရမည်ဟု ညွှန်ပြထားသည်။

သို့ဖြစ်၍ ပြစ်မှုတစ်ရပ်ထက်များသောစွဲချက်ပုံစံ ရာဇဝတ်ပုံစံ ၁၃ တွင် စွဲချက်နှစ်ရပ်ကို သို့မဟုတ်ခံ၍ စွဲချက်တင်ရန်ဖြစ်ပါသည်။

တစ်ဆက်တည်း တင်ပြလိုသည်မှာ ပြစ်ချက်ဟောင်းရှိသော တရားခံကို စွဲချက်တင်ရာတွင် လက်ရှိအခြေအနေ၌ တရားခံကျူးလွန်သောပြစ်မှုအနေအထားအလိုက် ရာဇဝတ်ပုံစံ ၁၂ သို့မဟုတ် ၁၃ ကို သုံးရန်ဖြစ်ပြီး ပြစ်ချက်ဟောင်းထင်ရှားရန်အတွက်ကိုမူ တရားခံသည် ယခင်က ပြစ်မှုထင်ရှားစီရင်ခံရဖူးကြောင်းနည်းလမ်းတကျ စွဲချက်တင်ရန် ဖြစ်သည်။

ဤကိစ္စအတွက် ရာဇဝတ်ပုံစံ ၈၂ ကို သုံးရမည်။ တရားခံကို စွဲချက်တင်ထားသော အရင်းခံပုဒ်မက ခွင့်ပြုသည့်အများဆုံးပြစ်ဒဏ်ထက်ပို၍ကြီးလေးသောပြစ်ဒဏ်ကိုပေးရန် တရားရုံးက ကြံရွယ်ခြင်းမရှိစေကာမူ ဤနည်းဥပဒေသည် ရာဇသတ်ကြီးပုဒ်မ ၇၅ နှင့်သော်လည်းကောင်း ဒုတိယပြစ်မှု သို့မဟုတ် နောက်ထပ်ကျူးလွန်သောပြစ်မှုအတွက် တိုးမြှင့်ပြစ်ဒဏ်ပေးနိုင်ခွင့်ရှိသော အခြားတရားဥပဒေပြဋ္ဌာန်းချက်တစ်ခုခုနှင့်သော်လည်းကောင်း သက်ဆိုင်သော အမှုအားလုံးတို့နှင့် သက်ဆိုင်သည်ဟု တရားရုံးများလက်စွဲအပိုဒ် ၄၃၃(က)တွင် ပြဋ္ဌာန်းထားပါသဖြင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉/၂၃ အရ ပြစ်မှုထင်ရှားသောတရားခံကို စွဲချက်တင်လျှင် ရာဇဝတ်ပုံစံ ၁၂ ၌ မူးယစ်ဆေးဝါးကို ရောင်းချရန်အလို့ငှာ လက်ဝယ်ထားကြောင်း ယင်းဥပဒေပုဒ်မ ၁၉ အရ စွဲချက်တင်ရန်ဖြစ်ပြီး ပုံစံ ၈၂ တွင် ပြစ်ချက်ဟောင်းကိုဖော်ပြပြီး ယင်းဥပဒေပုဒ်မ ၂၃ နှင့် ငြိစွန်းကြောင်း ထင်ရှားအောင် ပြုရန်ဖြစ်ပါသည်။

စစ်ဆေးစီရင်မှုပြီးဆုံးသောအခါ စီရင်ချက်ကိုမချမှတ်သေးမီ ယခင်ပြစ်ချက်များကို တရားရုံးက စစ်ဆေးစီရင်ရန် ရာဇဝတ်ပုံစံ ၈၃ ကိုသုံး၍ ဆက်လက်ဆောင်ရွက်ရမည်ဟု တရားရုံးများလက်စွဲအပိုဒ် ၆၄၅ ပါ ပြဋ္ဌာန်းချက်ကို လေ့လာနိုင်ရန် တင်ပြလိုက်ပါသည်။ ။

**တင်တင်မာ(တရားရေး)**

# ဒီကရီနှစ်ဆင့်နှင့် ပစ္စည်းရောင်းချခြင်းပြဿနာ

**စိုးဝင်း(ဒီပဲယင်း)**

ဒီကရီနှစ်ဆင့်ခွဲ၍ ချမှတ်သော အပေါင်မှု၊ အမွေမှု၊ ပစ္စည်းခွဲဝေပေးစေလိုမှုများတွင် ခွဲဝေပေးရမည့် ပစ္စည်းများတွင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများပါဝင်တတ်သည်က များပါသည်။ အမွေမှု၌ ခွဲဝေ၍ မရနိုင်သောအခြေအနေများ ပေါ်ပေါက်လျှင် ပစ္စည်းကိုရောင်းချပြီးနောက် ရောင်းရငွေကို အချိုးကျ ခွဲဝေပေးရပါသည်။

အမွေမှုတွင် ပဏာမဒီကရီချမှတ်ပြီးပါက ဆောင်ရွက်ရန် ကိစ္စရပ်နှစ်ခုမှာ အမွေပစ္စည်းစာရင်း ကောက်ယူခြင်းနှင့် အမွေဝေစု ခွဲဝေပေးခြင်းတို့ဖြစ်ပါသည်။ ယင်းကိစ္စနှစ်ရပ်အား တရားမကျင့်ထုံးဥပဒေ အမိန့် ၂၆၊ နည်း ၁၁ နှင့် ၁၃ တို့အရ ကော်မရှင်နာခန့်ထားဆောင်ရွက်ရန်ဖြစ်ပါသည်။

အပြီးသတ်ဒီကရီတွင် အမွေဆိုင်တို့၏ ရပိုင်ခွင့်တို့ကို သတ်သတ်မှတ်မှတ်ဖော်ပြရန် လိုပေသည်။ ဥပမာ အချင်းဖြစ်မြေ၏ မည်သည့်အတိုင်းအတာ မည်သည့်အစိတ်အပိုင်းအထိ တရားလိုအား ခွဲဝေပေး ကြောင်း၊ အပြီးသတ်ဒီကရီ၌ ပြဋ္ဌာန်းရန် လိုပေသည်။ သို့မှသာ ဒီကရီကိုအတည်ပြုသည့်အခါ တရားမ ကျင့်ထုံးဥပဒေပုဒ်မ ၅၁ ပါ မည်သည့်နည်းလမ်းဖြင့် အတည်ပြုပေးရန်ဖြစ်ကြောင်း၊ အတိအလင်းဖော်ပြပြီး လျှောက်ထားနိုင်မည်ဖြစ်သည်။ ပဏာမဒီကရီနှင့် ခြားနားမှုမရှိသော ဒီကရီချမှတ်ခြင်းသည် အပြီးသတ် ဒီကရီမမည်ကြောင်း (ဦးမြတ်ကျော်နှင့် ဦးသိန်းမောင်ပါ-၅)[၁]၊ (ဦးအောင်ခင်နှင့် ဒေါ်ရင်လှပါ-၆)[၂]၊ (ဒေါ်ရှင်၊ ဦးမောင်ကလေးနှင့် ဦးမောင်ကလေး၊ ဒေါ်ရှင်)[၃] အမှုများတွင် ပြဆိုထားသည်။

တရားရုံးများတွင် ပဏာမဒီကရီနှင့် ထူးမခြားနားဖြစ်သော အပြီးသတ်ဒီကရီချမှတ်သည့် မှုခင်း အချို့ တွေ့နေရဆဲဖြစ်ပါသည်။ အမွေပစ္စည်းများကို စီမံခန့်ခွဲပေးစေလိုမှုတွင် ကော်မရှင်နာက ပစ္စည်းစာရင်းကောက် ယူရုံမျှဖြင့် အမှုမပြီးဆုံးပေ။ အမိန့်-၂၆၊ နည်း-၁၃ အရ ပစ္စည်းခွဲဝေသည့်ကိစ္စ ဆက်လက်ဆောင်ရွက်ရပါ မည်။ ရသင့်သည့်ဝေစုအတိုင်း ခွဲဝေသည့်ကိစ္စပြီးစီးပါမှ အပြီးသတ်ဒီကရီချမှတ်ရပါမည်။

အမိန့်-၂၆၊ နည်း-၁၃ အရ ခွဲဝေခြင်းဆောင်ရွက်သော ကော်မရှင်နာ၏အစီရင်ခံစာအရ အမွေ ပစ္စည်းမှာ ခွဲဝေ၍မဖြစ်နိုင်သော အခြေအနေပေါ်ပေါက်လျှင် လေလံတင်ရောင်းချ၍ ရောင်းရငွေကို ခွဲဝေ ပေးရန် ကော်မရှင်နာအား တရားမကျင့်ထုံးဥပဒေအမိန့်-၂၀၊ နည်း ၁၃(၁)အရ ညွှန်ကြားနိုင်ပါသည်။

---

(၁) ၁၉၈၄၊ မတစ၊ စာ-၃၀၂

(၂) ၁၉၉၆၊ မတစ၊ စာ-၈၇

(၃) ၁၉၈၆၊ မတစ၊ စာ-၅၆

ထို့နောက် ကော်မရှင်နာ၏ ဆောင်ရွက်ချက် တင်ပြသည့်အခါ အမိန့်–၂၆၊ နည်း–၁၄ အရ နှစ်ဘက် ကြားနာပြီး အဆုံးအဖြတ်ပေးရပါသည်။ ယင်းကိစ္စများပြီးစီးသောအခါ အပြီးသတ်ဒီကရီချမှတ်ရန် ဖြစ်ပါသည်။ (ဦးသိန်းမောင်နှင့် ဦးသိန်းအောင်ပါ–၆)[၄]ကိုညွှန်း။

လက်တွေ့နယ်ပယ်တွင် အမွေပစ္စည်းခွဲဝေသည့် ကိစ္စရပ်အား ဇာရီမှုဖွင့်သည့်အဆင့်ရောက်ရှိမှ ဆောင်ရွက်ကြသည်ကို တွေ့ရပြီး ပဏာမဒီကရီနှင့် အပြီးသတ်ဒီကရီ၏ ကြားကာလတွင် ခွဲဝေခြင်းကိစ္စ ဆောင်ရွက်ခြင်း မပြုကြပေ။ ဦးမြတ်ကျော်အမှု၊ ဦးသိန်းမောင်ပါ–၅ အမှုများတွင် လမ်းညွှန်ထားသည့် အတိုင်း ဆောင်ရွက်ကြပါလျှင် ဇာရီမှုအဆင့်ရောက်ရှိသည့်အခါ အပြီးသတ်ဒီကရီအရ တရားလို၏ဝေစုအား လက်ရောက်ပေးအပ်ခြင်းကို အလွယ်တကူ ဆောင်ရွက်နိုင်ပါမည်။

စဉ်းစားရန်အချက်တစ်ရပ်မှာ တရားမကျင့်ထုံးအမိန့်–၂၆၊ နည်း–၁၃ အရ ပစ္စည်းခွဲရန် တာဝန်ပေးအပ်ထားသော ကော်မရှင်နာတွင် ယင်းပစ္စည်းအား လေလံတင်ရောင်းချခွင့် ရှိ မရှိ ဖြစ်ပါသည်။ နည်း–၁၃ တွင် –

ပစ္စည်းခွဲဝေပေးရန် ပဏာမဒီကရီချမှတ်ပြီးသည့်အခါ ပုဒ်မ ၅၄ တွင် ပြဋ္ဌာန်းထားခြင်းမရှိသော အမှု၌ တရားရုံးသည် ယင်းဒီကရီတွင် သတ်မှတ်ပါရှိသည့် ရပိုင်ခွင့်များနှင့်အညီ ပစ္စည်းခွဲဝေပေးရန်၊ သို့မဟုတ် ပိုင်းခြားပေးရန်ကိစ္စ ဆောင်ရွက်သင့်သည်ဟု ထင်မြင်သူအား ကော်မရှင်စာ ထုတ်ပေးနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

အမိန့်–၂၆၊ နည်း ၁၃ တွင် ရောင်းချခွင့်အာဏာဖော်ပြမထား၍ ကော်မရှင်နာအနေဖြင့် လေလံတင်ရောင်းချခြင်းကိစ္စ ဆောင်ရွက်ခြင်းမပြုနိုင်ဟု ထင်မြင်ဖွယ်ရှိပါမည်။ သို့ရာတွင် တရားမကျင့်ထုံးအမိန့် ၂၀၊ နည်း ၁၃(၁) အရ တရားရုံးသည် အပြီးသတ်ဒီကရီမချမှတ်မီ သင့်သည်ထင်မြင်သည့်အတိုင်း စာရင်းရှင်းလင်းစေရန်နှင့် စုံစမ်းစစ်ဆေးမှုများပြုရန်လည်းကောင်း၊ အခြားညွှန်ကြားမှုပြုရန်လည်းကောင်း ဆင့်ဆိုနိုင်ကြောင်း ဖော်ပြထားရာ ကော်မရှင်နာသည် ခွဲဝေ၍မဖြစ်နိုင်သောပစ္စည်းကို တရားရုံး၏ ညွှန်ကြားမှုဖြင့် လေလံတင် ရောင်းချနိုင်ကြောင်း တွေ့ရပါသည်။ (ဦးဘအုန်းနှင့်မောင်လှကြည်ပါ–၂)[၅]အမှုတွင် ပစ္စည်းခွဲဝေ၍မရနိုင်သော အမှုမျိုးတွင် ပစ္စည်းကိုရောင်းချပြီး ရောင်းရငွေကို ခွဲဝေပေးရန် တရားရုံးက ညွှန်ကြားနိုင်ပြီး ကော်မရှင်နာတွင်လည်း ပစ္စည်းရောင်းချခွင့်အာဏာရှိကြောင်း အောက်ပါအတိုင်း ပြဆိုသည်။

The commissioner, if appointed, shall also have power to sell the property for the purpose of distribution, should be Find it difficult to have it partitioned in manner which will be acceptable to both parties. The minor's share, if the property is sold, will be paid into court. The commissioner's Fee shall be paid equally by both parties.

ထို့ကြောင့် ကော်မရှင်နာလေလံတင်ရောင်းချမှုပြုကာ ခွဲဝေပေးပြီးမှ အပြီးသတ်ဒီကရီချမှတ်ခြင်းက လိုက်လျောညီထွေမှုရှိမည်ဖြစ်သဖြင့် အပြီးသတ်ဒီကရီမချမှတ်မီ ရောင်းချမှုကိစ္စရပ်ဆောင်ရွက်သင့်ပါသည်။

ဒုတိယကြုံတွေ့နေသော ပြဿနာတစ်ရပ်မှာ အပေါင်မှုခင်းများတွင် အပေါင်ပစ္စည်းအား လေလံတင်ရောင်းချခြင်းကိစ္စရပ်ကို ဇာရီမှုဖွင့်လှစ်ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

---

(၄) ၁၉၈၅၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ –၁၅

(၅) ၁၉၅၁၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ–၃၈၂(၃၈၄)

တရားရုံးများလက်စွဲအပိုဒ်–၁၂၀၈၊ တရားမမှတ်ပုံတင်စာရင်းစာအုပ်အမှတ်–၂ ကို ပြုပြင်ထားရှိရန် ညွှန်ကြားချက်အရ ဇယားကွက်–၂ တွင် အပေါင်ဒီကရီများအရ ရောင်းချခြင်းနှင့်ပတ်သက်သော ဆောင်ရွက်သည့် မှုခင်းများကို ဤဇယားကွက်နံပါတ်စဉ်အောက်တွင် M အက္ခရာစာလုံးကို မင်နီဖြင့် ရေးသားခြင်းဖြင့် ခြားနားဖော်ပြရမည်ဟူ၍ တွေ့ရှိရပါသည်။ ထို့ကြောင့် အပေါင်ပစ္စည်းရောင်းချမှုတွင် ဇာရီမှုအမှတ်မရှိပါ။ (ဦးထွန်းထွန်းပါ–၃ နှင့် မန်နေဂျာ (မြန်မာ့စီးပွားရေးဘဏ်၊ ဟင်္သာတမြို့)[၆] အမှုတွင် တရားမကျင့်ထုံးဥပဒေအမိန့်–၂၁ တွင် ပြဋ္ဌာန်းထားသော နည်းဥပဒေများမှာ ယေဘုယျပြဋ္ဌာန်းချက်များသာဖြစ်ပြီး အပေါင်ဒီကရီပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ရောင်းချခြင်းအတွက် ပြဋ္ဌာန်းထားသော အမိန့်–၃၄ မှာ အပေါင်မှုများအတွက် သီးခြားပြဋ္ဌာန်းချက်ဖြစ်ရာ အပေါင်ဒီကရီပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းရောင်းချခြင်းကိစ္စတွင် အမိန့်–၃၄ ပါ ပြဋ္ဌာန်းချက်များအရသာ လိုက်နာရန် ဖြစ်ပေသည်ဟု လမ်းညွှန်ပါသည်။

(ဗွီအမ်၊ အာ၊ ပီချစ်တီးယားဖမ်းနှင့် ဟာဂျီမဟာမက်စူ(လ်)တန်)[၇] အမှုတွင် အပေါင်အမှုအတွင် အပေါင်ပစ္စည်းရောင်းချငွေကို စီမံခန့်ခွဲပြီးသည့်အချိန်ထိ သို့မဟုတ် တရားမကျင့်ထုံးဥပဒေအမိန့်–၃၄၊ နည်း–၆ (အမှန်မှာ နည်း–၃(၄)ဖြစ်သည်)အရ ပုဂ္ဂလိကဒီကရီရထိုက်ခွင့်ရှိလျှင် ပုဂ္ဂလိကဒီကရီချမှတ်သည်အထိ တရားမကြီးမှု မပြီးဆုံးသေးကြောင်း ပြဆိုထားသည်။

ထို့ကြောင့် အပေါင်ဒီကရီများအရ အပေါင်ပစ္စည်းရောင်းချခြင်းနှင့်ပတ်သက်သော ဆောင်ရွက်ချက်များကို တရားမကြီးမှုတွင်သာ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မလိုအပ်ဘဲ ဇာရီမှုဖွင့်ဆောင်ရွက်ခြင်းကြောင့် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်း ရှိ မရှိ ပြဿနာများပေါ်ပေါက်လာနိုင်ပါသည်။

(ဒေါ်ခင်ကြည်နှင့် တရားလွှတ်တော်တရားသူကြီး၊ မကွေးတိုင်းဒေသကြီး၊ တရားလွှတ်တော်ပါ၂)[၈] အမှုတွင် တရားနိုင် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်က သရက်ခရိုင်တရားရုံး ချမှတ်သော အပြီးသတ်ဒီကရီကို အတည်ပြုပေးရန် ဇာရီမှုဖွင့်လှစ်ခဲ့သဖြင့် ကာလစည်းကမ်းသတ်ပြဿနာ ပေါ်ပေါက်ခဲ့ရသည်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အောက်ပါအတိုင်း မှတ်ချက်ပြုခဲ့ပါသည်။

ဤနေရာတွင် အပေါင်ဒီကရီများအရ ရောင်းချခြင်းနှင့်ပတ်သက်သော ဆောင်ရွက်သည့်မှုခင်း (အပေါင်ဒီကရီအတည်ပြုမှု)ကို တရားမကြီးမှုတွင်သာ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါလျက် ဇာရီမှုတွင် ဆောင်ရွက်ခြင်းကြောင့် မလိုအပ်ဘဲ ကာလစည်းကမ်းသတ် ကျော်လွန်သည့်ပြဿနာများ ပေါ်ပေါက်လာရခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ အပေါင်ဒီကရီကို အတည်ပြုလုပ်ရာ၌ မှတ်ပုံတင်စာရင်းသွင်းရန် လုပ်ထုံးလုပ်နည်းများကို တရားရုံးများ လက်စွဲအပိုဒ်–၁၂၀၈၊ တရားမမှတ်ပုံစာအုပ်–၂ကို ပြုပြင်ထားရှိရန် ညွှန်ကြားချက်များတွင် ဖော်ပြထားသည်။ ယင်းညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း မှတ်ချက်ပြုလိုက်သည်ဟု ညွှန်ပြထားပါသည်။

ငွေဒီကရီတွင် ငွေမပေးဆပ်နိုင်သည့်အတွက် ပစ္စည်းအား ရောင်းချမှုနှင့်အပေါင်ကဲ့သို့သော ဒီကရီတွင် ရောင်းချရန် သတ်မှတ်ပြီးဖြစ်သော ပစ္စည်းအား ရောင်းချမှုတို့တွင် ခြားနားမှုရှိသည်။ ငွေဒီကရီအရ ရောင်းချခြင်းတွင် ကန့်ကွက်လိုသူ တတိယလူသည် ဇာရီမှုတွင် ပါဝင်စွက်ဖက်ခွင့်မရှိသော်လည်း အမိန့်–

(၆) ၂၀၀၃၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ –၂၄၂

(၇) ၁၉၄၁၊ ရန်ကုန်စီရင်ထုံး၊ စာ–၇၇၄

(၈) ၂၀၁၁ ခုနှစ်၊ တရားမအထွေထွေလျှောက်ထားမှု အမှတ်–၁၂

၃၄ အရ ပစ္စည်းရောင်းချရန် ဒီကရီတွင် တတိယလူသည် သီးခြားတရားမမှုစွဲဆိုခြင်းဖြစ်စေ၊ လက်ရောက်ပေးအပ်ရာတွင် ခုခံခြင်းဖြင့်ဖြစ်စေ ကုစားခွင့်သာရှိသည်။

ထို့ကြောင့် အပေါင်မှုပစ္စည်းရောင်းချသည့်ကိစ္စအား တရားမကျင့်ထုံးဥပဒေအမိန့်–၃၄ ပြဋ္ဌာန်းချက်ကိုသာ လိုက်နာဆောင်ရွက်ရသည်ဖြစ်၍ ဇာရီမှုဖွင့်လှစ်ဆောင်ရွက်ခြင်းထက် တရားမကြီးမှုတွင် ဆက်လက်လုပ်ကိုင်ပါက တတိယလူ၏ ကန့်ကွက်ရန်အကြောင်းအချက် ပေါ်ပေါက်မည်မဟုတ်ပေ။

အပေါင်မှုတွင် အပြီးသတ်ဒီကရီအရ ပစ္စည်းကို ရောင်းချရာတွင် တရားမပုံစံ–၁၆၃ အရ ဝရမ်းထုတ်ဆင့်၍ ဘီးလစ်အား တာဝန်ပေးအပ်ရောင်းချနိုင်ပြီး ရောင်းချခြင်းမပြုမီ ပစ္စည်းကို ဝရမ်းကပ်ရန် လိုအပ်ခြင်းမရှိချေ။ (မောင်မြထွန်းနှင့် ဦးကိုင်)(၉)ကို ညွှန်းသည်။

သို့ရာတွင် အပေါင်ပစ္စည်းရောင်းချခြင်းကို ဇာရီမှုဖွင့်လှစ်ပြီး အမိန့်–၂၁၊ နည်း–၅၈ အရ ပစ္စည်းကို ဝရမ်းကပ်ဆောင်ရွက်သည့်ကိစ္စ၌ ဝရမ်းခွာပေးရန် တတိယလူက လျှောက်ထားလာပါက နည်း–၅၈(၁) အရ မလွဲမသွေ စုံစမ်းစစ်ဆေးမှုပြုလုပ်ရမည်ဖြစ်ကြောင်း၊ (ဦးခင်မောင်ကြည်(ကိုယ်တိုင်နှင့် ဒါရိုက်တာအဖွဲ့၊ ပထမပုဂ္ဂလိကဘဏ်လီမိတက်ကိုယ်စား)နှင့် မအိဝေဇင်ထွန်းပါ–၃)(၁၀)အမှုတွင် ပြဆိုထားသည်။

ဤသည်မှာ အပေါင်ပစ္စည်းရောင်းချခြင်းနှင့်ပတ်သက်၍ ဇာရီမှုဖွင့်လှစ်ဆောင်ရွက်ခြင်း၏ အကျိုးဆက်တစ်ရပ်မြင်တွေ့ရခြင်းဖြစ်ပါသည်။ ကာလစည်းကမ်းသတ်ပြဿနာ၊ ပစ္စည်းဝရမ်းကပ်ခြင်းအပေါ် ဝရမ်းခွာပေးရန် လျှောက်ထားမှုအရ စုံစမ်းစစ်ဆေးရခြင်းပြဿနာတို့ကိုပါ ထပ်မံဆောင်ရွက်ရသည်မှာ အချိန်ကုန်လူပန်းဖြစ်ရပါသည်။

အချို့သော မှုခင်းများတွင် အပြီးသတ်ဒီကရီချမှတ်ရာ၌ တရားနိုင်၏လျှောက်ထားချက်အရ ပုဂ္ဂလိကဒီကရီကိုပါ ထည့်သွင်းပြီး တစ်ပါတည်း အမိန့်ချမှတ်ကြပါသည်။ တရားမမှုခင်းတွင် လူပုဂ္ဂိုလ်အပေါ် အရေးဆိုသော မှုခင်းနှင့်ပစ္စည်းအပေါ် အရေးဆိုသောမှုခင်းဟူ၍ နှစ်မျိုးရှိပေရာ ပစ္စည်းအပေါ်အရေးဆိုသော အပေါင်မှုခင်း၌ အပေါင်ပစ္စည်းကိုသာ အဓိကထားပြီး ကနဦးဆောင်ရွက်ရမည်ဖြစ်ပါသည်။

အပေါင်ပစ္စည်းကို ရောင်းချပြီး တရားနိုင်ရရှိမည့် ဒီကရီ၏ခံစားခွင့်အတိုင်း ပေးဆပ်စေရပါမည်။ တရားမပုံစံ–၁၅၅ တွင် ရောင်းချရန် အပြီးသတ်ဒီကရီဟူ၍ ဖော်ပြထားပြီး ပုဂ္ဂလိကဒီကရီအတွက် ဖော်ပြမထားကြောင်း တွေ့ရပါမည်။ အကယ်စင်စစ် အပေါင်ပစ္စည်းရောင်းချသည့်တိုင်အောင် တရားနိုင်ရရန်ရှိသော ဒီကရီအရ ပေးဆပ်ရန်ငွေ မပြေကြေမှုသာ ကာလစည်းကမ်းသတ်၊ ပထမဇယားအပိုဒ်–၁၈၁ အရ (၃) နှစ်အတွင်း ပုဂ္ဂလိကဒီကရီချမှတ်ပေးရန် လျှောက်ထားခွင့်ရှိလာမည်ဖြစ်သည်။ (နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ်နှင့် ဦးဆက်)(၁၁)အမှုကိုညွှန်း။

တရားမပုံစံ–၁၅၆ တွင် ပေါင်နှံသည့်ပစ္စည်းကို ရောင်းချပြီးနောက် ကျန်ငွေအတွက် ပေါင်နှံသူအပေါ် ချမှတ်သော ဒီကရီဟူ၍ ဖော်ပြချက်ကို ထောက်ချင့်ပါက အပြီးသတ်ဒီကရီအရ အပေါင်ပစ္စည်းရောင်းချပြီးမှ ပုဂ္ဂလိကဒီကရီ ရခွင့်ကိစ္စပေါ်လာမည်ဖြစ်ပါသည်။ အကယ်၍သာ အပေါင်ပစ္စည်းရောင်းချခြင်းဖြင့် တရားနိုင်ရရှိထားသည့် ဒီကရီပြေကြေပါလျှင် ပုဂ္ဂလိကဒီကရီချမှတ်ရန် အကြောင်းတရားရှိမည် မဟုတ်တော့ကြောင်း မြင်လွယ်ပါသည်။

(၉) အောက်မြန်မာနိုင်ငံ၊ အတွဲ–၈၊ စာ–၂၁၅(စုံညီ)
(၁၀) ၂၀၀၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ–၆၅
(၁၁) ၁၉၆၆၊ မတစ၊ စာ–၁၂၁၀

ဤအခြေအနေအရပ်ရပ်တွင် အပြီးသတ်ဒီကရီ၌ ပုဂ္ဂလိကဒီကရီကိုပါ ထည့်သွင်းပြီး ကြိုတင်ချမှတ်ပေးခြင်းသည် ဥပဒေအရ ဆီလျော်မှုရှိပါမည်လား စဉ်းစားဖွယ်တွေ့ရပါမည်။

တစ်ဘက်တွင် အပေါင်မှုပစ္စည်းရောင်းချခြင်းကိစ္စအား တရားမကြီးမှု၌ ဆက်လက်ဆောင်ရွက်သည့်အတွက် တရားမကြီးမှုမှာ ကြန့်ကြာမှုခင်းဖြစ်မည်ဟု စောဒကတက်ရန်ရှိပေမည်။ သို့ရာတွင် တရားရုံးများလက်စွဲ အပိုဒ်–၁၂၀၈၊ တရားမမှတ်ပုံတင်စာရင်းစာအုပ်အမှတ်–၁ ကို ပြုပြင်ထားရှိရန်ညွှန်ကြားချက်၌ ဇယားကွက် ၁၃ နှင့် ၁၇ တွင် ရေးဖြည့်ရန်အတွက် လမ်းညွှန်ရာတွင် အပေါင်မှုများနှင့် ပစ္စည်းအုပ်ထိန်းစီမံရန်အမှုများအတွက် စီရင်ပြီးပြတ်သည့်နေ့စွဲသည် ရှေးဦးဒီကရီချမှတ်သော နေ့စွဲဖြစ်ရမည်ဟု ဖော်ပြထားသည်။

ထို့ကြောင့် အပေါင်မှု(Mortgage) နှင့် အမွေမှု တစ်နည်းအားဖြင့် ပစ္စည်းအုပ်ထိန်းစီမံမှု (administration) မှုခင်းများသည် ပဏာမဒီကရီချမှတ်ပြီးသည်နှင့် စစ်ဆေးစီရင်ရန်ကိစ္စရပ် အားလုံးပြီးစီးသွားပြီဖြစ်ပါသည်။ ထိုအတွက် တရားမကြီးမှုပြီးဆုံးသည့်နေ့ရက်အား ပဏာမဒီကရီချမှတ်သည့်နေ့ ဖော်ပြရခြင်းဖြစ်ပါသည်။ ပစ္စည်းဆက်လက်ရောင်းချမှုပြုလုပ်ခြင်းသည် တရားမကြီးမှုတွင်ဖြစ်သော်လည်း အမှုပြီးပြတ်ချက်စာရင်းတွင် ပါဝင်သွားသဖြင့် ကြန့်ကြာမှုခင်းတွင်မပါရှိတော့ပါကြောင်း ဒီကရီနှစ်ဆင့်နှင့် ပစ္စည်းရောင်းချခြင်းပြဿနာအား တင်ပြအပ်ပါသည်။

**စိုးဝင်း(ဒီပဲယင်း)**

# ရှေ့နေရှေ့ရပ်များ

ဂျူနီယာတုတ်ကလေး

ရှေ့နေရှေ့ရပ်များသည် တရားရုံးများကို အထောက်အကူပြုနေကြသော တရားရုံးအရာရှိများဖြစ်သည်။ ရှေ့နေများသည် အမှုသည်များ၊ သက်သေများနှင့် တိုက်ရိုက်ထိတွေ့ခွင့်ရသည့်အပြင် အမှု၏ကနဦးအစမှ အယူခံမှု၊ ပြင်ဆင်မှုများပြီးဆုံးသည့်တိုင်အောင် အမှုသည်များ၊ တရားစွဲအဖွဲ့အစည်းများအကြား ပေါင်းကူးသဖွယ်အကျိုးဆောင်ပေးနေသူများဖြစ်၍ ပြည်သူများအား ဥပဒေဗဟုသုတများ ဖြန့်ဝေပေးခြင်း၊ မှန်ကန်သော လမ်းညွှန်မှုပေးခြင်းတို့ပြုနိုင်သည်။ ဥပဒေသဘောတရားများကို နားမလည်သည့် သာမန်ပြည်သူအမှုသည်များအား တရားစီရင်ရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများကိုလည်း မိတ်ဆက်ပေးနိုင်သည်။ အလွန်မွန်မြတ်သော၊ မြင့်မြတ်သော အသက်မွေးဝမ်းကျောင်းဖြစ်သည်။ ထို့ကြောင့် တရားရေးမဏ္ဍိုင်တည့်မတ်ခိုင်မာရေးနှင့် လွတ်လပ်စွာတရားစီရင်နိုင်ရန်အတွက် ရှေ့နေရှေ့ရပ်များ၏ ကဏ္ဍသည် လွန်စွာအရေးပါလှသည်။ ထိုတာဝန်ကို ထမ်းဆောင်မည့်သူတို့သည် အကျင့်သိက္ခာနှင့် ပြည့်စုံရမည့်အပြင် ဥပဒေပညာပြည့်ဝရန်မှာ အလွန်အရေးကြီးလှသည်။

ရှေ့နေတို့တွင် အဓိကအားဖြင့် တာဝန်(၂) ရပ်ရှိသည်။ ပထမတာဝန်မှာ အမှန်တရားဖော်ထုတ်ရေးနှင့် ဒုတိယတာဝန်မှာ မိမိကိုငှားရမ်းထားသော အမှုသည်အတွက် အကျိုးဆောင်ပေးရခြင်းဖြစ်သည်။ သို့ဖြစ်၍ ရှေ့နေတစ်ဦးသည် အမှန်ကို အမှန်အတိုင်းတင်ပြပြီး မိမိအမှုသည်အား ဥပဒေနှင့်အညီ သက်သာခွင့်ရရှိစေရန်နှင့် ဥပဒေအရကုစားခွင့်ရရှိစေရန် ဆောင်ရွက်ပေးခြင်းသာလျှင် မှန်ကန်သောနည်းလမ်းဖြစ်သည်။

ရှေ့နေရှေ့ရပ်များနှင့်စပ်လျဉ်းသည့်မှတ်သားဖွယ်ရာအချက်များကို တရားရုံးချုပ်ရှေ့နေကြီးတစ်ဦးကိစ္စ၊ ၁၉၆၈ ခုနှစ်၊ တရားမစာေဒကမှုအမှတ် ၂ (၁၉၇၀ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၁၈) တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်–

"ကျင့်ဝတ်သိက္ခာဟူသည် ကိုယ်ကျင့်တရားပင်ဖြစ်၍ တာဝန်သိသိ၊ စေတနာရှိရှိ ဆောင်ရွက်သူတို့အဖို့ အထူးပြဋ္ဌာန်းသတ်မှတ်ရန်မလို၊ သဘာဝအားဖြင့် အမှန်အမှားခွဲခြားသိမြင်ရာမှ အမှန်အတိုင်း စောင့်ထိန်းကျင့်သုံးသော အလေ့အကျင့်ဖြစ်ပေါ်လာသည်။ ရှေ့နေကြီးအများသည် ပြည်သူ့အကျိုးပြုတရားစီရင်ရေးတွင် စေတနာဖြင့်ပါဝင်လုပ်ကိုင်နေကြသော်လည်း အမှန်တရားကို ထိမ်ဝှက်ခြင်း၊ လာဘ်ပေးလာဘ်ယူပြုခြင်း၊ နာမည်ကိုအလွဲသုံးစားပြုခြင်း၊ မတရားစွပ်စွဲတိုင်တန်းခြင်း၊ အမှုပွားများအောင် မဟုတ်မမှန်နှိုးဆော်လှုံ့ဆွ

ခြင်းပြုသောပုဂ္ဂိုလ်တို့သည် ရှိတန်သရွေ့ရှိသေးဟန်တူသည်။ ယင်းသို့သောပုဂ္ဂိုလ်အချို့နှင့် အဂတိတစ်ပါးပါးသို့ တိမ်းပါးသောတရားသူကြီးအချို့တို့ကြောင့် တရားစီရင်ရေးသည် ပြည်သူ့အကျိုးကို ဖြစ်ထွန်းစေသင့်သလောက် မဖြစ်ထွန်း၊ တရားစီရင်ရေးကို ပြည်သူတို့ယုံကြည်အားကိုးကြသင့်သလောက် ယုံကြည်အားကိုးခြင်းမရှိသေး။"

ယင်းစီရင်ထုံးတွင် ရှေ့နေရှေ့ရပ်ကျင့်ဝတ်သိက္ခာဖောက်ဖျက်မှုများနှင့် သက်ဆိုင်သည့် အခြားစီရင်ထုံးအချို့ကို ကိုးကားထားသည်။ ထိုကိုးကားချက်များမှာ ရုံးတွင်သက်သေလိမ်လည်ထွက်ဆိုအောင် ကြိုးပမ်းအားထုတ်ခြင်း၊ မမှန်သည်ကို မမှန်ကြောင်းသိလျက်နှင့်ပြောဆိုတင်ပြခြင်း၊ တရားသူကြီးအား လာဘ်ထိုးခြင်း၊ လာဘ်ပေးရန်ကြိုးပမ်းခြင်း၊ တစ်ဖက်အမှုသည်နှင့် အမှုအကြောင်းဆွေးနွေးပြီး၍ ယင်းအမှုသည်၏အကြောင်းကိုသိပြီးမှ တစ်ဖက်အမှုသည်အတွက် ယင်းအမှုတွင် လိုက်ပါဆောင်ရွက်ခြင်း၊ အမှုသည်ထံမှ အခကြေးငွေယူပြီးမှ အမှုသည်အတွက် ထိရောက်စွာလိုက်ပါဆောင်ရွက်မှုမပြုခြင်း၊ မိမိနာမည်ကိုကြော်ငြာခြင်း၊ မိမိကိုငှားရမ်းအောင် အမှုဆွယ်ခြင်း၊ မိမိကိုယ်တိုင်ဆောင်ရွက်ခြင်းမပြုဘဲ လျှောက်လွှာများကို လက်မှတ်ရေးထိုးကာ တပည့်များအား တာဝန်ပေးအပ်ခြင်း၊ အမှုနိုင်လျှင် ရှေ့နေခမည်မျှရဦးမည်ဟု အမှုသည်နှင့် အနိုင်အရှုံးအပေါ်မူတည်၍ သဘောတူလိုက်ပါဆောင်ရွက်ခြင်း၊ အခြားမလျော်သော သဘောတူချက်ပြုလုပ်၍ ရှေ့နေခယူခြင်း၊ ရုံးတွင်မူးယစ်ကာ တာဝန်မဲ့ပြောခြင်း၊ ရုံးကအမှုကို မည်သို့ဆုံးဖြတ်လျှင်သိစေမည်ဟု ကြိမ်းမောင်းခြိမ်းခြောက်ခြင်း၊ရုံးတွင်သက်သေအစစ်အစား သက်သေအတုအယောင်ကို အစားထိုးစစ်ဆေးခြင်းတို့ဖြစ်သည်။

အဆိုပါစီရင်ထုံးတွင် အကိုးအကားပြုခဲ့သည့် စီရင်ထုံးများမှာ ရန်ကုန်စီရင်ထုံးအတွဲ ၁၃၊ ၅၀၆။ ၁၉၅၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ ၁၂၉။ ၁၉၃၉ ခုနှစ်၊ ရန်ကုန်စီရင်ထုံးများ ၂၁၃။ ရန်ကုန်စီရင်ထုံးအတွဲ ၁၃၊ ၅၁၈။ ၁၉၃၉ ခုနှစ် ရန်ကုန်စီရင်ထုံးများ ၅၁၄။ (၁၈၉၇–၁၉၀၁) အတွဲ ၂ အထက်မြန်မာပြည်စီရင်ထုံးများ ၃၆၈။ ရန်ကုန်စီရင်ထုံး အတွဲ ၈၊ ၄၄၆။ အောက်မြန်မာပြည်စီရင်ထုံး၊ အတွဲ ဂ၊ ၂၉၄။ ၁၉၆၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ ၂၀၈။ ၁၉၅၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၄၀။ ၁၉၆၀ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ ၄၃၁။ ရန်ကုန်စီရင်ထုံး၊ အတွဲ ၁၂၊ ၁၈၀။ ၁၉၆၂ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံး စာ ၄၈၇ တို့ဖြစ်ပြီး အသေးစိတ်ဖော်ပြချက်များကို ထိုစီရင်ထုံးများတွင် လေ့လာနိုင်ပါသည်။

အမှုသည်များထံမှ အမှုအဖြစ်အပျက်အကြောင်းအရာများကို ဆွေးနွေးသိရှိခဲ့ရပြီးနောက် အထက်ဖော်ပြပါပြောကြားခဲ့သူနှင့် ဆန့်ကျင်ဘက်အမှုသည်၏ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခဲ့ခြင်းသည် ရှေ့နေရှေ့ရပ်များ စောင့်ထိန်းအပ်သောကျင့်ဝတ်သိက္ခာနှင့်လျော်ညီခြင်းမရှိကြောင်းကို ဦးအောင်ထွန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ၂ (၁၉၉၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၂၃၅) အမှုတွင် စီရင်ထုံးပြုထားသည်။

ရှေ့နေလိုက်သူများအက်ဥပဒေပုဒ်မ ၁၃ တွင်လည်း ရှေ့နေရှေ့ရပ်များ ရှောင်ကြဉ်ရမည့်အချက် များကို အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်–

(က) မိမိအားငှားရမ်းထားသော အမှုသည်၊ တရားမကျင့်ထုံးဥပဒေတွင် အနက်အဓိပ္ပာယ်ဖွင့်ဆိုထားသော အသိအမှတ်ပြုခြင်းခံရသူ ကိုယ်စားလှယ်၊ အမှုသည်က လွှဲအပ်ထားသူ၊ ဆွေမျိုးသို့မဟုတ် မိတ်ဆွေသင်္ဂဟတို့မှအပ အခြားပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထံမှ အမှုနှင့်စပ်လျဉ်းသည့် ညွှန်ကြားချက်ရယူခြင်း၊

(ခ) ရှေ့နေရှေ့ရပ်လုပ်ငန်းကို မလျော်ကန်သောနည်းဖြင့်ဖြစ်စေ၊ လိမ်လည်၍ဖြစ်စေ ဆောင်ရွက်

ခြင်း၊

(ဂ) မိမိကိုဖြစ်စေ၊ အခြားရှေ့နေတစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ ရှေ့နေလုပ်ငန်းလာရောက်အပ်နှံစေရန် အမှုဆွယ်ပေးသူတစ်ဦးတစ်ယောက်အား မိမိရရှိသော သို့မဟုတ် ရရန်ရှိသော အခကြေးငွေထဲမှ ကျေးဇူးပြုသည့်အနေဖြင့် ခွဲဝေပေးခြင်း၊ ခွဲဝေပေးရန် ကမ်းလှမ်းခြင်း၊ သို့မဟုတ် နှုတ်ယူထားရန် သဘောတူညီခြင်း၊

(ဃ) အခကြေးငွေပေး၍ဖြစ်စေ၊ ပေးရန်သဘောတူညီ၍ဖြစ်စေ၊ ပေးရန်ကတိပြု၍ဖြစ်စေ၊ ကြားလူတစ်ဦးတစ်ယောက်မှတစ်ဆင့် မိမိအား ရှေ့နေအဖြစ် ငှားရမ်းစေရန်အတွက် တိုက်ရိုက်သော်လည်းကောင်း၊ ဆောင်ရွက်ခြင်း သို့မဟုတ် ဆောင်ရွက်ရန် အားထုတ်ခြင်း၊

(င) ပုဒ်မ ၃၆ အရ အမှုပွဲစားဟု ကြေညာထားခြင်းခံရသူထံမှတစ်ဆင့် ရှေ့နေရှေ့ရပ်လုပ်ငန်းကို လက်ခံခြင်း၊

(စ) ရှေ့နေအဖြစ်မှရပ်ဆိုင်းရန် သို့မဟုတ် ထုတ်ပယ်ရန် အရေးယူထိုက်သည့် အခြားအကြောင်းအချက် တစ်စုံတစ်ရာကို ကျူးလွန်ခြင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော် တရားရုံးချုပ်ရှေ့နေများကောင်စီကထုတ်ဝေသော 'ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ၊ တာဝန်များနှင့် အခွင့်အရေးများ' စာအုပ်တွင် ကျင့်ဝတ်သိက္ခာအချို့ကို ရှေ့နေလိုက်သူများဥပဒေ၊ ပစ္စည်းလွှဲပြောင်းခြင်းဥပဒေ၊ သက်သေခံဥပဒေ၊ တရားရုံးများလက်စွဲ၊ ညွှန်ကြားလွှာများ၊ စီရင်ထုံးများ စသည်တို့ကို အခြေခံ၍ ရေးဆွဲထားပြီး အပိုဒ် ၂၀၃ အထိ သေးစိတ်ဖော်ပြထားသည်။ ထိုစာအုပ်ကို ၁၉၉၀ ပြည့်နှစ်တွင် ပထမအကြိမ်ထုတ်ဝေခဲ့ပြီး အကြိမ်ကြိမ်ဖြည့်စွက်ပြင်ဆင်ကာ ၂၀၁၀ ပြည့်နှစ်တွင် သတ္တမအကြိမ်အဖြစ် ပြည်ထောင်စုရှေ့နေချုပ်ရုံးက ပုံနှိပ်ထုတ်ဝေခဲ့ကြောင်း လေ့လာသိရှိရပါသည်။ အဆိုပါစာအုပ်အရ ရှေ့နေတစ်ဦးလိုက်နာရမည့်ကျင့်ဝတ်သိက္ခာနှင့် တာဝန်များမှာ အလွန်များပြားလှသည်ကို တွေ့ရှိနိုင်ပါသည်။

ကျင့်ဝတ်သိက္ခာနှင့် တာဝန်များသည် ရှေ့နေများအတွက် အရေးပါလှသကဲ့သို့ ဥပဒေပညာကျွမ်းကျင်ရန်မှာလည်း အထူးအရေးကြီးလှသည်။ ဥပဒေရေးရာ မကျွမ်းကျင်သောရှေ့နေများကြောင့် အမှုသည်များတွင် များစွာနစ်နာနိုင်သည်။ ထို့ကြောင့် ဥပဒေကို ကျွမ်းကျင်နှံ့စပ်စွာလေ့လာနိုင်မှသာ အမှုသည်များ၏ အခွင့်အရေးကို ဥပဒေနှင့်အညီရရှိအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ဥပဒေကျွမ်းကျင်နှံ့စပ်သောရှေ့နေများက အမှုများကို ဥပဒေနှင့်အညီ တည်ဆောက်ထားလျှင် ဥပဒေနှင့် ဆန့်ကျင်သည့်အမိန့်များ ချမှတ်ရန် အလွန်ခဲယဉ်းလှသည်။ တစ်ဖက်တွင်လည်း ရှေ့နေများနှင့် တရားသူကြီးများအပါအဝင် ဥပဒေအရာရှိများ၊ အမှုစစ်များနှင့် အခြားသက်ဆိုင်သူများပူးပေါင်း၍ အမှုများကို အလွဲတည်ဆောက်ပါကလည်း အမှုတွဲတွင် ပေါ်ပေါက်ချက်နှင့်အဖြစ်မှန်မှာ လွဲမှားနိုင်ပေသည်။ ထို့ကြောင့် ရှေ့နေများက ဥပဒေနှင့်အညီ အမှန်တရားဖော်ထုတ်နိုင်လျှင် ဥပဒေကို အလွဲသုံးမှုများအား အကာအကွယ်ပေးနိုင်ပေမည်။ တရားစီရင်ရေးတွင် ပါဝင်ပတ်သက်သူများကို အပြစ်အလုပ်ထိန်းကျောင်းနိုင်မည်။ ကျင့်ဝတ်လိုက်နာ၍ ဥပဒေပညာကျွမ်းကျင်နှံ့စပ်သူရှေ့နေများ၏ အကူအညီပါဝင်မှုမရှိဘဲ တရားစီရင်ရေးမဏ္ဍိုင်တည့်မတ် ခိုင်မာလာစေရန် အကောင်အထည်ဖော်ရန်မှာ ဖြစ်နိုင်ချေမရှိသောကြောင့် ရှေ့နေရှေ့ရပ်ကောင်းများများစွာ ပေါ်ထွန်းလာစေရန်မှာ နိုင်ငံတော်အတွက် အလွန်အရေးပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

**ဂျူနီယာတုတ်ကလေး**

# မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းမိတ်ဆက်

ဂျူနီယာတုတ်ကလေး

မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းများ၏ (၉၀) ရာခိုင်နှုန်းသည် မိုက်ခရို၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖြစ်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်မှာလည်း ထိုစီးပွားရေးလုပ်ငန်းများပေါ်တွင် များစွာ တည်မှီနေသည်။ ထို့ကြောင့် ထိုစီးပွားရေးလုပ်ငန်းများကို ကယ်ဆယ်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနှင့် ဥပဒေကြမ်း၏ယေဘုယျသဘောကိုနားလည်စေရန်အတွက် ဇာတ်လမ်းဆင်၍ တင်ပြလိုက်ရပါသည်။

(ကိုချိုချိုနှင့် မညိုညိုတို့သည် အိမ်ထောင်ကျပြီးနောက် မန်ကျည်းသီးအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်ကြသည်။ ထိုသို့လုပ်ကိုင်ရာမှ အောင်မြင်လာသောအခါ ကုန်ကြမ်းကို ကုန်ချောအဖြစ်ထုတ်လုပ် ရန် ကြံစည်ခဲ့ကြသည်။ ထို့နောက် မန်ကျည်းဖလိပ်လုပ်ငန်းတည်ထောင်ရန် ဆုံးဖြတ်ခဲ့ကြပြီး အရည်အသွေး ပြည့်မီသည့် မန်ကျည်းဖလိပ်များကို ထုတ်လုပ်ရောင်းချနိုင်ရန် တီထွင်ကြံဆခဲ့ကြသည်။ အရောင်းအဝယ် ပြုလုပ်ရာမှ စုဆောင်းရရှိငွေဖြင့် တစ်ဧကခန့်ကျယ်သည့်မြေတစ်ကွက်ကို ဝယ်ယူခဲ့ကြသည်။ ထိုမြေကွက်တွင် မန်ကျည်းဖလိပ်လုပ်ငန်းကို အိမ်တွင်းမှုလုပ်ငန်းအဖြစ် စတင်တည်ထောင်ခဲ့သည်။

တစ်စတစ်စအောင်မြင်လာခဲ့ပြီးငင်းတို့ထုတ်သမျှကုန်ချောများကိုဖြန့်ဖြူးရောင်းချနိုင်ခဲ့သည်။ ထို့ကြောင့် စက်ရုံတည်ထောင်ရန်အတွက် ၎င်းတို့ပိုင်မြေကွက်ကို ဘဏ်သို့ ကျပ်သိန်းငါးဆယ်ဖြင့် ပေါင်နှံခဲ့သည်။ ၎င်းတို့ စုဆောင်းရရှိငွေနှင့် ဘဏ်ချေးငွေတို့စုပေါင်းကာ ချိုချိုမန်ကျည်းဖလိပ်စက်ရုံကိုတည်ထောင်ခဲ့ပြီး ဈေးကွက် ချဲ့ထွင်ခဲ့ရာ အိမ်နီးချင်းနိုင်ငံများရှိ ဈေးကွက်သို့ပင် စတင်ထိုးဖောက်လာနိုင်ခဲ့သည်။ ဈေးကွက်ချဲ့ထွင်လာ နိုင်ခဲ့ခြင်းကြောင့် ကုန်ကြမ်းသွင်းသူများထံကလည်း ကုန်ကြမ်းများကို အဟောင်းပေးအသစ်ယူစနစ်ဖြင့် အကြွေးပေးခဲ့ကြပြီး မန်ကျည်းသီးကုန်သည်ထံမှ ငွေကျပ်ဆယ်သိန်းဖိုးနှင့် သကြားကုန်သည်ထံမှ ငွေကျပ် သိန်းနှစ်ဆယ်ဖိုး အကြွေးယူထားသည်။

၎င်းတို့၏လုပ်ငန်းတွင် ဝန်ထမ်း ၂၅ ဦးကိုခန့်ထားပြီး လည်ပတ်လျက်ရှိသည်။ နှစ်စဉ် ဝင်ငွေ ကျပ်သိန်း ၂၀၀ ခန့်ရှိသည်။ လုပ်ငန်း၏ရှေ့အလားအလာသည် အလွန်ကောင်းမွန်သည့်အနေအထားတွင်ရှိနေပြီး အိမ်နီးချင်းနိုင်ငံများမှ ကုန်သည်များက ၎င်းတို့၏ထုတ်ကုန်များကိုဝယ်ယူရန် ကမ်းလှမ်းချက်များကို လက်ခံ

ရရှိထားပြီးဖြစ်သည်။ ထို့ကြောင့် ၎င်းတို့သည် လုပ်ငန်းကိုထပ်မံချဲ့ထွင်ရန် ကြိုးစားနေကြသည်။ ထိုအချိန်တွင် စက်ရုံမီးလောင်မှုဖြစ်ပွားခဲ့ပြီး မန်ကျည်းသီးနှင့်သကြားများသိုလှောင်ထားသည့် ဂိုဒေါင်မီးလောင်ကျွမ်းခဲ့ရသည်။ စက်ပစ္စည်းများမှာမူ အနည်းငယ်သာမီးလောင်ကျွမ်းခဲ့သည်။ ထိုစက်ရုံအတွက် မီးအာမခံထားရှိခဲ့ခြင်းမရှိပေ။ မီးလောင်ကျွမ်းမှုကြောင့် စက်ရုံလည်ပတ်နိုင်စွမ်းမရှိတော့ဘဲ အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်ခဲ့ရသည်။

၎င်းတို့ဖြန့်ဖြူးထားသည့်ကုန်များအတွက် ရရန်ငွေကြေးများရှိသော်လည်း ထိုငွေဖြင့် ကုန်ကြမ်းအတွက် အကြွေးရယူထားသောငွေကို ပေးဆပ်နိုင်စွမ်းမရှိပေ။ အလုပ်သမားများ၏လစာပေးရန်လည်း ငွေလိုအပ်နေသည်။ စက်ရုံမီးလောင်ကျွမ်းရာတွင် စက်ပစ္စည်းအနည်းငယ်သာပျက်စီးခဲ့သဖြင့် ကုန်ချောပြန်လည်ထုတ်ရန်မှာ အခက်အခဲမရှိသော်လည်း ကုန်ကြမ်းများမီးလောင်ကျွမ်းခဲ့၍ ကုန်ချောမထုတ်လုပ်နိုင်သည့်အနေအထားတွင် ရှိနေသည်။

မန်ကျည်းသီးကုန်သည်နှင့် သကြားကုန်သည်များက ၎င်းတို့၏ကုန်ကြွေးငွေများကို တစ်လအတွင်း ပြန်လည်ပေးဆပ်ရန်နှင့် ပေးဆပ်ခြင်းမရှိပါက တရားစွဲဆိုမည်ဖြစ်ကြောင်း ရှေ့နေမှတစ်ဆင့် အကြောင်းကြားစာပေးပို့ထားသည်။ ဘဏ်ကလည်း ကြွေးမြီများကို အချိန်မီပေးဆပ်ရန်နှင့် ပေးဆပ်နိုင်ခြင်းမရှိပါက အာမခံပစ္စည်းဖြစ်သည့်မြေကို သိမ်းယူမည်ဖြစ်ကြောင်း အကြောင်းကြားလာသည်။ ၎င်းတို့တွင် ပစ္စည်းများမှအပငွေပေးဆပ်နိုင်သည့်အခြေအနေမရှိပေ။

ထိုသို့ ၎င်းတို့ပိုင်ပစ္စည်းများကို ရောင်းချ၍ပေးဆပ်မည်ဆိုပါက ဘဝဖြင့်ရင်း၍ တည်ထောင်လာခဲ့သည့်လုပ်ငန်း ပျက်စီးမည်ဖြစ်သကဲ့သို့ အလုပ်သမားများကလည်း အလုပ်လက်မဲ့ဖြစ်ကာ ထိုသူတို့အပေါ်မှီခိုနေရသည့်မိသားစုများလည်း ဒုက္ခရောက်ကြရမည်။ မန်ကျည်းကုန်သည်၊ သကြားကုန်သည်တို့သည်လည်း ဈေးကွက်ဆုံးရှုံးရမည်ဖြစ်ပြီး မှီခိုလုပ်ကိုင်နေသူအလုပ်သမားများနှင့် မိသားစုများကိုလည်း သွယ်ဝိုက်၍ ထိခိုက်စေနိုင်သည်။ ထိုသို့ထိခိုက်ခြင်းသည် နိုင်ငံတော်ကိုလည်း သွယ်ဝိုက်၍ထိခိုက်စေနိုင်သည်။ ထို့ပြင် ၎င်းတို့လုပ်ငန်းမှရရှိနေသည့် နိုင်ငံတော်အတွက် အခွန်အခများလည်း ထပ်မံမရရှိနိုင်တော့ပေ။ ထိုလုပ်ငန်းသည် အိမ်နီးချင်းနိုင်ငံများမှ ကုန်သည်အချို့နှင့်ပူးပေါင်း၍လုပ်ငန်းများလုပ်ကိုင်ရန် ကမ်းလှမ်းထားပြီးဖြစ်ရာ အနာဂတ်တွင်ရရှိနိုင်မည့် အကျိုးအမြတ်များလည်း ရရှိနိုင်တော့မည်မဟုတ်ပေ။

ထိုလုပ်ငန်းသည် ကိုချိုချိုတို့က စွန့်ဦးတီထွင်လုပ်ကိုင်ထားသည့်လုပ်ငန်းဖြစ်ပြီး အလားအလာအလွန်ကောင်းလျက်ရှိသည်။ လုပ်ငန်းအတွက် ဈေးကွက်အပြည့်အဝရှိပြီး နိုင်ငံခြားဈေးကွက်သို့ပင် မကြာမီ ထိုးဖောက်နိုင်တော့မည်ဖြစ်သည်။ ထို့ကြောင့် လုပ်ငန်းကို ကောင်းစွာချဲ့ထွင်နိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများရရှိလာနိုင်သကဲ့သို့ နိုင်ငံတော်၏စီးပွားရေးကိုလည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်မည့်အနေအထားတွင်ရှိသည်။ စက်ရုံကို ပြန်လည် လည်ပတ်နိုင်ရန် စီစဉ်ပေးနိုင်ပါက ၎င်းတင်ရှိနေသည့်ကြွေးမြီများကို တစ်နှစ်အတွင်း ပြန်လည်ပေးဆပ်နိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ ထိုလုပ်ငန်းအား ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များက မည်ကဲ့သို့အထောက်အကူပြုနိုင်သည်ကို ဤဇာတ်လမ်းတွင် အဓိကထားတင်ပြရန် ရည်ရွယ်ပါသည်။)

ကိုချိုချို — ကျွန်တော့်လုပ်ငန်းက ရှေ့အလားအလာအများကြီးရှိပေမယ့် ကြွေးရှင်တွေကလည်း ငွေမပေးနိုင်ရင် တရားရုံးမှာ တရားစွဲတောင်းမယ်ပြောနေကြတယ်။ ကျွန်တော့်အနေနဲ့ လုပ်ငန်းသာဆက်လက်လည်ပတ်ခွင့်ရရင် သူတို့အကြွေးတွေကို တစ်နှစ်အတွင်း ဆပ်နိုင်တဲ့အပြင် ကျွန်တော်

တို့ရဲ့ အိပ်မက်တွေလည်း ပြန်လည်အကောင်အထည်ဖော်နိုင်ပါတယ် ဆရာ။ ကျွန်တော့်အနေနဲ့ သူတို့အကြွေးတွေကို မြေကွက်ရောင်းပြီးဆပ်တာကလွဲလို့ ပေးဆပ်နိုင်တဲ့ အခြေအနေမရှိပါဘူး။ ဒီလိုပေးဆပ်လိုက်မယ်ဆိုရင် ကျွန်တော့်လုပ်ငန်းလည်း ပြန်ထူထောင်နိုင်မှာ မဟုတ်တော့ပါဘူး။ ဒါကြောင့် ဘာဆက်လုပ်သင့်တယ်ဆိုတာကို သိချင်လို့ ဆရာ့ဆီလာခဲ့တာပါ။

ဦးမင်းမင်း ကျွန်တော်တို့နိုင်ငံမှာက ခင်ဗျားတို့လို စီးပွားရေးလုပ်ငန်းသေးလေးတွေ အများကြီးရှိတယ်။ နိုင်ငံတော်စီးပွားရေးလုပ်ငန်းရဲ့ ၉၀ ရာခိုင်နှုန်းက အသေးစားနဲ့အလတ်စားလုပ်ငန်းတွေဖြစ်တယ်။ ဒါကြောင့် ခင်ဗျားတို့လို လုပ်ငန်းတွေအောင်မြင်မှသာ ပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးတက်လာပြီး ရင်းနှီးမြှုပ်နှံမှုတွေ ကောင်းလာမှာဗျ။ ဒါမှနိုင်ငံတော်စီးပွားရေးတိုးတက်လာမှာ။ အာဆီယံနိုင်ငံတွေမှာလည်း အသေးစားနဲ့အလတ်စားလုပ်ငန်းတွေဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေကြတယ်။ ဒီလုပ်ငန်းတွေမှာ ငွေကြေးအခက်အခဲတွေကြုံတွေ့လာခဲ့ရင် အလွယ်တကူမပျက်စီးအောင်ကာကွယ်ဖို့ ပြည်ထောင်စုလွှတ်တော်မှာ "မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာဥပဒေ"ကို ရေးဆွဲပြဋ္ဌာန်းဖို့ ကြိုးစားနေပါတယ်။ အခုဆိုရင် မူကြမ်းပြီးနေပါပြီ။ ကိုချိုချိုတို့ရဲ့ အခက်အခဲကို ဒီဥပဒေမူကြမ်းပေါ်အခြေခံပြီး အကြံပေးလိုပါတယ်။ ဥပဒေအတည်ဖြစ်လာရင် သုံးလို့ရတာပေါ့။ ခင်ဗျားတို့လို လုပ်ငန်းငယ်လေးတွေ ငွေကြေးအကြပ်အတည်းပေါ်လာတဲ့အခါ နောင်ဆိုရင် အသုံးဝင်မှာဖြစ်လို့ ဗဟုသုတအနေနဲ့ မျှဝေပေးချင်လို့ပါ။

ကိုချိုချို လုပ်ငန်းငယ်တွေဒုက္ခရောက်ရင် ကာကွယ်ပေးမယ့်ဥပဒေဆိုတော့ ကြိုဆိုရမှာပေါ့။ ဒါပေမဲ့ ဒီဥပဒေကို ဆရာပြောပြမှပဲ ကြားဖူးတယ်။ လုပ်ငန်းငယ်တွေအတွက်ပဲလား။ လုပ်ငန်းကြီးတွေရော မပါဘူးလား။ ကျွန်တော့်အတွက် တော်တော်လေး နားဝေးနေလို့ သေသေချာချာ ရှင်းပြမှရမယ်ထင်တယ်။

ဦးမင်းမင်း ခင်ဗျားအတွက်ပဲ နားဝေးတာမဟုတ်ပါဘူး။ အားလုံးအတွက် နားဝေးတယ်လို့တောင် ဆိုနိုင်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဒီလိုဥပဒေမျိုးမရှိသေးပါဘူး။ ဆင်ဆင်တူတဲ့ ဥပဒေတွေတော့ရှိပါတယ်။ ကုမ္ပဏီတွေစာရင်းရှင်းလင်းဖျက်သိမ်းတာတို့၊ ဒေဝါလီခံတာတို့တော့ ကြားဖူးမှာပေါ့။ အရင်က ကုမ္ပဏီတွေ စာရင်းရှင်းလင်းဖျက်သိမ်းတာကို 'ကုမ္ပဏီများအက်ဥပဒေ'နဲ့ဆောင်ရွက်ရပြီး လူပုဂ္ဂိုလ်တွေ အကြွေးမဆပ်နိုင်ရင်တော့ '၁၉၀၉ ခုနှစ် ရန်ကုန်လူမွဲအဖြစ်ခံယူခြင်းဆိုင်ရာဥပဒေ'နဲ့ '၁၉၂၀ ခုနှစ် မြန်မာနိုင်ငံလူမွဲအဖြစ် ခံယူခြင်းဆိုင်ရာဥပဒေ'တို့အရဆောင်ရွက်နိုင်တာပေါ့။ ဒါပေမဲ့ လူမွဲအဖြစ်ခံယူခြင်းဆိုင်ရာဥပဒေတွေက ကျွန်တော်တို့နိုင်ငံမှာ အသုံးမပြုတာကြာပြီဆိုတော့ တော်တော်များများက မသိတော့ဘူး။

ကိုချိုချို ဆရာပြောပုံအရဆိုရင် ကုမ္ပဏီတွေအတွက်ရော၊ လူပုဂ္ဂိုလ်တွေအတွက်ရော အကျိုးဝင်တယ်လို့ထင်တယ်။

ဦးမင်းမင်း မှန်ပါတယ်။ ကုမ္ပဏီတွေနဲ့ တစ်သီးပုဂ္ဂလတွေသာမက ခင်ဗျားတို့လို မိုက်ခရို၊ အသေးစားနှင့်အလတ်စားလုပ်ငန်းတွေနဲ့လည်း သက်ဆိုင်တယ်။ ဒါ့အပြင် နိုင်ငံဖြတ်ကျော်လူမွဲခံယူခြင်းနဲ့သက်ဆိုင်တဲ့ ပြဋ္ဌာန်းချက်တွေလည်း ထည့်ထားတယ်။ နိုင်ငံဖြတ်ကျော်လူမွဲခံယူခြင်းဆိုတာကတော့ မြန်မာနိုင်ငံကုန်သည်တစ်ဦးက အခြားနိုင်ငံကုန်သည်တစ်ဦးထံမှ အကြွေးရဖို့ရှိရင်

မြန်မာနိုင်ငံမှ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူက သူတို့နိုင်ငံမှာ သွားရောက်ဆောင်ရွက်နိုင်သလို အပြန်အလှန်ဆောင်ရွက်နိုင်တဲ့ ပြဋ္ဌာန်းချက်တွေဖြစ်တယ်။ တစ်ချို့ကတော့ မြန်မာနိုင်ငံအတွက် စောသေးတယ်လို့ပြောကြတယ်။ တစ်ချို့ကလည်း ခင်ဗျားလိုပေါ့ လုပ်ငန်းသေးပေမယ့် နိုင်ငံတကာနဲ့ဆက်သွယ်မှုတွေရှိလာပြီဆိုတော့ ဒီလိုပြဋ္ဌာန်းချက်တွေ ထည့်သင့်တယ်။ ဒါမှ နိုင်ငံတကာရင်းနှီးမြုပ်နှံသူတွေ စိတ်ဝင်စားပြီး ကျွန်တော်တို့နိုင်ငံကို ရင်းနှီးမြုပ်နှံမှုတွေ တိုးလာနိုင်တယ်လို့ဆိုကြတယ်။ ထည့်သင့် မသင့်ကိုတော့ လွှတ်တော်တွေက ဆုံးဖြတ်ကြမှာပေါ့။

ကိုချိုချို ဆရာပြောတာကလည်း အဆန်းတွေချည်းပဲဗျာ။ ကျွန်တော်ကပဲ ဒုံးဝေးလို့လားမသိဘူး။

ဦးမင်းမင်း မဟုတ်ဘူးဗျ။ ဒီဥပဒေက ကျွန်တော်တို့အတွက်တော့ အသစ်အဆန်းလို့ပြောလို့ရတယ်။ နိုင်ငံတကာမှာတောင် အသစ်အဆန်းလို့ပြောလို့ရတယ်။ အဓိကကတော့ ဥပဒေမူကြမ်း အပိုင်း(၆)မှာပါတဲ့ "မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ကယ်ဆယ်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်း"ပဲဖြစ်တယ်။ ဒီလုပ်ငန်းတွေနဲ့ပတ်သက်တဲ့ ပြဋ္ဌာန်းချက်တွေက နိုင်ငံအတော်များများမှာ မရှိသေးဘူး။ ကမ္ဘာပေါ်မှာ အသေးစားနဲ့အလတ်စားလုပ်ငန်းတွေက တော်တော်လေးအရေးပါလာပြီ။ အဓိကအားဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံအများစု စုပေါင်းထားတဲ့ အာဆီယံလိုနိုင်ငံတွေမှာ ပိုမိုအရေးပါနေပြီ။ ဒါကြောင့် ကုလသမဂ္ဂကတောင် MSME လို့ခေါ်တဲ့ မိုက်ခရို၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများ လူမွဲခံခြင်းစံဥပဒေကို ကြေညာနိုင်ဖို့ ကြိုးစားနေတယ်။

ကိုချိုချို ဒါ့အပြင် ထူးခြားတာတွေ ရှိသေးရင်လည်း သိပါရစေဆရာ။

ဦးမင်းမင်း ထူးခြားတာတွေကတော့ တော်တော်များတယ်ဆိုရမှာပဲ။ အဓိကထူးခြားချက် (၁) ချက်ကတော့ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ပေါ့။ သာမာန်အားဖြင့် ကုမ္ပဏီ၊ စီးပွားရေးလုပ်ငန်း၊ တစ်သီးပုဂ္ဂလတွေက အကြွေးမပေးနိုင်တော့ဘူးဆိုရင် သူတို့ပိုင်ပစ္စည်းတွေကို ထုခွဲရောင်းချပြီး ခွဲဝေပေးလိုက်ကြတာပဲ။ ဥပဒေသစ်မှာတော့ လုပ်ငန်းက အကြွေးမပေးနိုင်တော့ဘူးဆိုရင် အရင်ဆုံး ဒီလုပ်ငန်းကို ဘယ်လိုကယ်တင်နိုင်မလဲဆိုတာကို စပြီးစဉ်းစားရမယ်။ မကယ်နိုင်တော့ဘူးဆိုမှ စာရင်းရှင်းလင်းဖျက်သိမ်းတာတို့ လူမွဲခံတာတို့ လုပ်ရတယ်။ ဥပဒေကြမ်းရဲ့အပိုင်း (၅) က ကုမ္ပဏီကယ်ဆယ်ခြင်းနှင့်ပြန်လည်ထူထောင်ခြင်း၊ အပိုင်း(၆)ကတော့ MSME များ ကယ်ဆယ် ခြင်းနှင့် ပြန်လည်ထူထောင်ခြင်း၊ အပိုင်း (၈) ကတော့ တစ်သီးပုဂ္ဂလလူမွဲခံခြင်းတို့နဲ့ သက်ဆိုင် တယ်။ အခြေခံသဘောတရားကတော့ အတူတူပါပဲ။ လုပ်ဆောင်ရတဲ့အဆင့် နည်းတာနဲ့များ တာပဲ ကွာသွားတာပါ။

ကိုချိုချို ပြန်လည်ထူထောင်နိုင်ရင် ဘယ်လိုအကျိုးတွေ ရနိုင်မလဲဆရာ။

ဦးမင်းမင်း ကုမ္ပဏီတွေ၊ စီးပွားရေးလုပ်ငန်းတွေဖျက်သိမ်းရရင် လုပ်ငန်းကို တည်ထောင်ခဲ့ရတဲ့အချိန်တွေနဲ့ နည်းပညာတွေ အလဟဿဖြစ်မယ်။ သူတို့ကိုမှီခိုနေတဲ့သူတွေ အလုပ်လက်မဲ့ဖြစ်မယ်။ ရင်းနှီးမြုပ်နှံမှုတွေ ဆုံးရှုံးရမယ်။ နိုင်ငံတော်က ရနေတဲ့အခွန်ဘဏ္ဍာတွေ ဆုံးရှုံးရမယ်။ နောက်ဆုံးမှာ နိုင်ငံတော်ရဲ့စီးပွားရေးကို ထိခိုက်စေနိုင်တယ်။ ဒါကြောင့် ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ လုပ်သင့်တယ်လို့ နိုင်ငံတကာက လက်ခံပြီး ဥပဒေ

မူဘောင်တွေကို ပြင်ဆင်ခဲ့ကြတယ်။ ကျွန်တော်တို့ဥပဒေကြမ်းကလည်း အဲဒီနိုင်ငံတကာစံနှုန်းတွေနဲ့အညီ ရေးဆွဲထားတာဖြစ်တယ်။

ကိုချိုချို နောက်ထပ်ထူးခြားတဲ့အဓိကအချက်ရှိရင်လည်း ပြောပြပါဦး ဆရာ။

ဦးမင်းမင်း နောက်ထပ်ထူးခြားချက်ကတော့ နိုင်ငံတကာစံနှုန်းအားလုံးကို ဒီဥပဒေကြမ်းတစ်ခုတည်းမှာ ထည့်သွင်းထားတာပဲ။ အရင်က နိုင်ငံဖြတ်ကျော်လူမွဲခံယူခြင်းနဲ့ MSME လုပ်ငန်းတွေက လူမွဲခံယူခြင်းမှာ မပါခဲ့ကြဘူး။ စီးပွားရေးလုပ်ငန်းတွေ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ကူးလူးဆက်ဆံခဲ့တာတွေကြောင့် ဒါတွေက အရေးပါလာတယ်။ ဒါကြောင့် ကုလသမဂ္ဂက ၁၉၉၇ ခုနှစ်မှာ နိုင်ငံဖြတ်ကျော်လူမွဲခံယူမှုနဲ့သက်ဆိုင်တဲ့ စံဥပဒေကို ထုတ်ပြန်ကြေညာခဲ့တယ်။ MSME နဲ့သက်ဆိုင်တဲ့ စံဥပဒေဆိုရင် ဒီနေ့အထိ ထုတ်ပြန်ကြေညာနိုင်ခြင်းမရှိသေးဘူး။ ဒီလိုပြောင်းလဲလာတဲ့အပေါ် နိုင်ငံအချို့က လိုအပ်တဲ့ဥပဒေတွေကို ဖြည့်စွက်ပြဋ္ဌာန်းပေမယ့် တစ်ပေါင်းတစ်စည်းထဲ မပြဋ္ဌာန်းနိုင်ခဲ့ဘူး။ နိုင်ငံဖြတ်ကျော် လူမွဲမှုခင်းဥပဒေဆိုရင် နိုင်ငံပေါင်း (၄၄) နိုင်ငံမှာပဲ ပြဋ္ဌာန်းနိုင်သေးတယ်။ ကျွန်တော်တို့က ခေတ်နဲ့လျော်ညီတဲ့ဥပဒေတွေမရှိသေးဘဲ အခုမှရေးဆွဲတာဆိုတော့ နိုင်ငံတကာစံနှုန်းတွေအားလုံးကို ဥပဒေတစ်ခုတည်းမှာ ပေါင်းစည်းထားတာဖြစ်တဲ့အတွက် ခေတ်မီတဲ့ဥပဒေတစ်ခုလို့ ပြောနိုင်တာပေါ့။

ကိုချိုချို ဥပဒေအတိုင်းသွားရမှာဆိုတော့ တရားရုံးမှာဖြေရှင်းရမှာပေါ့နော်။ ဥပဒေက ကောင်းပေမယ့် တရားရုံးမှာအမှုရင်ဆိုင်ရရင် အချိန်တော်တော်ပေးရမှာကတော့ အခက်အခဲတစ်ခုဖြစ်နေတော့မှာပဲ။

ဦးမင်းမင်း ဒီအတွက်လည်း ဥပဒေကြမ်းမှာ ထည့်သွင်းရေးဆွဲထားပါတယ်။ တရားရုံးပါဝင်မှုအနည်းဆုံးဖြစ်အောင် ရေးဆွဲထားတယ်။ လုပ်ငန်းစဉ်စတင်တာနဲ့ တရားရုံးကို သွားစရာမလိုဘဲ လူမွဲခံခြင်းဆိုင်ရာကျွမ်းကျင်သူ ခန့်အပ်ဆောင်ရွက်ရမှာဖြစ်တယ်။ သူ့ရဲ့လုပ်ပိုင်ခွင့်နဲ့ တာဝန်တွေကို တိတိကျကျသတ်မှတ်ထားတယ်။ သူ့ရဲ့ဆောင်ရွက်ချက်ကို အကျိုးသက်ဆိုင်သူတစ်ဦးဦးက မကျေနပ်မှသာ တရားရုံးမှာ အရေးဆိုနိုင်မှာဖြစ်တယ်။ အားလုံးက ကျေနပ်နေမယ်ဆိုရင် လုပ်ငန်းစဉ်တစ်ခုလုံးပြီးသွားတဲ့အထိ တရားရုံးရဲ့အခန်းကဏ္ဍမပါဝင်သလောက်ပါပဲ။

ကိုချိုချို ဒါဆိုရင် လူမွဲခံခြင်းဆိုင်ရာကျွမ်းကျင်သူကို ပုံအပ်ရမယ့်သဘောပေါ့။ သူက အရည်အချင်းတော်တော်လေးရှိဖို့လိုတယ်ထင်တယ်။

ဦးမင်းမင်း သိပ်မှန်တာပေါ့ဗျာ။ ဒီအချက်ကိုလည်း ဥပဒေကြမ်း အပိုင်း(၃)မှာ အသေးစိတ်ပြဋ္ဌာန်းထားတယ်။ အပိုင်း(၃)အရ မှတ်ပုံတင်ထားတဲ့ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူကိုသာ ခန့်အပ်ဆောင်ရွက်နိုင်မှာဖြစ်တယ်။ ဒီကျွမ်းကျင်သူတွေက သက်ဆိုင်ရာအပိုင်းအလိုက် ပစ္စည်းထိန်း၊ ပြန်လည်ထူထောင်ရေးမန်နေဂျာ၊ ပြန်လည်ထူထောင်ရေးအကြံပေး၊ ပြန်လည်ထူထောင်ရေးအစီအစဉ်ကြီးကြပ်သူ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၊ ယုံမှတ်အပ်နှံခြင်းခံရသူဆိုတဲ့ တာဝန်တွေကို ထမ်းဆောင်ရမှာဖြစ်တယ်။

ကိုချိုချို ကျွမ်းကျင်သူဖြစ်ဖို့ ဘယ်လိုအရည်အချင်းတွေ လိုအပ်သလဲဆရာ။

ဦးမင်းမင်း မြန်မာနိုင်ငံလူမွဲခံခြင်းဆိုင်ရာကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီက ထုတ်ပေးတဲ့ လက်မှတ်ရှိသူတွေဖြစ်ဖို့လိုပါတယ်။ ကောင်စီက သတ်မှတ်အရည်အချင်းတွေနဲ့ပြည့်စုံတဲ့ သူတွေကို

လက်မှတ်ထုတ်ပေးမှာဖြစ်တယ်။ ဒီအရည်အချင်းတွေကို ကောင်စီက သတ်မှတ်ရမှာဖြစ်လို့ ကောင်စီဖွဲ့စည်းပြီးမှ သတ်မှတ်နိုင်မှာပါ။ သေချာတာကတော့ ဥပဒေပညာရှင်နဲ့ စာရင်းကိုင်ပညာရှင်တွေပဲဖြစ်မှာပါ။

ကိုချိုချို ဒါဆိုရင်တော့ အမှုတွေမြန်သွားနိုင်တာပေါ့။ ကျွန်တော်တို့လို လုပ်ငန်းငယ်တွေအတွက် ဥပဒေကြမ်းက ဘယ်လိုအထောက်အကူတွေ ပေးနိုင်မလဲဆိုတာကို သိပါရစေဆရာ။

ဦးမင်းမင်း ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားတဲ့ MSME နဲ့ ကုမ္ပဏီအဖြစ် မှတ်ပုံတင်မထားတဲ့ MSME ဆိုပြီး နှစ်မျိုးရှိတယ်။ ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားရင် စတင်လျှောက်ထားတဲ့အချိန်မှာ ကျပ်သိန်း (၁၀၀)ထက်မပိုတဲ့ကြွေးမြီ၊ ကုမ္ပဏီအဖြစ်မှတ်ပုံတင်မထားရင် စတင်လျှောက်ထားတဲ့ အချိန်မှာ ကျပ်(၁၀)သိန်းထက် ပိုတဲ့ကြွေးမြီကို မပေးနိုင်ရင် ဥပဒေကြမ်းအပိုင်း(၆)အရ ဆောင်ရွက်ရမှာဖြစ်တယ်။ ဒီငွေပမာဏတွေကိုတော့ ဥပဒေကြမ်းမှာ သတ်မှတ်ထားတာ မဟုတ်ဘဲ နည်းဥပဒေကြမ်းအရ သတ်မှတ်သွားမှာပါ။

ကိုချိုချို ဒါဆိုရင် ကုမ္ပဏီဖြစ်ရင်တောင် MSME နဲ့ သွားလို့ရတဲ့သဘောလားဆရာ။

ဦးမင်းမင်း ဟုတ်ပါတယ်။ ကုမ္ပဏီက ကျပ်သိန်း (၁၀၀) ထက်မပိုတဲ့အကြွေးတင်နေရင်တော့ MSME နဲ့သွားရမှာဖြစ်ပြီး ဒီငွေပမာဏထက်ပိုရင်တော့ အပိုင်း(၅) အရ ကုမ္ပဏီကယ်ဆယ်ခြင်းနှင့် ပြန်လည်ထူထောင်ရေးအရ သွားရမှာဖြစ်ပါတယ်။ အခြေခံသဘောတရားတူညီပေမယ့် MSME မှာ အဆင့်တွေလျှော့ထားပါတယ်။ အကြွေးနည်းတဲ့ကုမ္ပဏီအသေးလေးတွေအတွက် ပိုပြီးလွယ်ကူအောင်လုပ်ထားတာပါ။

ကိုချိုချို မှတ်ပုံမတင်ထားတဲ့ MSME မှာ ဘယ်လိုလုပ်ငန်းတွေ အကျုံးဝင်လဲဆရာ။

ဦးမင်းမင်း တစ်ဦးတည်းပိုင်ဆိုင်လုပ်ကိုင်နေတဲ့ စီးပွားရေးလုပ်ငန်းနဲ့ နှစ်ဦးနဲ့အထက်အစုစပ်လုပ်ကိုင်နေတဲ့ စီးပွားရေးလုပ်ငန်းတွေ ပါဝင်တယ်။ စီးပွားရေးလုပ်ငန်းမဟုတ်ရင်တော့ အပိုင်း (၈)မှာပါတဲ့ တစ်သီးပုဂ္ဂလလူမွဲခံခြင်းနဲ့ သက်ဆိုင်မှာဖြစ်တယ်။

ကိုချိုချို ကျွန်တော့်လုပ်ငန်းက မှတ်ပုံတင်မထားတဲ့စီးပွားရေးလုပ်ငန်းဆိုတော့ ကုမ္ပဏီအဖြစ် မှတ်ပုံတင်မထားတဲ့ MSME နဲ့ သက်ဆိုင်မှာပေါ့ ဆရာ။ မှတ်ပုံတင်တာနဲ့မတင်တာ ဘာကွာလဲဆရာ။

ဦးမင်းမင်း ဟုတ်ပါတယ်။ MSME နဲ့ ဆိုင်ပါတယ်။ မှတ်ပုံတင်တာနဲ့ မတင်တာကတော့ ကယ်ဆယ်ခြင်းနဲ့ ပြန်လည်ထူထောင်ခြင်း အဆင့်မှာ ကွာခြားတာမရှိပါဘူး။ ပြန်လည်ထူထောင်ခြင်းကို အောင်မြင်အောင် အကောင်အထည်မဖော်နိုင်တော့ဘူးဆိုမှသာ ကွာခြားသွားမှာပါ။ မှတ်ပုံတင်ထားရင်တော့ အပိုင်း(၇)အရ ကုမ္ပဏီတွေကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနည်းလမ်းနဲ့ ဆက်လက်ဆောင်ရွက်ရမှာဖြစ်ပြီး မှတ်ပုံတင်မထားရင်တော့ အပိုင်း(၈)အရ တစ်သီးပုဂ္ဂလလူမွဲခံခြင်းနဲ့ ဆက်လက်ဆောင်ရွက်ရမှာပါ။ ခင်ဗျားလုပ်ငန်းဆိုရင် အပိုင်း(၈)အရ သွားရမှာပေါ့။ ဒါပေမယ့် ခင်ဗျားလုပ်ငန်းက ရှေ့အလားအလာတွေအများကြီးရှိတော့ လူမွဲခံတဲ့အဆင့်အထိတော့ မရောက်နိုင်ဘူးလို့ ထင်ပါတယ်။

ကိုချိုချို ဒါဆိုရင်တော့ ဥပဒေမြန်မြန်ပေါ်လာပါစေလို့ ဆုတောင်းရတော့မှာပဲ။ ဒါမှ ကျွန်တော်တို့လို လမ်းကြောင်းပေါ်ရောက်ခါစလုပ်ငန်းတွေ ဒုက္ခရောက်ရင် ပြန်လည်ထူထောင်နိုင်မှာပါ။ ဘယ်က

စပြီး လုပ်ရမယ်ဆိုတာလည်း ရှင်းပြပေးပါဦး ဆရာ။

ဦးမင်းမင်း အပိုင်း(၃)ပါ အရည်အချင်းများနဲ့ပြည့်စုံတဲ့ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူကို ပြန်လည်ထူထောင်ရေးအကြံပေးအဖြစ် ခန့်အပ်တဲ့အကြောင်း စာပို့ရမယ်။ ဒါ့အပြင် ခင်ဗျားရဲ့မြီရှင်တွေက ဘယ်သူတွေဖြစ်တယ်၊ အကြွေးဘယ်လောက်ပေးဖို့ရှိတယ်။ ခင်ဗျားရဲ့လက်ရှိအခြေအနေက ဘယ်လိုရှိတယ် စတဲ့အချက်တွေကိုလည်း ပေးရမယ်။ သူက စုံစမ်းစစ်ဆေးမှုတွေပြုလုပ်ပြီး ခင်ဗျားရဲ့လုပ်ငန်းကို ကယ်နိုင်ခြင်း ရှိ မရှိ ခန့်မှန်းမယ်၊ ကယ်နိုင်တယ်လို့ထင်ရင် ခန့်အပ်ခြင်းကို သဘောတူညီကြောင်း စာပြန်ပို့ပေးရမယ်။ ဒါ့အပြင် အာမခံအကျိုးခံစားခွင့်ရမြီရှင်ကို အကြောင်းကြားပေးရမယ်။ ခင်ဗျားကိစ္စမှာဆိုရင်တော့ ဘဏ်ပေါ့။ ဘဏ်က ခင်ဗျားခန့်ထားတဲ့ ကျွမ်းကျင်သူကိုမကြိုက်ဘူးဆိုရင် အသစ်ခန့်နိုင်တယ်။

ကိုချိုချို အာမခံအကျိုးခံစားခွင့်ရမြီရှင်ဆိုတာ ဘာလဲဆရာ။

ဦးမင်းမင်း မြီစားက ငွေချေးယူတဲ့အခါ မြီစားပိုင်ပစ္စည်း ဒါမှမဟုတ် ပစ္စည်းအပေါ်အာမခံအကျိုးခံစားခွင့်တစ်ခုခုကို အပေါင်ထားပြီး ငွေချေးပေးတဲ့သူကို ခေါ်တာပါ။ ဥပမာအားဖြင့် မြီစားပိုင်မြေ၊ အဆောက်အဦ၊ စက်ရုံ စတာတွေကို အပေါင်ထားပြီး ငွေချေးရာမှာ ငွေချေးပေးတဲ့သူပေါ့။

ကိုချိုချို မြီရှင်ကကော ပြန်လည်ထူထောင်ရေးစလုပ်ဖို့ ကျွမ်းကျင်သူ ခန့်နိုင်သလား ဆရာ။

ဦးမင်းမင်း မခန့်နိုင်ဘူးဗျ။ MSME က စပြီးခန့်တဲ့သူကို မကြိုက်ရင်တော့ ပြောင်းလဲခန့်နိုင်တယ်။

ကိုချိုချို အကြံပေးက ဘယ်လိုကူညီပေးမှာလဲဆရာ။

ဦးမင်းမင်း ပြန်လည်ထူထောင်ခြင်းမှာ ကယ်ဆယ်ခြင်းနဲ့ အစီအစဉ်အဆင့်ဆိုပြီး အဆင့် (၂)ဆင့် ရှိတယ်။ ကယ်ဆယ်ခြင်းအဆင့်မှာ လုပ်ငန်းရဲ့ရှိရင်းစွဲပစ္စည်းတွေ၊ အလားအလာတွေ၊ ပေးရမယ့်အကြွေးတွေ စတဲ့ အခြေအနေအားလုံးကို ထည့်သွင်းစဉ်းစားပြီး ဘယ်လိုကယ်တင်နိုင်မလဲဆိုတဲ့ အဆိုပြုပြန်လည်ထူထောင်ရေးအစီအစဉ်ကို ရေးဆွဲပြီး မြီရှင်တွေကို တင်ပြရတယ်။ (၅၀) ရာခိုင်နှုန်းထက်ပို၍ မြီရှင်များက ကန့်ကွက်ခြင်းမရှိဘူးဆိုရင် အစီအစဉ်အတည်ဖြစ်မယ်။

ကိုချိုချို အစီအစဉ်အတည်ဖြစ်အောင် ဘယ်လောက်ကြာမလဲဆရာ။ အချိန်အရမ်းကြာသွားရင် လုပ်ငန်းဆက်လုပ်ဖို့အတွက် အခက်အခဲရှိနိုင်လို့ပါ။

ဦးမင်းမင်း ရက်သတ္တ (၁၀)ပတ်အတွင်း အတည်မပြုနိုင်ရင် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် ရပ်စဲသွားမှာပါ။ အပိုင်း(၅)အရ ကုမ္ပဏီပြန်လည်ထူထောင်ရေးအတွက် အစီအစဉ်ဆိုရင်တော့ (၃) လ သတ်မှတ်ထားတယ်။

ကိုချိုချို အစီအစဉ်ကို အတည်မပြုနိုင်ရင် ဒါမှမဟုတ် အတည်ပြုပြီးရင်ရော ဘာဆက်လုပ်ရမှာလဲ ဆရာ။

ဦးမင်းမင်း အစီအစဉ်အတည်မပြုနိုင်ရင်တော့ မှတ်ပုံတင်ထားတဲ့ MSME ဖြစ်ရင် အပိုင်း(၇) အရ ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းရမယ်၊ မှတ်ပုံတင်မထားတဲ့ MSME ဖြစ်ရင် အပိုင်း(၈)အရ တစ်သီးပုဂ္ဂလလူမွဲခံရမယ်။ အတည်ပြုပြီးရင် ပြန်လည်ထူထောင်ရေးအကြံပေးကို အစီအစဉ်ကြီးကြပ်သူအဖြစ် ပြောင်းလဲခန့်အပ်ပြီး အစီအစဉ်အတိုင်း အကောင်အထည်ဖော်သွားမှာပါ။

ကိုချိုချို တစ်သီးပုဂ္ဂလ လူမွဲခံခြင်းမှာကော ဒီလိုပြန်လည်ထူထောင်တဲ့အစီအစဉ်မျိုးရှိပါသလား ဆရာ။

ဦးမင်းမင်း ရှိပါတယ်။ ဒါပေမယ့် အခေါ်အဝေါ်ကတော့ ကွာသွားတယ်။ ပြန်လည်ထူထောင်ခြင်းလို့

မခေါ်တော့ဘဲ “မိမိဆန္ဒအလျောက် အစီအစဉ်များပြုလုပ်ခြင်း”လို့ ခေါ်ပါတယ်။ ဘယ်လို ပြန်လည်ထူထောင်မယ်ဆိုတာကို အစီအစဉ်ဆွဲပေးရတဲ့သဘောပေါ့။ ဒီမှာလည်း လူမွဲခံယူခြင်း ဆိုင်ရာ ကျွမ်းကျင်သူကို အစီအစဉ်ကြီးကြပ်သူအဖြစ်ခန့်ထားပြီး ဆက်လက်ဆောင်ရွက်ရမှာ ပါ။ ကုမ္ပဏီနဲ့ MSME ထက်တော့ တရားရုံးကြီးကြပ်မှုနည်းနည်းပိုတယ်။

ကိုချိုချို ဥပဒေကြမ်းတစ်ခုလုံးမှာ အခြားထူးခြားချက်တွေကော ရှိသေးလား ဆရာ။

ဦးမင်းမင်း ရှိတာပေါ့။ ဒီဥပဒေကြမ်းက Common Law စနစ်ကို အခြေခံပြီး ရေးဆွဲထားတာပါ။ ကျွန် တော်တို့နိုင်ငံကလည်း Common Law စနစ်ပါပဲ။ ဒီစနစ်ကို အင်္ဂလိပ်က သွတ်သွင်းပေးခဲ့ တာ။ ကမ္ဘာပေါ်မှာ ဒီစနစ်ကိုကျင့်သုံးတဲ့နိုင်ငံတွေက ခေတ်နဲ့အညီ ပြုပြင်ပြောင်းလဲမှုတစ်ချို့ လုပ်ခဲ့တယ်။ ကျွန်တော်တို့နိုင်ငံကတော့ မလုပ်ရသေးဘူး။ ဒီဥပဒေကြမ်းက နိုင်ငံတကာစံနဲ့ အညီ ပြဋ္ဌာန်းထားတာဆိုတော့ ဆန်းသစ်တဲ့အတွေးအခေါ်တွေ ပါလာတဲ့အတွက် ကျွန်တော်တို့ နိုင်ငံရဲ့စနစ်နဲ့ လိုက်လျောညီထွေမရှိသေးတဲ့ လုပ်ထုံးလုပ်နည်းတွေ၊ ပြဋ္ဌာန်းချက်တွေပါလာ တယ်။ ဒီကိစ္စတွေကိုတော့ လွှတ်တော်မှာ အသေးစိတ်ဆွေးနွေးဖို့လိုမယ်ထင်တယ်။

ကိုချိုချို ဥပမာတစ်ခုလောက်ပြောပြပါလား ဆရာ။

ဦးမင်းမင်း မြင်သာတာတစ်ခုကတော့ အစိုးရကိုပေးရမယ့် ဘဏ္ဍာငွေတွေ၊ အခွန်အခတွေကို တည်ဆဲ ဥပဒေတွေမှာ ဦးစားပေး ပေးချေရမယ်လို့ဆိုပေမယ့် ဒီဥပဒေကြမ်းမှာတော့ ဦးစားပေးမထား ဘူး။ လုံးဝကင်းလွတ်ခွင့်ပေးထားတာတော့ မဟုတ်ပေမယ့် ဦးစားပေး ပေးချေရမယ့်အထဲမှာ ထည့်မထားဘူး။ ဦးစားပေးရမယ့်ငွေတွေ ပေးပြီးလို့ ကျန်မှပေးရမယ်ဆိုတဲ့သဘောပေါ့။

ကိုချိုချို ကျွန်တော်သိသလောက်တော့ အစိုးရငွေဆိုတာ မဖြစ်မနေပေးရမယ်လို့ပဲ သိထားတာ ဆရာ။

ဦးမင်းမင်း မှန်ပါတယ်။ ဒီဥပဒေကြမ်းမှာတော့ ခြွင်းချက်ပေးထားတယ်။ နိုင်ငံတကာမှာလည်း အရင်က တော့ ဒီအယူအဆပါပဲ။ ပြောင်းလဲလာတဲ့ခေတ်နဲ့အညီ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းတွေဟာ အရေးကြီးတာကြောင့် အဲဒီလုပ်ငန်းတွေ ငွေကြေးအခက်အခဲဖြစ်လာ ရင် ကယ်ဆယ်ပေးရမယ်လို့ ယူဆလာကြတယ်။ ဒီလိုကယ်ဆယ်တဲ့အခါ အစိုးရဘဏ္ဍာငွေကို ဦးစားပေး ပေးချေရမယ်ဆိုရင် မြီရှင်တွေက ကယ်ဆယ်ရေးလုပ်ငန်းတွေကို လုပ်ကိုင်လိုတဲ့ ဆန္ဒမရှိနိုင်တော့ဘူး၊ စီးပွားရေးလုပ်ငန်းတွေ ပြန်လည်လည်ပတ်နိုင်မယ်ဆိုရင် အစိုးရအခွန်အခ တွေ ထပ်မံရရှိနိုင်တယ်။ ဒီလိုအယူအဆနဲ့ ဘဏ္ဍာငွေကို ဦးစားပေးအနေနဲ့ ခွင့်မပြုထားတာ လို့ ဆိုကြတယ်။

ကိုချိုချို ဥပဒေကတော့ ပြည့်လည်းပြည့်စုံတယ်။ ကောင်းလည်းကောင်းတယ်လို့ ထင်ပါတယ်။ ဒါပေမဲ့ ဥပဒေအမည်က လူမွဲခံယူခြင်းဆိုတော့ ခင်ဗျား ဘာအမှုဖြစ်နေတာလဲဆိုလို့ လူမွဲခံယူအမှုဖြစ် နေတာပါလို့ ပြောရတာ အဆင်မပြေပါဘူးဆရာ။ အဓိကက လူမွဲဖြစ်မယ့်အခြေအနေကို ကယ်တင်ပေးတာမဟုတ်ဘူးလား။ ကျွန်တော့်အထင်တော့ ဥပဒေရဲ့ရည်ရွယ်ချက်နဲ့ကိုက်ညီ မယ့် နာမည်ရွေးရမယ်ထင်တယ်။

ဦးမင်းမင်း ဟုတ်တယ်ဗျ။ ဥပဒေက အပြုသဘောဆောင်ပေမယ့် နာမည်က အပျက်သဘောဆောင်နေ တယ်။ ဒါကလည်း Insolvency ကို ဘာသာပြန်လိုက်တာဖြစ်မယ်ဗျ။ ဒီထက်ပိုကောင်းတဲ့နာမည် ပေးနိုင်ရင်တော့ ပိုကောင်းမယ်လို့ ကျွန်တော်လည်းထင်တာပဲ။

ကိုချိုချို — ကျေးဇူးပါပဲ ဆရာ။ ဆရာ့ဆီက ဥပဒေကြမ်းနဲ့ပတ်သက်တဲ့ ဗဟုသုတတွေ အများကြီးရခဲ့ပါတယ်။ နောင်ကို သိချင်တာလေးတွေရှိရင်လည်း လာမေးပါရစေ။

ဦးမင်းမင်း — အေးပါဗျာ။ ဒီဥပဒေကြမ်းက ကျွန်တော်တို့နိုင်ငံနဲ့ နည်းနည်းစိမ်းနေလို့ နားမလည်တာရှိရင် အချိန်မရွေးလာမေးနိုင်ပါတယ်။ ခင်ဗျားရဲ့လုပ်ဖော်ကိုင်ဖက်တွေကိုလည်း ဒီအကြောင်း ဝေမျှပေးလိုက်ပါဦး။

**ဂျူနီယာတုတ်ကလေး**

# နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ဖြင့် မှုခင်းစီမံခန့်ခွဲမှုစနစ်အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

**မျိုးကျော်အောင်(တရားရေး)**

**နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ဆိုတာ**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ **တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း(၂၀၁၈–၂၀၂၂) စာ–၁၁** မှာ "နိုင်ငံတစ်ဝှမ်းတရားရုံးများတွင် ရေးဆွဲထားသော CMP ကို သုံးနှစ်အတွင်း အဆင့်လိုက် အကောင်အထည်ဖော်ရန် စတင်ဆောင်ရွက်ခြင်း"လို့ ပါရှိပါတယ်။ **မှုခင်းစီမံခန့်ခွဲမှုစနစ်(Case Management System-CMS)** ကို တစ်နိုင်ငံလုံးက တရားရုံးတွေမှာ ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမယ့် အစီအစဉ်ဖြစ်လို့ **နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (National Case Management Prograrm-NCMP)** လို့ သုံးနှုန်းပါတယ်။

**ရှေ့ပြေးတရားရုံး(Pilot Court) (၈)ရုံးက စတင်ခဲ့**

တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း (၂၀၁၅–၂၀၁၇)ရဲ့ နယ်ပယ်(၅)ဖြစ်တဲ့ "အမှုများ စစ်ဆေးစီရင်ရာတွင် အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်မှု အားကောင်းလာစေရန်"ဆိုတဲ့ ရည်မှန်းချက်အောက်မှာ ရှေ့ပြေးစမ်းသပ်တရားရုံး(Pilot Court) ၃ ရုံးကို ရွေးချယ်သတ်မှတ်ပြီး အဲဒီရုံးတွေမှာ "အမှုသွားအမှုလာ စီမံခန့်ခွဲခြင်းစနစ် (Caseflow Management System)"ကို ၂၀၁၅–ခုနှစ်မှာ စတင်စမ်းသပ်ကျင့်သုံးခဲ့ပါတယ်။

"အမှုသွားအမှုလာ စီမံခန့်ခွဲခြင်းစနစ် (Caseflow Management System)"ဟာ အမေရိကန်နိုင်ငံမှာ ၁၉၇၀ ပြည့်နှစ်လောက်က စတင်ကျင့်သုံးခဲ့ပြီး ဥရောပနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံတွေမှာ လက်ခံကျင့်သုံးနေတဲ့စနစ်ဖြစ်ပါတယ်။ ဒီစနစ်ကို မြန်မာနိုင်ငံမှာ စမ်းသပ်ကျင့်သုံးရာမှာ လက်တွေ့ကျင့်သုံးနေတဲ့ တည်ဆဲကျင့်ထုံးဥပဒေတွေနှင့် ဆန့်ကျင်မှုမရှိရလေအောင် အမေရိကန်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအေဂျင်စီ(USAID-PRLP) အကူအညီနှင့် အမေရိကန်နိုင်ငံက ကျွမ်းကျင်သူပညာရှင်တွေ လာရောက်ပြီး ဆွေးနွေးမှုတွေ၊ လေ့လာမှုတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ အကြိမ်ကြိမ်ပြုလုပ်ပြီးမှ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှာ စတင်စမ်းသပ်ကျင့်သုံးခဲ့တာဖြစ်ပါတယ်။ ရှေ့ပြေးစမ်းသပ်တရားရုံး ၃ ရုံးရဲ့အောင်မြင်မှုရလဒ်တွေအရ ၂၀၁၆ ခုနှစ်မှာ နောက်ထပ်ရှေ့ပြေးစမ်းသပ်တရားရုံး (၅) ရုံးကို တိုးချဲ့ပြီး ဒီစနစ်ကို ဆက်လက်စမ်းသပ်ကျင့်သုံးခဲ့ပါတယ်။

ရှေ့ပြေးစမ်းသပ်တရားရုံးတွေမှာ ဒီစနစ်စတင်ကျင့်သုံးပြီး (၆)လတစ်ကြိမ် ဆန်းစစ်လေ့လာတိုင်းတာ

ခြင်း၊ (၁) နှစ်ပြည့်တဲ့အခါ တစ်ရုံးချင်းရလဒ်တွေကို ပြန်လည်တိုင်းတာဆန်းစစ်ပြီး တိုးတက်မှု၊ အောင်မြင်မှု ရှိ မရှိ အစီရင်ခံစာတွေ ထုတ်ပြန်ခြင်း စတာတွေကို USAID-PRLP က ကျွမ်းကျင်သူတွေအကူအညီနှင့် ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုတိုင်းတာဆန်းစစ်နိုင်ဖို့ စမ်းသပ်တရားရုံးအသီးသီးမှာ စနစ်သစ်ကို စမ်းသပ်ကျင့်သုံးခြင်းမပြုမီ ပကတိအနေအထားကို သိရှိနိုင်ဖို့ လေ့လာဆန်းစစ်မှုတွေ၊ စာရင်းကောက်ယူတာတွေ ကြိုတင်ပြုလုပ်ပြီး တရားရုံးတစ်ရုံးချင်းရဲ့ အခြေခံမျဉ်း(Base Line)ကို ရေးဆွဲရပါတယ်။ ဒီလိုရေးဆွဲထားတဲ့ အခြေခံမျဉ်းကနေ ရည်မှန်းချက်(Target)တွေကို သတ်မှတ်ပြီး တိုးတက်မှုရှိ မရှိကို ပေတံ (၅)ချောင်းနှင့် တိုင်းတာပါတယ်။ ဒီလိုတိုင်းတာဖို့ သတ်မှတ်ထားတဲ့ပေတံ (၅)ချောင်းကတော့–

(၁) ပြက္ခဒိန်နှစ်လိုက် အမှုပြီးပြတ်နှုန်း(Calender Clearance Rate)
(၂) စစ်ဆေးဆဲအမှုများ၏သက်တမ်း(Age of Pending Caseload)
(၃) တရားရုံးအသုံးပြုသူများ၏ ကျေနပ်မှုစစ်တမ်း(Court User Satisfaction)
(၄) အမှုရွှေ့ဆိုင်းမှုနှုန်း တိုင်းတာခြင်း (Postponement Rate)
(၅) အမှုအလိုက် အမှုကြားနာရန်ချိန်းဆိုသော ပျမ်းမျှရုံးချိန်းအရေအတွက် (Average Number of Hearing Schedule Per-Case) စတာတွေပဲဖြစ်ပါတယ်။

**တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း (၂၀၁၈–၂၀၂၂) စာ–၁၄** မှာ ဖော်ပြထားတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီတိုင်းတာမှုတွေမှာ အမှတ်စဉ်(၃)ပေတံဖြစ်တဲ့ တရားရုံးအသုံးပြုသူများ၏ ကျေနပ်မှုစစ်တမ်း (Court User Satisfaction)ဟာ တရားရုံးကို လာရောက်သူတွေရဲ့ လွတ်လပ်တဲ့စစ်တမ်းအဖြေလွှာတွေကနေ ရယူပြီး ကျန်တဲ့(၄)ခုကတော့ ကောက်ယူထားတဲ့ မှုခင်းစာရင်း၊ အမှုတွဲလေ့လာချက်တွေကနေ ရယူတိုင်းတာခြင်းဖြစ်ပါတယ်။

အမှုသွားအမှုလာစီမံခန့်ခွဲခြင်းစနစ်ကို တရားခွင်များမှာ ကျင့်သုံးတဲ့ တစ်ချိန်တည်းမှာပဲ Microsoft Excel ကိုသုံးပြီး မှုခင်းခြေရာခံစနစ် (Case Tracking Database System)နှင့် အမှုတစ်မှုချင်းအလိုက် ဆောင်ရွက်မှု၊ တိုးတက်မှုကို နေ့စဉ်နှင့်အမျှ မှတ်တမ်းတင်ခြင်း စတာတွေကိုလည်း ဆောင်ရွက်ရပါတယ်။ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လက ၂၀၁၈ ခုနှစ်၊ ဇွန်လကုန်အထိ ရှေ့ပြေးတရားရုံး (၈)ရုံးရဲ့ စစ်တမ်းများကောက်ယူခြင်း၊ နည်းပညာပံ့ပိုးကူညီခြင်း၊ ဆန်းစစ်တိုင်းတာခြင်း စတာတွေမှာ USAID-PRLP က ကျွမ်းကျင်သူဝန်ထမ်းတွေက တာဝန်ယူဆောင်ရွက်ပေးခဲ့ပါတယ်။

ရှေ့ပြေးတရားရုံးတွေမှာ နှစ်အလိုက် အကောင်ထည်ဖော်မှုတွေကို တိုင်းတာချက်တွေအရ အောင်မြင်မှုတွေ ရရှိခဲ့တယ်လို့ ယေဘူယျပြောနိုင်ပါတယ်။ ဘယ်ကဏ္ဍမှာ ဘယ်လောက်တိုးတက်တယ်၊ ဘယ်ကဏ္ဍက တိုးတက်မှုနှေးတယ် စတဲ့ အသေးစိတ်အချက်တွေကိုတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထုတ်ပြန်ထားပြီးဖြစ်တဲ့ တရားရုံးနှစ်စဉ်အစီရင်ခံစာ စာအုပ်တွေမှာ တွေ့နိုင်ပါတယ်။

ရှေ့ပြေးတရားရုံးတွေမှာ စမ်းသပ်အကောင်အထည်ဖော်ခဲ့စဉ်က အမှုသွားအမှုလာ စီမံခန့်ခွဲခြင်း (Caseflow Management)ဟု သုံးနှုန်းခဲ့သော်လည်း နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အရ ကျင့်သုံးဆောင်ရွက်တဲ့အခါမှာတော့ မှုခင်းစီမံခန့်ခွဲမှုစနစ်(Case Management System)လို့ ပြောင်းလဲခေါ်ဝေါ်သုံးစွဲသွားမှာဖြစ်ပါတယ်။

**မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ဖို့ လိုအပ်နေတဲ့အချက်တွေ**

ကိန်းဂဏန်းတွေနဲ့လက်ဆုပ်လက်ကိုင်ပြနိုင်ခဲ့တဲ့ ရှေ့ပြေးစမ်းသပ်တရားရုံးတွေရဲ့အောင်မြင်တိုးတက်မှုတွေဟာ ဒီစနစ်ကို တရားရုံးအားလုံးမှာ ကျင့်သုံးဆောင်ရွက်သွားသင့်တယ်ဆိုတဲ့ အခြေခံအကြောင်းတစ်ရပ်ဖြစ်ပါတယ်။ ဒီကိန်းဂဏန်းတွေဟာ ကျွန်တော်တို့ဘာသာရှာဖွေထားတဲ့ ကိန်းဂဏန်းတွေမဟုတ်ပါဘူး။ USAID-PRLP က ပညာရှင်တွေ စနစ်တကျသင်တန်းပေးထားတဲ့ ကျွမ်းကျင်ဝန်ထမ်းတွေက သတ်မှတ်တရားရုံးတွေမှာ လွတ်လပ်စွာ ဆန်းစစ်လေ့လာပြုစုထားတဲ့ ကိန်းဂဏန်းတွေ ဖြစ်ပါတယ်။

တရားရုံးတွေမှာ အမှုတွေစစ်ဆေးကြားနာတဲ့အခါ သက်သေမလာရောက်လို့၊ ရှေ့နေခွင့်တိုင်လို့၊ ဆင့်စာအတည်မဖြစ်လို့၊ တရားသူကြီးမအားလို့ . . . စတဲ့ အကြောင်းကြောင်းတွေကြောင့် အလွယ်တကူ ရုံးချိန်ရွှေ့ဆိုင်းမှုတွေကနေ ကြန့်ကြာမှုတွေဖြစ်လာတဲ့အတွက် တရားရုံးတွေအပေါ် ဝေဖန်သံတွေ ဆူဆူညံညံဖြစ်နေတာကို သတိပြုမိကြမှာပါ။ ဒီလိုဝေဖန်မှုတွေက တရားစီရင်ရေးအပေါ် ပြည်သူတွေယုံကြည်ကိုးစားမှု လျော့နည်းစေတဲ့အချက်တွေထဲက တစ်ချက်ဖြစ်ပါတယ်။ တရားရုံးတွေမှာ အမှုတွေကို မှန်မှန်နဲ့မြန်မြန် စစ်ဆေးစီရင်ပြီး အမှုသည်တွေအားလုံးအပေါ် အရည်အသွေးရှိတဲ့ ဝန်ဆောင်မှုတွေပေးနိုင်မှ တရားစီရင်ရေးအပေါ် ပြည်သူတွေရဲ့ ယုံကြည်ကိုးစားမှု မြင့်တက်လာမှာဖြစ်ပါတယ်။

မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်မှာ ကျင့်သုံးဆောင်ရွက်မယ့် မှုခင်းစီမံခန့်ခွဲမှုစနစ်ဟာ အမှုတွေမှာ ကြန့်ကြာရတဲ့အကြောင်းတရားတွေကို ကြိုတင်စီမံခန့်ခွဲနိုင်ဖို့နှင့် အမှုစစ်ဆေးနေစဉ်မှာ မည်သူ့ကြောင့် ကြန့်ကြာရတယ်၊ ဘာကြောင့် ကြန့်ကြာရတယ်ဆိုတာ ပြည်သူကို လက်ဆုပ်လက်ကိုင်ချပြနိုင်ဖို့ အမှုစစ်ဆေးခြင်းမှာ ဆက်စပ်ပါဝင်သူအသီးသီးရဲ့ တာဝန်ရှိမှုတွေကို စောင့်ကြည့်စာရင်းပြုစုပြီး ကိန်းဂဏန်းတွေနှင့် တွက်ချက်သနိုင်ဖို့ ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီလိုတွက်ချက်ပြသတဲ့အခါ တရားသူကြီး၊ တရားရုံးဝန်ထမ်းတွေရဲ့ ပျက်ကွက်မှုတွေကိုလည်း ရေတွက်မှာဖြစ်လို့ အားလုံးကို မျှမျှတတတိုင်းတာမယ့်စနစ်ဖြစ်ပါတယ်။ ဒါဟာ တရားစီရင်ရေးအပေါ် ပြည်သူတွေရဲ့ ယုံကြည်ကိုးစားမှုမြင့်တက်လာဖို့ ဆောင်ရွက်တဲ့လုပ်ငန်းစဉ်တစ်ခုလည်း ဖြစ်ပါတယ်။

တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း(၂၀၁၈–၂၀၂၂) ရဲ့ စာမျက်နှာ ၁၁ မှာ ဒီလိုရေးသားထားပါတယ်–

"အများပြည်သူက အမှုအခင်းများကို ဥပဒေနှင့်အညီ တရားမျှတ၍ အချိန်မီထိရောက်စွာ ဖြေရှင်းပေးသည့် တရားရုံးစနစ်တစ်ခုကို လိုလားပါသည်။ မြန်မာနိုင်ငံတစ်ဝှမ်းရှိ တရားရုံးများတွင် ရှေ့ပြေးတရားရုံးအစီအစဉ်၏ လတ်တလောအတွေ့အကြုံကို အခြေခံသည့် မှုခင်းစီမံခန့်ခွဲမှု နည်းလမ်းသစ်များကို ချမှတ်ဆောင်ရွက်သွားမည်ဖြစ်သည်။ ခေတ်မီနည်းပညာသုံး မှုခင်းစီမံခန့်ခွဲမှုစနစ် အထောက်အကူပြုသည့် ထိရောက်သော အမှုသွားအမှုလာစီမံခန့်ခွဲမှုနည်းစနစ်များသည် ကျူးလွန်ခံရသူများ၊ သက်သေများ၊ ရှေ့နေများနှင့် တရားရုံးဝန်ထမ်းများ၏ ဝန်ထုပ်ဝန်ပိုးကို လျော့နည်းစေနိုင်မည်ဖြစ်သည်။ ခေတ်မီမှုခင်းစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များက အမှုရွှေ့ဆိုင်းမှုကြောင့် ဖြစ်ပေါ်စေသည့် အချိန်ပြုန်းတီးမှုကို သိသာထင်ရှားစွာ လျော့ကျစေနိုင်မည်ဖြစ်သည်"

ဒီရေးသားဖော်ပြချက်အရ ခေတ်မီမှုခင်းစီမံခန့်ခွဲစနစ်ကို ဘာကြောင့် အကောင်အထည်ဖော်ဖို့ လိုအပ်နေတယ်ဆိုတာ မြင်တွေ့နိုင်မှာဖြစ်ပါတယ်။

နောက်တစ်ချက်က ကမ္ဘာ့ဘဏ်ရဲ့ "Doing Business (2018)" အညွှန်းကိန်းများအရ နိုင်ငံတွေကို

အဆင့်သတ်မှတ်ရာမှာ အရည်အသွေးရှိတဲ့ တရားစီရင်ရေးလိုအပ်ချက်ဖြစ်တဲ့ အမှုအခင်းများ ကြားနာစစ်ဆေးရာမှာ မှုခင်းစီမံခန့်ခွဲမှုစနစ်ရှိ မရှိနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းရှိမရှိဆိုတာ ထည့်သွင်းစဉ်းစားတဲ့အချက်တစ်ချက်အဖြစ် ပါဝင်နေတဲ့အတွက် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးမှာ တရားစီရင်ရေးကဏ္ဍရဲ့တာဝန်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းလည်းဖြစ်တဲ့အတွက် ဒီစနစ်ကို တရားရုံးအားလုံးမှာ ကျင့်သုံးဆောင်ရွက်ဖို့ လိုအပ်နေတာဖြစ်ပါတယ်။

## "မှုခင်းစီမံခန့်ခွဲမှု"ရဲ့ဖွင့်ဆိုချက်၊ ရည်ရွယ်ချက်နဲ့ အနှစ်သာရတွေ

"မှုခင်းစီမံခန့်ခွဲမှု"ဆိုတာ ရာဇဝတ်မှု၊ သို့မဟုတ် တရားမမှုတွေ စစ်ဆေးစီရင်ရာမှာ စံသတ်မှတ်ကာလအတွင်း ပြီးပြတ်စေရန် မှုခင်းစစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားရုံးက အမှုနှင့်သက်ဆိုင်တဲ့ တာဝန်ရှိသူတွေနှင့်ပူးပေါင်းပြီး နည်းပညာအထောက်အပံ့တွေနှင့် စဉ်ဆက်မပြတ် ကြီးကြပ်ကွပ်ကဲနိုင်ဖို့ စီစဉ်ဆောင်ရွက်ခြင်းကို ခေါ်ဆိုပါတယ်။

"မှုခင်းစီမံခန့်ခွဲမှုစနစ်"ကို ကျင့်သုံးရာမှာ အောက်ပါရည်မှန်းချက်ပန်းတိုင်တွေ ထားရှိပါတယ်–

(၁) မှုခင်းများတွင် အငြင်းပွားမှုများကို မျှတစွာဖြေရှင်းရန်

(၂) မှုခင်းများကို အချိန်နှင့်တစ်ပြေးညီစစ်ဆေးစီရင်နိုင်ရန်

(၃) အမှုလက်ကျန်များနှင့် ကြန့်ကြာနေသည့် မှုခင်းများလျှော့ချရန်

(၄) တရားရုံးများအပေါ် ပြည်သူလူထု၏ယုံကြည်စိတ်ချမှုကို မြှင့်တင်ရန်

ဒီရည်မှန်းချက်ပန်းတိုင်တွေရောက်နိုင်အောင် မှုခင်းစီမံခန့်ခွဲမှုစနစ်ကို ကျင့်သုံးဆောင်ရွက်ရာမှာ အလေးထားဆောင်ရွက်ရမယ့်အနှစ်သာရ (၆)ချက်ရှိပါတယ်။ ဒါတွေကတော့–

(၁) အမှုများ၏ အမှုအမျိုးအစားအပေါ်မူတည်ပြီး အမှု၏အဆင့်ဆင့် ဆောင်ရွက်မည့်ကာလ၊ အမှုတစ်မှုလုံး ပြီးပြတ်နိုင်မည့်ကာလကို အမှုသည်များက ကြိုတင်သိရှိနိုင်ခြင်း၊

(၂) အမှုတွင် ကြားနာစစ်ဆေးခြင်းမပြုလုပ်မီ အမှုသည်များ/ ရှေ့နေများအတွက် လုံလောက်သည့် ကြိုတင်ပြင်ဆင်ချိန်ပေးထားခြင်း၊

(၃) အမှုကို စဉ်ဆက်မပြတ် စစ်ဆေးစီရင်ခြင်း၊

(၄) ရုံးချိန်းပျက်ကွက်မည်ဆိုပါက တစ်ဖက်အမှုသည်သို့ ၃ ရက် ကြိုတင်အကြောင်းကြားရန် (ကောင်းမွန်လုံလောက်သည့်အကြောင်းရှိမှ ရုံးချိန်းရွှေ့ဆိုင်းခြင်းကို ခွင့်ပြုရန်)၊

(၅) သက်သေများကို နှစ်ဖက်အမှုသည်များ၊ ရှေ့နေများက တာဝန်ယူပြီး ရုံးချိန်းရက်တွင် ရုံးရှေ့သို့ ရောက်ရှိစေခြင်းနှင့်

(၆) ရုံးချိန်းတစ်ချိန်းတွင် တစ်ဦးထက်ပိုသောသက်သေများကို စစ်ဆေးခြင်းဖြင့် ရုံးချိန်းအရေအတွက် လျှော့ချခြင်း စသည်တို့ပဲဖြစ်ပါတယ်။

ဖော်ပြခဲ့တဲ့အနှစ်သာရတွေက ဒီစနစ်ရဲ့ မူဝါဒတွေဖြစ်လို့ ဒီအချက်တွေကို သေသေချာချာ အလေးဂရုပြုပြီး ကျင့်သုံးဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

## ကြိုတင်ဆောင်ရွက်ထားသင့်တဲ့ အချက်တွေ

ဒီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရမယ့် တရားရုံးဟာ အောက်ဖော်ပြပါအချက်တွေကို

ကြိုတင်စီမံဆောင်ရွက်ထားသင့်ပါတယ်–

(က) ဒီစနစ်က ကွန်ပျူတာနည်းပညာအကူအညီနဲ့ ဆောင်ရွက်ရတာမို့ မိမိတရားရုံးရဲ့ တရားခွင်တိုင်းမှာ ကွန်ပျူတာနှင့် ပရင်တာတွေကို တပ်ဆင်ထားပြီး တရားခွင်စာရေးများကလည်း ကျွမ်းကျွမ်းကျင်ကျင်အသုံးပြုနိုင်ဖို့ လိုအပ်ပါတယ်။ (ကွန်ပျူတာတွေကို သေသေချာချာ ထိန်းသိမ်းတတ်အောင်လည်း သင်ကြားပေးရပါမယ်၊ ကွန်ပျူတာပျက်သွားလို့ ရေးသွင်းထားတဲ့ Case Track Database တွေ ပျောက်သွားရင် ပြန်ရိုက်ဖို့ မလွယ်ကူပါဘူး)

(ခ) ဒီစနစ်မှာ အသုံးပြုမယ့် ပုံစံတွေကို ကွန်ပျူတာထဲမှာ ထည့်သွင်းထားပြီး အမှုသည်တွေကို အလွယ်တကူ ပရင့်ထုတ်ပေးနိုင်အောင် စီစဉ်ထားရပါမယ်။ (လက်ရှိမှာ PDF များနှင့် ဖြန့်ဝေထားတဲ့အတွက် ကြိုတင်ပရင့်ထုတ်ပြီး ပြင်ဆင်ထားရင် အချိန်ပိုသက်သာနိုင်ပါတယ်)

(ဂ) တရားရုံးစီမံဌာနက ကွန်ပျူတာမှာ Case Track Database Form ထည့်သွင်းထားပြီး လက်ကျန်အမှုတွေအားလုံး စာရင်းသွင်းထားရမှာဖြစ်ပါတယ်။

(ဃ) စီမံကိန်းစတဲ့ရက်ကစပြီး တက်လာသမျှအမှုတွေကို ရာဇဝတ်နှင့်တရားမအတွက် ခွဲခြားထားတဲ့ Case Track Database Form တွေမှာ နေ့စဉ်ဖြည့်သွင်းရပါမယ်။ ရေးသွင်းချက်အသီးသီးမှာ အမှုဆောင်ရွက်ချက်တွေဖြစ်တဲ့ "မှုခင်းစီမံခန့်ခွဲမှုအစည်းအဝေး (Case Management Conference-CMC)"ပြုလုပ်တဲ့နေ့၊ "အကြိုညှိနှိုင်းအစည်းအဝေး (Pre Trial Conference-PTC)"ပြုလုပ်တဲ့နေ့၊ "အပြီးသတ် အကြိုညှိနှိုင်းအစည်းအဝေး(Final Pre Trial Conference-FPTC)" ပြုလုပ်တဲ့နေ့၊ အမှုစီရင်ဆုံးဖြတ်သည့်နေ့ စတာတွေကို ပုံမှန်ဖြည့်သွင်းရပါမယ်။ ကျွမ်းကျင်ဝန်ထမ်းတစ်ဦးကိုလည်း သတ်သတ်မှတ်မှတ် တာဝန်ပေးအပ်ထားမယ်ဆိုရင် ပိုအဆင်ပြေနိုင်ပါတယ်။

(င) စီမံကိန်းမစမီ အကျိုးသက်ဆိုင်သူများအားလုံး (တရားစီရင်ရေးနှင့်ဆက်နွယ်နေသူတွေအားလုံး) ကို ဒီစနစ်အကြောင်း မိတ်ဆက်ရှင်းလင်းပွဲအသိပေးမှုတွေ၊ ကြော်ငြာသင်ပုန်းမှာ အများပြည်သူ သိရှိနိုင်အောင် ကြော်ငြာထားတာတွေ၊ တတ်နိုင်ရင် လက်ကမ်းစာစောင်တစ်ခု လွယ်လွယ်ကူကူ ပြုလုပ်ဖန်တီးပြီး ဖြန့်ဝေတာတွေ ပြုလုပ်ထားဖို့ လိုအပ်ပါတယ်၊ တရားခွင်မှာ ရောက်လာမယ့် သူတွေအားလုံး ဒီစနစ်အကြောင်း ကြိုတင်သိရှိထားကြမယ်ဆိုရင် တရားခွင်မှာ တရားသူကြီးက ရှင်းပြရတာတွေ သက်သာသွားပါလိမ့်မယ်။

(စ) ရုံးတွင်းမှာ ကော်မတီဖွဲ့ထားပြီး တာဝန်တွေ သေသေချာချာ ပေးအပ်ထားသင့်ပါတယ်။ ကော်မတီဟာ Case Track Database Form တွေ ပုံမှန်ဖြည့်သွင်းခြင်း ရှိမရှိ၊ တရားခွင်တွေမှာ သတ်မှတ်ပုံစံတွေ အမှုသည်တွေကို စနစ်တကျထုတ်ပေးမှုရှိမရှိ၊ "မှုခင်းစီမံခန့်ခွဲမှုအစည်းအဝေး (CMC)"၊ "အကြိုညှိနှိုင်းအစည်းအဝေး(PTC)"နှင့် "အပြီးသတ်အကြိုညှိနှိုင်းအစည်းအဝေး (FPTC)"တွေကို သတ်မှတ်နေ့၊ သတ်မှတ်အချိန်တွေမှာ စနစ်တကျ ဆောင်ရွက်ခြင်း ရှိမရှိ မှန်မှန်ကြီးကြပ်ပြီး စစ်ဆေးခြင်းတွေ၊ အစီရင်ခံစာ ရေးသားတင်ပြခြင်းတွေကို ပြုလုပ်သင့်ပါတယ်။

(ဆ) မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်မှာ အသုံးပြုရမယ့်စာရွက်စာတမ်းတွေ၊ ပုံစံတွေကို လုံလောက်အောင် စီစဉ်ထားသင့်ပါတယ်။ အချို့ပုံစံတွေက နှစ်ဖက်အမှုသည်တွေကို မိတ္တူတွေပေးရမယ့်အပြင်

အမှုတွဲမှာလည်း တွဲထားရမှာဖြစ်တဲ့အတွက် လုံလုံလောက်လောက်ပြင်ဆင်ထားသင့်ပါတယ်။ (ပုံစံတွေပေးခြင်းကလည်း တရားရုံးရဲ့ဆောင်ရွက်ချက်တွေကို အမှုသည်တွေသိရှိအောင် အထောက်အထားအဖြစ် ရည်ရွယ်တဲ့အပြင် ဒီစနစ်အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း စကားပြောစရာမလိုဘဲ သတင်းစကားဖြန့်ဝေပေးခြင်းလည်း ဖြစ်ပါတယ်)

(ဈ) မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်စတင်တာနဲ့ လက်ကျန်အမှုတွေကို ဦးစွာစီမံခန့်ခွဲရမှာဖြစ်ပါတယ်။ ပုံစံ(ဃ)ပေးပြီး "အကြိုညှိနှိုင်းအစည်းအဝေး(PTC)"နှင့် "အပြီးသတ်အကြိုညှိနှိုင်းအစည်းအဝေး (FPTC)"တွေကို ဆောင်ရွက်ရပါတယ်။ အမှုကို ရောက်ရှိတဲ့အဆင့်ကနေ စီမံခန့်ခွဲရမှာဖြစ်ပါတယ်။ အချိန်စံနှုန်းကို စနစ်စတင်တဲ့နေ့ရက်ကနေ စတင်ရေတွက်ပြီး အမှုအမျိုးအစားခွဲခြားခြင်း၊ စံသတ်မှတ်ချက် ကာလသတ်မှတ်ခြင်းတွေကို ဆောင်ရွက်သင့်ပါတယ်။

(ဍ) တရားခွင်အသီးသီးရဲ့မျက်နှာစာတွေမှာ ကျင့်သုံးမယ့်စနစ်အကြောင်း အကျဉ်းချုပ်၊ အသုံးပြုမယ့်ပုံစံတွေ၊ ညှိနှိုင်းအစည်းအဝေးပြုလုပ်မည့်နေ့ရက်နှင့်အချိန်တွေကို တရားခွင်အားလုံး ညီညီညာညာပြုလုပ်ပြီး သပ်သပ်ရပ်ရပ် ကြေညာထားသင့်ပါတယ်။ (တရားခွင်ရှေ့မျက်နှာစာကို ပုံဆိုးပန်းဆိုးဖြစ်လောက်အောင်လည်း ကပ်မထားသင့်ပါဘူး)

(ည) မိမိတရားရုံးမှာ ကြိုတင်စစ်တမ်းကောက်ယူစဉ်က တရားရုံးအသုံးပြုသူများ ကျေနပ်မှုစစ်တမ်း (Court User Satisfaction Survey-Q 10)မှာ ရရှိခဲ့တဲ့ ရလဒ်အဖြေတွေအရ မိမိတို့ကိုယ်တိုင် ပြုပြင်ပြင်ဆင်နိုင်တဲ့အချက်တွေကို ကြိုတင်ပြင်ဆင်သွားသင့်ပါတယ်။ (ဥပမာ–တရားရုံးဝန်ထမ်းများ ဆက်ဆံရေးမပြေပြစ်ကြောင်း ရေးသားထားသူတွေရှိပါက ရုံးဝန်ထမ်းများ ဆက်ဆံရေးပြေပြစ်အောင် လမ်းညွှန်ပြောကြားခြင်း၊ ဝန်ဆောင်မှုသင်တန်းပေးခြင်းတွေ ဆောင်ရွက်ရမှာပါ။ ဒါမှသာ နောက်တစ်ကြိမ်စစ်တမ်းကောက်တဲ့အခါ ရလဒ်ကောင်းမွန်လာမှာဖြစ်ပါတယ်)

(ဋ) ရုံးတွင်းပုံမှန်အစည်းအဝေးပြုလုပ်ဖို့၊ ၃ လတစ်ကြိမ် ဆက်စပ်အဖွဲ့အစည်းတွေနှင့် ဆွေးနွေးပွဲပြုလုပ်ဖို့၊ တရားသူကြီးအပြောင်းအလဲရှိတိုင်း စနေ၊ တနင်္ဂနွေနေ့ ရုံးအားရက်ကို ရွေးချယ်ပြီး ရုံးတွင်းဆင့်ပွားသင်တန်းတွေ ပြုလုပ်ပေးသင့်ပါတယ်။

လက်ရှိတရားစီရင်ရေးလုပ်ငန်းမှာ စိန်ခေါ်မှုတွေ များပြားလှပါတယ်။ ဦးဆောင်တရားသူကြီးတွေဖြစ်ကြတဲ့ ခရိုင်တရားသူကြီးနှင့် မြို့နယ်တရားသူကြီးများဟာ တရားစီရင်ရေးတာဝန်တွေအပြင် စီမံခန့်ခွဲရေးတာဝန်များပါ ဆောင်ရွက်ရတဲ့အတွက် ပိုပြီးအလုပ်များပြားလှပါတယ်။ ဒီလိုအခြေအနေမှာ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အရ ဆောင်ရွက်ရမယ့်ကိစ္စတွေက "ဗူးလေးရာဖရုံဆင့်"မဖြစ်ရလေအောင် လက်အောက်အရာရှိများက တာဝန်သိစိတ်အပြည့်နှင့် များပြားတဲ့တာဝန်တွေကို ကိုယ်စီမျှဝေယူပြီး မိမိတို့တတ်နိုင်သလောက် ဝိုင်းဝန်းဆောင်ရွက်ကြမှသာ ဒီစနစ်က အောင်မြင်မှုရရှိမှာဖြစ်ပါတယ်။

## မှုခင်းစီမံခန့်ခွဲတဲ့ အစည်းအဝေးတွေရဲ့ အခန်းကဏ္ဍ

မှုခင်းစီမံခန့်ခွဲမှုစနစ်ကျင့်သုံးရာမှာ လိုက်နာရမယ့်လုပ်ထုံးလုပ်နည်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ ၁/၈/၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၄၉/၂၀၁၈) နှင့် ထုတ်ပြန်လိုက်ပြီဖြစ်ပါတယ်။

ဒီအမိန့်ကြော်ငြာစာက မှုခင်းစီမံခန့်ခွဲမှုစနစ်မှာပါဝင်တဲ့ စကားအနက်ဖွင့်ဆိုချက်တွေ၊ လိုက်နာကျင့်သုံးရမယ့် လုပ်ထုံးလုပ်နည်းတွေကို အသေးစိတ်ညွှန်ကြားထားပါတယ်။ ဒါ့ကြောင့် လက်တွေ့အကောင်အထည်

ဖော်ကျင့်သုံးရာမှာ ပြောဆိုသင့်၊ ပြုမူဆောင်ရွက်သင့်တဲ့ အချက်အလက်တွေကို အကြံပြုဝေမျှလိုပါတယ်။

မှုခင်းစီမံခန့်ခွဲခြင်းစနစ်မှာ အမှုမစစ်ဆေးမီ အမှုသည်တွေ၊ ရှေ့နေတွေနှင့် ညှိနှိုင်းအစည်းအဝေးတွေ ပြုလုပ်ဆောင်ရွက်ခြင်းဟာ အရေးပါတဲ့အခန်းကဏ္ဍမှာ ပါဝင်ပါတယ်။ ညှိနှိုင်းအစည်းအဝေး(၃)မျိုး ရှိပြီး မှုခင်းစီမံခန့်ခွဲမှုအစည်းအဝေး၊ အကြိုညှိနှိုင်းအစည်းအဝေးနှင့် အပြီးသတ်အကြိုညှိနှိုင်းအစည်းအဝေး တွေပဲဖြစ်ပါတယ်။ ရာဇဝတ်မှုတွေမှာတော့ မှုခင်းစီမံခန့်ခွဲမှုအစည်းအဝေးနှင့် အပြီးသတ်အကြိုညှိနှိုင်း အစည်းအဝေးကိုသာ ပြုလုပ်ရမှာဖြစ်ပြီး တရားမမှာတော့ အစည်းအဝေး(၃)မျိုးလုံး ပြုလုပ်ရမှာဖြစ်ပါတယ်။

ဒီစကားလုံးတွေ၊ အခေါ်အဝေါ်တွေကို တရားသူကြီးက ရင်းနှီးကျွမ်းဝင်နေအောင် ကြိုပြီးလေ့ကျင့်ထားသင့်ပါတယ်။ ဒါမှသာ အစည်းအဝေးတွေ ဆောင်ရွက်ရာမှာ ချောချောမွေ့မွေ့ဖြစ်နိုင်မှာဖြစ်ပါတယ်။ စကားလုံးတွေက အင်္ဂလိပ်စကားလုံးကို မြန်မာမှုပြုထားတာမို့ ယှဉ်တွဲပြီးဖော်ပြထားတာပါ။ တရားခွင်မှာတော့ မြန်မာလိုပဲ သုံးသင့်ပါတယ်။

အမှုတွေမှာ နှစ်ဖက်အမှုသည်တွေစုံရင် မှုခင်းစီမံခန့်ခွဲမှုအစည်းအဝေးကျင်းပပြုလုပ်ဖို့အတွက် နှစ်ဖက်အမှုသည်ကို အသိပေးအကြောင်းကြားရပါတယ်။ ပုံစံ(က)ကို ပုံစံ(ခ)နှင့်တွဲပြီး နှစ်ဖက်လုံးကို ပေးရပါမယ်။ ပုံစံ(ခ)ကတော့ အမှုသည်များ ကြိုတင်ပြင်ဆင်ထားသင့်တဲ့အချက်တွေကို စာရင်းပြုစုထားတာပါ။ အမှုသည်တွေ ရှေ့နေတွေ ကြိုတင်ပြင်ဆင်ထားသင့်တဲ့အချက်တွေပါ။ အမှုသည်တွေအနေနဲ့ ပုံစံ(ခ)ပါအချက်တွေကို သေသေချာချာဖတ်ရှုပြီး မှုခင်းစီမံခန့်ခွဲမှုအစည်းအဝေးမှာ ပြောဆိုတင်ပြရမယ့်အချက်တွေကို ကြိုတင်ပြင်ဆင်ထားဖို့ လိုအပ်ကြောင်း တရားသူကြီးက သေသေချာချာရှင်းလင်းသတိပေးသင့်ပါတယ်။

ရဲအရေးပိုင်တဲ့ ရာဇဝတ်မှုတွေမှာ တရားလိုအတွက် ပုံစံ(က)နှင့် (ခ)ကို ဥပဒေအရာရှိကို ပေးရမှာဖြစ်ပါတယ်။ အချို့တရားသူကြီးတွေက ရဲစွဲအမှုတွေမှာ တရားခံရုံးရှေ့ရောက်ရင် ဥပဒေအရာရှိကိုမခေါ်ဘဲ ဆောင်ရွက်တာတွေရှိတတ်ပါတယ်။ ရဲအရေးပိုင်တဲ့အမှုတွေမှာ ရုံးချိန်းပေးတာကအစ ရုံးချိန်းတိုင်း တရားခွင်မှာ တရားလိုဘက်က လိုက်ပါဆောင်ရွက်တဲ့ ဥပဒေအရာရှိ ရှိနေဖို့လိုအပ်ပါတယ်။ မလာရင်လည်း မလာတဲ့အကြောင်း နေ့စဉ်မှတ်တမ်းမှာ ရေးသားရမှာဖြစ်ပါတယ်။

နောက်ရုံးချိန်းကတော့ မှုခင်းစီမံခန့်ခွဲမှုအစည်းအဝေးပြုလုပ်မယ့် နေ့ရက်ပါ။ အစည်းအဝေးပြုလုပ်မယ့်နေ့ရက်ကို ရုံးအလိုက် သီးခြားနေ့ရက်သတ်မှတ် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီလိုသတ်မှတ်ထားတဲ့အတွက် အမှုသည်တွေရော၊ ရှေ့နေတွေရော၊ ရုံးဝန်ထမ်းတွေပါ အဲဒီနေ့ရက်တွေမှာ မှုခင်းစီမံခန့်ခွဲမှုအစည်းအဝေးရှိတယ်၊ အကြိုညှိနှိုင်းအစည်းအဝေးရှိတယ် စသည်ဖြင့် ကြိုတင်သိရှိထားနိုင်ပြီး ရုံးတွင်းစီမံခန့်ခွဲရေးကိစ္စရပ်တွေမှာလည်း ပိုပြီးအဆင်ပြေလွယ်ကူနိုင်ပါတယ်။

အမှုတစ်မှုအတွက် အစည်းအဝေးကို (၁၅) မိနစ်အတွင်း ဆောင်ရွက်သင့်ပါတယ်။ ပြီးတော့ တရားခွင် မထိခိုက်အောင် နံနက် (၉)နာရီက (၁၀)နာရီအတွင်း ဆောင်ရွက်သင့်ပါတယ်။ ပုံစံတွေကို ကြိုတင်ပြင်ဆင်ထားရမှာပါ။ ဒါဆိုရင်တောင် တစ်ရက်မှာ အမှု (၄)(၅)မှုပဲ ပြီးနိုင်ပါတယ်။ တရားသူကြီးက အစည်းအဝေး၊ သင်တန်းတစ်ခုခုသွားရလို့ ချိန်းဆိုထားတဲ့ရက်မှာမရှိရင် အလုပ်တာဝန်လက်ခံတဲ့ တရားသူကြီးက သတ်မှတ်ထားတဲ့ကိစ္စကို ဆောင်ရွက်ပေးရမှာပါ။ ရည်ရွယ်ချက်ကတော့ တရားသူကြီးပျက်ကွက်လို့ အမှုသည်တွေက ဒီအတိုင်း ရုံးချိန်းယူပြီး ပြန်သွားရတာတွေကို မဖြစ်စေဖို့ ဂရုစိုက်ရမှာဖြစ်ပါတယ်။

မှုခင်းစီမံခန့်ခွဲမှုအစည်းအဝေးမှာ အမှုအမျိုးအစားခွဲခြားတာနှင့် အချိန်စံနှုန်းသတ်မှတ်တာတွေကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အမှုအမျိုးအစားသတ်မှတ်ရာမှာ (၁) အလျင်အမြန် (၂) ရိုးရှင်း (၃) ရှုပ်ထွေး

ဆိုပြီး ခွဲခြားပေးရမှာပါ။ အမှုအမျိုးအစားအလိုက် ပြီးပြတ်အောင် စစ်ဆေးရမယ့်ရက် (စံသတ်မှတ်ရက်) တွေက မတူညီနိုင်ပါဘူး။ ထုတ်ပြန်ထားတဲ့ လုပ်ထုံးလုပ်နည်းမှာ သတ်မှတ်ကာလတွေကို အသေးစိတ် ဖော်ပြထားပါတယ်။

အမှုအမျိုးအစားခွဲခြားရာမှာ တရားသူကြီးကသာ ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ဒါကလည်း အမှုတစ်မှုကို လက်ခံရရှိသည်ကစပြီး စီရင်ဆုံးဖြတ်သည်အထိ နှောင့်နှေးကြန့်ကြာစေမယ့်ကိစ္စတွေ ဖယ်ရှားပြီး မှန်မှန်နှင့်မြန်မြန် ခရီးနှင်ရမယ့်ခရီးမှာ တရားသူကြီးက အဓိကဦးဆောင်မောင်းနှင်သူ(Driver)တစ်ဦးဖြစ်နေလို့ပါပဲ။ ဒါကြောင့် အမှုမှာ ဆုံးဖြတ်ရမယ့်ဥပဒေပြဿနာ၊ သက်သေဦးရေ၊ သက်သေခံစာရွက်စာတမ်းများစတဲ့ အချက်တွေကို နှစ်ဖက်အမှုသည်တွေနှင့် ဆွေးနွေးမေးမြန်းပြီး တရားသူကြီးက ကိုယ်တိုင်ဆုံးဖြတ်သတ်မှတ်ရမှာဖြစ်ပါတယ်။

အမှုအမျိုးအစားခွဲခြားပြီးတာနှင့် အချိန်စံနှုန်းတွေကို သတ်မှတ်ပြီး ရာဇဝတ်မှုတွေမှာ အမှုစတင်ကြားနာမယ့်ရက်၊ စွဲချက်မိန့်ချမှတ်မည့်နေ့၊ အပြီးသတ်လျှောက်လဲချက်ကြားနာမည့်နေ့၊ စီရင်ချက်ချမှတ်မယ့်နေ့တွေကို သတ်မှတ်ပေးရပါမယ်။ တရားမမှုတွေမှာလည်း ငြင်းချက်ထုတ်မယ့်နေ့၊ အမှုစတင်ကြားနာစစ်ဆေးမယ့်နေ့၊ အပြီးသတ်လျှောက်လဲချက် ကြားနာမယ့်နေ့၊ စီရင်ချက်ချမှတ်မယ့်နေ့တွေကို သတ်မှတ်ပေးရပါမယ်။ ဒီလိုသတ်မှတ်ပေးတဲ့အတွက် အမှုသည်တွေအနေနဲ့ သူတို့အမှုပြီးပြတ်နိုင်မယ့် ခန့်မှန်းနေ့ရက်ကို ကြိုတင်သိရှိစေနိုင်မှာဖြစ်ပါတယ်။ တရားခွင်ပေါ်မှာ တစ်ထိုင်တည်း သတ်မှတ်ပေးနိုင်ဖို့ တရားသူကြီးဟာ အမှုအမျိုးအစားအလိုက်၊ အမှုရဲ့အဆင့်အလိုက် စံသတ်မှတ်ချက်တွေကို ကျေကျေညက်ညက် သိရှိထားဖို့လိုအပ်ပါတယ်။ လွယ်ကူအောင် တရားခွင်မှာ (၁၂) လ တစ်မျက်နှာဖော်ပြထားတဲ့ ပြက္ခဒိန်ကို အဆင်သင့်ထားရှိသင့်ပါတယ်။

ဒီနေရာမှာ မှုခင်းစီမံခန့်ခွဲတဲ့ တရားသူကြီးသတိပြုသင့်တဲ့ အချက်တစ်ချက်ကို တင်ပြလိုပါတယ်။ ဝရမ်းမှုစစ်ဆေးနည်းနဲ့ စစ်ဆေးတဲ့ရာဇဝတ်မှုတွေမှာ တရားလိုပြသက်သေ မစစ်ဆေးမီ စွဲချက်မိန့် ချမှတ်မယ့်နေ့၊ အပြီးသတ်အမိန့်ချမှတ်မယ့်နေ့တွေကို ကြိုတင်သတ်မှတ်ပေးတဲ့အတွက် တရားခံက သူ့ကိုစွဲချက်တင်မယ့်သဘော ကြိုတင်ပြောဆိုလိုက်တယ်လို့ လွဲမှားယူဆနိုင်ပါတယ်။ တကယ်တော့ အမှုမှာ ကျင့်ထုံးဥပဒေအရ ဆောင်ရွက်မယ့်အစီအစဉ်၊ လုပ်ထုံးလုပ်နည်းတွေကိုရှင်းပြပြီး သတ်မှတ်ချက်တွေကလည်း ကြိုတင်လျာထားချက်တွေသာဖြစ်လို့ သတ်မှတ်လျာထားချက်အတွင်း ပြီးပြတ်အောင်ဆောင်ရွက်နိုင်ဖို့ အမှုမှာ ပါဝင်သက်ဆိုင်သူတွေအားလုံး မိမိတာဝန် မိမိကျေပွန်ဖို့လိုအပ်ကြောင်း ရှင်းပြရမှာဖြစ်ပါတယ်။ သတ်မှတ်ရက်အတွင်း ပြီးပြတ်ဆောင်ရွက်နိုင်ခြင်းမရှိရင် ဘာကြောင့် ကြန့်ကြာရတယ်။ ဘယ်သူကြောင့် ကြန့်ကြာရတယ်ဆိုတာကို အဖြေထုတ်ပြမှာဖြစ်ကြောင်း၊ ဒီလိုအဖြေထုတ်နိုင်ဖို့လည်း မှုခင်းခြေရာခံစနစ်(Case Tracking Database System)နှင့် စောင့်ကြည့်သွားမှာဖြစ်ကြောင်း သေသေချာချာရှင်းပြဖို့ လိုအပ်ပါတယ်။ စွဲချက်အဆင့်မှာ 'စွဲချက်တင်မယ်'ဆိုတဲ့ အသုံးအနှုန်းကို သတိပြုရှောင်ရှားသင့်ပါတယ်။ 'စွဲချက်မိန့်ချမှတ်မယ်'လို့သာ သုံးနှုန်းသင့်ပါတယ်။ မှုခင်းစီမံခန့်ခွဲမှုအစည်းအဝေးပြုလုပ်ရာမှာ ရာဇဝတ်မှုအတွက် ပုံစံ (ဂ–၁)၊ တရားမမှုအတွက် ပုံစံ(ဂ–၂)၊ တရားမမှုအတွက် ပုံစံ(ဂ–၂)နဲ့ မှတ်တမ်းတင်ရမှာဖြစ်ပါတယ်။

မှုခင်းစီမံခန့်ခွဲမှုအစည်းအဝေးဆောင်ရွက်ပြီး အမှုသည်တွေအတွက် ပြင်ဆင်ချိန်လုံလောက်အောင် ပေးရမှာဖြစ်ပါတယ်။ ရီမန်မှုတွေမှာ ပြင်ဆင်ချိန်ကို ရီမန်ပေးတဲ့ရက်နှင့် ချင့်ချိန်ပေးရလေ့ရှိပြီး ခံဝန်မှုတွေ၊ တရားမမှုတွေကတော့ ပြင်ဆင်ချိန် လုံလုံလောက်လောက် ပေးနိုင်ပါတယ်။ ဒီစနစ်ရဲ့အနှစ်သာရကတော့

အမှုသည်တွေအတွက် ပြင်ဆင်ချိန် လုံလုံလောက်လောက်ပေးပြီး အမှုအတွက် အသင့်ဖြစ်တဲ့အခါ အကြောင်းမဲ့ ရွှေ့ဆိုင်းခြင်းမပြုဘဲ စဉ်ဆက်မပြတ် စစ်ဆေးသွားခြင်းပဲဖြစ်ပါတယ်။

မှုခင်းစီမံခန့်ခွဲမှုအစည်းအဝေးပြုလုပ်ပြီး နောက်ရုံးချိန်းက အကြိုညှိနှိုင်းအစည်းအဝေး သို့မဟုတ် အပြီးသတ်အကြိုညှိနှိုင်းအစည်းအဝေးကျင်းပဖို့ ရုံးချိန်းဖြစ်ပါတယ်။ အကြိုညှိနှိုင်းအစည်းအဝေးကတော့ တရားမမှုတွေမှာသာ ဆောင်ရွက်ရပြီး တရားပြိုင်က ချေလွှာမတင်မီ တင်ပြလျှောက်ထားချက်တွေကို အချိန်ကန့်သတ်ဆောင်ရွက်နိုင်ဖို့ပါ။ မှုခင်းစီမံခန့်ခွဲမှုအစည်းအဝေးအဆင့်မှာ တရားပြိုင်က ချေလွှာပါလာပြီးဖြစ်ရင် အကြိုညှိနှိုင်းအစည်းအဝေးပြုလုပ်ဖို့မလိုအပ်ဘဲ ငြင်းချက်ထုတ်တဲ့အဆင့်ကို သွားလို့ရပါတယ်။ ဒီတော့ အပြီးသတ်အကြိုညှိနှိုင်းအစည်းအဝေးကို ဆက်လက်ဆောင်ရွက်လို့ရပါတယ်။ အပြီးသတ်အကြိုညှိနှိုင်းအစည်းအဝေးမှာတော့ သက်သေခံချက် တင်သွင်းမယ့်ကိစ္စတွေ၊ သက်သေစစ်ဆေးမယ့်ကိစ္စတွေ အသေးစိတ်စီစဉ်သတ်မှတ်ရပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ နှစ်ဖက်အမှုသည်တွေ အဆင်ပြေမယ့်နေ့ရက်တွေကို နှစ်ဖက်သဘောတူသတ်မှတ်ပြီး မှတ်တမ်းမှာ အားလုံးလက်မှတ်ရေးထိုးကြရမှာဖြစ်ပါတယ်။ ဒါကလည်း အမှုကိုသတ်မှတ်ချက်တွေအတိုင်း ဆောင်ရွက်နိုင်အောင် တာဝန်ရှိသူ/သက်ဆိုင်သူအားလုံးက တာဝန်ကျေပွန်အောင် ဆောင်ရွက်ဖို့ ကတိကဝတ်ပြုကြခြင်းပဲဖြစ်ပါတယ်။ ရာဇဝတ်မှုအတွက် အပြီးသတ်အကြိုညှိနှိုင်းအစည်းအဝေးမှတ်တမ်းကို ပုံစံ(ဃ–၁)နှင့် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ တရားမမှုတွေမှာတော့ အကြိုညှိနှိုင်းအစည်းအဝေးအတွက်ကတော့ ပုံစံ(ဃ–၂) ပထမပိုင်းနှင့် ဆောင်ရွက်ရမှာဖြစ်ပြီး အပြီးသတ်အကြိုညှိနှိုင်းအစည်းအဝေးမှတ်တမ်းကို ပုံစံ(ဃ–၂) ဒုတိယပိုင်းနှင့် မှတ်တမ်းတင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

အစည်းအဝေးမှတ်တမ်းတွေမှာ အမှုသည်တွေ၊ နှစ်ဖက်ရှေ့နေတွေရော တရားသူကြီးကပါ လက်မှတ်ရေးထိုးဖို့ သတ်မှတ်ထားပါတယ်။ ဒီနေရာမှာ အမှုသည်တွေကဖြစ်စေ၊ ရှေ့နေတွေကဖြစ်စေ လက်မှတ်ထိုးဖို့ ငြင်းဆိုတာတွေ တွေ့နိုင်ပါတယ်။ ဒီလိုအခြေအနေမှာ လက်မှတ်ထိုးခြင်းဟာ အစည်းအဝေးဆောင်ရွက်ချက်ကို မိမိသိရှိကြောင်း၊ မိမိတာဝန်ရှိမှုကို မိမိကိုယ်တိုင်ရှိနေပြီးသိရှိကြောင်း ကတိကဝတ်ပြုလက်မှတ်ထိုးခြင်းသာဖြစ်ကြောင်း၊ ပျက်ကွက်မှုအတွက် အမှုကို ကျင့်ထုံးဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်ကြောင်း တရားသူကြီးက သေသေချာချာရှင်းပြသင့်ပါတယ်။ လက်မှတ်ထိုးရန် ဆက်လက်ငြင်းဆိုနေရင် ဘာကြောင့် လက်မှတ်မထိုးနိုင်တာကို မေးမြန်းမှတ်တမ်းတင်ထားရမှာဖြစ်ပါတယ်။

အခြားနိုင်ငံတွေမှာတော့ ဒီလိုမျိုးတရားရုံးရဲ့ဆောင်ရွက်ချက်တွေက အမိန့်တွေဖြစ်လို့ မလိုက်နာရင် ချက်ချင်းအရေးယူနိုင်တဲ့ ပြဋ္ဌာန်းချက်တွေရှိပါတယ်။ စင်ကာပူနိုင်ငံမှာ အကြိုညှိနှိုင်းအစည်းအဝေးမှာ အမှုသည်ပျက်ကွက်ရင် အမှုကို တစ်ဖက်သတ်စီရင်ဆောင်ရွက်နိုင်တဲ့ ပြဋ္ဌာန်းချက်ရှိသလို အမေရိကန်နိုင်ငံမှာလည်း ပျက်ကွက်တဲ့ဘက်ကို အရေးယူနိုင်တဲ့ ပြဋ္ဌာန်းချက်တွေ ရှိတယ်လို့ သိရပါတယ်။

မှုခင်းစီမံခန့်ခွဲခြင်းဆောင်ရွက်တဲ့ အစည်းအဝေးတွေမှာ တရားသူကြီးတစ်ယောက် အလေးဂရုပြုဆောင်ရွက်သင့်တဲ့အချက်တွေကိုလည်း အကြံပြုတင်ပြပါရစေ။ ရာဇဝတ်မှုတွေမှာ တရားသူကြီးတစ်ယောက်ရဲ့ အဓိကကျတဲ့တာဝန်တစ်ရပ်က အမှန်တကယ်ပြစ်မှုကျူးလွန်သူကို ထိုက်သင့်တဲ့ပြစ်ဒဏ်ပေးနိုင်ဖို့နှင့် ပြစ်မှုကျူးလွန်ကြောင်း သံသယကင်းရှင်းစွာ ပေါ်ပေါက်ခြင်းမရှိသူကိုလည်း အမှုကနေ ပယောဂကင်းကင်းနှင့် လွှတ်ရမှာဖြစ်ပါတယ်။ နောက်တစ်ချက်က ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ဆောင်ရွက်ကြောင်း အများကလက်ခံယုံကြည်အောင် ပွင့်လင်းမြင်သာစွာ၊ ကျိုးကြောင်းခိုင်လုံစွာ စီရင်ဆုံးဖြတ်ဖို့ပါ။

တရားသူကြီးတစ်ယောက်ရဲ့ နောက်ထပ်အဓိကအရေးကြီးတဲ့ တာဝန်တစ်ရပ်ကတော့ ဖွဲ့စည်းပုံ

အခြေခံဥပဒေက ပေးအပ်ထားတဲ့ နိုင်ငံသားတစ်ယောက်ရဲ့ အခြေခံအခွင့်အရေးတွေကို ကာကွယ်ပေးနိုင်ဖို့ ပဲဖြစ်ပါတယ်။ စွပ်စွဲခံရသူတစ်ဦးကို ဥပဒေနှင့်အညီ ခုခံချေပခွင့်ရှိကြောင်း၊ ရှေ့နေဖြင့် ထုချေနိုင်ကြောင်း၊ အာမခံလျှောက်ထားနိုင်ကြောင်း ရှင်းလင်းပြောပြပေးဖို့ တာဝန်ရှိတာပဲဖြစ်ပါတယ်။ အဓိကကတော့ စွပ်စွဲခံရသူအပေါ် စွဲဆိုထားတဲ့ ပြစ်မှုအကြောင်း၊ စွပ်စွဲချက်၊ စစ်ဆေးဆောင်ရွက်မယ့် တရားရုံးလုပ်ထုံးလုပ်နည်းတွေကို စွပ်စွဲခံရသူနားလည်သဘောပေါက်အောင် ရှင်းပြဖို့လည်း တာဝန်ရှိပါတယ်။ ဒါ့ကြောင့် မှုခင်းစီမံခန့်ခွဲမှု အစည်းအဝေးတွေဟာ သတ်မှတ်ပုံစံတွေကို ဖြည့်စွက်ပြီး ရုံးချိန်းပေးရုံပေးတဲ့ ပုံစံခွက်ထဲက အစည်းအဝေးမျိုးမျှသာမဟုတ်ဘဲ ဆိုခဲ့တဲ့အကြောင်းအရာတွေကို သေသေချာချာ ရှင်းလင်းပြောကြားခြင်း၊ မှုခင်းစီမံခန့်ခွဲခြင်းစနစ်ရဲ့ အနှစ်သာရတွေ၊ ရည်ရွယ်ချက်တွေကို တိုတိုနှင့်လိုရင်းကို ရှင်းလင်းပြောကြားပြီး နှစ်ဖက်အမှုသည်တွေကိုလည်း မေးမြန်းခွင့်တင်ပြခွင့်ပေးတဲ့ အသက်ဝင်တဲ့ အစည်းအဝေးမျိုးဖြစ်အောင် ဆောင်ရွက်သင့်ပါတယ်။

## အရေးပါတဲ့ပုံစံတွေ

မှုခင်းစီမံခန့်ခွဲမှုစနစ်မှာ ပုံစံ(င)နဲ့ ပုံစံ(စ)တွေကလည်း အရေးပါတဲ့ပုံစံတွေ ဖြစ်ပါတယ်။ ပုံစံ(င) ကတော့ 'စဉ်ဆက်မပြတ် စစ်ဆေးရန် ချိန်းဆိုထားရာ ပျက်ကွက်မှုအတွက်ပုံစံ' ဖြစ်ပါတယ်။ မှုခင်းစီမံခန့်ခွဲမှုစနစ်ရဲ့ အဓိကအနှစ်သာရက အပြီးသတ်အကြိုညှိနှိုင်းအစည်းအဝေးမှာ ကြိုတင်သတ်မှတ်ထားတဲ့အတိုင်း စဉ်ဆက်မပြတ်စစ်ဆေးသွားဖို့ဖြစ်ပါတယ်။ ဒီလိုစစ်ဆေးနိုင်ဖို့ အကြောင်းမဲ့ ရုံးချိန်းပေးခြင်းမျိုးကို ရှောင်ကြဉ်ရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် အမှုသည်တွေ၊ ရှေ့နေတွေက ကျန်းမာရေးကိစ္စလို အရေးပေါ်ဖြစ်ပျက်တဲ့ကိစ္စမျိုးရှိနိုင်တာကြောင့် ပေါ်ပေါက်လာလို့ ပျက်ကွက်မယ်ဆိုရင် ပျက်ကွက်မယ့်အမှုသည်က တစ်ဖက်အမှုသည်ကိုရော တရားရုံးကိုပါ ကြိုတင်အကြောင်းကြားဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါပေမဲ့ ဒီလိုပျက်ကွက်မှုမျိုးမှာ တရားရုံးကို လာရောက်ဖို့ ကင်းလွတ်ခွင့်ရတာမျိုးတော့ မဟုတ်ပါဘူး။ ရှေ့နေမလာရောက်နိုင်ရင် အမှုသည်လာတာမျိုး၊ ကိုယ်စားရှေ့နေတစ်ဦးဦး လာရောက်တာမျိုး ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

ပုံစံ(စ)ကတော့ "နောင်ဆောင်ရွက်ရန် ကိစ္စများအတွက် ချိန်းဆိုသည့်ပုံစံ" ဖြစ်ပါတယ်။ ဒီပုံစံကတော့ တရားရုံးက ဒီနေ့ရုံးချိန်းမှာ ဘာတွေဆောင်ရွက်တယ်၊ နောက်ရုံးချိန်းမှာ ဘာတွေဆောင်ရွက်မယ်ဆိုတာ အမှုသည်တွေကို ရုံးချိန်းရက်တိုင်း ပေးရတဲ့ပုံစံဖြစ်ပါတယ်။ ဒီပုံစံတွေ မှန်မှန်ပေးတာက အမှုသည်တွေအနေနဲ့ တရားရုံးရဲ့ဆောင်ရွက်ချက်တွေကို သေသေချာချာနားလည်သိရှိပြီး နောင်ရုံးချိန်းအတွက် ကြိုတင်ပြင်ဆင်ရမယ့် အချက်တွေကိုလည်း ပြင်ဆင်ဆောင်ရွက်ဖို့ ကြိုတင်သတိပေးရာရောက်တဲ့အတွက် ရုံးချိန်းသေချာမှုအတွက် အရေးပါတဲ့ပုံစံဖြစ်ပါတယ်။

## ခေါင်းဆောင်တစ်ဦးအတွက် ရုံးတွင်းစိန်ခေါ်မှုတွေ

မှုခင်းစီမံခန့်ခွဲမှုစနစ်ကို ကျင့်သုံးအကောင်အထည်ဖော်မယ့် တရားရုံးတွေရဲ့ဦးဆောင်သူ (Leader) ဒါမှမဟုတ် မောင်းနှင်သူ(Driver )တွေဖြစ်ကြတဲ့ မြို့နယ်တရားသူကြီးတွေနှင့် ခရိုင်တရားသူကြီးတွေက တရားစီရင်ရေးတာဝန်တွေအပြင် တရားရုံးစီမံခန့်ခွဲရေးတာဝန်များပါ ပူးတွဲထမ်းဆောင်ရတဲ့အတွက် မှုခင်းစီမံခန့်ခွဲမှုစနစ်ကို ကျင့်သုံးရာမှာ တာဝန်တွေပိုမိုများပြားလာပြီး ဒီစနစ်အကောင်အထည်ဖော်ရတဲ့တာဝန်တွေက ကြီးမားတဲ့စိန်ခေါ်မှုတွေအဖြစ် ရှိနေနိုင်ပါတယ်။ ဒီစိန်ခေါ်မှုတွေကို စနစ်တကျ ကိုင်တွယ်ဖြေရှင်းနိုင်ခြင်း

မရှိရင်လည်း ဒီစနစ်က အောင်မြင်မှာ မဟုတ်ပါဘူး။

မိမိလက်အောက်က တရားသူကြီးတွေက ဒီစနစ်ကို စိတ်ဝင်တစားနှင့် လေ့လာသင်ယူမှတ်သားပြီး တိတိကျကျလိုက်နာဆောင်ရွက်တဲ့သူ ရာခိုင်နှုန်းဘယ်လောက်ရှိနေသလဲ၊ နောက်လိုက်တွေထဲမှာ နောက်က လိုက်ပါလာသူတွေ၊ ဘေးတိုက်လိုက်ပါလာသူတွေ၊ ကန့်လန့်တိုက်သူတွေကို ဘယ်လိုဦးဆောင်ရမလဲ၊ အလုပ် ပမာဏနှင့် လူအင်အားမမျှတမှုတွေကို ဘယ်လိုဖြေရှင်းမလဲ၊ ဒီစနစ်အောင်မြင်ဖို့ လုပ်ဆောင်ရမယ့် လုပ်ငန်း တွေကို ဘယ်သူတွေက တာဝန်သိစိတ်နှင့် ဝိုင်းဝန်းကူညီဆောင်ရွက်မလဲ၊ ကော်မတီဖွဲ့စည်းပြီး တာဝန်ပေး အပ်ထားပေမယ့် မပြတ်စောင့်ကြပ်ကြည့်ရှုတာမလုပ်နိုင်ရင် တာဝန်တွေက စာရွက်ထဲမှာပဲ ဒီအတိုင်း ရှိနေ တတ်တာတွေ၊ တရားခွင်အသီးသီးမှာရှိတဲ့ ကွန်ပျူတာတွေနှင့် ဝန်ထမ်းတွေက ရင်းနှီးကျွမ်းဝင်အသားကျမှု မရှိနိုင်သေးတာ၊ ဝန်ထမ်းအများစုက သာမန်လုပ်ငန်းတာဝန်တွေအပြင် ပြောင်းလဲတီထွင်ကြံဆလုပ်ကိုင်ရ မှာကို ဝန်လေးနေးဖင့်နေမှုတွေ၊ စနစ်သစ်နဲ့အသားမကျသေးမီ တစ်ရုံးတစ်ထုံးဆောင်ရွက်လိုသူတွေရဲ့ ဆင်ခြေ ဆင်လက်တွေနှင့် လမ်းချော်နေသူတွေ၊ သတ်မှတ်ပုံစံတွေ ပရင့်ထုတ်၊ မိတ္တူကူးပြီး အမှုသည်တွေကို ဝေပေး ရမှာဆိုတော့ စာရွက်စာတမ်းလိုအပ်ချက်၊ နေ့စဉ်ပြည့်သိပ်နေတဲ့ တရားခွင်အချိန်ဇယားမှာ CMC၊ PTC နှင့် FPTC အစည်းအဝေးတွေအတွက် အချိန်ဖဲ့ပေးနေရမှုတွေ CMC၊ PTC နှင့် FPTC အစည်းအဝေးတွေ ပြုလုပ်ဖို့ တစ်ပတ်ကို(၂)ရက် ရုံးစောစောလာရတဲ့ ဝန်ထမ်းတွေရဲ့ ညည်းညူပြောဆိုသံတွေ . . . မကျွမ်းကျင် မှုများကြားမှာ အလုပ်ပမာဏများပြားမှုများ.....စသည် စသည်ဖြင့် စိန်ခေါ်မှုတွေ ရှိနိုင်ပါတယ်။

ဒီစနစ်အောင်မြင်ဖို့ရာမှာ ခေါင်းဆောင်မှု (Leadership)ရဲ့ အခန်းကဏ္ဍက သိပ်ပြီးအရေးပါလှပါ တယ်။ အပြောင်းအလဲတစ်ခုဆောင်ရွက်ရာမှာ ခေါင်းဆောင်တစ်ယောက်ရဲ့စွမ်းရည်က သိပ်အရေးကြီးပါ တယ်။ အမေရိကန်နိုင်ငံက ဒီစနစ်ကို လေ့လာခဲ့သူ ပညာရှင်ဖြစ်တဲ့ David C. Steelman က **"Improving Caseflow Management-A Brief Guide"** စာအုပ်စာမျက်နှာ(၁၀)မှာ ဒီလိုရေးထားပါတယ်–

**"Experts on caseflow management have found in their assessment of courts around the country that leadership is fundamental to the success of a caseflow management program. The leader in an effort to improve caseflow management is one who must motivate others to invest themselves in the proposed program. He or she might do this by such means as;**

**(1) Articulating a vision of how the changes will improve the system;**

**(2) Showing how individual persons who will be affected by the changes will benefit from them; and**

**(3) By showing his or her own ongoing commitment to the effective operation of proposed program, by disseminating information on program progress and rewarding those who are effective in helping the achievement of its goals...."**

ဒီစနစ်အောင်မြင်ဖို့ ခေါင်းဆောင်တွေ သတိပြုဆောင်ရွက်ရမယ့်အချက်တွေကိုလည်း ညွှန်ပြထား တာ တွေ့ရမှာပါ။ မိမိရဲ့တရားသူကြီးတွေ၊ ဝန်ထမ်းတွေက ဒီစနစ်မှာ စိတ်ရောကိုယ်ပါ မြှုပ်နှံဆောင်ရွက်လာ ချင်အောင် အားပေးလှုံ့ဆော်မှုတွေပြုလုပ်ဖို့၊ ဘယ်လိုပြောင်းလဲဆောင်ရွက်ချက်တွေက ဒီစနစ်ကို တိုးတက် အောင်မြင်စေမယ်ဆိုတာကို ရှင်းရှင်းလင်းလင်း သိနားလည်အောင် လုပ်ဆောင်ဖို့၊ ဒီလိုပြုပြင်ပြောင်းလဲမှုတွေ က ဘယ်သူတွေအပေါ် ဘယ်လောက်အကျိုးများစေမယ်ဆိုတာတွေကို ရှင်းပြဖို့၊ ဒီစနစ်အောင်မြင်ဖို့ ရည်မှန်း

ထားတဲ့ ရည်မှန်းချက်၊ အကောင်အထည်ဖော်နေရတဲ့ ကတိကဝတ်တွေကို ရှင်းပြဖို့၊ တိုးတက်မှုအခြေအနေတွေကို အားလုံးသိရှိအောင် ဆောင်ရွက်ဖို့နှင့် ဒီစနစ်အောင်မြင်တိုးတက်ဖို့ ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်သူတွေကို ချီးမြှောက်မှုတွေလုပ်ပေးဖို့တွေ လိုအပ်မှာဖြစ်ပါတယ်။

ဆောင်ရွက်သင့်တဲ့ အချက်တွေကတော့ ရုံးလုပ်ငန်းစည်းမျဉ်းစည်းကမ်းတွေကို တိတိကျကျသတ်မှတ်ပြီး အားလုံးသိအောင်၊ လိုက်နာလာအောင် ဆောင်ရွက်သင့်ပါတယ်။ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အတွက် (၃)လ၊ (၆)လ လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်(Work Plan)ရေးဆွဲသင့်ပါတယ်။ ဒီအစီအစဉ်ထဲမှာ လုပ်ဆောင်ရမယ့်လုပ်ငန်း၊ ရည်မှန်းချက်၊ အချိန်ကာလ၊ တာဝန်ယူမယ့်သူ စတာတွေကို သေသေချာချာသတ်မှတ်သင့်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ကော်မတီဖွဲ့ပြီး ရုံးတွင်းအမိန့်ထုတ်တာဝန်ပေး၊ ဆောင်ရွက်ရမယ့်အချက်တွေ တိတိကျကျသတ်မှတ်၊ ရုံးတွင်းအစည်းအဝေးပြုလုပ်ပြီး လုပ်ငန်းရည်မှန်းချက်၊ ရည်ရွယ်ချက်၊ လုပ်ဆောင်ရမယ့်တာဝန်တွေ၊ ဆောင်ရွက်ပြီးသမျှ အားနည်းချက် အားသာချက်တွေကို မပြတ်သုံးသပ်အသိပေး၊ ကြိုးစားဆောင်ရွက်မှုတွေကို တခုတ်တရ အသိအမှတ်ပြုစကားဆို၊ ဆောင်ရွက်မှုတွေကို မှတ်တမ်းတင်၊ အထက်တာဝန်ရှိသူတွေကို အစီရင်ခံ၊ ဘတ်ဂျက်လိုအပ်ချက်တွေကို ကြိုတင်စီမံတောင်းခံ၊ အလုပ်ပမာဏနှင့် လူအင်အားမမျှတာကိုတော့ အဆင့်ဆင့်တင်ပြ .... စတာတွေကို ပုံမှန်ဆောင်ရွက်သွားရင် ရုံးတွင်းရင်ဆိုင်ရမယ့်စိန်ခေါ်မှုတွေက လျော့နည်းလာမှာဖြစ်ပါတယ်။

အဓိကကတော့ အလုပ်လုပ်ဖို့ပါပဲ။ မျှဝေချင်တဲ့ခံယူချက်ကတော့ လုပ်ဆောင်ဖွယ်ကိစ္စအဝဝမှာ မိမိလုပ်နိုင်သမျှကို ဦးစားပေးလုပ်ဆောင်ပြီး မိမိကိုယ်တိုင်မလုပ်နိုင်တာ၊ မစွမ်းဆောင်နိုင်တာတွေကိုတော့ အထက်အဆင့်ဆင့် တာဝန်ရှိသူတွေကို ကျိုးကြောင်းခိုင်ခိုင်လုံလုံနဲ့ တင်ပြသင့်တယ်ဆိုတာပါပဲ။ ။

**မျိုးကျော်အောင်(တရားရေး)**

# တရားမမှုများတွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး (Court-Led Mediation in Civil Suits)

ဒေါက်တာသိမ့်သိမ့်ထွေး

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့က နေပြည်တော် PARK ROYAL ဟိုတယ်တွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)တို့ ပူးပေါင်း ကျင်းပခဲ့သည့် "Seminar on How to Operate Court-Led Mediation for Civil Suits in Myanmar" နှင့်စပ်လျဉ်း၍ MRTV၊ MWD၊ MNTV အစရှိသည့် နိုင်ငံပိုင်မီဒီယာများနှင့် 7Day News Journal၊ Eleven Media Group အစရှိသည့် ပုဂ္ဂလိကပိုင်မီဒီယာများက သတင်းများ ရေးထားထုတ်လွှင့် ခဲ့ကြသည်ကိုသိရှိကြပြီး ဖြစ်ပါလိမ့်မည်။

အထက်ဖော်ပြပါ ဆွေးနွေးပွဲတွင် မီဒီယာများ၏ မေးမြန်းချက်များအား ဖြေကြားခဲ့သည့် ပြည်ထောင်စု တရားစီရင်ရေးကြီးကြပ်မှုရုံး၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုး၏ ပြောကြားချက်များကို အထောက်အထား ပြု၍လည်းကောင်း၊ ဆွေးနွေးပွဲအတွင်း ဆွေးနွေးချက်များကို အကိုးအကားပြု၍လည်းကောင်း ပြည်ထောင်စု တရားလွှတ်တော်ချုပ်က မကြာမီကာလတွင် စတင်စမ်းသပ်အကောင်အထည်ဖော်ရန် ရည်ရွယ်သည့် "တရားမ မှုများတွင် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး"နှင့်စပ်လျဉ်း၍ အများပြည်သူ ပိုမိုကျယ်ပြန့်စွာ သိရှိနိုင်ရေးအတွက် ယခုကဲ့သို့ ရေးသားတင်ပြလိုက်ရပေသည်။

"တရားမှုများတွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး"စနစ်သည် ပြည်ထောင်စုတရား လွှတ်တော်ချုပ်၏ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း(၂၀၁၈-၂၀၂၂)တွင် ပါဝင်သည့် မဟာဗျူဟာ ရည်မှန်းချက် ၅.၃ **"ထိရောက်မြန်ဆန်သော တရားရုံးအငြင်းပွားမှုဖြေရှင်းရေးစနစ်များ သတ်မှတ် ဆောင်ရွက်ရန်"** ကို အကောင်အထည်ဖော်ရာ၌ ဦးစားပေးအဆင့် ၁ အဖြစ် သတ်မှတ်ဆောင်ရွက်နေသည့် မဟာဗျူဟာအစီအစဉ်တစ်ရပ်ပင်ဖြစ်သည်။

**တရားမမှုများတွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးဆိုသည်မှာ** တရားမမှုကို တရားရုံး၌စွဲဆိုပြီးနောက် အမှုသည်တို့၏ သဘောဆန္ဒအလျောက်ဖြစ်စေ၊ သတ်မှတ်ချက်အရဖြစ်စေ အမှုကို မစစ်ဆေးမီကာလအတွင်း တာဝန်ပေးအပ်ခြင်းခံရသည့် စေ့စပ်ဖြေရှင်းရေးအရာရှိက အမှုသည်များအကြား အမှန်တကယ်အငြင်းပွားလျက်ရှိသော အကြောင်းအရာကိုဖော်ထုတ်၍ နှစ်ဖက်လက်ခံကျေနပ်နိုင်သည့်

သဘောတူညီချက်ရရှိစေရန် ဆောင်ရွက်ပေးခြင်းပင်ဖြစ်သည်။ ယင်းသဘောတူညီချက်ကို အခြေပြု၍ ဥပဒေအရ စည်းနှောင်မှုရှိသော တရားရုံးဒီကရီ၊ သို့မဟုတ် အမိန့်ကို လျှောက်ထားရယူနိုင်မည်ဖြစ်သည်။

**တရားမမှုများတွင် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ခြင်း**နှင့်စပ်လျဉ်း၍ တရားရုံးသို့ အခကြေးငွေထပ်မံပေးသွင်းရန်မလိုအပ်ဘဲ တရားရုံးလုပ်ငန်းစဉ်တစ်ရပ်အနေဖြင့်သာ တရားရုံးက ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ဆောင်ရွက်ရာ၌ "စေ့စပ်ဖြေရှင်းရန် သတ်မှတ်ထားသည့်တရားမမှုများ"နှင့် "မိမိ သဘောဆန္ဒအလျောက် စေ့စပ်ဖြေရှင်းနိုင်သည့် တရားမမှုများ"ဟူ၍ အမျိုးအစားခွဲခြားဆောင်ရွက်သွား မည်ဖြစ်ပြီး စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်မည့်အခန်းသည်လည်း အမှုစစ်ဆေးသည့်အခန်းနှင့်မတူညီဘဲ သီးခြားစီထားရှိဆောင်ရွက်သွားမည် ဖြစ်သည်။ အခန်းအနေအထားနှင့် ဖွဲ့စည်းပုံသည်လည်း ကွဲပြားမည် ဖြစ်သည်။

**တရားမမှုများတွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးကို အသုံးပြုခြင်းဖြင့် နှစ်ဖက် အမှုသည်တို့ သဘောတူညီချက်ရရှိလျှင်** အမှုသည်များအနေဖြင့် အချိန်တိုအတွင်း ငွေကုန်ကြေးကျသက်သာစွာဖြင့် ၎င်းတို့၏ အငြင်းပွားမှုကို ဖြေရှင်းနိုင်ခြင်း၊ နှစ်ဖက်ညှိနှိုင်းဖြေရှင်းခြင်းဖြစ်သည့်အတွက် အချင်းချင်းကြား တင်းမာမှုများကို အထိုက်အလျောက် လျော့ပါးသက်သာစေပြီး ဆက်ဆံရေးကောင်းမွန်စေခြင်း၊ လုပ်ထုံးလုပ်နည်း ရိုးရှင်းသည့်အတွက် အမှုသည်များအနေဖြင့် ဥပဒေကို မကျွမ်းကျင်သော်လည်း မိမိကိုယ်တိုင် လွယ်ကူစွာပါဝင်ဆောင်ရွက်နိုင်ခြင်း အစရှိသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်သည်။ တရားရုံးများအနေဖြင့်လည်း အမှုလက်ကျန်အရေအတွက်ကို အထိုက်အလျောက် လျှော့ချနိုင်မည်ဖြစ်သည်။

**တရားမမှုများတွင် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးကိုအသုံးပြုသော်လည်း နှစ်ဖက်အမှုသည်တို့ သဘောတူညီချက် မရရှိပါက** မူလတရားမမှုအား ထိခိုက်ခြင်း အလျဉ်းမရှိဘဲ တရားမကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မူလအမှုကို ဆက်လက်စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်သည်။ စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ရာတွင် တရားမကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်ကို ဆန့်ကျင့်ဆောင်ရွက်ခြင်းပြုမည်မဟုတ်ဘဲ တရားမကျင့်ထုံးဥပဒေနှင့် လိုက်လျောညီထွေဖြစ်စေရန် အလေးထားဆောင်ရွက်မည်ဖြစ်သည်။

**တရားမမှုများတွင် အမှုကို မစစ်ဆေးမီကာလအတွင်း စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ခြင်းဖြင့် အမှုတွင် မလိုလားအပ်သော ကြန့်ကြာမှုများ မဖြစ်ပေါ်စေရန်နှင့် မရိုးဖြောင့်သောသဘောဖြင့် အလွဲသုံးခြင်းမပြုနိုင်ရန်အတွက်** လုပ်ထုံးလုပ်နည်းရေးဆွဲရာတွင် လိုအပ်သည်များကို စနစ်တကျ ထည့်သွင်းရေးဆွဲသွားမည်ဖြစ်သည်။ ဥပမာအားဖြင့် အမှုသည်များ စေ့စပ်ဖြေရှင်းရေးဆောင်ရွက်နိုင်သည့် အချိန်ကာလကို တိတိကျကျသတ်မှတ်ခြင်း၊ သက်သေခံချက်တင်သွင်းခြင်းနှင့် စပ်လျဉ်း၍ လိုက်နာရန် လိုအပ်သည်တို့ကို သတ်မှတ်ခြင်း အစရှိသည်တို့ကို တိတိကျကျ ထည့်သွင်းရေးဆွဲသွားမည်ဖြစ်သည်။

**စေ့စပ်ဖြေရှင်းရေးအရာရှိ** အဖြစ် ဆောင်ရွက်မည့်သူများမှာ အမှုစစ်တရားသူကြီးမဟုတ်သည့် တရားသူကြီးများ(သို့မဟုတ်)တရားရေးဝန်ထမ်းများပင်ဖြစ်သည်။ တရားသူကြီးများ(သို့မဟုတ်) တရားရေးဝန်ထမ်းများအနေဖြင့် တရားစီရင်ရေးအတွေ့အကြုံရှိကြသော်လည်း စေ့စပ်ဖြေရှင်းရေးအတွေ့အကြုံမရှိကြသည့်အတွက် ၎င်းတို့အတွက် လိုအပ်သော သင်တန်းများကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)ကဲ့သို့သော အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းလျက် ပို့ချပေးသွားမည်ဖြစ် သည်။ စေ့စပ်ဖြေရှင်းရေးအရာရှိလက်စွဲကိုလည်း ပြုစုသွားမည်ဖြစ်ကာ စေ့စပ်ဖြေရှင်းရေးအရာရှိကျင့်ဝတ်ကိုလည်း ထည့်သွင်းသွားမည်ဖြစ်သည်။

**တရားမမှုအား စေ့စပ်ဖြေရှင်းခြင်းသည်** တရားမမှုများတွင် အမှုသည်များ၏ ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်မှုကို အားကောင်းစေပြီး၊ အငြင်းပွားမှုဖြေရှင်းရာတွင် ၎င်းတို့၏ အခန်းကဏ္ဍကို မြှင့်တင်ပေးခြင်းပင်ဖြစ်သည်။ သို့အတွက် အမှုတွင် လိုက်ပါဆောင်ရွက်သည့် ရှေ့နေရှေ့ရပ်များ၏ အခန်းကဏ္ဍသည် လျော့ပါးသွားမည်ဟု ထင်မြင်ဖွယ်ရှိသော်လည်း လက်တွေ့တွင် ယင်းတို့၏အခန်းကဏ္ဍ ပျောက်ကွယ်သွားမည်မဟုတ်ပါ။ စေ့စပ်ဖြေရှင်းရေးဆောင်ရွက်နေစဉ်တွင်ပင် ရှေ့နေကြီးများအနေဖြင့် မိမိအမှုသည်၏ ကောင်းရာကောင်းကျိုးအတွက် ပါဝင်ဆောင်ရွက်ခွင့်ကို ပိတ်ပင်လိမ့်မည်မဟုတ်ပါ။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် “တရားမမှုများတွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး”စနစ် ထူထောင်နိုင်ရေးနှင့်စပ်လျဉ်း၍ ၂၀၁၅ ခုနှစ်ကတည်းက တရားစီရင်ရေးမဟာဗျူဟာစီမံကိန်းတွင် ထည့်သွင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုဆိုလျှင် စတင်စမ်းသပ်အကောင်အထည်ဖော်နိုင်မည့် အခြေအနေသို့ ချဉ်းကပ်လာနေပြီဖြစ်ပါသည်။ တရားရုံးတွင် စတင်ဆောင်ရွက်မည့် စနစ်သစ်တစ်ခုနှင့်စပ်လျဉ်း၍ ယင်းစနစ်နှင့်သက်ဆိုင်သူများကို အသိပေးဆွေးနွေးရန်မှာ မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် “တရားမမှုများတွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး”စနစ်ကို အကျိုးသက်ဆိုင်သူများသို့ ရှင်းလင်းတင်ပြသည့် ဆွေးနွေးပွဲများလည်း ကျင်းပသွားမည်ဖြစ်ပြီး အများပြည်သူသို့ အသိပညာမြှင့်တင်ပေးသည့်အစီအစဉ်များလည်း မကြာမီ စတင်ဆောင်ရွက်သွားမည်ဖြစ်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတစ်ရပ်အနေဖြင့် မကြာမီထွက်ပေါ်လာမည့် “တရားမမှုများတွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး”စနစ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးသည် စနစ်တွင်ပါဝင်ပတ်သက်လာမည့် လူတစ်ဦးချင်းစီ၏ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မှုနှင့် စိတ်စေတနာကောင်းတို့အပေါ်တွင် များစွာတည်မှီနေသည်မှာ အငြင်းပွားဖွယ်မရှိပေ။

သို့ဖြစ်၍ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈–၂၀၂၂) ၏ ရည်မှန်းချက်ဖြစ်သည့် “အားလုံးအတွက် တရားမျှတမှုတိုးတက်စေရေးသို့” (Towards Improving Justice for All)ရောက်ရှိစေရန် အားလုံးကလည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြပါရန် တိုက်တွန်းရေးသားအပ်ပေသည်။ ။

**ဒေါက်တာသိမ့်သိမ့်ထွေး**

# တစ်သီးပုဂ္ဂလလူမွဲခံယူခြင်းဆိုင်ရာ သိကောင်းစရာများ

ဦးဦးသန့်

မြန်မာနိုင်ငံတွင် တစ်သီးပုဂ္ဂလလူမွဲခံယူခြင်းနှင့်စပ်လျဉ်း၍ Myanmar Insolvency Act (1920) နှင့် Yangon Insolvency Act (1909) ဟူ၍ရှိပြီး ယင်းဥပဒေနှစ်ရပ်မှာ ယနေ့အချိန်ထိ ပယ်ဖျက်ရခြင်း မရှိသေးသဖြင့် အတည်ဖြစ်လျက်ရှိနေသော်လည်း ယနေ့ခေတ်တွင် လိုက်နာကျင့်သုံးမှုမရှိသည့်ဥပဒေ (the Silent Laws)များဖြစ်နေပါသည်။

ကော်ပိုရေးရှင်းအပါအဝင် ကုမ္ပဏီများ ကြွေးမြီပြန်လည်ပေးဆပ်နိုင်ခြင်းမရှိပါက သက်ဆိုင်ရာ မြီရှင်မြီစားများ၊ ထိုကုမ္ပဏီတွင် ပါဝင်သူများ သို့မဟုတ် တရားရုံးက ယင်းကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ (၁၉၁၄)၏ အပိုင်း(၅)တွင် ပြဋ္ဌာန်းပါရှိပါသည်။ အဆိုပါဥပဒေများမှာ လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ ကျော် အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို ကိုလိုနီအဖြစ် အုပ်စိုးစဉ်က ပြဋ္ဌာန်းခဲ့သော ဥပဒေများဖြစ်သဖြင့် ပြုပြင်ပြောင်းလဲရန် လိုအပ်နေပြီဖြစ်သည်မှာ အလွယ်တကူ သိမြင်နိုင်ပါသည်။

ထိုစဉ်က ဘဏ်လုပ်ငန်း၊ အာမခံလုပ်ငန်းအပါအဝင် ငွေရေးကြေးရေးအဖွဲ့အစည်းများ ကြွေးမြီမပေးဆပ်နိုင်သဖြင့် ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ သီးခြားဥပဒေတစ်ရပ်မရှိခဲ့ပါ။ သို့ဖြစ်၍ ယင်းလုပ်ငန်းများကို ကုမ္ပဏီအဖြစ်ဖွဲ့စည်းလုပ်ကိုင်ပါက မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ (၁၉၁၄) အရ လုပ်ဆောင်ရန်ဖြစ်သည်ဟု ယူဆရပါသည်။ ယခုအခါ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ (၁၉၁၄)ကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇)ဖြင့် လွှမ်းမိုးပယ်ဖျက်ပြီး ဖြစ်ပါသည်။

ထိုသို့ဥပဒေများရှိသော်လည်း တစ်သီးပုဂ္ဂလလုပ်ငန်းများအပါအဝင် ကုမ္ပဏီလုပ်ငန်းများ ကြွေးမြီမပေးဆပ်နိုင်သဖြင့် လူမွဲခံယူသည့်မှုခင်းများမှာ နည်းပါးခဲ့ပါသည်။ သို့ရာတွင် ၁၉၈၈ နောက်ပိုင်းမှစတင်၍ မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးလာရာမှ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ဥပဒေများပြုပြင်ပြောင်းလဲပြဋ္ဌာန်းရန်လိုအပ်လာပါသည်။ ယင်းတို့အနက်မှ အရေးကြီးသည့်ဘဏ်လုပ်ငန်း၊ အာမခံလုပ်ငန်းအပါအဝင် ငွေရေးကြေးရေးအဖွဲ့အစည်းများဆိုင်ရာဥပဒေများကို နိုင်ငံတော်အစိုးရက အသစ်ပြုလုပ်ပြဋ္ဌာန်းခဲ့ပြီး ယင်းလုပ်ငန်းများ ကြွေးမြီမပေးဆပ်နိုင်သဖြင့် ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ (၁၉၁၄) အရ လုပ်ဆောင်ရန်မဟုတ်ကြောင်း ယင်းတို့နှင့်သက်ဆိုင်သည့် သီးခြားဥပဒေပြဋ္ဌာန်းချက်များအရ လုပ်ဆောင်ရန်ဖြစ်ကြောင်း ခွဲခြားသတ်မှတ်ပြဋ္ဌာန်းခဲ့ပါသည်။

ယင်းဥပဒေများအနက်မှ လူမွဲခံယူခြင်းဆိုင်ရာဥပဒေမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စီမံခန့်ခွဲသည့်ဥပဒေ (၅၂)မျိုးတွင် ပါဝင်သော ဥပဒေများအနက်မှ တစ်ရပ်ဖြစ်ပါသည်။ သို့ဖြစ်၍ ယင်းဥပဒေ

အား ပြင်ဆင်ပြဋ္ဌာန်းနိုင်ရန်အတွက် တာဝန်ခံအဖွဲ့အစည်းဖြစ်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မူလက Myanmar Insolvency Act (1920) နှင့် Yangon Insolvency Act (1909) ဥပဒေနှစ်ရပ်ကို ပေါင်းစပ်၍ မြန်မာနိုင်ငံတွင် တစ်သီးပုဂ္ဂလလူမွဲခံယူခြင်းဆိုင်ရာဥပဒေအဖြစ် အသစ်ရေးဆွဲပြုစုရန် နိုင်ငံတကာ အဖွဲ့အစည်းများ၏အကူအညီဖြင့် ၂၀၁၂ ခုနှစ်ခန့်ကစ၍ ပြင်ဆင်လုပ်ဆောင်ခဲ့ပါသည်။ ထို့နောက် နိုင်ငံတကာအဖွဲ့အစည်းများ၏ဆွေးနွေးအကြံပြုချက်များအရ လူမွဲခံယူခြင်းဆိုင်ရာဥပဒေတွင် တစ်သီးပုဂ္ဂလလုပ်ငန်းများ လူမွဲခံယူခြင်းဆိုင်ရာပြဋ္ဌာန်းချက်များသာမက ကုမ္ပဏီလုပ်ငန်းများလူမွဲခံယူခြင်း၊ မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ လူမွဲခံယူခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် နယ်စပ်ဖြတ်ကျော်လူမွဲခံယူခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကိုပါထည့်သွင်း၍ ဥပဒေတစ်ရပ်တည်းအဖြစ် ပေါင်းစည်းရေးဆွဲပြုစုရန် လုပ်ဆောင်ခဲ့ပါသည်။

ယင်းလူမွဲခံယူခြင်းဆိုင်ရာဥပဒေမူကြမ်းကို ပြုစုရေးဆွဲရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး (၂)ဦးပါဝင်သော လူမွဲခံယူခြင်းဆိုင်ရာဥပဒေမူကြမ်းကို ပြုစုရေးကော်မတီနှင့် ယင်းကော်မတီလက်အောက်၌ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေမူကြမ်းလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်း၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့လုပ်ငန်းများလုပ်ဆောင်ရာတွင် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီနှင့် လုပ်ငန်းများကို ၂၀၁၄ ခုနှစ် နှစ်ဆန်းတွင် စတင်ပူးပေါင်းလုပ်ဆောင်ခဲ့ပြီးနောက် ၂၀၁၆ ခုနှစ် တွင် အာရှဖွံ့ဖြိုးရေးဘဏ်က ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

လုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့မှ တာဝန်ရှိသူများနှင့် တိုင်ပင်ဆွေးနွေး၍ လေ့လာဆန်းစစ်မှုများပြုလုပ်ပြီးနောက် ဥပဒေမူကြမ်းရေးဆွဲရာတွင် အခြေခံရမည့်အချက်များနှင့်စပ်လျဉ်း၍ မူဝါဒရေးရာအစီရင်ခံစာများကို နှစ်ဖက်အသီးသီးက တင်သွင်းခဲ့ပါသည်။ နှစ်ဖက်တင်သွင်းသည့် အစီရင်ခံစာများကို အခြေပြု၍ ပြည်ထောင်စုတရားသူကြီးချုပ်ဦးဆောင်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ် စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးက အခြေခံရမည့် မူဝါဒများကို ချမှတ်ပေးခဲ့ပြီး ယင်းတို့နှင့်အညီ မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာဥပဒေကို ရေးဆွဲခဲ့ရာ ပထမမူကြမ်းမှာ ၂၀၁၈ ခုနှစ် ဧပြီလတွင် ပြုစုပြီးစီးခဲ့ပါသည်။

ယင်းမူကြမ်းအား သက်ဆိုင်ရာအစိုးရဝန်ကြီးဌာနများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဥပဒေပညာရှင်များအပါအဝင် အများပြည်သူသို့ချပြ၍ အကြံဉာဏ်များရယူရန်ရည်ရွယ်၍ Public Consultation ဆွေးနွေးပွဲများကို ၂၀၁၈ ခုနှစ်၊ မေလ(၇)ရက်နေ့မှ(၁၁)ရက်နေ့အထိကာလအတွင်း နေပြည်တော်နှင့်ရန်ကုန်မြို့များတွင် အာရှဖွံ့ဖြိုးရေးဘဏ်၏အကူအညီဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲများမှရရှိသော အကြံပြုချက်များကို ထည့်သွင်းစဉ်းစား၍ မူကြမ်းကို အချောသတ်ရေးသားကာ အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ(၉)ရက်နေ့တွင် ပေးပို့ခဲ့ပြီး ဖြစ်ပါသည်။ ပြည်ထောင်စုလွှတ်တော်ကလည်း အဆိုပါဥပဒေမူကြမ်းကို အများပြည်သူသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် နိုင်ငံပိုင်သတင်းစာများတွင်ထည့်သွင်းဖော်ပြခဲ့ပါသည်။ ထို့နောက် ၂၃.၁.၂၀၁၉ ရက်နေ့တွင် ကျင်းပသော ဒုတိယအကြိမ်အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြဟန်က မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းကို တင်သွင်းခဲ့ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးစိုင်းထွန်းအောင်က အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခဲ့ပြီး အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမန်းဝင်းခိုင်သန်းက အဆိုပါဥပဒေကြမ်းအပေါ် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များကို ဖိတ်ခေါ်ခဲ့ပါသည်။ ယခုအခါ

ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတို့ ဆွေးနွေးနေသည့် အဆင့် ဖြစ်ပါသည်။ ယင်းဆွေးနွေးပွဲများသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိသူများကို တက်ရောက်ဆွေးနွေးရန် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ဖိတ်ကြားသဖြင့် ပါဝင်ဆွေးနွေးလျက်ရှိပါသည်။

အထက်ပါရေးသားချက်များမှာ ဥပဒေမူကြမ်းဖြစ်ပေါ်လာရေးဆောင်ရွက်ချက်များကို မိတ်ဆက်တင်ပြခြင်းဖြစ်ပါသည်။ ဆက်လက်၍ မိမိအနေဖြင့် တစ်သီးပုဂ္ဂလလုပ်ငန်းများ လူမွဲခံယူခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ယခင်ဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် မူကြမ်းတွင်ပါရှိသော ပြဋ္ဌာန်းချက်များကို အချက်သုံးချက်ဖြင့် အကျဉ်းနှိုင်းယှဉ်ဆွေးနွေးတင်ပြလိုပါသည်။

ပထမဦးစွာအားဖြင့် Myanmar Insolvency Act (1920) နှင့် Yangon Insolvency Act (1909) ဥပဒေတို့အရ မြီစားအား လူမွဲအဖြစ်ခံယူစေရန် လျှောက်ထားနိုင်ရန်မှာ မြီစားသည် the act of Insolvency ခေါ် လူမွဲအဖြစ်ခံယူထိုက်စေသည့်ပြုလုပ်မှုတစ်ရပ်ရပ် ကျူးလွန်မှသာ ထိုမြီစားအပေါ် လူမွဲအဖြစ်ခံယူစေရန် လျှောက်ထားပိုင်ခွင့်ရှိမည်ဖြစ်ပါသည်။ ထိုပြဋ္ဌာန်းချက်အရ ထိုမြီစားသည် လူမွဲအဖြစ်ခံယူထိုက်စေသည့် ပြုလုပ်မှုတစ်ရပ်ရပ်ကျူးလွန်ကြောင်း သက်သေပြသရန်တာဝန်သည် လျှောက်ထားသူ၏အပေါ်တွင် ကျရောက်မည်ဖြစ်ပါသည်။ ယင်းပြဋ္ဌာန်းချက်အရ တစ်ဦးက လူမွဲခံထိုက်သည့်ပြုလုပ်မှုတစ်ရပ်ကို ကျူးလွန်ကြောင်း တစ်ဦးက စွပ်စွဲတင်ပြရခြင်းဖြစ်သည့်အတွက် မြီရှင်မြီစားအကြား နှစ်ဖက်အငြင်းပွားမှုများ များပြားစေပြီး အမှုပြိုင်ဆိုင်မှု များပြားကြန့်ကြာတတ်သော သက်ရောက်မှုများ (Adversarial effects)ကို ဖြစ်ပေါ်စေပါသည်။

ယခုမူကြမ်းတွင် မြီစားသည် နည်းဥပဒေဖြင့်သတ်မှတ်ထားသော ကြွေးမြီပမာဏနှင့် အထက်ရှိကြွေးမြီကို ပေးဆပ်ရန်အတွက် သက်ဆိုင်ရာမြီရှင်က မြီစားထံ အကြောင်းကြားစာ ပေးပို့တောင်းခံရန်နှင့် ထိုသို့အကြောင်းကြားစာပေးပို့တောင်းခံခြင်းအပေါ် မြီစားက ပေးဆပ်ရန်ပျက်ကွက်ခြင်း သို့မဟုတ် ပေးဆပ်နိုင်စွမ်းမရှိခြင်းဖြစ်ပါက ထိုမြီစားအပေါ် လူမွဲအဖြစ် ခံယူစေရန် လျှောက်ထားခွင့်ရှိမည်ဖြစ်ပြီး တရားရုံးအနေဖြင့်လည်း မြီစားသည် ကြွေးမြီပေးဆပ်နိုင်ခြင်းမရှိကြောင်း မှတ်ယူခွင့်ရှိမည်ဖြစ်ပါသည်။ ထိုသို့ပြဋ္ဌာန်းချက်အကျိုးဆက်အနေဖြင့် သက်သေပြရန်တာဝန်သည် ယခင်ဥပဒေများထက် ပိုမိုသက်သာလာသည့်အပြင် အငြင်းပွားမှုများလည်း များစွာမပေါ်ပေါက်စေနိုင်သည့်အတွက် မှုခင်းကြန့်ကြာချိန်ကိုလည်း သွယ်ဝိုက်သောနည်းအားဖြင့် လျော့ချနိုင်မည်ဖြစ်ပါသည်။

ဒုတိယအချက်အားဖြင့် ယခင်ဥပဒေများအရ မြီစားအား လူမွဲအဖြစ် သတ်မှတ်ကြေညာသည့်အခါ လူမွဲပိုင်ပစ္စည်းများကို ရယူထိန်းသိမ်းခြင်း၊ ထုခွဲရောင်းချခြင်းနှင့် မြီရှင်များအပါအဝင် ရထိုက်သည့်သူများကို ပြန်လည်ခွဲဝေပေးခြင်းလုပ်ငန်းများကို လုပ်ဆောင်ရာတွင် တရားရုံးက တရားရုံးအရာရှိများကိုသာ တရားဝင်ပစ္စည်းထိန်းအဖြစ် ခန့်အပ်လုပ်ဆောင်ခွင့်ရှိပြီး ထိုပစ္စည်းထိန်းက လူမွဲပိုင်ပစ္စည်းများကို လက်ဝယ်ရယူထားသူများထံမှ လွှဲပြောင်းရယူထိန်းသိမ်းခြင်း၊ ထုခွဲရောင်းချခြင်းနှင့် ရထိုက်သူများထံသို့ ခွဲဝေပေးခြင်းတို့ကို တရားရုံး၏ ကြီးကြပ်လမ်းညွှန်မှုအရသာ ဆောင်ရွက်ရသဖြင့် တရားရုံး၏ဝင်ရောက်စွက်ဖက်မှုများ များပြားသည်ကို တွေ့နိုင်ပါသည်။ အကျိုးဆက်အားဖြင့် တရားရုံးလုပ်ငန်းစဉ်များပြားလာပြီး မှုခင်းကြန့်ကြာချိန်လည်း အထိုက်အလျောက် ရှိလာမည်ဖြစ်ပါသည်။

ယခုမူကြမ်းအရ မြီစားအား လူမွဲအဖြစ် သတ်မှတ်ကြေညာသည့်အခါ လူမွဲပိုင်ပစ္စည်းများကို ရယူ

ထိန်းသိမ်းခြင်း၊ ထုခွဲရောင်းချခြင်းနှင့် မြီရှင်များအပါအဝင် ရထိုက်သည့်သူများကို ပြန်လည်ခွဲဝေပေးခြင်း လုပ်ငန်းများကိုလုပ်ဆောင်ရန် တရားရုံးအရာရှိများကိုသာမက ပြင်ပပုဂ္ဂလိကကျွမ်းကျင်ပညာရှင်အဖြစ် ဝန်ဆောင်မှုများပေးနေသည့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများကို ခန့်အပ်လုပ်ဆောင်လာနိုင်စေမည် ဖြစ်ပါသည်။ ထိုပြဋ္ဌာန်းချက်အရ ပုဂ္ဂလိကကဏ္ဍမှ စာရင်းအင်းပညာနှင့် ဥပဒေပညာ ကျွမ်းကျင်ပညာရှင်များ အနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖြစ်ပေါ်စေနိုင်မည်ဖြစ်သည်ကို တွေ့နိုင်ပါသည်။

ထို့ပြင်လည်း ထိုသူအား ခန့်အပ်ရာတွင်သာ တရားရုံး၏ခွင့်ပြုချက်လိုအပ်မည်ဖြစ်ပါသည်။ ယခု မူကြမ်းအရ ကျွမ်းကျင်ပညာရှင်အား တရားရုံးက အတည်ပြုခန့်အပ်ပြီးပါက ထိုသူသည် လူမွဲပိုင်ပစ္စည်းများကို ယင်းမူကြမ်းပါဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ရယူထိန်းသိမ်းခြင်း၊ ထုခွဲရောင်းချခြင်းနှင့် မြီရှင်များအပါအဝင် ရထိုက်သည့်သူများကို ပြန်လည်ခွဲဝေခြင်းလုပ်ငန်းများကို လုပ်ဆောင်ခြင်း၊ လိုအပ်သည့်သတင်းအချက်အလက် များ တောင်းခံခြင်း စသည့်လုပ်ငန်းများကို မိမိဆင်ခြင်တုံတရားအရ လွတ်လပ်စွာစီမံဆောင်ရွက်ခွင့်ရှိလာ မည်ဖြစ်သလို ယင်းသို့လုပ်ဆောင်ရာ၌ မြီစားနှင့်အကျိုးသက်ဆိုင်သူများအနေဖြင့် ထိုကျွမ်းကျင်ပညာရှင်အား လိုအပ်သလို ကူညီဆောင်ရွက်ပေးရန်နှင့်ပျက်ကွက်ပါက ဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း တာဝန်ပေးသတ်မှတ်ထားပါသည်။ အကျိုးဆက်အားဖြင့် လူမွဲခံယူခြင်းလုပ်ငန်းစဉ်တွင် တရားရုံး၏ပါဝင်မှု ကို လျော့ကျသွားမည်ဖြစ်ပြီး ယင်းသို့ပြဋ္ဌာန်းထားသဖြင့် လူမွဲခံယူခြင်းနှင့်စပ်လျဉ်း၍ တရားရုံးလုပ်ငန်းစဉ် မှာ ကြန့်ကြာခြင်းမရှိနိုင်ဘဲ လူမွဲပိုင်ပစ္စည်းများကို မြန်မြန်ဆန်ဆန် ထိထိရောက်ရောက် စီမံခန့်ခွဲနိုင်မည့် အကျိုးရလဒ်များ ရလာနိုင်မည်ဖြစ်ပါသည်။

တတိယအချက်အနေဖြင့် ဤဥပဒေမူကြမ်း၏ထူးခြားချက်ကို တင်ပြလိုပါသည်။ ယင်းမှာ ကြွေးမြီ ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိသည့် မြီစားအနေဖြင့် တင်ရှိသည့်ကြွေးမြီများကို ပြန်လည်မပေးဆပ်နိုင်ပါက လူမွဲအဖြစ်ခံယူခြင်းမပြုမီ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်သည့်အခွင့်အလမ်းကိုပေးသည့် ပြဋ္ဌာန်းချက်ကို ထည့်သွင်းထားခြင်းဖြစ်ပါသည်။ ဆိုလိုသည်မှာ တင်ရှိသည့်ကြွေးမြီသည် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရာမှ တင်ရှိလာသောကြွေးမြီဖြစ်လျှင် ထိုကြွေးမြီကိုပေးဆပ်ရန် တာဝန်ရှိသည့်မြီစားသည် မိမိပိုင် စီးပွားရေးလုပ်ငန်းများကို ထုခွဲရောင်းချ၍လူမွဲခံယူခြင်းမပြုမီကျဆင်းနေသောမိမိ၏ စီးပွားရေးလုပ်ငန်းများကို ပြန်လည်ကယ်ဆယ်ရန် ကြိုးစားလုပ်ဆောင်ခွင့်ပေးသည့် လုပ်ငန်းစဉ်ကို ထည့်သွင်း ပြဋ္ဌာန်းထားပါသည်။ ယခင်ဥပဒေများတွင် ယင်းလုပ်ငန်းစဉ်လုပ်ဆောင်ခွင့်ပြုသည့် ပြဋ္ဌာန်းချက်များ မပါရှိပါ။

နိဂုံးချုပ်အားဖြင့် မူကြမ်းရေးဆွဲတင်ပြထားပြီးဖြစ်သော လူမွဲဥပဒေသည် ကြွေးမြီမပေးဆပ်နိုင်သော လုပ်ငန်းများကို စနစ်တကျဖျက်သိမ်းကာ မရနိုင်သည့် ကြွေးမြီများကို ပယ်ဖျက်စေခြင်း၊ ရနိုင်သည်များကို ထုခွဲရောင်းချ၍ မြီရှင်များကို ထိုက်သင့်သည့်အတိုင်း ပြန်လည်ခွဲဝေပေးခြင်း စသည့်လုပ်ငန်းစဉ်ကို စနစ်တကျ သတ်မှတ်ဖော်ဆောင်ထားသဖြင့် မြီရှင်မြီစားများ၏အကျိုးကို အပြန်အလှန်ဖော်ဆောင်ထားသည့်အပြင် လူမွဲ ခံယူခြင်းလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ကမ္ဘာ့ဘဏ်(World Bank)က သတ်မှတ်ထားသည့် နိုင်ငံတကာစံနှုန်း များနှင့်အညီ ရေးသားပြုစုထားခြင်းဖြစ်၍ ကမ္ဘာတဝှမ်း ရင်းနှီးမြှုပ်နှံရန် သင့်တော်မှုအရှိဆုံးနိုင်ငံများစာရင်း တွင် နိမ့်ကျစွာရှိနေသည့် မြန်မာနိုင်ငံ၏အဆင့်ကို အချိန်တိုအတွင်း မြှင့်တင်ပေးနိုင်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံ မှုများကို ထိရောက်စွာ ဖိတ်ခေါ်နိုင်သည့် နိုင်ငံအကျိုးပြုဥပဒေတစ်ရပ်အဖြစ် ပေါ်ပေါက်လာမည်ဟု ခိုင်မာ စွာ မျှော်လင့်ယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

**ဦးဦးသန့်**

# ခရစ်ယာန်ဘာသာဝင်များ တရားရုံးတွင် မှတ်ပုံတင်ထိမ်းမြားခြင်းပြုနိုင်ရန် လိုအပ်ချက်များ

ထွန်းမျိုးဆွေ

**ပြဋ္ဌာန်းဥပဒေအရသာ ထိမ်းမြားနိုင်ခြင်း**

ထိမ်းမြားလက်ထပ်ခြင်းသည် ထိမ်းမြားလက်ထပ်သူများ၏ ကိုးကွယ်သည့်ဘာသာအပေါ်တွင် အခြေခံခြင်းဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်၊ ဟိန္ဒူဘာသာဝင်နှင့် အစ္စလာမ်ဘာသာဝင်များသည် ၎င်းတို့၏ဓလေ့ ထုံးတမ်းဥပဒေများနှင့်အညီ ထိမ်းမြားလက်ထပ်ကြလျှင် ထိမ်းမြားခြင်းအတည်ဖြစ်သည်။

ခရစ်ယာန်ဘာသာဝင်များ၏ ထိမ်းမြားခြင်းနှင့်ပတ်သက်၍မူ ပြဋ္ဌာန်းဥပဒေဖြင့် ပြဋ္ဌာန်းထားရှိပါသည်။ The Christian Marriage Act, 1872 ကို အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။ ဥပဒေဘာသာပြန်ကော်မရှင်က "ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ"ဟု မြန်မာဘာသာပြန်ဆိုခဲ့ပြီး မြန်မာဘာသာပြန်ဆိုချက်မှာ မူလစာမူနှင့် အလားတူအာဏာတည်ရမည်ဟု အမိန့်အမှတ် ၁/၂၀၁၈ ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။

ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေပုဒ်မ ၄ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားရှိပါသည်။

"ထိမ်းမြားခြင်းဆောင်ရွက်လိုသူ နှစ်ဦးစလုံး သို့မဟုတ် တစ်ဦးသည် ခရစ်ယာန်(များ)ဖြစ်ပါက အောက်ပါပုဒ်မတွင် ပြဋ္ဌာန်းထားချက်များအရ ဝိနည်းနှင့်အညီ ထိမ်းမြားခြင်း ဆောင်ရွက်ရမည်။ ထို့ပြင် အဆိုပါ ပြဋ္ဌာန်းချက်အရ ဝိနည်းနှင့်အညီ မဆောင်ရွက်သောထိမ်းမြားခြင်းများသည် ပျက်ပြယ်စေရမည်။"

ထိမ်းမြားခြင်းများကို ဝိနည်းနှင့်အညီ ဆောင်ရွက်ပေးနိုင်သူများကို အဆိုပါဥပဒေပုဒ်မ ၅ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်။

"ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းများကို–

(၁) သာသနာပိုင်ဆရာတော်အဖြစ် သိက္ခာတင်ထားသူ တစ်ဦးဦးက ဝိနည်းနှင့်အညီ ထိမ်းမြားပေးခြင်း၊ သို့ရာတွင် ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းကို အသင်းတော်၏အမှုတော်ဆောင်က စည်းမျဉ်းများ၊ ဝိနည်းတော်အရ ကျင်းပသော အခမ်းအနားများ၊ အခမ်းအနားများနှင့် ဓလေ့ ထုံးစံများအရ ဆောင်ရွက်ရမည်။

(၂) စကော့တလန်အသင်းတော်၏ဘုန်းတော်ကြီးတစ်ဦးဦးက ဝိနည်းနှင့်အညီ ထိမ်းမြားပေးခြင်း၊ သို့ရာတွင် အခမ်းအနားဖြင့် ထိမ်းမြားခြင်းကို စကော့တလန်အသင်းတော်၏ စည်းမျဉ်းများ၊ ဝိနည်းတော်အရ ကျင်းပသောအခမ်းအနားများ၊ အခမ်းအနားများနှင့် ဓလေ့ထုံးစံများအရ ဆောင်ရွက်ရမည်။

(၃) ဤအက်ဥပဒေအရ လိုင်စင်ရထားသော ဘာသာရေးအမှုတော်ဆောင်တစ်ဦးဦးက ဝိနည်းနှင့် အညီ ထိမ်းမြားပေးခြင်း။

(၄) ဤအက်ဥပဒေအရ ခန့်အပ်ထားသော ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိတစ်ဦးဦးဖြစ်စေ၊ ယင်း၏ရှေ့မှောက်တွင်ဖြစ်စေ ဝိနည်းနှင့်အညီ ထိမ်းမြားပေးခြင်း။

(၅) နိုင်ငံရင်းသား ခရစ်ယာန်များအချင်းချင်း ဆောင်ရွက်သော ထိမ်းမြားခြင်း အထောက်အထား လက်မှတ်များကို ထုတ်ပေးရန် ဤအက်ဥပဒေအရ လိုင်စင်ရထားသူတစ်ဦးဦးက ဝိနည်းနှင့် အညီ ထိမ်းမြားပေးခြင်း။

သို့ဖြစ်ရာ ခရစ်ယာန်ဘာသာဝင် "နှစ်ဦးစလုံး သို့မဟုတ် တစ်ဦး" သည် ခရစ်ယာန်ထိမ်းမြားခြင်း ဆိုင်ရာအက်ဥပဒေဆိုင်ရာ ၅ တွင် ဖော်ပြထားသည့်အတိုင်း ထိမ်းမြားခြင်းကို ဝိနည်းနှင့်အညီဆောင်ရွက် ခြင်းမရှိလျှင် ထိမ်းမြားခြင်းသည် ပုဒ်မ ၄ အရ ပျက်ပြယ်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

* * *

**ဘာသာခြားနှင့် ထိမ်းမြားလက်ထပ်ခြင်း**

ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေတွင် ခရစ်ယာန်ဘာသာဝင်တစ်ဦးနှင့် ဘာသာခြားတစ်ဦး ထိမ်းမြားလက်ထပ်ခြင်းကို တားမြစ်ထားခြင်းမရှိပေ။ ယင်းဥပဒေပုဒ်မ ၄ အရ ထိမ်းမြားလက်ထပ်သူတစ်ဦး သည် ခရစ်ယာန်ဘာသာဝင်ဖြစ်လျှင်ပင် ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေအရ ထိမ်းမြားခြင်းကို ပြုလုပ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရသည်။

သို့ရာတွင် ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေပုဒ်မ ၈၈ တွင် "ဤအက်ဥပဒေပါ မည်သည့် အချက်ကမျှ ထိမ်းမြားမည့်သူတို့အနက် တစ်ဦးအား ယင်းတို့နှင့်သက်ဆိုင်သည့်ဥပဒေအရ ယင်းတို့တစ်ဦးဦး အား တားမြစ်ထားသော ထိမ်းမြားခြင်းကို အတည်ပြုသည်ဟု မှတ်ယူခြင်းမပြုရ"ဟု ပြဋ္ဌာန်းထားပါသည်။

ထို့ကြောင့် ခရစ်ယာန်ဘာသာဝင်တစ်ဦးသည် ဘာသာခြားနှင့် ထိမ်းမြားလက်ထပ်မည်ဆိုပါက အဆိုပါဘာသာခြားနှင့်သက်ဆိုင်သည့်ဥပဒေ(personal law)အရ တားမြစ်ထားခြင်း ရှိ၊ မရှိကိုမူ သတိပြုရ မည်ဖြစ်ပါသည်။

**ဗုဒ္ဓဘာသာဝင်နှင့် ထိမ်းမြားခြင်း**

မြန်မာဓလေ့ထုံးတမ်းဥပဒေတွင် ဗုဒ္ဓဘာသာဝင်တစ်ဦးနှင့် ဘာသာခြားတို့ထိမ်းမြားမှုတွင် ထိမ်းမြား ခြင်း တရားမဝင်ပျက်ပြယ်ကြောင်း ပြဋ္ဌာန်းချက်မရှိသည်ကို တွေ့ရသည်။

ဗုဒ္ဓဘာသာအမျိုးသားနှင့် ခရစ်ယာန်ဘာသာဝင်အမျိုးသမီးတို့၏ ထိမ်းမြားလက်ထပ်ခြင်းကို "ခရစ် ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ"အရ တရားဝင်ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။ ခရစ်ယာန်ဘာသာဝင် အမျိုးသားနှင့် နိုင်ငံခြားသား ဗုဒ္ဓဘာသာဝင်အမျိုးသမီးတို့၏ ထိမ်းမြားလက်ထပ်ခြင်းကို "ခရစ်ယာန်ထိမ်းမြား ခြင်းဆိုင်ရာအက်ဥပဒေ"အရ တရားဝင်ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

သို့ရာတွင် ခရစ်ယာန်ဘာသာဝင်အမျိုးသားနှင့် မြန်မာဗုဒ္ဓဘာသာဝင်အမျိုးသမီးတို့၏ ထိမ်းမြား

လက်ထပ်ခြင်းကိုမူ "မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေ"အရ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးရှေ့မှောက်တွင် ဆောင်ရွက်ရမည်ဖြစ်သည်။

**အစ္စလာမ်ဘာသာဝင်နှင့် ထိမ်းမြားခြင်း**

အစ္စလာမ်တရားဥပဒေအရ စွန်နီ(Sunni)မျိုးနွယ်စုနှင့် ရှီအာ(Shiah)ဟူ၍ မျိုးနွယ်စုနှစ်ခုရှိပါသည်။

စွန်နီ(Sunni)ဥပဒေအရ မွတ်စလင်အမျိုးသားသည် ကီတာဘီယာ(Kitabia)ခေါ် ရှေးကျမ်းစာကိုလက်ခံသောအမျိုးသမီးနှင့် ထိမ်းမြားလက်ထပ်နိုင်ပါသည်။ အစ္စလာမ်တရားဥပဒေအရ ခရစ်ယာန်နှင့် ဂျူးအမျိုးသမီးများကို ကီတာဘီယာ(Kitabia)အဖြစ် လက်ခံသည်။ စွန်နီ မွတ်စလင်အမျိုးသမီးအနေဖြင့်မူ မည်သည့်ဘာသာခြားနှင့်မှ ထိမ်းမြားလက်ထပ်ခွင့်မရှိပေ။

ရှီအာ(Shiah)ဥပဒေအရ မွတ်စလင်အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ ဘာသာခြားနှင့်ထိမ်းမြားလက်ထပ်ခြင်း မပြုလုပ်နိုင်ပေ။ သို့ရာတွင် ရှီအာမွတ်စလင်အမျိုးသားသည် ကီတာဘီယာ(Kitabia)ဖြစ်သော ခရစ်ယာန်အမျိုးသမီးနှင့် မူတာ(Muta)ခေါ် ယာယီထိမ်းမြားလက်ထပ်ခြင်း ပြုနိုင်ပါသည်။

ခရစ်ယာန်ဘာသာဝင်အမျိုးသားနှင့် အစ္စလာမ်ဘာသာဝင်အမျိုးသမီး ထိမ်းမြားမည်ဆိုပါက ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၈၈ က အဟန့်အတားရှိမည်ဖြစ်ပါသည်။

ထို့ကြောင့် စွန်နီ အစ္စလာမ်ဘာသာဝင်အမျိုးသားနှင့် ခရစ်ယာန်ဘာသာဝင်အမျိုးသမီးတို့သည် "ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ"အရ ထိမ်းမြားခြင်းပြုနိုင်ကြောင်း တွေ့ရှိရသည်။ ရှီအာအစ္စလာမ်ဘာသာဝင်အမျိုးသားနှင့် ခရစ်ယာန်ဘာသာဝင်အမျိုးသမီး ထိမ်းမြားနိုင်ခြင်း ရှိ မရှိမှာမူ အငြင်းပွားစရာအခြေအနေရှိမည်ဖြစ်ပါသည်။

**ဟိန္ဒူဘာသာဝင်နှင့် ထိမ်းမြားခြင်း**

ဟိန္ဒူဓလေ့ထုံးတမ်းဥပဒေအရ ဟိန္ဒူဘာသာဝင်အချင်းချင်းပင် ဇာတ်မတူလျှင် ထိမ်းမြားခြင်း မပြုနိုင်ကြောင်း တွေ့ရှိရသည်။ ဘာသာခြားနှင့်ထိမ်းမြားခြင်းကို ဟိန္ဒူဥပဒေက ခွင့်မပြုပေ။ ဟိန္ဒူဘာသာဝင်နှင့် ခရစ်ယာန်ဘာသာဝင်ထိမ်းမြားမည်ဆိုပါက ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၈၈ က အဟန့်အတားရှိမည်ဖြစ်ပါသည်။

စာရေးသူ ရေးသားထုတ်ဝေခဲ့သော ဘာသာတူ ဘာသာခြား မှတ်ပုံတင်၍ ထိမ်းမြားခြင်းများစာအုပ်နိဒါန်းတွင် "ဟိန္ဒူဘာသာဝင်တစ်ဦးနှင့် ခရစ်ယာန်ဘာသာဝင်တစ်ဦး ထိမ်းမြားလက်ထပ်ခြင်းကို The Christian Marriage Act အရ ပြုလုပ်ဆောင်ရွက်နိုင်ပါသည်"ဟု မှားယွင်းဖော်ပြခဲ့ပါသည်။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေပုဒ်မ ၄ အရ ခရစ်ယာန်ဘာသာဝင်တစ်ဦးနှင့် ဘာသာခြားတစ်ဦး ထိမ်းမြားလက်ထပ်ခွင့်ကို ဆင်ခြင်ခဲ့သော်လည်း ပုဒ်မ ၈၈ ပါ ပြဋ္ဌာန်းချက်ကို ဆင်ခြင်ရန် ကျန်ရှိခဲ့ပါသည်။ စာရေးသူ၏အမှားဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ မှားယွင်းမှုအတွက်လည်း စာဖတ်သူအား အလေးအနက် တောင်းပန်ပါသည်။

*　　　*　　　*

**တရားရုံးတွင် မှတ်ပုံတင်၍ ထိမ်းမြားခြင်း**

ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေပုဒ်မ ၇ အရ "မှတ်ပုံတင်အရာရှိများ"အဖြစ် တိုင်းဒေသကြီး/ ပြည်နယ်တရားရေးဦးစီးမှူး၊ ခရိုင်တရားသူကြီး၊ မြို့နယ်တရားသူကြီးတို့အား ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ (၂၆-၂-၂၀၁၃) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၅၃/၂၀၁၃ အရ ခန့်အပ်ခဲ့ပါသည်။

မှတ်ပုံတင်အရာရှိသည် ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ အပိုင်း ၅၊ ပုဒ်မ ၃၈ မှ ၅၉

အထိပါ "ထိမ်းမြားခြင်းမှတ်ပုံတင်အရာရှိတစ်ဦးကဆောင်ရွက်သော သို့မဟုတ် ယင်း၏ရှေ့မှောက်တွင် ဆောင်ရွက်သော ဝိနည်းနှင့်အညီ ထိမ်းမြားခြင်း"ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရပါသည်။

**မှတ်ပုံတင်အရာရှိရှေ့မှောက်တွင် ထိမ်းမြားပုံအဆင့်ဆင့်**

၁။ ထိမ်းမြားရန်ရည်ရွယ်ကြောင်း အကြောင်းကြားစာကို ထိမ်းမြားမည့်သူများအနက် တစ်ဦးက မှတ်ပုံတင်အရာရှိထံ ပေးပို့ရမည်ဖြစ်ပါသည်။ ပုံစံမှာ ယင်းဥပဒေ နောက်ဆက်တွဲပထမဇယားပါ ပုံစံအတိုင်းဖြစ်ပါသည်။

၂။ မှတ်ပုံတင်အရာရှိသည် အကြောင်းကြားစာကို မိတ္တူကူး၍ မိမိ၏ရုံးအတွင်း မြင်သာသောနေရာများတွင် ကပ်ထားရမည်ဖြစ်ပြီး အကြောင်းကြားစာမူရင်းကို ဖိုင်တွဲပြီး ရုံးမှတ်တမ်းများနှင့်အတူ ထိန်းသိမ်းထားရမည်ဖြစ်ပါသည်။ "ထိမ်းမြားခြင်းအကြောင်းကြားစာ စာအုပ်"တွင် အကြောင်းကြားစာ မိတ္တူမှန်ကို ချက်ချင်းရေးသွင်းရမည်ဖြစ်ပါသည်။

၃။ ထိမ်းမြားမည့်သူသည် အရွယ်မရောက်သေးသူ (အသက် ၂၁ နှစ်မပြည့်သေးသူ)ဖြစ်လျှင် အကြောင်းကြားစာ လက်ခံရရှိပြီး ၁၄ ရက်မကုန်ဆုံးမီ ထိမ်းမြားခြင်းမပြုရပါ။

၄။ ထိမ်းမြားရန်ရည်ရွယ်ကြောင်း အကြောင်းကြားစာကို မှတ်ပုံတင်ရေးသွင်းပြီး ၂ လအတွင်း ထိမ်းမြားခြင်းကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၅။ ထိမ်းမြားခြင်းကို နံနက် ၆ နာရီနှင့် ညနေ ၇ နာရီအတွင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၆။ သာမန်အားဖြင့် အကြောင်းကြားစာပေးပို့ထားသော မှတ်ပုံတင်အရာရှိထံတွင် ပြုလုပ်ရမည်ဖြစ်ပါသည်။ အနည်းဆုံးသက်သေနှစ်ဦးရှေ့တွင် ပြုလုပ်ရမည်ဖြစ်ပါသည်။

၇။ ထိမ်းမြားမည့်သူများသည် အောက်ပါအတိုင်း သို့မဟုတ် ထိုသို့သဘောသက်ရောက်သော ကြေညာချက်ပြုလုပ်ရမည်ဖြစ်ပါသည်။

> "ကျွန်ုပ်ဝိနည်းနှင့်အညီ ကြေညာသည်မှာ ကျွန်ုပ် A.B သည် C.D နှင့် ထိမ်းမြားမှုမပြုသင့်ကြောင်း ဥပဒေအရ အဟန့်အတား ပိတ်ပင်ထားသည့် အချက်မရှိဟု ကျွန်ုပ်သိရှိပါသည်။"

၈။ ထိမ်းမြားသည့်သူတစ်ဦးသည် ကျန်တစ်ဦးအား အောက်ပါအတိုင်း သို့မဟုတ် ထိုသို့ သဘောသက်ရောက်သောစကားကို ပြောရမည်။

> "ကျွန်ုပ်သည် ယခုတက်ရောက်လာသော အသိသက်သေများ ရှေ့မှောက်တွင် ကျွန်ုပ် A.B သည် သင် C.D အား ကျွန်ုပ်၏တရားဝင်ထိမ်းမြားထားသော ဇနီး (သို့မဟုတ် ခင်ပွန်း)အဖြစ် တရားဝင်ရယူပါသည်။"

၉။ မှတ်ပုံတင်အရာရှိက မှတ်ပုံတင်ရန်အတွက် လိုအပ်သော ထိမ်းမြားခြင်းနှင့်စပ်ဆိုင်သည့်အချက်များကို ထိမ်းမြားမည့်သူများထံမှ မေးမြန်းနိုင်ပါသည်။ ထိမ်းမြားခြင်းကို ချက်ချင်းမူရင်းခွဲပြုလုပ်၍ မှတ်ပုံတင်သွင်းရမည်။ မှတ်ပုံတင်စာအုပ်တွင် အထောက်အထားလက်မှတ်၏ လက်ခံဖြတ်ပိုင်းနှင့်အတူ မိတ္တူကိုလည်း လက်ခံဖြတ်ပိုင်းအဖြစ် ပူးတွဲထားရမည်။ ပုံစံမှာ ယင်းဥပဒေနောက်ဆက်တွဲ စတုတ္ထဇယားပါ ပုံစံအတိုင်းဖြစ်ပါသည်။

၁၀။ ထိမ်းမြားခြင်းကို ဆောင်ရွက်ပေးသည့်ပုဂ္ဂိုလ်(ရှိလျှင်)၊ မှတ်ပုံတင်အရာရှိ၊ သက်သေ ၂ ဦးက ထိမ်းမြားခြင်းအထောက်အထားလက်မှတ်နှင့် မှတ်ပုံတင်စာအုပ်တွင် မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်ဖြစ်ပါသည်။

၁၁။ မှတ်ပုံတင်အရာရှိသည် ထိမ်းမြားခြင်း မှတ်ပုံတင်စာအုပ်မှ အထောက်အထားလက်မှတ်ကို ချက်ချင်း သီးခြားပြုလုပ်၍ လစဉ် လကုန်သောအခါတိုင်း ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိချုပ်ထံ ပေးပို့ရမည် ဖြစ်ပါသည်။

**မှတ်ပုံတင်ထိမ်းမြားခြင်းအတွက် အခကြေးငွေ သတ်မှတ်ခြင်းနှင့် နည်းဥပဒေများ ပြဋ္ဌာန်းခွင့်**

ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေပုဒ်မ ၈၂ နှင့် ၈၃ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်။

၈၂။ ဤအက်ဥပဒေအရ ထိမ်းမြားလိုသော အကြောင်းကြားစာများကို လက်ခံခြင်း၊ ကြေညာခြင်းအတွက်လည်းကောင်း၊ ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိများက အထောက်အထား လက်မှတ်များထုတ်ပေးခြင်းအတွက်လည်းကောင်း၊ ထို့ပြင် ထိုသို့ ထိမ်းမြားခြင်းများအား မှတ်ပုံတင်ခြင်းကိစ္စအတွက်လည်းကောင်း၊ ထိုမှတ်ပုံတင်အရာရှိများက ထိမ်းမြားခြင်းအတွက် အထောက်အထား လက်မှတ်ထုတ်ပေးခြင်းကို ကန့်ကွက်ခြင်း သို့မဟုတ် တားမြစ်ခြင်းများနှင့်စပ်လျဉ်း၍ စာရင်းရေးသွင်းခြင်းကိစ္စအတွက်လည်းကောင်း၊ မှတ်ပုံတင်စာအုပ်များ၊ အထောက်အထား လက်မှတ်များ ရှာဖွေခြင်း သို့မဟုတ် မူရင်းခွဲများကို ရှာဖွေခြင်း၊ ပုဒ်မ ၆၃ နှင့် ၇၉ အရ ထိုစာအုပ်မှ ရေးသွင်းချက်များကို မိတ္တူကူးယူခြင်းကို ခွင့်ပြုခြင်းအတွက်လည်းကောင်း အခကြေးငွေ တောင်းခံရမည်။

နိုင်ငံတော်သမ္မတသည် ထိုအခကြေးငွေအသီးသီးကို သတ်မှတ်နိုင်သည့်ပြင် အခါအားလျော်စွာ သင့်သည် ထင်မြင်သည့်အတိုင်း အမျိုးအစားအားလုံး သို့မဟုတ် အထူးကိစ္စရပ်များအတွက် အခကြေးငွေကို ပြောင်းလဲသတ်မှတ်နိုင်သည် သို့မဟုတ် ကင်းလွတ်ခွင့်ပြုနိုင်သည်။"

၈၃။ နိုင်ငံတော်သမ္မတသည် ပုဒ်မ ၈၂ တွင် ဖော်ပြထားသော အခကြေးငွေနှင့်စပ်လျဉ်း၍ စီမံဆောင်ရွက်ခြင်း၊ ထိမ်းမြားခြင်း မှတ်ပုံတင်စာအုပ်များဖြည့်ဆည်းပေးခြင်းနှင့် ဤအက်ဥပဒေအရ ဆောင်ရွက်သော ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းများနှင့် ယင်းတို့၏အစီရင်ခံစာများကို ပြင်ဆင်ခြင်း၊ တင်ပြခြင်းနှင့်စပ်လျဉ်း၍ နည်းဥပဒေများ ပြဋ္ဌာန်းနိုင်သည်။"

**တရားရုံးတွင် မှတ်ပုံတင်ထိမ်းမြားခြင်း ဆောင်ရွက်ပေးနိုင်ရန် လိုအပ်ချက်များ**

တရားရုံး ထိမ်းမြားမှုမှတ်ပုံတင်အရာရှိများအနေဖြင့် ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ အပိုင်း ၅ အရ မှတ်ပုံတင်ထိမ်းမြားခြင်းကို ဆောင်ရွက်ပေးနိုင်ရန်အတွက် အောက်ပါအချက်များကို ဖြည့်ဆည်းပေးရန် လိုအပ်မည်ဖြစ်ပါသည်။

- မှတ်ပုံတင်ထိမ်းမြားခြင်းအတွက် လိုအပ်သောအခကြေးငွေအသီးသီးကို သတ်မှတ်ထုတ်ပြန်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။
- ယင်းအခကြေးငွေအသီးသီးနှင့်စပ်လျဉ်း၍ စီမံဆောင်ရွက်ရန် နည်းလမ်းကို သတ်မှတ်ပြဋ္ဌာန်းပေးရန် လိုအပ်မည်ဖြစ်ပါသည်။
- အောက်ဖော်ပြပါ မှတ်ပုံတင်စာအုပ်များ ဖြည့်ဆည်းပေးရန် လိုအပ်မည်ဖြစ်ပါသည်။
  (၁) ထိမ်းမြားခြင်းအကြောင်းကြားစာစာအုပ်
  (၂) ထိမ်းမြားခြင်း မှတ်ပုံတင်စာအုပ်

- အကြောင်းကြားစာလက်ခံရရှိကြောင်း အထောက်အထားလက်မှတ်ပုံစံနှင့် ထိမ်းမြားခြင်း အထောက်အထားလက်မှတ်ပုံစံများကို ဖြည့်ဆည်းပေးရန် လိုအပ်မည်ဖြစ်ပါသည်။
- ထိမ်းမြားခြင်းနှင့်ပတ်သက်၍ နည်းလမ်းတကျ ထိမ်းမြားဆောင်ရွက်နိုင်ရန် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ပြဋ္ဌာန်းပေးရန် လိုအပ်မည်ဖြစ်ပါသည်။
- ထိမ်းမြားခြင်းနှင့်ပတ်သက်၍ အစီရင်ခံစာများ ပြင်ဆင်ခြင်း၊ တင်ပြခြင်းနှင့်စပ်လျဉ်း၍ နည်းဥပဒေများထုတ်ပြန်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။

အထက်ဖော်ပြပါလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိပါက ခရစ်ယာန်ဘာသာဝင်များအနေဖြင့် တရားရုံးမှတ်ပုံတင်အရာရှိထံတွင် ထိမ်းမြားလက်ထပ်နိုင်ရန် ဥပဒေအရ ရရှိသောအခွင့်အရေးနှင့် ဝေးကွာနေဦးမည်သာဖြစ်ပါသည်။ ။

**ထွန်းမျိုးငွေး**

# စွဲချက်နှင့်ပတ်သက်သော ပြင်ဆင်မှုဥပဒေသများကို လေ့လာခြင်း

**ထွန်းမျိုးဌေး**

စွဲချက်နှင့်ပတ်သက်သော ပြင်ဆင်မှုအာဏာများကို ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၆၊ ၄၃၇ နှင့် ၄၃၉ တွင် ပြဋ္ဌာန်းထားရှိပြီး ၂၀၁၆ ခုနှစ်၊ ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေတွင် ပုဒ်မ ၄၃၆၊ ၄၃၇ နှင့် ၄၃၉ အာဏာရတရားရုံးနှင့် တရားသူကြီးများကို ပြင်ဆင်ပြဋ္ဌာန်းခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

စွဲချက်နှင့်စပ်လျဉ်းသည့် ပြင်ဆင်မှုများတွင် စွဲချက်မတင်လွှတ်မိန့်အပေါ် ပြင်ဆင်မှု၊ စွဲချက်ကို ပယ်ဖျက်ပေးရန် ပြင်ဆင်မှု၊ စွဲချက်ကို ပြောင်းလဲပေးရန် ပြင်ဆင်မှုနှင့် စွဲချက်များထပ်မံဖြည့်သွင်းပေးရန် ပြင်ဆင်မှုဟူ၍ ပြင်ဆင်မှုအမျိုးအစား (၄)မျိုး ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ဤဆောင်းပါးတွင် စွဲချက်နှင့်ပတ်သက်သည့် ပြင်ဆင်မှုအမျိုးအစား (၃) မျိုးကို ခွဲခြားတင်ပြသွားမည်ဖြစ်ပါသည်။

ထို့ကြောင့် စွဲချက်နှင့်ပတ်သက်သော ပြင်ဆင်မှုအာဏာများနှင့် ပြင်ဆင်မှုဥပဒေသများကို လေ့လာတင်ပြအပ်ပါသည်။

## အပိုင်း(၁)
## တရားရှင်လွှတ်မိန့် (သို့မဟုတ်) စွဲချက်မတင်မီ လွှတ်မိန့်အပေါ်ပြင်ဆင်မှုနှင့် ပြင်ဆင်မှုအာဏာ

### သက်ဆိုင်ရာပြဋ္ဌာန်းချက်

၂၀၁၆ ခုနှစ်၊ ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေပုဒ်မ ၅(ခ) နှင့် ၂၆ အရ ပြင်ဆင်ထားသော ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ ပြဋ္ဌာန်းချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

> "အမှုမှတ်တမ်းတစ်ခုခုကို ပုဒ်မ ၄၃၅ အရဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ကြည့်ရှုစစ်ဆေးသည့်အခါ အမှုတွင်ဖြစ်စေ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် သို့မဟုတ် ခရိုင်တရားသူကြီးသည် ပုဒ်မ ၂၀၃ အရသော်လည်းကောင်း၊ ပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(၃) အရသော်လည်းကောင်း၊ ပလပ်သည့် တိုင်တန်းချက်ကိုဖြစ်စေ၊ တရားခံအား စွဲချက်မတင်မီလွှတ်ထားသည့် အမှုကိုဖြစ်စေ ခရိုင်တရားရုံးကိုယ်တိုင်၊ သို့မဟုတ် ၎င်း၏လက်အောက်ရှိ ရာဇဝတ်တရားသူကြီးတစ်ဦးဦးက ထပ်မံစုံစမ်းစစ်ဆေးရန် ညွှန်ကြားနိုင်သည်။ ခရိုင်တရားရုံးသည် ကိုယ်တိုင်ထပ်မံစုံစမ်းစစ်ဆေးနိုင်သည်၊ သို့မဟုတ် လက်အောက်ရှိ ရာဇဝတ်တရားသူကြီး တစ်ဦးဦးကို ထပ်မံစုံစမ်းစစ်ဆေးရန် ညွှန်ကြားနိုင်သည်။

(သို့ရာတွင် စွဲချက်မတင်မီ လွှတ်လိုက်သော တရားခံသည် ထပ်မံစုံစမ်းရန် ညွှန်ကြားခြင်း မပြုသင့်ကြောင်း အကြောင်းပြထုချေခွင့်မရရှိလျှင် မည်သည့်တရားရုံးကမျှ စုံစမ်းစစ်ဆေးရန် ဤပုဒ်မအရ ညွှန်ကြားခြင်းမပြုရ။)

၂၀၁၆ ခုနှစ်၊ ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေပုဒ်မ ၂၇ အရပြင်ဆင်ထားသော ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၇ ပြဋ္ဌာန်းချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

"ပုဒ်မ ၄၃၅ အရဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ အမှုမှတ်တမ်းတစ်စုံတစ်ရာကို ကြည့်ရှုစစ်ဆေးသည့်အခါ အဆိုပါအမှုကို ခရိုင်တရားရုံးကသာ စစ်ဆေးစီရင်နိုင်ကြောင်း၊ ထို့ပြင် လက်အောက်ခံတရားရုံးကလည်း တရားခံတစ်စုံတစ်ယောက်ကို စွဲချက်မတင်မီ မလွှတ်သင့်ဘဲ လွှတ်လိုက်ကြောင်း၊ ခရိုင်တရားသူကြီးကထင်မြင်လျှင် ခရိုင်တရားသူကြီးက ၎င်းတရားခံကို ဖမ်းဆီးစေပြီးလျှင် အမှုကို အသစ်ထပ်မံ စုံစမ်းစစ်ဆေးရန် ဆင့်ဆိုမည့်အစား စွဲချက်မတင်မီ မလွှတ်သင့်ဘဲ လွှတ်လိုက်ကြောင်းနှင့် ၎င်းခရိုင်တရားသူကြီးက ထင်မြင်သည့်အချက်ကို စစ်ဆေးစီရင်ရန်အလို့ငှာ ၎င်းတရားခံကို လွှဲအပ်တင်ပို့စေရန် အမိန့်ချမှတ်နိုင်သည်။

သို့ရာတွင် –

(က) တရားခံမှာ ၎င်းကို မည်သည့်အကြောင်းကြောင့် လွှဲအပ်တင်ပို့ခြင်းမပြုသင့်ကြောင်း အဆိုပါတရားသူကြီး၊ သို့မဟုတ် ရာဇဝတ်တရားသူကြီးထံ အကြောင်းပြ ထုချေခွင့်ရစေရမည်။

(ခ) သက်သေခံချက်များအရ အခြားပြစ်မှုတစ်စုံတစ်ရာကို ၎င်းတရားခံကျူးလွန်ကြောင်း အဆိုပါတရားသူကြီး၊ သို့မဟုတ် ရာဇဝတ်တရားသူကြီးက ထင်မြင်လျှင် ထိုပြစ်မှုကို စုံစမ်းစစ်ဆေးရန် အဆိုပါတရားသူကြီး၊ သို့မဟုတ် ရာဇဝတ်တရားသူကြီးက လက်အောက်ခံတရားရုံးကို ညွှန်ကြားနိုင်သည်။

## ပုဒ်မ ၄၃၆ ပြင်ဆင်မှုအာဏာမှတ်စုများ

### (၁) ပုဒ်မ ၄၃၆ ပြင်ဆင်မှုအာဏာရတရားရုံးများ

၂၀၁၆ ခုနှစ်၊ ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ ပုဒ်မ ၄၃၆ အာဏာရ တရားရုံးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များ

(ဂ) ခရိုင်တရားသူကြီး သို့မဟုတ် ခရိုင်တရားရုံး

၂၀၁၆ ခုနှစ်၊ ရာဇဝတ်ကျင့်ထုံးဥပဒေပြင်ဆင်သည့်ဥပဒေအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများကို ပုဒ်မ ၄၃၆ အရ ပြင်ဆင်မှုအာဏာအပ်နှင်းထားခြင်းမရှိသည်ကို တွေ့ရှိရပါသည်။

### (၂) ပုဒ်မ ၄၃၆ အရ ပြင်ဆင်မှုအာဏာများ

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် သို့မဟုတ် ခရိုင်တရားသူကြီးသည် အောက်ပါလုပ်ပိုင်ခွင့်အာဏာရှိသည်။

(က) ခရိုင်တရားရုံးကိုယ်တိုင် ထပ်မံစုံစမ်းစစ်ဆေးရန် ညွှန်ကြားနိုင်သည်။

(ခ) ခရိုင်တရားရုံး၏လက်အောက်ရှိ ရာဇဝတ်တရားသူကြီးတစ်ဦးဦးက ထပ်မံစုံစမ်းစစ်ဆေးရန် ညွှန်ကြားနိုင်သည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ ပြင်ဆင်မှုအာဏာအရ ခရိုင်တရားရုံးသည် အောက်ဖော်ပြပါ လုပ်ပိုင်ခွင့်အာဏာရှိသည်။

(က) ကိုယ်တိုင်ထပ်မံစုံစမ်းစစ်ဆေးနိုင်သည်။

(ခ) လက်အောက်ရှိ ရာဇဝတ်တရားသူကြီးတစ်ဦးဦးကို ထပ်မံစုံစမ်းစစ်ဆေးရန် ညွှန်ကြားနိုင်သည်။

**(၃) ပုဒ်မ ၄၃၆ အာဏာဖြင့် ဝင်ရောက်စွက်ဖက်နိုင်သော အမိန့်များ**

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အာဏာဖြင့် ဝင်ရောက်စွက်ဖက်နိုင်သော အမိန့်(၃)မျိုးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၀၃ အရ တိုင်တန်းချက်ကို ပလပ်သောအမိန့်

(ခ) ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၀၄(၃)အရ တိုင်တန်းချက်ကို ပလပ်သောအမိန့်

(ဂ) စွဲချက်မတင်မီလွှတ်သောအမိန့်

စွဲချက်မတင်မီလွှတ်သောအမိန့်များမှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၃၊ ပုဒ်မ ၂၅၉ နှင့် ပုဒ်မ ၄၉၄(က)တို့ကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။

သမ္မာန်မှုကို ဝရမ်းမှုစစ်ဆေးနည်းဖြင့် စစ်ဆေးရာတွင် စွဲချက်မတင်မီလွှတ်သောအမိန့်သည် ဥပဒေအရ အပြီးအပြတ်လွှတ်သောအမိန့်ဖြစ်ကြောင်း ABDUL RAHIM v. K.MADHA SAHIB (၁၉၅၈၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ တရားလွှတ်တော်၊ စာ ၆၁၃)တွင် အောက်ပါအတိုင်း ညွှန်ပြပါသည်။

> "there is no provision for discharging an accused in a summons case and that the order made therein and described as an order of discharge was in law an order of acquittal, ................"

သို့ဖြစ်ရာ သမ္မာန်မှုကို ဝရမ်းမှုစစ်ဆေးနည်းဖြင့် စစ်ဆေးရာတွင် စွဲချက်မတင်မီ လွှတ်သောအမိန့်အပေါ် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အရ ဝင်ရောက်စွက်ဖက်ခွင့်မရှိသည်ကို သတိမူရမည်ဖြစ်ပါသည်။

**ပုဒ်မ ၄၃၇ အာဏာမှတ်စုများ**

**(၁) ပုဒ်မ ၄၃၇ အာဏာရတရားသူကြီး**

၂၀၁၆ ခုနှစ်၊ ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ ပုဒ်မ ၄၃၇ အာဏာရတရားသူကြီးမှာ "ခရိုင်တရားသူကြီး"ဖြစ်ပါသည်။

**(၂) ပုဒ်မ ၄၃၇ အရ အာဏာများ**

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၇ အရ ခရိုင်တရားသူကြီးသည် အောက်ပါလုပ်ပိုင်ခွင့်အာဏာ(၂) ရပ်ရှိသည်။

(က) စစ်ဆေးစီရင်ရန်အလို့ငှာ တရားခံကို လွှဲအပ်တင်ပို့စေရန် အမိန့်ချမှတ်နိုင်သည်။
(order to be committed for trial)

(ခ) လက်အောက်ခံတရားရုံးကို စုံစမ်းစစ်ဆေးရန် ညွှန်ကြားနိုင်သည်။
(may direct to inquire)

**(၃) ပုဒ်မ ၄၃၇ အရ စစ်ဆေးစီရင်ရန်အလို့ငှာ လွှဲအပ်တင်ပို့စေရန် အမိန့်**

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၇ ပြဋ္ဌာန်းချက်အရ ခရိုင်တရားသူကြီးသည် ပုဒ်မ ၄၃၅ အရဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ အမှုမှတ်တမ်းတစ်စုံတစ်ရာကို ကြည့်ရှုစစ်ဆေးသည့်အခါ အောက်ပါအချက်များတွေ့ရှိလျှင် စစ်ဆေးစီရင်ရန်အလို့ငှာ တရားခံကို လွှဲအပ်တင်ပို့စေရန် (order the accused to be committed for trial) အမိန့်ချမှတ်နိုင်သည်။

(က) အမှုကို ခရိုင်တရားရုံးကသာ စစ်ဆေးစီရင်နိုင်ကြောင်း
(such case is triable exclusively by the District Court)

(ခ) တရားခံတစ်စုံတစ်ယောက်ကို စွဲချက်မတင်မီ မလွှတ်သင့်ဘဲ လွှတ်လိုက်ကြောင်း
(an accused person has been improperly discharge by the inferior Court)

**(၄) ပုဒ်မ ၄၃၇ ခြွင်းချက်(ခ) အရ လက်အောက်ခံတရားရုံးကို စုံစမ်းစစ်ဆေးရန်ညွှန်ကြားခြင်း**

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၇ ခြွင်းချက် ပြဋ္ဌာန်းချက်အရ ခရိုင်တရားသူကြီးသည် သက်သေခံချက်များအရ အခြားပြစ်မှုတစ်စုံတစ်ရာကို တရားခံကျူးလွန်ကြောင်း ထင်မြင်လျှင် လက်အောက်ခံတရားရုံးကို စုံစမ်းစစ်ဆေးရန် ညွှန်ကြားနိုင် (may direct the inferior Court to inquire) သည်။

**စွဲချက်မတင်မီလွှတ်သည့်အမိန့်အပေါ် အရပ်သားတရားလိုက ပြင်ဆင်မှုလျှောက်ထားနိုင်ခြင်း**

MAUNG HTIN GYAW v. MAUNG PO SEIN (၁၉၂၆၊ အိန္ဒိယစီရင်ထုံးများ၊ ရန်ကုန်၊ အတွဲ ၄၊ စာ ၄၇၁)တွင် တရားလွှတ်တော်သည် အရပ်သားတရားလို၏ လျှောက်ထားချက်အရ ရာဇဝတ်တရားသူကြီးတစ်ဦးက မလျော်မကန်ချမှတ်ထားသည့်တရားရှင်လွှတ်မိန့်ကို ပြင်ဆင်နိုင်သော်လည်း တရားခံအား နှိပ်စက်ညှဉ်းပန်းသည့်အနေမျိုး၊ အပြီးသတ်ဆုံးဖြတ်ရန် လိုသေးသည့် အနေမျိုးမဖြစ်အောင် သတိမူရမည်ဖြစ်ကြောင်း အောက်ပါအတိုင်း ညွှန်ပြပါသည်။

> "The High Court can revise at the instance of a private prosecutor an order of discharge improperly made by a Magistrate, regard being paid to the fact that the accused does not suffer by way of persecution and want of finality"

**စွဲချက်မတင်မီလွှတ်ခြင်းခံရသည့်တရားခံကို ထုချေရန် အခွင့်အရေး ပေးရခြင်း**

**(၁) ပုဒ်မ ၄၃၆ ခြွင်းချက်**

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ ခြွင်းချက်ပြဋ္ဌာန်းချက်အရ စွဲချက်မတင်မီလွှတ်လိုက်သော တရားခံသည် ထပ်မံစုံစမ်းရန် ညွှန်ကြားခြင်းမပြုသင့်ကြောင်း အကြောင်းပြထုချေခွင့်မရရှိလျှင် မည်သည့်တရားရုံးကမျှ စုံစမ်းစစ်ဆေးရန် ဤပုဒ်မအရ ညွှန်ကြားခြင်းမပြုရကြောင်း ပြဋ္ဌာန်းထားသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ ခြွင်းချက်သည် ပုဒ်မ ၂၅၃၊ ပုဒ်မ ၂၅၉ နှင့် ပုဒ်မ ၄၉၄(က) အရ စွဲချက်မတင်မီလွှတ်ခြင်းခံရသည့် တရားခံများနှင့်သက်ဆိုင်သည်။

ပုဒ်မ ၂၀၃ နှင့် ၂၀၄(၃)တို့အရ တိုင်တန်းချက်ကို ပလပ်သည့်အမိန့်များနှင့် သက်ဆိုင်ခြင်းမရှိသည်ကို သတိပြုရန်ဖြစ်ပါသည်။

**မောင်အောင်မောင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ(၁၉၆၄၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ ရုံးချုပ်၊**

**စာ ၂၁၉)**တွင် အောက်ပါအတိုင်း ညွှန်ပြပါသည်။

"ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၃၆ အရ ခရိုင်တရားသူကြီးသည် တရားရှင်လွှတ်သည့်အမိန့်ကို ပယ်ဖျက်၍ ထပ်မံစစ်မေးရန် အမိန့်ချလိုမှု၊ ထိုအမိန့်မချမှတ်မီ၊ တရားရှင်လွှတ်ခံရသူအား အကြောင်းကြားခြင်း ပြုရမည်။ သက်ဆိုင်သူအား အကြောင်းမကြားဘဲ ချမှတ်သည့်အမိန့်မှာ တရားမဝင်သည့်အမိန့်သာဖြစ်သည်။ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၃၆ ခြွင်းချက်၏လိုအပ်ချက်များမှာ မပြုလုပ်လျှင်မနေရသည့်သဘောသက်ရောက်ပြီး လိုက်နာခြင်းမပြုမှု ပုဒ်မ ၅၃၇ နှင့်ပင် ကုစား၍မရနိုင်ကြောင်းမှာ ထင်ရှားသည်။"

**မောင်ကျော်မြင့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (၁၉၆၅၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ ရုံးချုပ်၊ စာ ၉၂၄)**တွင် အောက်ပါအတိုင်း ညွှန်ပြသည်။

"ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၃၆(ခြွင်းချက်)အရ ခရိုင်ရာဇဝတ်တရားသူကြီးသည် ပြန်လည်ထပ်မံစစ်ဆေးရန် အမိန့်ချမှတ်ခြင်းမပြုမီ တရားရှင်လွှတ်ထားခံရသူအား ၎င်းအပေါ်တွင် မည်သည့်အကြောင်းကြောင့် အရေးမယူထိုက်ကြောင်း ထုချေခွင့်မပြုသဖြင့် ၎င်းအမိန့်သည် ဥပဒေနှင့်ဆန့်ကျင်နေသဖြင့် ထိုအမိန့်ကို ပယ်ဖျက်လိုက်ရန် အမိန့်ချမှတ်သည်။"

**ဦးအုံးရီနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်(၁၉၈၀၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ၆၂)**တွင် အောက်ပါအတိုင်း ညွှန်ပြသည်။

"မြို့နယ်တရားရုံးမှ တရားခံအား လွှတ်သည့်အမိန့်များအပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အရ တိုင်းတရားရုံးသို့ ပြင်ဆင်မှုတဘက်က တင်သွင်းခြင်းဖြစ်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ ၏ ခြွင်းချက်အရ တဘက်သို့ အကြောင်းကြားပြီးမှသာလျှင် အမိန့်ချမှတ်ပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။"

**ကိုဇော်မင်း ပါ ၃နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (၁၉၇၆၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၃၁)** တွင် အောက်ပါအတိုင်း ညွှန်ပြသည်။

"တရားရုံး၏ အမှုတွဲကို လေ့လာသောအခါတွင် ပြင်ဆင်မှုကို ကြားနာစဉ်က တိုင်းတရားရုံးသည် လျှောက်ထားသူများဖြစ်ကြသော မောင်ဇော်မင်းပါသုံးဦးတို့အား အကြောင်းကြားခြင်းမရှိ၊ မူလရုံး၏ အမိန့်ကို အဘယ်ကြောင့် မပယ်ဖျက်သင့်ကြောင်း အကြောင်းပြရန်အခွင့်အရေးပေးခြင်းလည်းမရှိဘဲ လျှောက်ထားသူများအား မျက်ကွယ်တွင် ဖော်ပြခဲ့သည့် အမိန့်ကို ချမှတ်ခဲ့ကြောင်း တွေ့ရှိရသည်။ ထိုကဲ့သို့ ချမှတ်ခြင်းသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်သည့်ပြင် မောင်ဇော်မင်းပါသုံးဦးတို့တွင် အကျိုးထိခိုက်နစ်နာခဲ့ရကြောင်း တွေ့ရှိရသည်။"

### (၂) ပုဒ်မ ၄၃၇ ခြွင်းချက် (က)

ထို့ပြင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၇ ခြွင်းချက်(က) ပြဋ္ဌာန်းချက်အရလည်း တရားခံမှာ ၎င်းကို မည်သည့်အကြောင်းကြောင့် လွှဲအပ်တင်ပို့ခြင်းမပြုသင့်ကြောင်း အဆိုပါတရားသူကြီးထံ အကြောင်းပြ ထုချေခွင့်ရစေရမည်ဖြစ်ပါသည်။

**ထပ်မံစုံစမ်းစစ်ဆေးရန် ညွှန်ကြားရာတွင် အကြောင်းပြချက်ပေးရန် လို မလို။**

**NGA MIN DIN v. KING-EMPEROR (၁၉၁၇–၁၉၂၀၊ အထက်မြန်မာပြည် စီရင်**

**ထုံးများ၊ စာ ၁၆)**တွင် စွဲချက်မတင်မီလွှတ်လိုက်သော တရားခံအပေါ် ထပ်မံစုံစမ်းစစ်ဆေးရန် အမိန့်ချမှတ်သော တရားရုံးသည် တရားခံက ထိုအမိန့်ချမှတ်သည့်အကြောင်းရင်းကို သိရှိနိုင်ရန် ပြည့်စုံလုံလောက်သော အကြောင်း ပြချက်ပေးသင့်ကြောင်း အောက်ပါအတိုင်း ညွှန်ပြပါသည်။

> "A Court ordering further inquiry to be made against an accused person discharged should record its reasons sufficiently fully to give the accused notice of its grounds for the order."

**ထပ်မံစုံစမ်းစစ်ဆေးရန် ညွှန်ကြားသင့် မသင့် ဆင်ခြင်ရမည့်အချက်များ**

**KING-EMPEROR v. PO YIN (၁၉၀၅–၁၉၀၆၊ အောက်မြန်မာပြည်စီရင်ထုံးများ၊အတွဲ–၃၊ စာ ၉၇)**တွင် သက်သေခံချက်တစ်စုံတစ်ရာ ထပ်မံရရှိစရာအကြောင်းမရှိသော်လည်း တူညီသော အချက်အလက်များကို ပြန်လည်ကြားနာ၍ ထပ်မံစုံစမ်းစစ်ဆေးရန် လိုအပ်လျှင် ထပ်မံစုံစမ်းစစ်ဆေးရန် ညွှန်ကြားပိုင်ခွင့်ရှိကြောင်း အောက်ပါအတိုင်း ညွှန်ပြပါသည်။

> "Under the provisions of section 437 of the Code of Criminal Procedure, 1898, the District Magitrate is competent to direct further inquiry after th discharge of an accused even when no further evidence is forthcoming, and the further inquiry entails merely a rehearing on the same materials."

**THE UNION OF BURMA v. MAUNG SO AUNG (၁၉၆၂၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ ရုံးချုပ်၊ စာ ၄၃၀)**တွင် တရားရှင်လွှတ်မိန့်သည် လွဲချော်နေသည်ဟူ၍လည်းကောင်း၊ မမှန်ကန်ဟု ယုံကြည်စရာ အကြောင်းရှိနေသည်ဟူ၍လည်းကောင်း မဆိုနိုင်သည့်ပြင် သက်သေခံချက် တစ်စုံတစ်ရာကိုလည်း ထပ်မံရရှိစရာ အကြောင်းမတွေ့လျှင် အမှုကို ထပ်မံစုံစမ်းစစ်ဆေးရန် မညွှန်ကြားသင့်ကြောင်း၊ အထူးသဖြင့် ပြဿနာများမှာ ကြောင်းခြင်းရာများနှင့်သာသက်ဆိုင်လျှင် ထပ်မံစုံစမ်းစစ်ဆေးရန် ညွှန်ကြားနိုင်သော အာဏာကို သတိကြီးစွာ၊ အမြော်အမြင်ကြီးစွာနှင့် ရှားရှားပါးပါး အသုံးပြုရမည်ဖြစ်ကြောင်း အမှုစစ်ရုံးသည် သက်သေခံချက်များကို တန်ဖိုးရှိ မရှိ ချိန်ဆနိုင်ခွင့်ရှိရုံသာမက ထိုသို့ချိန်ဆရန်လည်း တာဝန်ရှိကြောင်း၊ သက်သေခံချက်များကို မယုံကြည်၍ တရားခံကို တရားရှင်လွှတ်လျှင် ပြင်ဆင်မှု၌ ယင်းအမိန့်မှာ အကြောင်းယုတ္တိတန်သော အမိန့် ဟုတ် မဟုတ်အပေါ် ပြဿနာတည်ကြောင်း၊ စဉ်းစားရမည့်အချက်မှာ ပြင်ဆင်မှုရုံးက အမှုစစ်ရုံးနှင့် သဘောတူသည် မတူသည်ကို ဆုံးဖြတ်ရန်မဟုတ်ကြောင်း၊ အမှုစစ်ရုံးဆုံးဖြတ်ချက်မှာ လွဲချော်နေသည်ဟူ၍လည်းကောင်း၊ သက်သေခံချက်များနှင့် အထင်အရှား ဆန့်ကျင်နေသည်ဟူ၍လည်းကောင်း မျှမျှတတ ပြောနိုင်လောက်အောင် အကြောင်းယုတ္တိရှိ မရှိဟူ၍ ဆုံးဖြတ်ရန်ဖြစ်ကြောင်း အောက်ပါအတိုင်း ညွှန်ပြပါသည်။

> "Where the order of discharge is one which cannot be said to be either perverse or prima facie incorrect and there is no suggestion that any further evidence is forthcoming, no further inquiry should be directed under section 437 of the Code of Criminal Procedure. The power to direct a further inquiry must be sparingly used and with great cautiion and circumspection, especially where the question involved are mrerely matters of fact. The trial Court was both entitled and bound to value and weight the evidence and if it disbelieved the evidence and discharged the accused, the question in revision depends upon whether it is a reasonable order, the criterion being, not whether the revising Court agrees with it, but whether it is

rational in the sense that it could not be fairly described as perverse or manifestly contrary to the evidence."

**THE UNION OF BURMA v. U PO CHEIN (၁၉၆၃၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ ရုံးချုပ်၊ စာ ၁၁၁)** တွင် တရားရှင်လွှတ်မိန့်သည် လွဲချော်နေသည်ဟူ၍လည်းကောင်း၊ မမှန်ကန်ဟုယုံကြည်စရာအကြောင်းရှိနေသည်ဟူ၍လည်းကောင်း မဆိုနိုင်သည့်ပြင် သက်သေခံချက် တစ်စုံတစ်ရာကိုလည်း ထပ်မံရရှိစရာအကြောင်းမတွေ့လျှင် အမှုကို ထပ်မံစုံစမ်းစစ်ဆေးရန် မညွှန်ကြားသင့်ဆိုသည်မှာ "မူ" ဖြစ်ကြောင်း၊ အထူးသဖြင့် ပြဿနာများမှာ ကြောင်းခြင်းရာများနှင့်သာ သက်ဆိုင်လျှင် ထပ်မံစုံစမ်းစစ်ဆေးရန် ညွှန်ကြားနိုင်သောအာဏာကို သတိကြီးစွာ၊ အမြော်အမြင်ကြီးစွာနှင့် ရှားရှားပါးပါး အသုံးပြုရမည်ဖြစ်ကြောင်း အောက်ပါအတိုင်း ညွှန်ပြပါသည်။

"The principle is where the order of discharge is one which cannot be said to be either perverse or prima facie incorrect and there is no suggestion that any further evidence is forthcoming, no further inquiry should be directed under section 437 of the Code of Criminal Procedure. The power to direct further inquiry must be sparingly used and with great caution and circumspection especially where the questions involved are mainly matters of fact."

**မစ္စတာ စီ၊ အာ(ရ်)၊ မန်းနီးကွန်း နှင့် ကရမ်ချန်း ပါ ၃ (၁၉၆၃၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ ရုံးချုပ်၊ စာ ၇၉၆)**တွင် အောက်ပါအတိုင်း ညွှန်ပြပါသည်။

"သက်သေခံချက်များကို လေ့လာသောအခါ လျှောက်ထားသူ၏ပြဆိုချက်များကို လက်ခံရန် ခဲယဉ်းသည်။ တဖန် ယခုကဲ့သို့ တရားရှင်လွှတ်သည့် အမှုမျိုးတွင်၊ တရားသူကြီး၏အမိန့်သည် ဆီလျော်ခြင်း သို့မဟုတ် အကျိုးအကြောင်းမဆက်စပ်ခြင်း (foolish or perverse)မဖြစ်လျှင် ပယ်ဖျက်ရန်မသင့်။ ထပ်မံ၍ စစ်ဆေးရန်အထူးကောင်းမွန်သောအကြောင်း၊ သို့မဟုတ် အထူးစဉ်းစားရန် အကြောင်းမရှိလျှင် မပြုလုပ်သင့်။ ယခုအမှုတွင် ထပ်မံစစ်ဆေးရန်အကြောင်းမရှိ၍ ပြင်ဆင်မှုကို ပယ်လိုက်သည်။"

**DAW THAN TIN v. DAW MA NGE (၁၉၆၅၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ ရုံးချုပ်၊ စာ ၈၀၁)**တွင် ထပ်မံစုံစမ်းစစ်ဆေးရန် အမိန့်ချမှတ်နိုင်သော ခရိုင်ရာဇဝတ်တရားသူကြီးအား အပ်နှင်းထားသည့် အာဏာကို အလွန်ချင့်ချိန်ပြီးမှ ခဲခဲယဉ်းယဉ်းသုံးစွဲသင့်ကြောင်း၊ ပြင်ဆင်မှု၌ သုံးစွဲသော စီရင်ပိုင်ခွင့်မှာ သာမန် မဟုတ်သော စီရင်ပိုင်ခွင့်ဖြစ်၍ ကြောင်းခြင်းရာများအရ ပြင်ဆင်ရန် အထင်အရှားခိုင်လုံသော ထူးခြားသော အမှုများ၌သာ သုံးစွဲသင့်ကြောင်း အောက်ပါအတိုင်း ညွှန်ပြပါသည်။

"The powers vested in the District Magistrare ordering furthering inquiry under s.437 should be used sparingly and with great circumspection. The jurisdiction exercised in revision is an extraordinary jurisdiction and is to be used only in exceptional cases where the circumstances clearly warrant such a course. The Additional District Magistrate has clearly gone wrong in directing further inquiry in the case decided by the lower court which was not in the least perverse or illegal."

**မောင်ကျော်မြင့် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (၁၉၆၅၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ ရုံးချုပ်၊ စာ ၉၂၄)**တွင် အောက်ပါအတိုင်း ညွှန်ပြပါသည်။

"တရားရှင်လွှတ်ရန် အမိန့်ချမှတ်ခြင်းသည် အလွန်တရာ မှားယွင်းချွတ်ချော်နေသည်ကို မတွေ့ရပေ။ အလွန်တရာ မှားယွင်းချွတ်ချော်မှသာလျှင် အမိန့်ကို ပယ်ဖျက်၍ ထပ်မံပြီး စစ်ဆေးရန် အကြောင်းရှိသည်။"

**ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် မောင်ရွှေ (ခေါ်) မောင်ရှေပါ၂ (၁၉၆၆၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ ရုံးချုပ်၊ စာ ၆၁၆)**တွင် အောက်ပါအတိုင်း ညွှန်ပြပါသည်။

"အထူးတရားသူကြီးဆုံးဖြတ်ထားသည်မှာ ချွတ်ချော်မှားယွင်းသည်ဟု မဆိုသာချေ။ သို့ရာတွင် တရားခံများကို တရားရှင်လွှတ်မည့်အစား ၎င်းတို့အား ဖြေရှင်းထုချေစေလျှင် ဖြစ်ပျက်ခဲ့သမျှ အလုံးစုံ ပိုမိုထင်ရှားစေမည်။ ၎င်းတို့အား အပြစ်ပေးလောက်အောင် အခိုင်အလုံအထောက်အထားများမရှိဟု အထူးတရားသူကြီးက ယူဆသော်လည်း ၎င်းတို့အား ညွှန်ပြသည့် သက်သေခံအထောက်အထားများ ကားရှိနေပေသည်။ထို့ကြောင့် ၎င်းတို့အားထုချေဖြေရှင်းစေခြင်းမပြုဘဲ တရားရှင်လွှတ်လျှင် တစ်ဖက်ကနစ်နာသူများအဖို့ ရုံး၏စီရင်ချက်သည် တရားမျှတမှုကင်းမဲ့ခဲ့ပြီဟု ထင်မြင်ယူဆဖွယ်ရာ ရှိသည်။ တရားစီရင်ရာတွင် အမှန်ကို ဆုံးဖြတ်ရုံမျှသာမကဘဲ ထိုသို့အမှန်တရားကို စီရင်ကြောင်း အများမြင်စေရာသည်။ တရားရုံးအနေနှင့်လည်း ဆီလျော်ဆက်စပ်သော အချက်အလက်ဟူသမျှကို ဖော်ထုတ်ပြီးမှ ဆုံးဖြတ်ချက်ချလျှင် ပိုမို၍လည်း မှန်ကန်နိုင်သည်။ အမှန်တရားကို စီရင်ကြောင်း ပိုမိုထင်ရှားစွာ အများက မြင်နိုင်သည်။"

**ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် အွန်ချင်ရင် (ခေါ်) ဦးဘိုးရင် (၁၉၆၆၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ ရုံးချုပ်၊ စာ ၉၂၁)**တွင် အောက်ပါအတိုင်း ညွှန်ပြပါသည်။

"တရားခံတစ်ဦးအပေါ် စွဲချက်တင်ထိုက် မတင်ထိုက်နှင့် ပတ်သက်သော စဉ်းစားရန်ရှိသောအချက်အလက်မျိုးသည် တရားခံအား အပြစ်ပေးထိုက် မပေးထိုက် စသည့် စဉ်းစားရန်ရှိသော အချက်အလက်မျိုးနှင့် ဥပဒေအရ မတူညီပေ။ တရားခံအပေါ်၌ ယစ်မျိုးအရာရှိများ၏ထွက်ချက်အရနှင့် စွဲချက်တင်နိုင်လောက်သော အကြောင်းခြင်းရာ အချက်အလက်များရှိနေသည်။ ထို့ကြောင့် လျှောက်ထားခံရသူ တရားခံအပေါ် စွဲချက်မတင်ဘဲ တရားရှင်လွှတ်လိုက်သောအမိန့်ကို ဥပဒေအရ မှားယွင်းနေသဖြင့် ထိုအမိန့်များကို ပယ်ဖျက်သည်။'

**ပြည်ထောင်စုမြန်မာနိုင်ငံ (ဦးဇော်တောင်) နှင့် ဦးစံသိန်းပါ ၃ (၁၉၆၆၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ ရုံးချုပ်၊ စာ ၉၃၂)**တွင် အောက်ပါအတိုင်း ညွှန်ပြပါသည်။

"တရားရုံးအနေဖြင့် အမှန်တရားကို ရှာဖွေရမည်ဖြစ်ရာ နားမလည်၍သော်လည်းကောင်း၊ သတိလစ်၍သော်လည်းကောင်း ဆီလျော်မည့်ဥပဒေပုဒ်မဖြင့် တရားစွဲဆိုခြင်းမပြုကာမျှဖြင့် တရားခံအပေါ်ရုံးမှ ဆီလျော်သည့် ဥပဒေပုဒ်မအရ စွဲချက်မတင်ထိုက်၊ မတင်နိုင်ဆိုသော အကြောင်းပြချက်ကို သဘောမတူနိုင်၊ အမှုတစ်ခုရုံးရှေ့သို့ရောက်လာသောအခါ သက်သေထွက်ချက် အထောက်အထားအပေါ်တွင်မူတည်၍ တရားသူကြီးသည် ဥပဒေအရ စီရင်ဆုံးဖြတ်နိုင်သည်။ ဆုံးဖြတ်ရန် တာဝန်လည်းရှိသည်။ မည်သည့်ဥပဒေသည် မည်သည့်ပုဒ်မအရသာ စွဲချက်တင်ရမည်။ အပြစ်ပေးရမည်ဟု တရားစွဲဆိုသူကသော်လည်းကောင်း၊ အစွဲခံရသူကသော်လည်းကောင်း သတ်မှတ်ခြင်း၊ ညွှန်ကြားခြင်း မပြုနိုင်ပေ။"

**ကိုဝေလွင် နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ပါ၂ (၁၉၈၂၊ မြန်မာနိုင်ငံ**

**တရားစီရင်ထုံး၊ စာ ၆၇) အမှု** တွင် အောက်ပါအတိုင်း ညွှန်ပြပါသည်။

"တရားခံတစ်ဦးအပေါ် စွဲချက်တင်ထိုက်မတင်ထိုက် စဉ်းစားဆင်ခြင်ရန်ရှိသော အချက်အလက်မျိုးသည် တရားခံအား အပြစ်ပေးထိုက် မပေးထိုက် စဉ်းစားသည့်အခါ စဉ်းစားဆင်ခြင်ရန်ရှိသော အချက်အလက်မျိုးနှင့် သဘောအားဖြင့် တူညီခြင်းမရှိပေ။ စွဲဆိုသည့်ပြစ်မှုကို တရားခံက ကျူးလွန်သည်ဟု ထင်မြင်ဖွယ်ရာရှိကြောင်း ညွှန်ပြသည့်သက်သေခံချက်များရှိပါက သူ့အပေါ် စွဲချက်တင်၍ ဖြေရှင်းစေရမည်သာဖြစ်ပေသည်။"

**ဒေါ်ညွှန့်ရီ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ၂ (၁၉၉၇၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၂၅)** တွင် အောက်ပါအတိုင်းညွှန်ပြပါသည်။

"ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အရ အမှုကို ဆက်လက်ဆောင်ရွက်ရန် ညွှန်ကြားသည်ဆိုရာ၌ နောက်ထပ်ပိုမိုကောင်းမွန်သော သက်သေခံချက် တစ်စုံတစ်ရာရနိုင်သည့် အလားအလာ ရှိမရှိကို စစ်ဆေးပြီးသော သက်သေခံချက်အပေါ် အခြေပြုသုံးသပ်၍ ညွှန်ကြားသင့်သည်။"

**ထွန်းထက်ဝင်း ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၂ (၁၉၉၈၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၇၄)** တွင် အောက်ပါအတိုင်း ညွှန်ပြသည်။

"ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၃ ပါ ပြဋ္ဌာန်းချက်အရ တရားခံက ခုခံချေပခြင်းမပြုသည့်တိုင်အောင် တရားလိုဘက်မှတင်ပြသော သက်သေခံချက်များအရ တရားခံအပေါ် အပြစ်ပေးနိုင်ဖွယ်ရာ မတွေ့ရသည့်အခါမှသာ တရားရုံးက စွဲချက်မတင်ဘဲ လွှတ်နိုင်မည်ဖြစ်သဖြင့် ဤအမှုတွင် တရားခံကို စွဲချက်မတင်ဘဲ လွှတ်သင့်မည်မဟုတ်ပေ။ တရားခံတို့သည် ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ခဲ့သည်ဟု ယူဆရန် အကြောင်းရှိသည်ဟု ထင်မြင်လျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၄ အရ တရားခံတို့ကို စွဲချက်တင်၍ ဖြေရှင်းစေသင့်သည်။"

**ထပ်မံစုံစမ်းစစ်ဆေးရန် ညွှန်ကြားရာတွင် ဆင်ခြင်တုံတရားကို နှောင်ကြိုးချည်ထားသည့် ညွှန်ကြားချက်၊ မှာကြားချက်များ မပေးရ**

**KING-EMPEROR v. MAUNG BA THON (၁၉၃၁၊ အိန္ဒိယစီရင်ထုံးများ၊ ရန်ကုန်၊ အတွဲ ၉၊ စာ ၂၃၉)**တွင် ထပ်မံစုံစမ်းစစ်ဆေးရန် ချမှတ်သောအမိန့်၌ ရာဇဝတ်တရားသူကြီးအား စုံစမ်းစစ်ဆေးမှုကို မည်သို့ဆောင်ရွက်ရမည်ဟု ကျင့်ထုံး အခန်း ၂၁ အရ ပေးထားသောအာဏာကို သုံးစွဲရာ၌ ၎င်း၏ဆင်ခြင်တုံဉာဏ်ကို နှောင်ကြိုးချည်ထားသည့် ညွှန်ကြားချက်၊ မှာကြားချက်များကို ဥပဒေနှင့်အညီ မပေးနိုင်ကြောင်း အောက်ပါအတိုင်း ညွှန်ပြပါသည်။

"a subordinate Magistrate, directed to make further enquiry into a warrant case by an order made under section 436 of the criminal procedure Code, has all the powers prescribed in Chapter XXI of that Code.

In an order for further enquiry passed under section 436 of the Criminal Procedure Code no directions or instructions fettering his discretion in the exercise of the powers granted under Chapter XXI of the Code can lawfully be given to the Magistrate as to the manner in which he should conduct the inquirty."

**မည်သို့မည်ပုံစစ်ဆေးရမည်၊ မည်သည့်ပုဒ်မအရ စွဲချက်တင်ရမည်ဟု ညွှန်ကြားခြင်းမပြုရ**

**မောင်ချစ် ပါ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (၁၉၇၁၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ ရုံးချုပ်၊ စာ ၅)** တွင် အောက်ပါအတိုင်း ညွှန်ပြပါသည်။

"ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၃၆ အရ တရားရှင်လွှတ်သည့် အမိန့်ကို ပယ်ဖျက်ပြီး၊ တရားခံအား ဆက်လက်စုံစမ်းစစ်ဆေးရန် ညွှန်ကြားသည့်အမိန့်၌ မည်သို့မည်ပုံစစ်ဆေးရမည်၊ မည်သည့်ပုဒ်မ အရ စွဲချက်တင်ရမည်ဟု ညွှန်ကြားခြင်းမပြုနိုင်။"

**ဦးပု ပါ၂ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (၁၉၇၆၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၆၁) အမှု**တွင် အောက်ပါအတိုင်း ညွှန်ပြပါသည်။

"တိုင်းတရားရုံးက ချမှတ်သောအမိန့်တွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၆ အရ စွဲချက်တင်ရမည်ဟု တိကျစွာဖော်ပြထားခြင်းမှာ အမှုစစ်ဆေးရမည့် တရားရုံး၏လွတ်လပ်စွာစီရင်ရေးကို ချုပ်ချယ်ရာ ရောက်သည်။ တိုင်းတရားရုံး၏ဆုံးဖြတ်ချက်သည် မှန်ကန်စေကာမူ စီရင်ချက်ပါ စကားရပ်များကို ပြင်ဆင်ရန် လိုအပ်ပေသည်။ ထို့ကြောင့် တွံတေးမြို့နယ်တရားရုံးသည် တရားခံများအပေါ် ဥပဒေနှင့် အညီ စွဲချက်များတင်၍ ကြားနာစစ်ဆေးရန် အမိန့်ချမှတ်လိုက်သည်။"

**ဦးမောင်ကိုပါ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ၂ (၁၉၉၆၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၁၆၉(၁၇၃)**တွင် အောက်ပါအတိုင်း ညွှန်ပြသည်။

"ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ ပါ ပြဋ္ဌာန်းချက်တွင်ပါရှိသည့်အတိုင်း စွဲချက်မတင်မီ လွှတ်ခဲ့သောအမှုတွင် မူလရုံး၏အမိန့် မှားယွင်းနေကြောင်း ပေါ်ပေါက်သည့်အခါ ပြင်ဆင်ရုံးက မူလရုံး၏ အမိန့်ကိုပယ်ဖျက်ပြီး အမှုအား ဥပဒေနှင့်အညီ ဆက်လက်စုံစမ်းစစ်ဆေးစီရင်ရန်သာ အမိန့်ချမှတ် နိုင်ခွင့်ရှိပြီး မည်သည့်ဥပဒေပုဒ်မဖြင့် စွဲချက်တင်စစ်ဆေးရမည်ဟူသော အမိန့်ချမှတ်ခွင့်မရှိကြောင်း **ဦးခင်မောင် ပါ (၃)နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ဦးအောင်မြင်) (၁၉၈၃၊ မတစ၊ စာ ၈၂) အမှု**နှင့် **ဦးပုပါ(၂)နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဒေါ်အေး) (၁၉၇၆၊ မတစ၊ စာ ၆၁)** တို့တွင် ဗဟိုတရားရုံးက စီရင်ထုံးပြု လမ်းညွှန်ခဲ့ပြီးဖြစ်သည်။"

**ငြိစွန်းသည့်ဥပဒေပုဒ်မ သို့မဟုတ် သင့်တော်သည့်ပုဒ်မဖြင့် စွဲချက်တင်၍ အမှုကို ဆက်လက် စစ်ဆေးသွားရန် ညွှန်ကြားခြင်းမပြုရ**

**ဦးခင်မောင် ပါ ၃ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ပါ ၂ (၁၉၈၃၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၈၂)** တွင် အောက်ပါအတိုင်း ညွှန်ပြသည်။

"တိုင်းတရားရုံး၏အမိန့်၌ ဦးခင်မောင်ပါ(၃)ဦးတို့အပေါ် ငြိစွန်းသည့်ဥပဒေပုဒ်မဖြင့် စွဲချက်တင်၍ အမှုကို ဆက်လက်စစ်ဆေးသွားရန် ညွှန်ကြားထားခြင်းသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ နှင့် ညီညွတ်ခြင်းမရှိ၍ ပြင်ဆင်ပေးရန်လိုအပ်သည်။ တိုင်းတရားရုံးသည် မြို့နယ်တရားရုံးက ဆက်လက်ဆောင်ရွက်ရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များကို ညွှန်ပြ၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အရ အမှုကိုဆက်လက်စုံစမ်းစစ်ဆေးရန်ဟူ၍သာ အမိန့်ချမှတ်နိုင် သည်။"

**ဒေါ်သိုက် ပါ ၃ နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပါ ၂ (၂၀၁၆၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာ ၂၃)** တွင် အောက်ပါအတိုင်း ညွှန်ပြပါသည်။

"အမှုအား စိစစ်လေ့လာရာ ဘိုကလေးမြို့နယ်တရားရုံးမှ တရားခံ ဒေါ်သိုက် ပါ ၃ ဦးကို စွဲချက်မတင်မီ လွှတ်ခဲ့၍ ဖျာပုံခရိုင်တရားရုံးသို့ ၂၀၁၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၆ ဖြင့် ပြင်ဆင်မှု တင်သွင်းခဲ့ရာ ခရိုင်တရားရုံးက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အရ သင့်တော်သည့် ပုဒ်မဖြင့် စွဲချက်တင်စစ်ဆေးရန် ညွှန်ကြားခဲ့ခြင်းဖြစ်သည်မှာ အငြင်းမပွားပေ။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အရ ပြင်ဆင်မှုတရားရုံးက အမှုကို ဆက်လက်စုံစမ်းစစ်ဆေးရန် ဟူ၍သာ အမိန့်ချမှတ်နိုင်ပေသည်။ ဦးခင်မောင် ပါ ၃ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ ၁၉၈၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ – ၈၂ အမှုကို ကြည့်ပါ။"

**ငြိစွန်းသည့်ပြစ်မှုသည် တရားစွဲဆိုခွင့်ပြုမိန့် လိုအပ်သောပြစ်မှုဖြစ်လျှင် ညွှန်ကြားခြင်းမပြုရ**

ကြောင်းခြင်းရာများက အခြားပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်ကြောင်း ဖော်ပြနေသော်လည်း ယင်းပြစ်မှုမှာ တရားစွဲဆိုခွင့်ပြုမိန့် လိုအပ်နေပါက ထပ်မံစုံစမ်းစစ်ဆေးစေရန် ညွှန်ကြားခြင်းမပြုရပေ။

**ငြိစွန်းသည့်ပြစ်မှုသည် အခြားသူတစ်ဦးတစ်ယောက်က တိုင်တန်းချက်အရ စွဲဆိုရမည်ဟု ပြဋ္ဌာန်းထားသည့်ပြစ်မှုဖြစ်လျှင် ညွှန်ကြားခြင်းမပြုရ**

ကြောင်းခြင်းရာများက အခြားပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်ကြောင်း ဖော်ပြနေသော်လည်း ယင်းပြစ်မှုမှာ အခြားသူတစ်ဦးတစ်ယောက်က ဦးတိုက်လျှောက်ထား တရားစွဲဆိုရမည့် ပြစ်မှုဖြစ်နေလျှင် ထပ်မံစုံစမ်းစစ်ဆေးစေရန် ညွှန်ကြားခြင်းမပြုရပေ။ ဥပမာ – ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅၊ ၁၉၈၊ ၁၉၉ တို့ပါ ပြစ်မှုမျိုးများဖြစ်သည်။

**ထပ်မံစုံစမ်းစစ်ဆေးစေရန် မူလတရားသူကြီးထံ မည်သည့်အခါပြန်လည်ပေးပို့နိုင်ခြင်း**

**PO WIN v. CROWN (၁၉၀၀–၁၉၀၂၊ အောက်မြန်မာပြည်စီရင်ထုံး၊ အတွဲ ၁၊ စာ ၃၁၁) အမှု** တွင် တရားခံကို စွဲချက်မတင်မီ လွှတ်လိုက်သည့် ရာဇဝတ်တရားသူကြီးက သက်သေခံချက်များကို ပြန်လည်သုံးသပ်ရန် (reconsideration of evidence)ဖြစ်စေ၊ အခြားရာဇဝတ်တရားသူကြီးက စုံစမ်းစစ်ဆေးမှုအသစ် (a new inquiry)ပြုလုပ်ရန်ဖြစ်စေ ညွှန်ကြားနိုင်ကြောင်း အောက်ပါအတိုင်း ညွှန်ပြသည်။

"A Court of Session or District Magistrate has jurisdiction to direct a reconsideration of the evidence by the same Magistrate who discharged the accused or a new inquiry before another Magistrate on the grounds, *inter alia*, of mistake of law or incorrectness of the first finding."

**မောင်ချစ် ပါ ၃နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (၁၉၇၁၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ ရုံးချုပ်၊ စာ ၅(၈))**တွင် အောက်ပါအတိုင်း ညွှန်ပြသည်။

"လျှောက်ထားသူတို့အား ဆက်လက်စစ်ဆေးရန် မူလရုံးသို့ပင် ရာဘက်စက်ရှင်တရားသူကြီးက ညွှန်ကြားခဲ့သည်ကို တွေ့ရသည်။ သာမန်အားဖြင့် တရားရှင်လွှတ်သောအမိန့်ကို ပယ်ဖျက်၍ တရားခံ

အပေါ် ဆက်လက်စစ်ဆေးရန် အမိန့်ချမှတ်သောအခါ မူလရုံးအား ပြန်၍ပေးပို့ခြင်း မပြုသင့်ပေ။ သို့ရာတွင် ယခုအမှု၌ မူလရုံးတရားသူကြီးသည် မူလရုံး၌ ဝတ္တရားဆောင်ရွက်ခြင်းမရှိတော့ကြောင်း သိရ၍ ယင်းကိစ္စနှင့်ပတ်သက်၍ ပြင်ဆင်ရန် မလိုတော့ပေ။"

**ထပ်မံစုံစမ်းစစ်ဆေးရန် ညွှန်ကြားခြင်းခံရသည့် တရားသူကြီး၏အာဏာ**

**NGA AUNG MYAT v. QUEEN_EMPRESS (၁၈၉၇-၁၉၀၁၊ အထက်မြန်မာပြည် စီရင်ထုံးများ၊ ပြစ်မှု၊ စာ ၁၀၀)**တွင် အမှုကို ကိုင်တွယ်စစ်ဆေးခဲ့ခြင်းမဟုတ်သည့် ရာဇဝတ်တရားသူကြီးက ထပ်မံ စုံစမ်းစစ်ဆေးခြင်းပြုရာတွင် မှတ်တမ်းတင်ပြီးသောသက်သေခံချက်တို့ကို ထပ်မံစုံစမ်းစစ်ဆေးမှုတွင် သက်သေခံချက်အဖြစ် အသုံးမပြုနိုင်၊ စွပ်စွဲခံရသူက ဆန္ဒရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ စုံစမ်းစစ်ဆေးမှုကို အစမှ ပြုလုပ်ရမည်ဖြစ်ကြောင်း အောက်ပါအတိုင်း ညွှန်ပြပါသည်။

"where further enquiry is made under section 437, Code of Criminal Procedure, by a Magistrate who has not already dealt with the case, the evidence already recorded cannot be treated as evidence in the further enquiry, but the enquiry must be taken up from the beginning, whether the accused wishes it or not."

**KING-EMPEROR v. HEIN KWAING (၁၉၀၇-၁၉၀၈၊ အောက်မြန်မာပြည် စီရင်ထုံးများ၊ အတွဲ ၄၊ စာ ၄၂)** တွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၇ ပြင်ဆင်မှုအမိန့်အရ တရားစွဲဆိုမှုတစ်ရပ် ပြန်လည် ဖြစ်ပေါ်လာသည့်အခါ အဆိုပါပြန်လည်စုံစမ်းမှုကို ကိုင်တွယ်ရသော ရာဇဝတ်တရားသူကြီးသည် ထိုအမှုကို ၎င်းထံ၌ မူလကပင် တရားစွဲဆိုဘိသကဲ့သို့ တူညီသောနည်းလမ်းအတိုင်း စစ်ဆေးစီရင်မှုကို ဆုံးခန်းတိုင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း အောက်ပါအတိုင်း ညွှန်ပြပါသည်။

When a prosecution is revived by an order in revision under section 437, Criminal Procedure Code, the trial must be brought to a conclusion by the Magistrate holding the revived inquiry in the same way as if the case had been originally instituted before him."

**မောင်ချစ် ပါ ၃နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (၁၉၇၁၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ ရုံးချုပ်၊ စာ ၅) အမှု**တွင် အောက်ပါအတိုင်း ညွှန်ပြပါသည်။

"ဆက်လက်စစ်ဆေးသည့် ရာဇဝတ်တရားသူကြီးသည် ဥပဒေနှင့်အညီ လွတ်လပ်စွာ စစ်ဆေးစီရင်ပိုင်ခွင့်ရှိသည်။ ဥပမာ ၎င်းအနေဖြင့် စစ်ဆေးပြီးသည့်သက်သေကိုဖြစ်စေ၊ မစစ်ဆေးရသေးသည့် သက်သေကိုဖြစ်စေ ခေါ်ယူစစ်ဆေးနိုင်သည်။ တရားခံအပေါ် စွဲချက်တင်လိုက တင်နိုင်သည်။ မည်သည့် ပုဒ်မဖြင့် စွဲချက်တင်ရမည်ဟု မိမိဘာသာ ဆုံးဖြတ်နိုင်သည်"

**စွဲချက်မတင်မီလွှတ်ထားသူကို ပြစ်ဒဏ်ချမှတ်ရန် ပြင်ဆင်မှုရုံး၌ အာဏာမရှိ**

**မောင်တင်ဝင်း နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (၁၉၇၆၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာ၄၄)**တွင် အောက်ပါအတိုင်း ညွှန်ပြပါသည်။

"ဓားနှင့်ခုတ်သူမောင်တင်ဝင်းအား တိုင်းတရားရုံးက ပြစ်ဒဏ်တိုးမြှင့် သတ်မှတ်ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ချေ။ သို့ရာတွင် အမှုမှ စွဲချက်မတင်ဘဲ လွှတ်ခဲ့သောမောင်မြင့်စိုးကိုလည်း အားပေး

ကူညီမှုဖြင့် ထောင်ဒဏ် ၃ နှစ် ချမှတ်ခြင်းမှာ ဥပဒေနှင့်ဆန့်ကျင်လျက်ရှိသည်။ စွဲချက်တင်ခြင်း မရှိသောကြောင့် အမှုနှင့်ပတ်သက်၍ ထုချေနိုင်ခွင့်မရှိခဲ့သူ တစ်ဦးအား တရားရုံးသည် အပြစ်ပေးနိုင်ခွင့်မရှိချေ။"

## အပိုင်း(၂)
## စွဲချက်ပယ်ဖျက်ပေးရန် ပြင်ဆင်မှုနှင့် ပြင်ဆင်မှုအာဏာ

### သက်ဆိုင်ရာပြဋ္ဌာန်းချက်

၂၀၁၆ ခုနှစ်၊ ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေပုဒ်မ ၂၈ အရ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၉(၁) ပြဋ္ဌာန်းချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

"(၁) စစ်ဆေးစီရင်သည့်အမှုတွဲကို တောင်းခေါ်သောအမှုတွင်ဖြစ်စေ၊ အခြားနည်းဖြင့် သိရှိရသော အမှုတွင်ဖြစ်စေ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး သို့မဟုတ် ခရိုင်တရားရုံးသည် ပုဒ်မ ၄၂၃၊ ၄၂၆၊ ၄၂၇ နှင့် ၄၂၈ တို့အရ အယူခံရုံးအား အပ်နှင်းထားသည့် အာဏာကိုဖြစ်စေ၊ မိမိသဘောအတိုင်း သုံးစွဲခွင့်ရှိသည့်အပြင် ပြစ်ဒဏ်ကို တိုးမြှင့်နိုင်သည်။ ပြင်ဆင်တရားရုံးတွင် ပါဝင်သော တရားသူကြီးတို့သည် အညီအမျှ သဘောထားကွဲလွဲလျှင် ပုဒ်မ ၄၂၉ တွင် ပြဋ္ဌာန်းပါရှိသည့် နည်းလမ်းအတိုင်း အမှုကို စီရင်ဆုံးဖြတ်ရမည်။"

### ပုဒ်မ ၄၃၉ လုပ်ပိုင်ခွင့်အာဏာရ တရားရုံးများ

၂၀၁၆ ခုနှစ်၊ ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ ပုဒ်မ ၄၃၉ အာဏာရ တရားရုံးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်
(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များ
(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး
(ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးများ
(င) ခရိုင်တရားရုံးများ

### ပုဒ်မ ၄၃၉ ၏ အာဏာများ

ပုဒ်မ ၄၃၉ ပြဋ္ဌာန်းချက်အရ ပြင်ဆင်မှုတရားရုံးသည် အောက်ပါအယူခံရုံး၏ အခွင့်အာဏာများကို ရရှိပါသည်။

(၁) အမှုတွဲတောင်းခေါ်ခြင်း၊ ကြားနာခြင်း၊ အမှုကို ပလပ်ခြင်း သို့မဟုတ် ဝင်ရောက်စွက်ဖက်ခြင်း အစရှိသည့် အယူခံတရားရုံးက အယူခံမှုစီရင်ရာ၌ ရရှိသည့်အာဏာများ(ပုဒ်မ ၄၂၃)
(၂) ပြစ်ဒဏ်ကို ဆိုင်းငံ့ထားခြင်းနှင့် အာမခံနှင့် အချုပ်မှလွှတ်ထားခြင်း (ပုဒ်မ ၄၂၆)

(၃) တရားခံကို ဝရမ်းထုတ်၍ ဖမ်းဆီးခြင်း။ (ပုဒ်မ ၄၂၇)

(၄) နောက်ထပ်သက်သေခံချက်များကို ရယူခြင်း သို့မဟုတ် ရယူစေရန်ညွှန်ကြားခြင်း။ (ပုဒ်မ ၄၂၈)

ထို့ပြင် ပုဒ်မ ၄၃၉ ပြဋ္ဌာန်းချက်အရ ပြင်ဆင်မှုတရားရုံးသည် အောက်ပါအခွင့်အာဏာကိုလည်း ထပ်ဆောင်းရရှိသည်။

(၁) ပြစ်ဒဏ်ကို တိုးမြှင့်ခြင်း

**စွဲချက်ကို ပယ်ဖျက်နိုင်သည့်အာဏာ**

**ဦးအပွလယ်ကွန်တာနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၃ (၁၉၉၂၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၉၅(၉၈))အမှု**တွင် အောက်ပါအတိုင်း ညွှန်ပြပါသည်။

"မူလတရားရုံးက သက်သေခံအထောက်အထား အလိုအလျောက်မရှိဘဲ စွဲချက်တင်ထားသည့်အခါတွင်လည်း ပြည်နယ်၊ တိုင်းနှင့် တရားရုံးချုပ်တို့က ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၂၃(၁)(ဂ)၊ ၄၃၉ အရ စွဲချက်ကို ချေဖျက်ခြင်း ပြုနိုင်သည်။"

**စွဲချက်ပယ်ဖျက်ခြင်းသည် ပုဒ်မ ၄၃၆ ပြဋ္ဌာန်းချက်နှင့် မသက်ဆိုင်ခြင်း၊ စွဲချက်ကိုပယ်ဖျက်၍ ထပ်မံစုံစမ်းစစ်ဆေးရန် ညွှန်ကြားခွင့်မရှိခြင်း**

**ဦးရမ်းမဂျီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၆ (၁၉၉၄၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၁၅၅) အမှု**တွင် အောက်ပါအတိုင်း ညွှန်ပြပါသည်။

"ပဲခူးတိုင်းတရားရုံး (ပဲခူးခရိုင်)၏အမိန့်တွင် မူလရုံးမှ စွဲချက်တင်သည့်အမိန့်ကို ပယ်ဖျက်၍ ထပ်မံစုံစမ်းစစ်ဆေးရန် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အရ ညွှန်ကြားထားသည်။ ယင်းဥပဒေပုဒ်မ ၄၃၆ မှာ မူလရုံးက စွဲချက်မတင်မီ လွှတ်သည့်အမှုများတွင် ထပ်မံစုံစမ်းစစ်ဆေးရန် ကျင့်သုံးသည့် လုပ်ပိုင်ခွင့်ဖြစ်သည်။ ယခုကဲ့သို့ လျှောက်ထားခံရသူများအား စွဲချက်တင်သည့်အမိန့်ကို ပယ်ဖျက်ရန်နှင့် မသက်ဆိုင်ကြောင်း ဖော်ပြလိုပေသည်။"

**သမ္မာန်မှုကို ဝရမ်းမှုစစ်ဆေးနည်းဖြင့် စစ်ဆေး၍ စွဲချက်တင်ခဲ့ရာတွင် စွဲချက်ပယ်ဖျက်ပေးရန် လျှောက်ထားခွင့်မရှိခြင်း**

**ဦးမာမွတ်(ခေါ်) ဦးမောင်ကြီးနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ပါ၂ (၁၉၈၂၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၅၄) အမှု**တွင် အောက်ပါအတိုင်း ညွှန်ပြပါသည်။

"သမ္မန်မှုကို ဝရမ်းမှုအဖြစ် စစ်ဆေးရုံမျှဖြင့် သမ္မန်မှုသည် ဝရမ်းမှုဖြစ်မလာနိုင်ပေ။ သမ္မန်မှုကို စစ်ဆေးရာတွင် တရားလိုနှင့် တရားခံနှစ်ဖက်စလုံးကို စစ်ဆေးရမည်ဟု ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၄၄ တွင် ပြဋ္ဌာန်းထားသည်ဖြစ်ရာ အမှုတွင် ဦးမာမွတ်ဘက်ကို မလွဲမသွေ စစ်ဆေးရမည်ဖြစ်သည့် အလျောက် သူ့အပေါ်တွင် တင်ထားသည့်စွဲချက်ကို ပယ်ဖျက်ပေးရန်အကြောင်း မပေါ်ပေါက်ပေ။"

**ဦးဉာဏ်ဝင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ၂ (၁၉၉၈၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၅၅) အမှု**တွင် အောက်ပါအတိုင်း ညွှန်ပြပါသည်။

"မည်သို့ပင်ဖြစ်စေ ပြစ်မှုကို ဥပဒေပုဒ်မ ၄၄၇ အရ စွဲဆိုသောအမှုမှာ သမ္မာန်မှုသာဖြစ်၍ သမ္မာန်နည်းဖြင့်စစ်ဆေးရမည့်အမှုဖြစ်ပေသည်။ မူလရုံးက ဝရမ်းနည်းဖြင့်စစ်ဆေးခဲ့ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်သော်လည်း ဝရမ်းနည်းဖြင့် စစ်ဆေးခဲ့ရုံမျှဖြင့် သမ္မာန်မှုမှာ ဝရမ်းမှု ဖြစ်မလာနိုင်ပေ။ သမ္မာန်မှုတွင် စွဲချက်ကို ပယ်ဖျက်၍ တရားခံကို တရားရှင်လွှတ်၍ မရပေရာ တရားခံဘက်ကို ဆက်လက် စစ်ဆေးပြီးသည့်အခါတွင် တရားခံ၏အပြုအမူမှာ ပြစ်မှုမြောက်ခြင်းမရှိသော် ၎င်းအား အမှုမှ အပြီးအပြတ်လွှတ်ရန်သာဖြစ်သည်။"

**ဦးခင်မောင်ရိုးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ၂ (၁၉၉၉၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၁၅) အမှု**တွင် အောက်ပါအတိုင်း ညွှန်ပြပါသည်။

"သမ္မာန်မှုကို ဝရမ်းမှုစစ်ဆေးနည်းအတိုင်း စစ်သဖြင့် စွဲချက်တင်လိုက်ရာ စွဲချက်ကို ပယ်ဖျက်ပေးပါဟူသော ပြဿနာပေါ်ပေါက်ခြင်းဖြစ်သည်။ အမှုကို ဆက်စစ်ရမည်မှာ လုပ်ထုံးလုပ်နည်းအမှန်ဖြစ်သဖြင့် ဦးခင်မောင်ရိုး၏ပြင်ဆင်မှုကို ပလပ်လိုက်သည်။"

**စွဲချက်ကို ပယ်ဖျက်ရန် သင့်မသင့် ဆင်ခြင်ရန် အချက်များ**

**Maung Ba Yone v. Ma Hla Khin (၁၉၃၃၊ အေအိုင်အာရ်၊ ရန်ကုန်၊ စာ ၂၉၇)** တွင် ပြင်ဆင်မှုရုံးသည် စစ်ဆေးနေဆဲ အမှုတစ်ခုကို ဝင်ရောက်စွက်ဖက်ရန် အများဆုံးလက်နှေးသင့်သည်ဆိုခြင်းမှာ ယုံမှားသံသယဖြစ်စရာမရှိကြောင်း၊ သို့သော် တရားလိုဘက်က စွပ်စွဲသည့် အချက်အလက်များအရ တရားခံအပေါ် စွဲချက်တင်ရန်မသင့်လျှင် ၎င်းအား ပြစ်မှုတစ်ခုနှင့် စွပ်စွဲခံရသူတစ်ဦးအနေမျိုး၌ ဆက်လက်ရှိစေရန် ခွင့်မပြုထိုက်ကြောင်း၊ တရားဥပဒေနှင့်ညီသော သက်သေခံချက် မပေါ်ပေါက်သည့် စွဲချက်ကို ထုချေရန် အတင်းအကြပ် မပြုအပ်ကြောင်း အောက်ပါအတိုင်း ညွှန်ပြပါသည်။

"No doubt a Court of revision should be most reluctant to interfere in a pending case, but where, upon the alleged facts, there is no justification for the charge against the accused, he should not for a moment longer than is necessary be allowed to remain in the position of a person accused of an offence and forced to defend himself against a charge which there is no legal evidence to establish."

**၁။ ကိုဘာဘူ၊ ၂။ မသန်းနှင့် ကိုကျင်သိန်း (၁၉၆၄၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ ရုံးချုပ်၊ စာ ၄၇၆) အမှု**တွင် အောက်ပါအတိုင်း ညွှန်ပြပါသည်။

"စစ်ဆေးဆဲအမှုတွင် စွဲချက်တင်ထားခြင်းကို ပယ်ဖျက်ပေးရန် လျှောက်ထားသော အမှုမျိုးတွင် အဓိကဆင်ခြင်သုံးသပ်ရန်မှာ၊ အမှုတွင်ပေါ်လွင်သည့် သက်သေခံချက်များသည် စွဲချက်တင်ထားသည့် ပြစ်မှုပုဒ်မ၏လိုအပ်ချက်များနှင့် ပြည့်စုံခြင်း ရှိ မရှိပင်ဖြစ်သည်။ အမှုအကြောင်းခြင်းရာများ စွဲချက်တင်ခဲ့သည့် ပုဒ်မ အင်္ဂါများသို့ အကျုံးမဝင်မှု၊ အမှုကို ထိုစွဲချက်အရ စစ်ဆေးခြင်းမှာ ရုံးတော်၏အခွင့်အာဏာကို မတရားအသုံးပြုရာရောက်မည်ဖြစ်သောကြောင့် ဖြစ်သည်။

ငွေယူသည့်အမှုတွင် ရာဇသတ်ကြီးပုဒ်မ ၄၂၀ အကျုံးဝင်မည့်ပြစ်မှုဖြစ်စေရန် ငွေကို တရားခံက လိမ်လည်လှည့်ဖြားရန် ရယူခဲ့ခြင်း ရှိ မရှိကို ရှေးဦးစွာ ကြည့်ရှုရမည်။

သက်သေထွက်ချက်များအရ သာမန်ငွေချေးသည့် တရားမမှုသာဖြစ်လျှင် စွဲချက်ကို

ပယ်ဖျက်ရမည်။"

**THE UNION OF BURMA v. U TUN YIN (၁၉၆၄၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ ၃၃၇) အမှု**တွင် တရားရုံး၏တာဝန်မှာ သိသာထင်ရှားသည့် အကြောင်းခြင်းရာများကို အသေအချာ စစ်ဆေး၍ ဦးစွာအမြင်အားဖြင့် အမှုပေါ်ပေါက်သည်ဟု ယုံကြည်ရန်အကြောင်းရှိလျှင် စွဲချက်တင်ရန် ဖြစ်ကြောင်း၊ စွဲချက်တင်ခြင်းကြောင့် မလွဲမရှောင်သာ အပြစ်ပေးရမည်ဟု မဆိုလိုကြောင်း အောက်ပါအတိုင်း ညွှန်ပြပါသည်။

"It is the duty of the Court to go carefully into the facts as disclosed, and to frame charges, if prima facie cases are revealed. That is not to say that a charge must be invariably followed by a conviction."

**မောင်ဝင်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (ဆာလီအာမွတ်) (၁၉၆၆၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ ၆၉၁) အမှု**တွင် အောက်ပါအတိုင်း ညွှန်ပြပါသည်။

"အမှု၏အကြောင်းအချက်အားလုံးကိုချိန်ဆ၍ ကြည့်ရှုရာ တရားလိုသက်သေတွင် ကွဲလွဲခြင်းများ၊ ပျော့ကွက်များရှိနေသည်မှန်သော်လည်း၊ စွဲချက်တင်၍ လျှောက်ထားသူအား ဆက်လက်စစ်ဆေးသင့်သော အခြေအနေကားရှိသည်ဟု ဆိုရပေမည်။ ဆက်လက်စစ်ဆေး၍ အချက်အလက်အစုံအလင် အမှုတွဲတွင် မှတ်တမ်းတင်ပြီးမှ ရုံးသည် ပြည့်စုံမှန်ကန်စွာ ဆုံးဖြတ်စီရင်နိုင်ပေလိမ့်မည်။ စွဲချက်ကို ပယ်ဖျက်ပေးရန်ဆိုလျှင် တရားလိုပြသက်သေများ၏ ထွက်ချက်တို့ကို ယုံကြည်လက်ခံစေဦးတော့ အစွပ်စွဲခံရသူသည် မည်သည့်ပြစ်မှုမျှ ကျူးလွန်ခဲ့သည်ဟု မပေါ်လွင်ရန်လိုသည်။ အစွပ်စွဲခံရသူက ဖြေရှင်းရန် အချက်အလက်များ ပေါ်လွင်နေလျှင် စွဲချက်တင်၍ ၎င်းအား ဖြေရှင်းစေရမည်။"

**ပြည်ထောင်စုမြန်မာနိုင်ငံနှင့် အွန်ချင်ရင်(ခေါ်)ဦးဘိုးရင် (၁၉၆၆၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ ရုံးချုပ်၊ စာ ၉၂၁)အမှု**တွင် အောက်ပါအတိုင်း ညွှန်ပြပါသည်။

"တရားခံတစ်ဦးအပေါ် စွဲချက်တင်ထိုက် မတင်ထိုက်နှင့်ပတ်သက်သော စဉ်းစားရန်ရှိသော အချက်အလက်မျိုးသည် တရားခံအား အပြစ်ပေးထိုက် မပေးထိုက် စသည့်စဉ်းစားရန်ရှိသော အချက်အလက်မျိုးနှင့် ဥပဒေအရ မတူညီပေ။"

**ဦးငြိမ်းလှိုင် ပါ ၂ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (၁၉၇၅၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာ ၂၉(၃၀))အမှု**တွင် အောက်ပါအတိုင်း ညွှန်ပြပါသည်။

"စွဲချက်တင်စစ်ဆေးခြင်းမှာ တရားခံအပေါ်တွင် အပြစ်ပေးခြင်းမဟုတ်ဆိုသော်လည်း စွဲချက်တင်ရန် အချက်အလက်များ ပြည့်စုံမှသာလျှင် စွဲချက်တင်ရန်လိုအပ်ပေလိမ့်မည်။ အလေးပေး၍ စဉ်းစားသင့်သည်မှာ တရားခံအပေါ်တွင် စွဲချက်တင်ခဲ့လျှင် ယင်းစွဲချက်နှင့်ပတ်သက်၍ တရားခံသည် ဖြေရှင်းခြင်းမပြုနိုင်ပါက သံသယကင်းရှင်းစွာ အပြစ်ပေးနိုင်ရန်အကြောင်း ရှိ မရှိပင်ဖြစ်သည်။"

**ဦးဘစိန် နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ရော်ရှိတ်အာမက်)(၁၉၇၇၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာ-၁၂)အမှု**တွင် အောက်ပါအတိုင်းညွှန်ပြပါသည်။

"သို့ရာတွင် စွဲချက်တင်ခြင်းမှာ အပြစ်ပေးခြင်းမဟုတ်ဟု ဆိုစေကာမူ စွဲချက်တင်နိုင်လောက်သော အချက်အလက်များ ပြည့်စုံမှသာလျှင် စွဲချက်တင်သင့်ပေသည်။ အမှုစစ်ဆေးကြားနာရာ၌ တရားခံ၏ ဖြေရှင်းချက်ပြည့်စုံမှသာ၊ ပိုမို၍ တရားမျှတမှု ရှိနိုင်မည်ဟုလည်း တထစ်ချမှတ်ယူရန် မဟုတ်

ချေ။"

**မခင်ရီ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ပါ၂ (၁၉၇၉၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၄၁) အမှု**တွင် အောက်ပါအတိုင်း ညွှန်ပြပါသည်။

"ပြစ်မှုဆိုင်ရာအမှုများတွင် တိုင်တန်းသူသည် စွဲချက်တင်နိုင်လောက်သည့် အထောက်အထား တင်ပြရန်တာဝန်ရှိသည်။ စွပ်စွဲရုံမျှနှင့်မပြီးပေ။ တရားရုံးကလည်း စွဲချက်တင်နိုင်လောက်သည့် ငြိစွန်းချက်ရှိ မရှိ သုံးသပ်ရသည်။"

**ဦးသောင်းညွန့် ပါ ၂ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မမြန်မာနိုင်ငံတော် (၁၉၇၉၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၁၅၉) အမှု**တွင် အောက်ပါအတိုင်း ညွှန်ပြပါသည်။

"ပြစ်မှုဆိုင်ရာမှုခင်းများတွင် တရားခံဘက်မှ ချေဖျက်ခြင်းမပြုနိုင်လျှင် တရားခံအား အပြစ်တွေ့ရှိနိုင်လောက်အောင် တရားလိုဘက်မှ တရားခံအပေါ် အထောက်အထားတင်ပြနိုင်ခြင်းမရှိပါက တရားခံအား စွဲချက်မတင်မီလွှတ်ထားရမည်ဟု ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၃(၁)တွင် ပြဋ္ဌာန်းထားပေသည်။ ယခုအမှုတွင် လျှောက်ထားသူတို့၏ ပြုလုပ်မှုတို့သည် ယင်းတို့အပေါ် စွဲဆိုထားသည့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မများအရ ပြစ်မှုမြောက်ကြောင်း မပေါ်လွင်သဖြင့် လျှောက်ထားသူတို့အပေါ် စွဲချက်တင်ရန်မသင့်ပေ။"

**မောင်ခင်ဆက် နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ပါ ၂ (၁၉၈၁၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ ၄(၇))အမှု**တွင် အောက်ပါအတိုင်း ညွှန်ပြပါသည်။

"ပြစ်မှုဆိုင်ရာအမှုများတွင် သက်သေခံချက်များအရ တရားခံတစ်ဦးအပေါ် ဖြေရှင်းရန် ငြိစွန်းနေသည့် သက်သေခံအထောက်အထားများ ပေါ်လွင်နေလျှင် တရားခံအား စွဲချက်တင်၍ ဖြေရှင်းစေရမည်။ ဤအမှုတွင် ပေါ်ပေါက်သည့် သက်သေခံအထောက်အထားအရ လျှောက်ထားသူအပေါ် ဖြေရှင်းရန်ငြိစွန်းသည့် မြင်သာသောအချက်အလက်များရှိကြောင်း မပေါ်ပေါက်ပေ။ အထက်ဖော်ပြပါ အချက်များအရ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏အမိန့်များသည် မှန်ကန်သည်ဟု မဆိုနိုင်ပေ။"

**ဦးပညာဝံသဘိဓဇ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ဦးရေဝတ) (၁၉၈၁၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ ၆၄) အမှု**တွင် အောက်ပါအတိုင်း ညွှန်ပြသည်။

"စွဲချက်ကို ပယ်ဖျက်ပေးရန် လျှောက်ထားသည့်ပြင်ဆင်မှုများကို ကြားနာရာ၌ ပြင်ဆင်မှုရုံးသည် မူလရုံးကဲ့သို့ တရားခံတွင် အပြစ် ရှိ မရှိ နက်နဲစွာသုံးသပ်၍ ဆုံးဖြတ်ရသည်မဟုတ်ပေ။ စွပ်စွဲခံရသူအပေါ် ငြိစွန်းချက်များရှိ၍ ဖြေရှင်းရန်အချက်အလက်များ ပေါ်လွင်နေလျှင် စွဲချက်တင်၍ ၎င်းအား ဖြေရှင်းစေရမည်သာဖြစ်ပေသည်။"

**မောင်ညဏ်ထွန်း ပါ ၅ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (၁၉၈၂၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ ၂၂)အမှု** တွင် အောက်ပါအတိုင်း ညွှန်ပြသည်။

"စွဲချက်ကို ပယ်ဖျက်ပေးရန်ဆိုလျှင် တရားလိုပြသက်သေများ၏ထွက်ချက်တို့ကို ယုံကြည်လက်ခံစေဦးတော့၊ စွပ်စွဲခံရသူသည် မည်သည့်ပြစ်မှုမျိုးကိုမျှ ကျူးလွန်ခဲ့သည်ဟု မပေါ်လွင်ရန် လိုသည်။ အစွပ်စွဲခံရသူက ဖြေရှင်းရန်အချက်အလက်များ ပေါ်လွင်နေလျှင် စွဲချက်တင်၍ ၎င်းအား ဖြေရှင်းစေရပေမည်။"

**ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နှင့် ဦးကြည်ရင် (၁၉၈၂၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာ ၃၅) အမှု**တွင် အောက်ပါအတိုင်း ညွှန်ပြပါသည်။

"ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၂၅၃ ပါ ပြဋ္ဌာန်းချက်အရ တရားခံက ခုခံချေပခြင်းမပြုသည့် တိုင်အောင် တရားလိုဘက်မှ တင်ပြသော သက်သေခံချက်များအရ တရားခံအပေါ် အပြစ်ပေးနိုင် ဖွယ်ရာ မတွေ့ရသည့်အခါမှသာ တရားရုံးက စွဲချက်မတင်ဘဲ လွှတ်နိုင်မည်ဖြစ်သဖြင့် ဤအမှုတွင် တရားခံကို စွဲချက်မတင်ဘဲလွှတ်ရန် သင့်မည်မဟုတ်ပေ။ တရားခံကို ပြစ်မှုထင်ရှားတွေ့ရှိမှသာအပြစ် ပေးနိုင်မည်ဖြစ်သော်လည်း တရားခံသည် ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်ခဲ့သည်ဟု ယူဆရန် အကြောင်းရှိသည်ဟု ထင်မြင်လျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၄ အရ တရားရုံးသည် တရားခံ အပေါ် စွဲချက်တင်၍ ဖြေရှင်းစေရမည်ဖြစ်သဖြင့် မြို့နယ်တရားရုံးက ဦးကြည်ရင်အပေါ် စွဲချက် တင်ခြင်းနှင့် တိုင်းတရားရုံးက စွဲချက်ကို အတည်ပြုခြင်းသည် မှားယွင်းသည်ဟု မဆိုသာချေ။"

**ကိုဝေလွင် နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ပါ ၂ (၁၉၈၂၊ မြန်မာနိုင်ငံ တရားစီရင် ထုံး၊ စာ၆၇) အမှု**တွင် အောက်ပါအတိုင်း ညွှန်ပြပါသည်။

"တရားခံတစ်ဦးအပေါ် စွဲချက်တင်ထိုက် မတင်ထိုက် စဉ်းစားဆင်ခြင်ရန်ရှိသော အချက်အလက်မျိုး သည် တရားခံအား အပြစ်ပေးထိုက် မပေးထိုက် စဉ်းစားသည့်အခါ စဉ်းစားဆင်ခြင်ရန်ရှိသော အချက်အလက်မျိုးနှင့် သဘောအားဖြင့် တူညီခြင်းမရှိပေ။ စွဲဆိုသည့်ပြစ်မှုကို တရားခံက ကျူးလွန် သည်ဟု ထင်မြင်ဖွယ်ရာရှိကြောင်း ညွှန်ပြသည့် သက်သေခံချက်များရှိပါက သူ့အပေါ် စွဲချက်တင် ၍ ဖြေရှင်းစေရမည်သာဖြစ်ပေသည်။"

**ဒေါ်မြဦး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၄ (၁၉၉၁၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ ၁၁၃) အမှု**တွင် အောက်ပါအတိုင်း ညွှန်ပြပါသည်။

"ပြစ်မှုဆိုင်ရာအမှုများတွင် တရားလိုပြသက်သေများ၏ ထွက်ချက်အရ စွပ်စွဲခံရသူသည် ပြစ်မှု ကျူးလွန်သည်ဟု မှတ်ယူနိုင်ရန် ငြိစွန်းလျက်ရှိလျှင် စွဲချက်တင်ရမည်ဖြစ်သည်။ တရားမကြောင်း အရ စွဲဆိုထားသောကြောင့် ပြစ်မှုကြောင်းအရ မစွဲဆိုနိုင်ဟု ဥပဒေတားမြစ်ထားချက်မရှိပေ။ ကိတ္တိမ သမီးဖြစ်–မဖြစ်၊ ပစ္စည်းများကို သေသူမှလွှဲပြောင်းပေးအပ်ခဲ့ခြင်း မှန်–မမှန် စသော ပြဿနာများကို တရားခံများအနေနှင့် ပြန်လည်ရှင်းလင်းတင်ပြရန် တာဝန်ရှိနေပေသည်။"

**ဦးအပွလယ်ကွန်တာ ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၂ (၁၉၉၂၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ ၉၅(၉၇))**တွင် အောက်ပါအတိုင်း ညွှန်ပြပါသည်။

"အမှုတစ်ခုကို တရားရုံးတွင် စုံစမ်းစစ်ဆေးရာ၌ တရားလိုပြသက်သေအချို့ကို စစ်ဆေးပြီးသည့်အခါ တရားခံအပေါ်၌ စွပ်စွဲချက်သည် အခြေအမြစ်မရှိကြောင်း တွေ့ရှိရပါလျှင် တရားရုံးက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၃(၂) အရ အကျိုးအကြောင်းကို မှတ်တမ်းတင်ပြီး တရားလိုပြသက်သေ အားလုံးကို စစ်ဆေးမပြီးမီမှာပင် တရားခံကို စွဲချက်မတင်ဘဲ လွှတ်နိုင်သည်။ တရားလိုပြသက်သေ များအားလုံးကို စစ်ဆေးပြီးသည့်အခါတွင်လည်း တရားခံက ချေပခြင်း မပြုသည့်တိုင်အောင် တရားခံ အပေါ်တွင် အပြစ်ပေးနိုင်လောက်သည့် ပြစ်မှုတစ်စုံတစ်ရာမတွေ့ရှိလျှင် တရားရုံးက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၃(၁) အရ တရားခံကို စွဲချက်မတင်ဘဲ လွှတ်ရမည်သာဖြစ်သည်။"

**ထွန်းထက်ဝင်း ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၂ (၁၉၉၈၊ မြန်မာနိုင်ငံ**

**တရားစီရင်ထုံး၊ စာ ၇၄) အမှု** တွင် အောက်ပါအတိုင်းညွှန်ပြပါသည်။

"ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၃ ပါ ပြဋ္ဌာန်းချက်အရ တရားခံက ခုခံချေပခြင်းမပြုသည့်တိုင်အောင် တရားလိုဘက်မှတင်ပြသော သက်သေခံချက်များအရ တရားခံအပေါ် အပြစ်ပေးနိုင်ဖွယ်ရာ မတွေ့ရသည့်အခါမှသာ တရားရုံးက စွဲချက်မတင်ဘဲ လွှတ်နိုင်မည်ဖြစ်သဖြင့် ဤအမှုတွင် တရားခံကို စွဲချက်မတင်ဘဲ လွှတ်သင့်မည်မဟုတ်ပေ။ တရားခံတို့သည် ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ခဲ့သည်ဟု ယူဆရန်အကြောင်းရှိသည်ဟု ထင်မြင်လျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၄ အရ တရားခံတို့ကို စွဲချက်တင်၍ ဖြေရှင်းစေသင့်သည်။"

**စွဲချက်ကိုပယ်ဖျက်ရန် လျှောက်ထားမှုတွင် အခြားဆီလျော်ရာပုဒ်မဖြင့် စွဲချက်တင်ရန် အမိန့်ချမှတ်ခွင့်မရှိ**

**ဦးသိန်းအောင် နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် (၁၉၉၄၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ ၁၉၀ (၁၉၅၊ ၁၉၆)**တွင် အောက်ပါအတိုင်း ညွှန်ပြပါသည်။

"ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၇၀/၉၃ မှာ တရားခံဦးသိန်းအောင်က ၎င်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရ စွဲချက်တင်သည့်အမိန့်ကို ပယ်ဖျက်ပေးရန် လျှောက်ထားသည့်အမှုဖြစ်သည်။ တရားလိုမှ စွဲချက်များ ထပ်မံဖြည့်သွင်းပေးရန် လျှောက်ထားခြင်းမဟုတ်ပေ။ သို့ရာတွင် ပြင်ဆင်မှုတရားရုံးလက်ထောက်တိုင်းတရားသူကြီးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၇၁ ပါ ပြဋ္ဌာန်းချက်နှင့် ငြိစွန်းချက်ရှိသည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း ဖော်ပြကာ ဆီလျော်ရာပြစ်မှုဖြင့် ထပ်မံစွဲချက်တင်ရန် အမိန့်ချမှတ်ထားခြင်းသည် မူလမြို့နယ်တရားရုံးအား လျှောက်ထားသူအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၇၁ အရ ထပ်မံ၍ စွဲချက်တင် ဖြေရှင်းစေရန် ညွှန်ကြားသည့်သဘော သက်ရောက်သည်။

* * *

လျှောက်ထားသူအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရ စွဲချက်တင်သည့်အမိန့်ကို ပယ်ဖျက်ပေးရန် လျှောက်ထားခြင်းသာဖြစ်၍ ပြင်ဆင်မှုတရားရုံးအနေဖြင့် မူလရုံး၏အမိန့်ကို ပယ်ဖျက်ရန် သို့မဟုတ် အတည်ပြုရန်အမိန့်ချမှတ်ရန်သာ ရှိမည်ဖြစ်သည်။"

## အပိုင်း(၃)
## စွဲချက်ပြောင်းလဲပေးရန် ပြင်ဆင်မှုနှင့် ပြင်ဆင်မှုအာဏာ

**သက်ဆိုင်ရာ ပြဋ္ဌာန်းချက်**

အထက်ဖော်ပြပါ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉(၁) ပြဋ္ဌာန်းချက်နှင့် အာဏာများကိုကြည့်ပါ။

**စွဲချက်ကို ပြောင်းလဲနိုင်သည့်အာဏာ**

**ဦးမောင်ကို ပါ ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၂ (၁၉၉၆၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ ၁၆၉)**တွင် အောက်ပါအတိုင်း ညွှန်ပြပါသည်။

"အယူခံမှုတွင် မူလရုံးအမိန့်ကို ပြောင်းလဲနိုင်သည့်အပြင် ပယ်ဖျက်နိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသော ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၂၃(၁) (ဂ)ပါ အယူခံရုံး၏ စီရင်ပိုင်ခွင့်ကို ပြင်ဆင်ရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၃၉(၁)အရ ရရှိသဖြင့် ဤအမှုတွင် မူလအမှုစစ် ရေဦးမြို့နယ်တရားရုံးက ဦးမောင်ကိုပါ၃ဦးတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆ အရ စွဲချက်တင်ခဲ့သည့် အမိန့်ကို တရားရုံးချုပ်(မန္တလေးရုံးထိုင်)က ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇-က အရ ပြောင်းလဲ၍ စွဲချက်တင်စေရန် ညွှန်ကြားသည့်အမိန့်ချမှတ်ခဲ့ခြင်းမှာ ဥပဒေနှင့် ညီညွတ်သည်။"

**စွဲချက်တင်သင့်သည်ဟု ယူဆသော ဥပဒေပုဒ်မကို တိတိကျကျဖော်ပြ၍ အမိန့်ချမှတ်နိုင်ခြင်း**

**ဦးစိုးလှိုင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၂ (၁၉၉၈၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ ၄၉(၅၃))**တွင် အောက်ပါအတိုင်း ညွှန်ပြပါသည်။

"တိုင်းတရားရုံးသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ အရ တင်သွင်းသော ပြင်ဆင်မှုတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အရ တင်သွင်းသော ပြင်ဆင်မှုမှာကဲ့သို့ အမိန့်ချမှတ်ထားကြောင်းလည်း တွေ့ရသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ အရ တင်သွင်းသော ပြင်ဆင်မှုတွင် လျှောက်ထားခံရသူအပေါ် စွဲချက်တင်သင့်သည်ဟု ယူဆသော ဥပဒေပုဒ်မကို တိတိကျကျဖော်ပြ၍ အမိန့်ချမှတ်နိုင်သည်ကို သတိပြုအပ်သည်။"

သို့ဖြစ်ရာ စွဲချက်နှင့်ပတ်သက်သော ပြင်ဆင်မှုများတင်သွင်းရာတွင်လည်းကောင်း၊ ကြားနာဆုံးဖြတ်ရာတွင်လည်းကောင်း အထက်ဖော်ပြပါ ပြင်ဆင်မှုဥပဒေသများကို သိရှိထားခြင်းဖြင့် တစ်စုံတစ်ရာ အထောက်အပံ့ဖြစ်နိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

**ထွန်းမျိုးငွေ**

**ကျမ်းကိုးစာရင်း**


၁။ တရားရုံးချုပ်၏ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ(မြန်မာဘာသာပြန်ဆိုချက်)
၂။ ပြည်ထောင်စုလွှတ်တော်၏ ၂၀၁၆ ခုနှစ် ရာဇဝတ်ကျင့်ထုံးဥပဒေကိုပြင်ဆင်သည့်ဥပဒေ
၃။ ဒန်ကလေ၏ တရားစီရင်ထုံးပေါင်းချုပ်(အတွဲ ၁ နှင့် ၂)(၁၈၇၂-၁၉၃၇)
၄။ ဦးဘိုးသာ၏ တရားစီရင်ထုံးပေါင်းချုပ်(၁၉၂၃-၁၉၅၅)
၅။ ဦးသိန်းဟန်၏ တရားစီရင်ထုံးပေါင်းချုပ်(၁၉၅၆-၁၉၇၆)
၆။ ၁၉၇၇ မှ ၂၀၁၆ ခုနှစ်အထိ မြန်မာနိုင်ငံတရားစီရင်ထုံးများ
၇။ ဦးဘသောင်းတင်(ဘီ၊ အေ)၏ မြန်မာနိုင်ငံနှစ်ငါးဆယ်စီရင်ထုံးပေါင်းချုပ်

# တရားစီရင်ရေးဆိုင်ရာ



# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၆ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၅၅ နှင့် ၅၆

၂၀၁၄ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၇၃၉ နှင့် ၇၄၀ တို့တွင် ချမှတ်ခဲ့သော ၂၀၁၅ ခုနှစ်၊ မေလ ၂၈ ရက်စွဲပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

| | | |
|---|---|---|
| ဦးဟန်ဇော်လင်း | နှင့် | ၁။ ဒေါ်ခင်ပြုံးဆင့် |
| | | ၂။ ဦးရွှေသိန်းအောင် |
| အယူခံတရားလို | | အယူခံတရားပြိုင်များ |

အယူခံတရားလိုအတွက် – ဦးစိုးသိန်း၊ တရားလွှတ်တော်ရှေ့နေ
အယူခံတရားပြိုင်များအတွက် – ဦးအောင်သစ်၊ တရားလွှတ်တော်ရှေ့နေ

### စီရင်ချက်

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ် ၅၀၂ တွင် ဒေါ်ခင်ပြုံးဆင့်က ဦးဟန်ဇော်လင်းနှင့် ဦးရွှေသိန်းအောင်တို့အပေါ် တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်ပါ ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေရန် သို့မဟုတ် စရန်ငွေ ၂ဆ ငွေကျပ်သိန်း ၁၄၀ ရလိုမှုစွဲဆိုရာ တရားပြိုင်အမှတ်(၂) ဦးရွှေသိန်းအောင်က တရားလိုသို့ တိုက်ခန်းဖိုးငွေကျပ်သိန်း ၁၄၀ ပေးစေရန် ဒီကရီချမှတ်ခဲ့သည်။ ယင်းဒီကရီကို မကျေနပ်သဖြင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ တရားပြိုင်ဦးရွှေသိန်းအောင်က တရားမပထမအယူခံမှုအမှတ် ၂၅၀/၂၀၁၃ ဖြင့်လည်းကောင်း၊ တရားလိုဒေါ်ခင်ပြုံးဆင့်က တရားမပထမအယူခံမှုအမှတ် ၂၅၁/၂၀၁၃ ဖြင့်လည်းကောင်း အသီးသီးအယူခံရာ အယူခံမှု ၂ မှုလုံးကို ခွင့်ပြုပြီး တိုက်ခန်းအရောင်းအဝယ်ပဋိညာဉ်အတိုင်း ကျန်ငွေကျပ်သိန်း ၄၀ ကို တရားပြိုင်အမှတ် (၁) ဦးဟန်ဇော်လင်းထံပေးချေပြီး တရားလိုအား တိုက်ခန်းလက်ရောက်ပေးအပ်စေရန် ဒီကရီချမှတ်သည်။ ယင်းဒီကရီကို တရားပြိုင်အမှတ် (၁) ဦးဟန်ဇော်လင်းက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၁၄ ခုနှစ်က အယူခံမှုအမှတ် ၇၃၉ နှင့် ၇၄၀ တို့ဖြင့် အယူခံရာ အောင်မြင်မှုမရရှိသောကြောင့် အထူးအယူခံဝင်ခွင့်ပြုရန် ၂၀၁၅ ခုနှစ် တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၃၉၂ နှင့် ၃၉၃ တို့ဖြင့် လျှောက်ထားသောအခါ အောက်ပါပြဿနာများကို ပြန်လည်စိစစ်ကြားနာနိုင်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်–

"၁။ တရားလိုတောင်းဆိုသည့်အတိုင်း ဒီကရီချမှတ်ပေးရန် တရားပြိုင် (၂) ဦးရွှေသိန်းအောင်က ဝန်ခံချေလွှာတင်သွင်းပြီး ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးက တရားလိုတောင်းဆိုသည့် အတိုင်း ဒီကရီချမှတ်ခြင်းသည် အမှုသည်များ သဘောတူသည့်အတိုင်း ဒီကရီချမှတ်ရာ ရောက် မရောက်။

၂။ အကယ်၍ အမှုသည်များ သဘောတူသည့်အတိုင်း ချမှတ်သည့် ဒီကရီဖြစ်ပါက ယင်းဒီကရီ အပေါ် ဦးရွှေသိန်းအောင်တင်သွင်းသည့် အယူခံကိုလက်ခံကြားနာဆုံးဖြတ်ခြင်းသည် တရားမ ကျင့်ထုံးဥပဒေပုဒ်မ ၉၆ နှင့် ဆန့်ကျင်ခြင်း ရှိ မရှိ။

၃။ တရားပြိုင် (၂) ဦးရွှေသိန်းအောင်ကိုယ်တိုင် တရားလိုပြသက်သေအဖြစ် အစစ်ခံချက်အရ ဦးနေလင်းနှင့် ၎င်းတို့ ၆ ထပ်တိုက်ဆောက်လုပ်ခြင်းလုပ်ငန်းကို အကျိုးတူပူးပေါင်းဆောင်ရွက် ကြောင်း ပေါ်ပေါက်သည်။ အဆိုပါလုပ်ငန်းကို အကျိုးတူပူးပေါင်းဆောင်ရွက်သူ ဦးနေလင်း သည် အကြီးအကဲဖြစ်ပြီး အခြားအကျိုးတူလုပ်ငန်း လုပ်ကိုင်သူတစ်ဦးဖြစ်သည့် တရားပြိုင် (၂) ဦးရွှေသိန်းအောင်သည် ဦးနေလင်း၏ကိုယ်စားလှယ်ဖြစ်ကြောင်းကောက်ယူ၍ ပဋိညာဉ် အက်ဥပဒေပုဒ်မ ၂၂၆ အရ ကိုယ်စားလှယ်ပြုလုပ်သည့်ပဋိညာဉ်ကို အကြီးအကဲအပေါ်တာဝန် ချထားခွင့်ရှိကြောင်း၊ ဦးနေလင်း ကွယ်လွန်သဖြင့် အကြီးအကဲလုပ်ငန်းဆက်ခံသူ တရားပြိုင်(၁) ဦးဟန်ဇော်လင်းက ဆက်လက်ဆောင်ရွက်ရန် တာဝန်ရှိကြောင်း ကောက်ယူပြီး တရားပြိုင်(၁) သည် တရားလိုမှ ကျန်ငွေကျပ်သိန်း ၄၀ ပေးပါက အချင်းဖြစ် တိုက်ခန်းကို တရားလိုသို့ လက်ရောက်ပေးစေရန် ချမှတ်သည့် ဒီကရီသည် မှန်ကန်ခြင်း ရှိ မရှိ။"

ဤတရားမအထူးအယူခံမှုနှစ်မှုလုံးသည် မူလတရားမကြီးမှု တစ်မှုတည်းမှပေါ်ပေါက်လာပြီး ဆုံးဖြတ် ရမည့် ပြဿနာတူညီသဖြင့် ဤစီရင်ချက်သည် အဆိုပါတရားမအထူးအယူခံမှုများနှင့် သက်ဆိုင်စေမည် ဖြစ်သည်။

အယူခံတရားလို၏ရှေ့နေက အိန္ဒိယနိုင်ငံစီရင်ထုံးများကို ရည်ညွှန်း၍ အမှုသည်များအကြား သဘောတူညီချက်များဆိုသည်မှာ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကျုံးဝင်သောသဘောတူညီချက် များပါဝင်ကြောင်း၊ ထိုသဘောတူညီချက်အရ ချမှတ်ပေးသော ဒီကရီသည် နစ်ဖက်အမှုသည်များက မိမိတို့၏ အယူခံနိုင်သည့်အခွင့်အရေးကို စွန့်လွှတ်သည့်သဘောပါဝင်ကြောင်းနှင့် ပိတ်ပင်မှု(estoppel)အဖြစ် ကျင့်သုံး နိုင်မှုရှိကြောင်း၊ ဤအမှုတွင် ဒေါ်ခင်ပြုံးဆင့်၏အဆိုပြုချက်များကို ဦးရွှေသိန်းအောင်က သဘောတူသည့် အနေဖြင့် ဝန်ခံချေလွှာတင်သွင်းခြင်းဖြစ်ရာ မူလခရိုင်တရားရုံးက တရားလိုတောင်းဆိုသည့်အတိုင်း ဒီကရီ ချမှတ်ခြင်းသည် အမှုသည်များသဘောတူသည့်အတိုင်း ဒီကရီချမှတ်ရာရောက်သည်ဟု ပြဿနာအမှတ်(၁) ကို ဖြေဆိုသင့်ကြောင်း၊ မူလရုံးက ဦးရွှေသိန်းအောင်၏ဝန်ခံချက်နှင့် ပဋိညာဉ်အက်ဥပဒေပြဋ္ဌာန်းချက်အရ ဦးရွှေသိန်းအောင်က ဒေါ်ခင်ပြုံးဆင့်အား ပဋိညာဉ်ပါအတိုင်း စရန်ငွေ ၂ ဆ ငွေကျပ်သိန်း ၁၄၀ ကို ပေးစေ ရန် ဒီကရီချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒေါ်ခင်ပြုံးဆင့်တောင်းဆိုသည့် သက်သာခွင့်နှင့်အညီ ချမှတ်ပေးခြင်း ဖြစ်၍ ဒေါ်ခင်ပြုံးဆင့်တွင် နစ်နာမှုတစ်စုံတစ်ရာမရှိကြောင်း၊ အမှုသည်များအကြား သဘောတူညီချက်အရ ချမှတ်သည့် ဒီကရီအပေါ် တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၆(၃) အရ အယူခံဝင်ခွင့်မရှိကြောင်း၊ **ဦးချန်ပို ပါ ၂ နှင့် ဒေါ်စိန်ပါ ၂ အမှု**[(၁)]ကို ကိုးကားကြောင်း၊ ဦးရွှေသိန်းအောင်သည် မူလရုံး၏ဒီကရီအပေါ် တရားမ

(၁) ၁၉၇၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ–၁၄။

ကျင့်ထုံးဥဒေပုဒ်မ ၉၆(၃)အရ အယူခံဝင်ခွင့်မရှိသဖြင့် တရားလွှတ်တော်က အယူခံကို လက်ခံဆုံးဖြတ်ခြင်းသည် ဥပဒေနှင့်ဆန့်ကျင်သည်ဟု ပြဿနာအမှတ်(၂)ကို ဖြေဆိုသင့်ကြောင်း၊ ကန်ထရိုက်တာ ဦးနေလင်းက အဆောက်အအုံဆောက်လုပ်ရန်အတွက် အဆောက်အအုံဆိုင်ရာ လုပ်ငန်းအဝဝနှင့် အခန်းအရောင်းအဝယ်ကိစ္စရပ်များ ပြဿနာပေါ်ပေါက်ပါက ဖြေရှင်း ဆောင်ရွက်နိုင်ရန် အင်ဂျင်နီယာဖြစ်သူ ဦးရွှေသိန်းအောင်အား သက်သေခံအမှတ်(ဃ) အထွေထွေကိုယ်စားလှယ်လွှဲစာကို လွှဲအပ်ခဲ့ကြောင်း၊ ယင်းကိုယ်စားလှယ်လွှဲစာသည် အခန်းအရောင်းအဝယ် ပြုလုပ်ရန် လွှဲအပ်ထားခြင်းမဟုတ်ကြောင်း၊ သက်သေခံအမှတ်(က) တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်တွင် ဦးရွှေသိန်းအောင်သည် ဦးနေလင်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရသူအဖြစ် ဦးနေလင်းကိုယ်စား လက်မှတ်ရေးထိုး ရောင်းချခြင်းသည် ကိုယ်စားလှယ်၏သတ်မှတ်ထားသည့် လုပ်ပိုင်ခွင့်ဘောင်ကို ကျော်လွန်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကိုယ်စားလှယ်သည် မိမိအား လွှဲအပ်သည့် ကိုယ်စားလှယ်လွှဲအပ်စာတွင် အပ်နှင်းသည့် လုပ်ပိုင်ခွင့်ထက် ကျော်လွန်လုပ်ပိုင်ခွင့် မရှိကြောင်း **ဦးမြရွှေနှင့် ဗွီအီးအာ(ရ်)အမ်အေအာ(ရ်) ချစ်တီးယားဖန်းအမှု**[၂]တွင် ညွှန်ပြထားကြောင်း၊ ဦးရွှေသိန်းအောင်က စရန်ငွေကျပ်သိန်း ၇၀ ကို လက်ခံယူခဲ့ပြီး ထိုငွေကို ဦးနေလင်းသို့ ပေးအပ်ခဲ့သည်ဟု ထွက်ဆိုသော်လည်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိကြောင်း၊ စရန်ငွေ ကျပ်သိန်း ၇၀ ပေးသည်ကို ဦးနေလင်းသိရှိသည်ဟု ဆိုရန်ခဲယဉ်းကြောင်း၊ **လက်ချမနန်ချစ်တီးယားဖန်းနှင့် အမ်ဖန်းအမှု**[၃]တွင် ကိုယ်စားလှယ်၏စာရင်းတွင် အကြီးအကဲအတွက် ငွေချေးခဲ့သည်ဟု ဖော်ပြထားသော်လည်း ထိုငွေသည် အကြီးအကဲထံရောက်ရှိသည်ဆိုသောအထောက်အထားမရှိပါက အကြီးအကဲ၌ ထိုငွေအတွက် တာဝန်မရှိဟု ထုံးပြုဆုံးဖြတ်ထားကြောင်း၊ စရန်ငွေနှင့်ပတ်သက်၍ ဦးနေလင်း၌ တာဝန်မရှိကြောင်း၊ ဦးရွှေသိန်းအောင်က စရန်ငွေကို လက်ခံယူခဲ့ကြောင်း ချေလွှာတွင် ဝန်ခံသဖြင့် ၎င်းတွင်သာ တာဝန်ရှိကြောင်း၊ ဦးနေလင်းကွယ်လွန်ပြီး လုပ်ငန်းဆက်လက်ဆောင်ရွက်သူ ဦးဟန်ဇော်လင်းအပေါ်တွင် ပဋိညာဉ်အက်ဥပဒေ ပုဒ်မ ၂၂၆ အရ တာဝန်မကျရောက်ကြောင်း၊ ဤအထူးအယူခံမှုများကို ခွင့်ပြု၍ မူလခရိုင်တရားရုံး၏ဒီကရီ ကို အတည်ပြုသင့်ကြောင်းဖြင့် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်များ၏ရှေ့နေက ဦးရွှေသိန်းအောင်၏ ဝန်ခံချေလွှာမှာ တိကျမှုမရှိ၍ ဝန်ခံချက်မမည်ကြောင်း၊ ဒေါ်ခင်ပြုံးဆင့်သည် ကတိပဋိညာဉ်ပါဝယ်ယူထားသော အခန်းကို ကျန်ငွေလက်ခံ၍ လက်ရောက်ပေးအပ်ရန် ဦးဟန်ဇော်လင်းထံ တောင်းဆိုထားကြောင်း ၎င်း၏အဆိုပြုချက်နှင့်တောင်းဆိုသောသက်သာခွင့်အရပေါ်ပေါက်ရာ ထိုတောင်းဆိုချက်ကို ဦးရွှေသိန်းအောင်က ဝန်ခံထားခြင်းဖြစ်ကြောင်း၊ ထိုဝန်ခံချက်သည် တရားမကျင့်ထုံးဥပဒေအမိန့် ၁၂၊ နည်းဥပဒေ ၆ အရဖြစ်ကြောင်း၊ **ဒေါ်မြင့်သိန်း(ခ)အမိန် ပါ ၂ နှင့် ဦးမြင့်သိန်း ပါ ၆ အမှု**[၄]တွင် ထုံးပြုကြောင်း၊ တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၆ (၃)တွင် အမှုသည်များ၏ သဘောတူညီချက်(consent)အရ ဒီကရီကို အယူခံဝင်ခွင့်မရှိစေရဟု ပြဋ္ဌာန်းထားရာ ဝန်ခံဒီကရီကိုအယူခံမဝင်ရဟု မဆိုသဖြင့် ဦးရွှေသိန်းအောင်၏ အယူခံမှုကို တရားလွှတ်တော်က ဆုံးဖြတ်ခြင်းသည် ဥပဒေနှင့်မဆန့်ကျင်ကြောင်း၊ ကန်ထရိုက်လုပ်ငန်းကို ဦးနေလင်းနှင့် အင်ဂျင်နီယာ ဦးရွှေသိန်းအောင်တို့ အကျိုးတူပူးပေါင်းလုပ်ကိုင်ကြောင်း အဆိုလွှာ၊ ချေလွှာတို့တွင် မပါရှိကြောင်း၊ ဦးရွှေသိန်းအောင်၏ထွက်ဆိုချက်မှအပ

---

(၂) ၁၉၇၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၂၂။
(၃) ၁၉၅၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး(လွှတ်တော်)၊ စာ-၂၂၅။
(၄) ၁၉၉၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၃၅။

အခြားမရှိကြောင်း၊ အစုစပ်လုပ်ငန်းဥပဒေနှင့်အညီ အကျိုးအမြတ်ကို မည်သို့ခွဲဝေခံစားကြောင်း အထောက်အထားလည်းမရှိကြောင်း၊ ပြဿနာအမှတ်(၃)ပါ အကျိုးတူပူးပေါင်းသည်ဆိုသည့်ပြဿနာကို အဆုံးအဖြတ်ပြုနိုင် မပြုနိုင် စိစစ်သင့်ကြောင်း၊ သက်သေခံအမှတ်(ဃ)အရ ကိုယ်စားလှယ်လွှဲအပ်ခံရသူ ဦးရွှေသိန်းအောင်သည် ကိုယ်စားလှယ်လွှဲသူ ဦးနေလင်းကိုယ်တိုင် ဆောင်ရွက်သကဲ့သို့ အကျိုးသက်ရောက်မှုရှိကြောင်း၊ ဦးနေလင်းကွယ်လွန်သွား၍ ဆက်ခံသူအား ဦးဟန်ဇော်လင်းအပေါ်တွင် သက်ရောက်မှုရှိကြောင်း၊ ကိုယ်စားလှယ်လွှဲအပ်ခံရသူ ဦးရွှေသိန်းအောင်သည် ကိုယ်စားလှယ်လွှဲအပ်သည်ထက်ပို၍ ဆောင်ရွက်သည်ဟု မပေါ်ပေါက်၍ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၁၅ အရ ကိုယ်စားလှယ်လွှဲအပ်သူက ငြင်းဆိုခွင့်မရှိကြောင်း၊ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၃၇ အရ ပဋိညာဉ်တွင် တာဝန်ရှိသူကို လေးနက်စွာသုံးသပ်သင့်ကြောင်း၊ ဤအထူးအယူခံမှုများကို ပလပ်သင့်ကြောင်းဖြင့် လျှောက်လဲတင်ပြသည်။

အဆိုလွှာတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော(တောင်)ရပ်ကွက်၊ သရက်တော ၄ လမ်း၊ အမှတ်(၈၈)တွင် ဆောက်လုပ်ဆဲ ၂ ခန်းတွဲ ၆ ထပ်တိုက်၏ ပထမထပ်၊ ခြေရင်းခန်းကို ကန်ထရိုက်တာ ဦးနေလင်းထံမှ တန်ဖိုးကျပ်သိန်း ၁၁၀ဖြင့် တရားလိုက ကြိုတင်ဝယ်ယူကြောင်း၊ ၂၀-၉-၂၀၀၉ ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ်စာချုပ် ချုပ်ဆို၍ စရန်ငွေကျပ်သိန်း ၇၀ ကို ပေးချေရာ ဦးနေလင်းကိုယ်စား ၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဦးရွှေသိန်းအောင်က စာချုပ်ချုပ်ဆိုလက်ခံယူခဲ့ကြောင်း၊ ရောင်းချသည့်တိုက်ခန်းကို ၃၁-၁၂-၂၀၀၉ နေ့တွင် နောက်ဆုံးထားလက်ရောက်ပေးအပ်ရန်နှင့် တရားလိုက ကျန်ငွေကျပ်သိန်း ၄၀ ကိုလည်း ထိုနေ့တွင် အပြေပေးချေရန် နှစ်ဦးသဘောတူချုပ်ဆိုထားကြောင်း၊ တရားပြိုင်ဦးဟန်ဇော်လင်း၏ဖခင်ဖြစ်သူ ဦးနေလင်းသည် အဆိုပါ ၃၁-၁၂-၂၀၀၉ နေ့မတိုင်မီ ၁-၁၂-၂၀၀၉ နေ့တွင် ကွယ်လွန်သွားကြောင်း၊ သား ဦးဟန်ဇော်လင်းနှင့် ဦးနေလင်း၏ ကိုယ်စားလှယ်လွှဲစာရသူ ဦးရွှေသိန်းအောင်တို့သည် ကန်ထရိုက်တိုက်ဆောက်လုပ်ခြင်း၊ အကျိုးခံစားခွင့်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းကြပြီးဖြစ်ကြောင်းနှင့် ၂၀၀၉ ခုနှစ်၊ အောက်တိုဘာလကုန်ချိန်မှစ၍ ပူးတွဲလုပ်ကိုင်သူ ဦးရွှေသိန်းအောင်နှင့်ပတ်သက်မှုမရှိတော့ကြောင်း နှစ်ဦးသဘောတူဝန်ခံချက်ကို ၃၀-၁၂-၂၀၀၉ နေ့တွင် ပြုလုပ်ခဲ့ကြကြောင်း၊ တရားလိုက ၂၀-၉-၂၀၀၉ ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ်စာချုပ်အတိုင်း ကျန်ငွေကျပ်သိန်း ၄၀ ကို ပေးချေပြီး တိုက်ခန်းကို ၈-၇-၂၀၁၀ နေ့နောက်ဆုံးထားပေးအပ်ရန် ၂၄-၆-၂၀၁၀ နေ့တွင် ဦးဟန်ဇော်လင်းထံ အကြောင်းကြားခဲ့ရာ တရားပြိုင်ဦးဟန်ဇော်လင်းက အကြောင်းပြန်ကြားမှုမရှိကြောင်း၊ စရန်ငွေကျပ်သိန်း ၇၀ ကို လက်ခံခဲ့သူ ဦးရွှေသိန်းအောင်အား ပူးတွဲစွဲဆိုရခြင်းဖြစ်ကြောင်း ဖော်ပြစွဲဆိုသည်။

တရားပြိုင်(၁) ဦးဟန်ဇော်လင်းက တရားလိုနှင့်တရားပြိုင် (၂)တို့၏ ဆောင်ရွက်မှုများကို မသိကြောင်း၊ ဖခင် ဦးနေလင်းကွယ်လွန်ပြီး ၃၀-၁၂-၂၀၀၉ နေ့တွင် တရားပြိုင်(၁) နှင့် (၂) တို့သည် နှစ်ဦးသဘာတူဝန်ခံချက်ချုပ်ဆိုခဲ့ကြောင်း၊ ဖခင် ဦးနေလင်းကွယ်လွန်ခြင်းကြောင့် တရားပြိုင်(၁)က လုပ်ငန်းပြီးစီးရန် မြေရှင်များ၏ သဘောတူညီချက်ဖြင့် လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ တရားပြိုင် (၂) လက်ခံခဲ့သော စရန်ငွေများကို ဖခင်နှင့် တရားပြိုင်(၁)တို့ လက်ခံယူခဲ့ခြင်းမရှိကြောင်း၊ တရားလိုနှင့် တရားပြိုင်(၂)တို့၏ တိုက်ခန်းအရောင်းအဝယ်ကိစ္စသည် တရားပြိုင်(၁) နှင့်ပတ်သက်ခြင်းမရှိကြောင်း၊ တရားစွဲရန်အကြောင်း မပေါ်ပေါက်ကြောင်း၊ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို တရားပြိုင်(၁)နှင့် (၂) တို့ ၃၀-၁၂-၂၀၀၉ နေ့စာချုပ်ချုပ်စဉ်က တရားပြိုင်(၂)က တရားပြိုင်(၁)အား အသိပေးပြောဆိုခဲ့ခြင်းမရှိကြောင်း၊ ဖခင် ဦးနေလင်းသည် တရားလိုနှင့်တရားပြိုင်(၂)တို့ စာချုပ်ချုပ်ဆိုသည့် ၂၀-၉-၂၀၀၉ နေ့မတိုင်မီကပင် ဆေးရုံကြီးတွင်

တက်ရောက်ကုသခံနေရာမှ ၁–၁၂–၂၀၀၉ နေ့တွင် ကွယ်လွန်ခြင်းဖြစ်ကြောင်း၊ စာချုပ်အရ ၃၁–၁၂–၂၀၀၉ နေ့တွင် တရားလိုက တစ်စုံတစ်ရာအကြောင်းကြားပြောဆိုခြင်းမရှိကြောင်း၊ ဦးနေလင်းကွယ်လွန်ပြီးနောက် အဆိုပါတိုက်ခန်းများနှင့်ပတ်သက်၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ဟု ၁၁–၅–၂၀၁၀ နေ့ သတင်းစာတွင် ကြော်ငြာအသိပေးခဲ့ရာ တရားလိုနှင့်တရားပြိုင်(၂)တို့က လာရောက်တွေ့ဆုံပြောကြားခဲ့ခြင်းမရှိကြောင်း၊ ကွယ်လွန်သူဖခင်တွင် ဇနီးနှင့် သားသမီးများကျန်ရစ်ကြောင်း၊ တရားစွဲရန် အကြောင်းမပေါ်ပေါက်ကြောင်း ချေပသည်။

တရားပြိုင်(၂) ဦးရွှေသိန်းအောင်က တရားလို၏အဆိုပြုချက်များကို ခုခံချေပခြင်းမရှိဘဲ တရားလို စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်သင့်ကြောင်း ဝန်ခံချေလွှာတင်သွင်းသည်။

အမှုတွင် တရားပြိုင်(၂) ဦးရွှေသိန်းအောင်သည် တရားလိုပြသက်သေအမှတ် (၁) အဖြစ် အစစ်ခံ ထွက်ဆိုခဲ့သည်။ ဦးရွှေသိန်းအောင်က ၎င်းသည် ဦးနေလင်း၏ ကိုယ်စားလှယ်စာရသူအဖြစ်သာ ဆောင်ရွက် ခဲ့ခြင်းဖြစ်ကြောင်း၊ တရားလိုထံမှ ၎င်းလက်ခံခဲ့သော တိုက်ခန်းဖိုးစရန်ငွေ ကျပ်သိန်း ၇၀ ကို ဦးနေလင်းထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ ဦးနေလင်းကွယ်လွန်ပြီးနောက် သား ဦးဟန်ဇော်လင်းနှင့် ၎င်းတို့ချုပ်ဆိုခဲ့သော စာချုပ်အရ တရားလိုစွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ပေးသင့်ကြောင်းဖြင့် ထွက်ဆိုသည်။

တရားလို ဒေါ်ခင်ပြုံးဆင့်က တရားပြိုင်(၁) ဦးဟန်ဇော်လင်း၏ဖခင် ကန်ထရိုက်တာ ဦးနေလင်း၏ အထွေထွေကိုယ်စားလှယ်စာရသူ တရားပြိုင်(၂) ဦးရွှေသိန်းအောင်နှင့် ချုပ်ဆိုခဲ့သော ၂၀–၉–၂၀၀၉ ရက်စွဲပါ သက်သေခံအမှတ် (က) တိုက်ခန်းအရောင်းအဝယ်စာချုပ်အရ ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးရန် သို့မဟုတ် စရန်ငွေ၏ ၂ ဆငွေကျပ်သိန်း ၁၄၀ ရရန် အမှုစွဲဆိုခြင်းဖြစ်သည်။

မူလခရိုင်တရားရုံးက ဝန်ခံသူတရားပြိုင်(၂) ဦးရွှေသိန်းအောင်သည် တိုက်ခန်းဖိုးငွေကျပ် သိန်း ၁၄၀ ကို တရားလိုသို့ပေးစေရန် အနိုင်ဒီကရီချမှတ်ခဲ့သည်။ ယင်းသို့ ဒီကရီချမှတ်ခြင်းသည် အမှုတွင် ထုတ်ဆင့် ထားသည့် ငြင်းချက်များကို စစ်ဆေးပြီးဝန်ခံသူ ဦးရွှေသိန်းအောင်အပေါ် ဒီကရီချမှတ်ခဲ့ခြင်းဖြစ်သည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၁၂၊ နည်းဥပဒေ ၆ ပါ ပြဋ္ဌာန်းချက်အရ ဝန်ခံသည့် အကြောင်းအရာ ကို စစ်ဆေးရန်မလို၊ ဝန်ခံသည့်အတိုင်း ဒီကရီချမှတ်ရမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိပေ။ တရားပြိုင်က ဝန်ခံ ခြင်းကြောင့် တရားလိုသည် တထစ်ချဒီကရီရခွင့်ရှိမည်မဟုတ်ပေ။ တရားရုံးသည် တရားဖြောင့်မှန်သည်ဟု ထင်မြင်သည့်တိုင်းသာ ဒီကရီ သို့မဟုတ် အမိန့်ချမှတ်ရန်တာဝန်ရှိသည်ဖြစ်၍ ခရိုင်တရားရုံးက ဦးရွှေသိန်း အောင်ဝန်ခံသည့်အတိုင်း ဒီကရီချမှတ်ခြင်းမပြုဘဲ ငြင်းချက်ထုတ်စစ်ဆေး၍ ဒီကရီချမှတ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။

ဤအမှုတွင် တရားပြိုင် (၂) ဦးရွှေသိန်းအောင်သည် တရားလို၏ အဆိုပြုချက်များကို ချေပခြင်းမပြု ဘဲ ဝန်ခံလွှာတင်သွင်းခဲ့သည်မှာမှန်သော်လည်း ၎င်း၏ထွက်ဆိုချက်များအရ တရားလိုတောင်းဆိုသော သက်သာ ခွင့်ကို ၎င်းအပေါ် ဒီကရီချမှတ်ရန် သဘောတူခြင်းမဟုတ်ဘဲ တရားပြိုင်(၁) ဦးဟန်ဇော်လင်းအပေါ်တွင်သာ တာဝန်ရှိကြောင်း တင်ပြနေခြင်းဖြစ်သည်။ မူလခရိုင်တရားရုံးက ငြင်းချက်များထုတ်နုတ်စစ်ဆေးပေါ်ပေါက် ချက်အရ ဦးရွှေသိန်းအောင်အပေါ် ဒီကရီချမှတ်ခဲ့ခြင်းဖြစ်၍ ဦးရွှေသိန်းအောင်၏သဘောတူညီချက်အရ ချမှတ်သည့်ဒီကရီဖြစ်သည်ဟု မဆိုနိုင်ချေ။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၆(၁)တွင် မူလစီရင်ပိုင်ခွင့်အရ တရားရုံးကချမှတ်သည့် ဒီကရီကို အခွင့်အာဏာအပ်နှင်းခြင်းခံရသည့် တရားရုံး၌ အယူခံဝင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။

ယင်းဥပဒေပုဒ်မ ၉၆(၃)တွင် အမှုသည်များ၏သဘောတူညီချက်အရ တရားရုံးကချမှတ်သောဒီကရီ (a decree passed by the court with the consent of parties)ကို အယူခံဝင်ခွင့်မရှိစေရဟု ပြဋ္ဌာန်းထားသည်။

မူလခရိုင်တရားရုံးကချမှတ်သည့် ဒီကရီသည် အမှုသည်များ၏သဘောတူညီချက်အရ ချမှတ်သောဒီကရီမဟုတ်သောကြောင့် တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၆(၃)တွင် အကျုံးမဝင်သဖြင့် တရားပြိုင်(၂) ဦးရွှေသိန်းအောင်တင်သွင်းသော အယူခံကို တရားလွှတ်တော်က ကြားနာဆုံးဖြတ်ခဲ့ခြင်းသည် ဥပဒေနှင့်မညီဟု မဆိုနိုင်ပေ။

ထို့ကြောင့် ကြားနာခဲ့သောပြဿနာအမှတ်(၁) နှင့်(၂)တို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဖြေဆိုသည်-

"၁။ တရားလိုတောင်းဆိုသည့်အတိုင်း ဒီကရီချမှတ်ပေးရန် တရားပြိုင် (၂) ဦးရွှေသိန်းအောင်က ဝန်ခံချေလွှာတင်သွင်းပြီး ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးက တရားလိုတောင်းဆိုသည့်အတိုင်း ဒီကရီချမှတ်ခြင်းသည် အမှုသည်များသဘောတူသည့်အတိုင်း ဒီကရီချမှတ်ရာ မရောက်ကြောင်း၊

၂။ အမှုသည်များသဘောတူသည့်အတိုင်းချမှတ်သည့် ဒီကရီမဖြစ်၍ ယင်းဒီကရီအပေါ် ဦးရွှေသိန်းအောင်တင်သွင်းသည့် အယူခံကိုလက်ခံကြားနာဆုံးဖြတ်ခြင်းသည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၆ နှင့် ဆန့်ကျင့်ခြင်းမရှိကြောင်း။"

တရားလိုဒေါ်ခင်ပြုံးဆင့်သည် အချင်းဖြစ်တိုက်ခန်းကို ကန်ထရိုက်တာဦးနေလင်း၏ အထွေထွေကိုယ်စားလှယ်စာရသူ တရားပြိုင် (၂) ဦးရွှေသိန်းအောင်နှင့် ၂၀-၉-၂၀၀၉ နေ့တွင် သက်သေခံအမှတ်(က) တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ထိုနေ့တွင် စရန်ငွေကျပ်သိန်း ၇၀ ကို ပေးချေရာ တရားပြိုင် (၂) ဦးရွှေသိန်းအောင်က လက်ခံရယူကြောင်း ထွက်ဆိုပြီး သက်သေခံအမှတ်(က) စာချုပ်ပါ သက်သေ ဦးမင်းဇော်ဦး (လိုပြ-၂)၊ ဦးမြင့်ဆွေ(လိုပြ-၃) တို့က ထောက်ခံထွက်ဆိုသည်။

၂၀-၉-၂၀၀၉ ရက်စွဲပါ သက်သေခံ(က) တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်တွင် ရောင်းချသူအဖြစ် ဦးနေလင်း၏အထွေထွေကိုယ်စားလှယ်စာရရှိသူ ဦးရွှေသိန်းအောင်ဟု ဖော်ပြလျက် ဦးရွှေသိန်းအောင်က လက်မှတ်ရေးထိုးထားပြီး သက်သေများအဖြစ် တရားလို၏ခင်ပွန်း ဦးမင်းဇော်ဦး (လိုပြ-၂)နှင့် ဆောက်လုပ်ရေးဆိုက်တာဝန်ခံ ဦးမြင့်ဌေး (လိုပြ-၃)တို့က လက်မှတ်ရေးထိုးထားကြောင်း တွေ့ရသည်။

တရားပြိုင်(၂) ဦးရွှေသိန်းအောင်သည် တရားလိုပြသက်သေ(၁)အဖြစ် အမှုတွင် အစစ်ခံထွက်ဆိုသည်။ ဦးရွှေသိန်းအောင်က ကန်ထရိုက်တာဦးနေလင်းသည် အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းကိစ္စရပ်များအားလုံးနှင့် တိုက်ခန်းအရောင်းအဝယ်ကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်ရန် ၁၉-၁၀-၂၀၁၇ ရက်စွဲပါ သက်သေခံအမှတ်(ဃ) မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာကို လွှဲအပ်ခဲ့ကြောင်း၊ တရားလို ဒေါ်ခင်ပြုံးဆင့်အား ဦးနေလင်းလွှဲအပ်သည့် အထွေထွေကိုယ်စားလှယ်လွှဲစာအရ သက်သေခံအမှတ်(က) စာချုပ်ချုပ်ဆို၍ အချင်းဖြစ်တိုက်ခန်းကို ရောင်းချခဲ့ကြောင်း၊ ထိုနေ့တွင် စရန်ငွေကျပ်သိန်း ၇၀ ကို လက်ခံယူပြီး ဦးနေလင်းသို့ လွှဲပေးခဲ့ကြောင်း၊ အရောင်းအဝယ်စာချုပ်ပါ သတ်မှတ်ရက် ၃၁-၁၂-၂၀၀၉ နေ့မတိုင်မီ ဦးနေလင်းကွယ်လွန်သွားကြောင်း၊ ဦးနေလင်း၏သားဖြစ်သူ တရားပြိုင် (၁) ဦးဟန်ဇော်လင်းနှင့် ၃၀-၁၂-၂၀၀၉ ရက်စွဲပါ သက်သေခံ (ဈ) နှစ်ဦးသဘောတူ ကတိဝန်ခံချက်ကို ချုပ်ဆိုခဲ့ကြောင်း၊ ကွယ်လွန်သူ ဦးနေလင်း၏

လုပ်ငန်းများကို တရားပြိုင်(၁)က ကိုယ်တိုင်ဆက်လက်လုပ်ကိုင်ရန်အတွက် ချုပ်ဆိုခိုင်းခြင်းဖြစ်ကြောင်း၊ ထို စာချုပ်မချုပ်မီ ရောင်းချထားသော တိုက်ခန်းများ၊ မိမိပေးရန် ရရန်ငွေစာရင်းများနှင့် ကုန်ပစ္စည်းဖိုးငွေများ ကို ရှင်းလင်းပြီးနောက် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုသည်။ တရားလိုထံမှ ၎င်းလက်ခံယူထား သော စရန်ငွေကျပ် သိန်း ၇၀ ကို ဦးနေလင်းသို့ လွှဲပေးခဲ့ကြောင်း အထောက်အထား၊ သက်သေခံမရှိကြောင်း ဖြင့် ထွက်ဆိုထားပြီး အဆိုပါ တိုက် ဖ လွှာခြေရင်းခန်းကို ဦးတင်မောင်အား ၁၄-၇-၂၀၀၉ နေ့တွင် သက်သေခံ (ဆ) (ဆ-၁) (ဆ-၂) စာချုပ်များချုပ်ဆို၍ လည်းကောင်း၊ စတုတ္ထထပ်ခေါင်းရင်းခန်းကို ၂၂-၃-၂၀၀၉ ရက်စွဲပါ သက်သေခံ (ဇ) (ဇ-၁) စာချုပ်များဖြင့် ဦးတင်လှိုင်မြင့် (လိုပြ-၄)သို့လည်းကောင်း ရောင်းချခဲ့ ကြောင်း ထွက်ဆိုသည်။

၁၉-၁၀-၂၀၀၇ ရက်စွဲပါ ဦးနေလင်းမှ ဦးရွှေသိန်းအောင်သို့လွှဲအပ်သော အထွေထွေကိုယ်စားလှယ် လွှဲစာတွင် မည်သည့်ကိစ္စရပ်ကို ဆောင်ရွက်ရန်လွှဲအပ်ကြောင်း ဖော်ပြထားခြင်းမရှိသဖြင့် ဦးနေလင်းကိုယ်စား ကိစ္စရပ်အားလုံးကို ဆောင်ရွက်ရန် လွှဲအပ်ခြင်းဖြစ်သည်ဟုဆိုရမည်ဖြစ်သည်။

တရားပြိုင်(၁)၏ ကိုယ်စားလှယ်လွှဲအပ်ခံရသူ မဇင်မာသောင်းသည် ကွယ်လွန်သူ ဦးနေလင်း၏ လုပ်ငန်းများတွင် စာရင်းကိုင်၊ ငွေကိုင်လုပ်ကိုင်သူဖြစ်သည်။ ၎င်းက အချင်းဖြစ် ကန်ထရိုက်တိုက် ဆောက် လုပ်ခြင်းတွင် ဦးရွှေသိန်းအောင်သည် ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးကြပ်သူ အင်ဂျင်နီယာဖြစ်ပြီး လခစား ဝန်ထမ်းဖြစ်ကြောင်း၊ ဦးနေလင်းက စည်ပင်တွင်ဆောင်ရွက်ရန်နှင့် အခြားလိုအပ်သောကိစ္စများအတွက် ဦးရွှေသိန်းအောင်အား ကိုယ်စားလှယ်လွှဲအပ်ခဲ့ကြောင်း၊ တိုက်ခန်းအရောင်းအဝယ်ကိစ္စအတွက် လွှဲအပ်ခြင်း မရှိကြောင်း၊ တရားလိုတိုက်ခန်းဝယ်ယူသည့်ကိစ္စကို မသိကြောင်း၊ ဦးတင်မောင်၊ ဦးတင်လှိုင်မြင့်တို့အား တိုက်ခန်းရောင်းချသည့်ကိစ္စတွင် ဦးနေလင်းက တရားပြိုင် (၂) အား တာဝန်ပေးထားပြီး ထိုတိုက်ခန်းရောင်းရ ငွေများကို မိမိထံစာရင်းတင်ပြ၍ သိရှိကြောင်း၊ ဦးရွှေသိန်းအောင်နှင့် ဦးဟန်ဇော်လင်းတို့ ၃၀-၁၂-၂၀၀၉ ရက်စွဲပါ သက်သေခံအမှတ်(ဈ)/(၃) စာချုပ်ချုပ်ဆိုရာတွင်လည်း ဦးရွှေသိန်းအောင်က အချင်းဖြစ်တိုက်ခန်း ရောင်းရငွေကို ပေးအပ်ခဲ့ခြင်းမရှိကြောင်း၊ ထိုစဉ်က ဦးနေလင်းအသက်ရှိစဉ်ရောင်းချခဲ့သော ဦးတင်မောင်နှင့် ဦးတင်လှိုင်မြင့်တို့အား အရောင်းအဝယ်စာချုပ်များကို တရားပြိုင်(၁)က ထပ်မံချုပ်ဆိုပေးခဲ့ကြောင်း၊ အဆောက် အအုံဆောက်လုပ်ပြီးစီးပြီးနောက် ၁၁-၅-၂၀၁၀ ရက်စွဲဖြင့် သက်သေခံအမှတ် (၅) အသိပေးကြော်ငြာချက် ကို သတင်းစာတွင် ထည့်သွင်းကြော်ငြာရာ ဦးတင်မောင်နှင့် ဦးတင်လှိုင်မြင့်တို့က ဆက်သွယ်လာ၍ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုသည်။

ကန်ထရိုက်တိုက် ၅ လွှာ ခေါင်းရင်းခန်းကို ဝယ်ယူခဲ့သူ ဦးတင်လှိုင်မြင့် (လိုပြ-၄)က တိုက်ခန်း ဝယ်ယူရာတွင် စရန်ငွေကျပ် ၂၅ သိန်း၊ ဒုတိယအရစ်ကျပ် ၃၅ သိန်း၊ တတိယအရစ်ကျပ် ၅ သိန်းတို့ကို ရောင်းသူဦးရွှေသိန်းအောင်သို့ပေးချေခဲ့ပြီး ကျန်ငွေကျပ် ၅ သိန်းကိုပေးချေရန် သွားရောက်ရာ မြေရှင်၏ညွှန်ပြ ချက်အတိုင်း မဇင်မာသောင်းထံသွားရောက်ပေးချေ၍ တိုက်ခန်းလက်ရောက်ရခဲ့ကြောင်း၊ ဦးရွှေသိန်းအောင် မှ မြေရှင်နှင့်ကန်ထရိုက်တာ ဦးနေလင်းတို့က လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်စာတို့ကိုပြသ၍ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုသည်။

ကန်ထရိုက်တာ ဦးနေလင်းက တရားပြိုင်(၂) ဦးရွှေသိန်းအောင်အား သက်သေခံအမှတ်(ဃ) မှတ်ပုံ တင် အထွေထွေကိုယ်စားလှယ်လွှဲစာကို လွှဲအပ်ခဲ့သဖြင့် ဦးရွှေသိန်းအောင်သည် ဦးနေလင်း၏လုပ်ငန်းများ ကို ဆောင်ရွက်ခွင့်ရရှိပြီး တရားလိုအား ဦးနေလင်းကိုယ်စား အချင်းဖြစ်တိုက်ခန်းကို ရောင်းချခွင့်ရှိမည်ဖြစ်

သည်။ ဦးနေလင်းသည် ၁–၁၂–၂၀၀၉ နေ့တွင် ကွယ်လွန်သဖြင့် ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၀၁ အရ ဦးရွှေသိန်းအောင်သည် ဦးနေလင်း၏အထွေထွေကိုယ်စားလှယ်လွှဲအပ်ခံရသူအဖြစ်မှ ရပ်စဲမည်ဖြစ်သည်။

ဦးနေလင်းသည် ကန်ထရိုက်တိုက်ဆောက်လုပ်ဆဲ ၁–၁၂–၂၀၀၉ နေ့တွင် ကွယ်လွန်သွားသဖြင့် ၎င်း၏သားဖြစ်သူ တရားပြိုင်(၁)ဦးဟန်ဇော်လင်းက ဖခင်၏ဆောင်ရွက်ဆဲ ကန်ထရိုက်တိုက်ဆောက်လုပ်ခြင်းလုပ်ငန်းများကို မြေရှင်များနှင့် ၂–၉–၂၀၀၇ ရက်စွဲပါ သက်သေခံ (၁) စာချုပ်ကို ချုပ်ဆို၍ ဆက်လက်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ဦးဟန်ဇော်လင်းသည် တရားပြိုင် (၂) ဦးရွှေသိန်းအောင်နှင့် ၃၀–၁၂–၂၀၀၉ ရက်စွဲပါ သက်သေခံအမှတ် (ဈ)/(၃) သဘောတူကတိဝန်ခံချက်ကို ချုပ်ဆိုခဲ့သည်။ ယင်းကတိဝန်ခံချက်တွင် ဦးရွှေသိန်းအောင်သည် ၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ ကုန်ပြီးချိန်မှစ၍ ကန်ထရိုက်တိုက်ဆောက်လုပ်သည့်လုပ်ငန်းများနှင့် မည်သို့မျှ ပါဝင်ပတ်သက်ခြင်းမရှိတော့ကြောင်း၊ ယင်းလုပ်ငန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသည်များနှင့် ရှင်းလင်းရန်ရှိသည့်ကိစ္စရပ်များကို ဤနှစ်ဦး သဘောတူကတိဝန်ခံချက် ချုပ်ဆိုသောနေ့တွင် အလုံးစုံပြေလည်အောင် ရှင်းလင်းပြီးဖြစ်ကြောင်း၊ ကန်ထရိုက်ဆောက်လုပ်သည့် လုပ်ငန်းများတွင် ရရှိခံစားရမည့် အကျိုးခံစားခွင့်များ၊ ဆောင်ရွက်ရမည့်တာဝန်များအပါအဝင် ကိစ္စရပ်များအားလုံးသည် ဦးရွှေသိန်းအောင်နှင့် မည်သို့မျှသက်ဆိုင်ပတ်သက်ခြင်းမရှိတော့ကြောင်း နှစ်ဦးသဘောတူပြုလုပ်ထားသည်ကို တွေ့ရသည်။

ဦးဟန်ဇော်လင်းနှင့်ဦးရွှေသိန်းအောင်တို့ သက်သေခံအမှတ်(ဈ)အရ စာရင်းရှင်းလင်းရာတွင် တရားလိုအား တိုက်ခန်းရောင်းချထားသည့်ကိစ္စကို ဦးရွှေသိန်းအောင်က ဦးဟန်ဇော်လင်းသို့ အသိပေးစာရင်းရှင်းလင်းခဲ့ခြင်း မရှိကြောင်း စာရင်းကိုင်မဇင်မာသောင်း၏ထွက်ချက်အရ တွေ့ရသည်။

တရားလို ဒေါ်ခင်ပြုံးဆင့်သို့ အချင်းဖြစ်တိုက်ခန်းကို သက်သေခံအမှတ်(က)စာချုပ် ချုပ်ဆို၍ ကန်ထရိုက်တာဦးနေလင်းကိုယ်စား ၎င်းက အထွေထွေကိုယ်စားလှယ်လွှဲအပ်သူ ဦးရွှေသိန်းအောင် ရောင်းချခဲ့ခြင်းဖြစ်သည်။ ကန်ထရိုက်တာ ဦးနေလင်းကွယ်လွန်သွားသောအခါ ၎င်း၏ဆက်ခံသူသားဖြစ်သူ တရားပြိုင် (၁) ဦးဟန်ဇော်လင်းက ပဋိညာဉ်အက်ဥပဒေပုဒ်မ ၃၇ နှင့် ပုဒ်မ ၂၂၆ တို့အရ အဆိုပါ အရောင်းအဝယ်ပဋိညာဉ်ကို ဆက်လက်ဆောင်ရွက်ရန် တာဝန်ရှိမည်ဖြစ်သည်။

ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၁၅ ပါ ပြဋ္ဌာန်းချက်အရ ကိုယ်စားလှယ်သည် မိမိအား ကိုယ်စားလှယ်လွှဲသူ၏ သဘောတူညီချက်ကို ဦးစွာရယူခြင်းမပြုဘဲ ထို့ပြင် လုပ်ငန်းနှင့်စပ်လျဉ်း၍ ကိုယ်တိုင်သိရသောအရေးပါသည့် အကြောင်းအရာအရပ်ရပ်ကို ထိုသူအား အသိမပေးဘဲ ကိုယ်စားလှယ်လုပ်ငန်းကို မိမိပိုင်အဖြစ်ဖြင့် စီမံခန့်ခွဲလျှင် ကိုယ်စားလှယ်သည်အရေးပါသော အကြောင်းခြင်းရာ တစ်ခုခုကို မိမိမသိအောင်မရိုးမဖြောင့်သောသဘောဖြင့် ထိမ်ချန်ကြောင်းဖြစ်စေ၊ ကိုယ်စားလှယ်၏စီမံခန့်ခွဲချက်များသည် မိမိအားအကျိုးမဲ့စေကြောင်း ဖြစ်စေပေါ်ပေါက်ပါက ကိုယ်စားလှယ်လွှဲသူသည် ထိုအမှုကိစ္စကိုငြင်းနိုင်သည်။

အချင်းဖြစ်တိုက်ခန်းကို ဒေါ်ခင်ပြုံးဆင့်သို့ သက်သေခံအမှတ်(က) စာချုပ်ဖြင့် ဦးနေလင်း၏ ကိုယ်စားလှယ်လွှဲအပ်ခံရသူ ဦးရွှေသိန်းအောင်က ရောင်းချရာတွင် စရန်ငွေကျပ်သိန်း ၇၀ ကို အကြီးအကဲဖြစ်သူဦးနေလင်းအား လွှဲပေးခဲ့သည်ဟုဆိုသော်လည်း ဦးနေလင်းလက်ခံရရှိကြောင်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိချေ။ ဦးရွှေသိန်းအောင်သည် ဒေါ်ခင်ပြုံးဆင့်သို့ ယင်းတိုက်ခန်းရောင်းချရငွေများကို ဦးနေလင်း၏ စာရင်းတွင် ထည့်သွင်းရန်တင်ပြမှုမရှိကြောင်း တွေ့ရသည်။ ဦးရွှေသိန်းအောင်သည် တရားပြိုင်(၁) ဦးဟန်ဇော်လင်းနှင့် ၃၀–၁၂–၂၀၀၉ နေ့တွင် သက်သေခံ(ဈ) စာချုပ် ချုပ်ဆို၍ စာရင်းရှင်းလင်းကြရာတွင်

ဒေါ်ခင်ပြုံးဆင့်ဝယ်ယူခဲ့သော တိုက်ခန်းနှင့်ပတ်သက်၍ ဦးရွှေသိန်းအောင်က အသိပေးတင်ပြခဲ့ကြောင်း ပေါ်ပေါက်ခြင်းမရှိသည်ကို တွေ့ရသည်။ ဦးနေလင်း၏ ကိုယ်စားလှယ်စာရသူ ဦးရွှေသိန်းအောင်က အချင်းဖြစ်တိုက်ခန်းကို ဒေါ်ခင်ပြုံးဆင့်သို့ ရောင်းခဲ့သည့်ကိစ္စတွင် အကြီးအကဲဖြစ်သူ ဦးနေလင်းသို့လည်းကောင်း၊ ၎င်းကိုဆက်ခံသူ တရားပြိုင်ဦးဟန်ဇော်လင်းသို့လည်းကောင်း တစ်စုံတစ်ရာအသိမပေးဘဲ ဆောင်ရွက်ခဲ့ကြောင်း ပေါ်ပေါက်သဖြင့် အကြီးအကဲဖြစ်သူ တရားပြိုင်ဦးဟန်ဇော်လင်းအနေဖြင့် ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၁၅ အရ ထိုကိစ္စတွင် တာဝန်မရှိဟု ငြင်းဆိုနိုင်ပေသည်။ ကိုယ်စားလှယ်ဖြစ်သူ ဦးရွှေသိန်းအောင်သည် သက်သေခံ(က) တိုက်ခန်းအရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ဒေါ်ခင်ပြုံးဆင့်ထံမှ စရန်ငွေကျပ်သိန်း ၇၀ ကို ရယူခံစားခဲ့သူဖြစ်၍ ထိုပဋိညာဉ်အတိုင်းဆောင်ရွက်ရန် ၎င်းတွင်သာ တာဝန်ရှိသည့်အတွက် ၎င်းအပေါ် ဒီကရီချမှတ်ခြင်းမပြုဘဲ တရားပြိုင်ဦးဟန်ဇော်လင်းအပေါ် ဒီကရီချမှတ်ခဲ့သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဒီကရီသည် မှန်ကန်သည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ကြားနာခဲ့သော ပြဿနာအမှတ်(၃)နှင့်စပ်လျဉ်း၍ "တရားပြိုင်(၂)ဦးရွှေသိန်းအောင် ကိုယ်တိုင် တရားလိုပြသက်သေအဖြစ် အစစ်ခံချက်အရ ဦးနေလင်းနှင့် ၎င်းတို့ ၆ ထပ်တိုက်ဆောက်လုပ်ခြင်းလုပ်ငန်းကို အကျိုးတူပူးပေါင်းဆောင်ရွက်ကြောင်း ပေါ်ပေါက်သည်။ အဆိုပါလုပ်ငန်းကို အကျိုးတူပူးပေါင်းဆောင်ရွက်သူ ဦးနေလင်းသည် အကြီးအကဲဖြစ်ပြီး အခြားအကျိုးတူလုပ်ငန်း လုပ်ကိုင်သူတစ်ဦးဖြစ်သည့် တရားပြိုင် (၂) ဦးရွှေသိန်းအောင်သည် ဦးနေလင်း၏ ကိုယ်စားလှယ်ဖြစ်ကြောင်း ကောက်ယူ၍ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၂၆ အရ ကိုယ်စားလှယ်ပြုလုပ်သည့် ပဋိညာဉ်ကို အကြီးအကဲအပေါ် တာဝန်ချထားခွင့်ရှိကြောင်း၊ ဦးနေလင်းကွယ်လွန်သဖြင့် အကြီးအကဲလုပ်ငန်းဆက်ခံသူ တရားပြိုင် (၁) ဦးဟန်ဇော်လင်းက ဆက်လက်ဆောင်ရွက်ရန် တာဝန်ရှိကြောင်း ကောက်ယူပြီး တရားပြိုင် (၁) သည် တရားလိုမှ ကျန်ငွေသိန်း ၄၀ ပေးပါက အချင်းဖြစ်တိုက်ခန်းကို တရားလိုသို့ လက်ရောက်ပေးစေရန် ချမှတ်သည့် ဒီကရီသည် မှန်ကန်ခြင်း မရှိကြောင်း" ဖြေဆိုသည်။

ဤတရားမအထူးအယူခံမှုနှစ်မှုလုံးကို ခွင့်ပြု၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တို့၏ စီရင်ချက်နှင့် ဒီကရီများကို ပယ်ဖျက်လိုက်ပြီး ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို စရိတ်နှင့်တကွ ပြန်လည်အတည်ပြုလိုက်သည်။

ရှေ့နေစရိတ် ကျပ် ၅၀၀၀၀/-စီ သတ်မှတ်သည်။

(ထွန်းထွန်းဦး)<br>ပြည်ထောင်စုတရားသူကြီးချုပ်

(သာဌေး)<br>တရားသူကြီး

(စိုးညွန့်)<br>တရားသူကြီး

(မြသိမ်း)<br>တရားသူကြီး

(မြင့်အောင်)<br>တရားသူကြီး

(အောင်ဇော်သိန်း)<br>တရားသူကြီး

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၆ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၆၃

၂၀၁၅ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၃၄၈ ချမှတ်ခဲ့သည့် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်စွဲပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

| | | |
|---|---|---|
| ဦးသံလုံး<br>(၎င်း၏အခွင့်ရကိုယ်စားလှယ်ဦးမြင့်စိုး) | နှင့် | ၁။ မစိမ်းလဲ့လဲ့စိုး<br>(၎င်း၏အခွင့်ရကိုယ်စားလှယ်<br>ဦးစိုးလွင်)<br>၂။ မောင်ဇော် (ခ) အောင်ဇော်လင်း |
| အယူခံတရားလို | | အယူခံတရားပြိုင်များ |

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | – | ဦးခင်မောင်လတ်၊ တရားလွှတ်တော်ရှေ့နေ |
| အယူခံတရားပြိုင်များအတွက် | – | (၁) ဦးတင်ထွန်းစံ၊ တရားလွှတ်တော်ရှေ့နေ<br>(၂) ကိုယ်တိုင်(မလာ) |

### စီရင်ချက်

၂၀၁၇ ခုနှစ်၊ မတ်လ ၆ ရက်

ဝေါမြို့နယ်တရားရုံး ၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ် ၁၃၄ တွင် မစိမ်းလဲ့လဲ့စိုးက မောင်ဇော် (ခ) အောင်ဇော်လင်းနှင့် ဖခင်ဦးသံလုံးတို့အပေါ် လက်ထပ်ထိမ်းမြားရန် ကတိပျက်ကွက်ခြင်းအတွက် နစ်နာကြေးငွေ ကျပ်သိန်း ၁၀၀ ရလိုမှုစွဲဆိုရာ အမှုကိုစရိတ်နှင့်တကွ ပလပ်ခဲ့သည်။ ယင်းဒီကရီကို မစိမ်းလဲ့လဲ့စိုးက ပဲခူးခရိုင်တရားရုံးသို့ ၂၀၁၄ ခုနှစ် တရားမအယူခံမှုအမှတ် ၁၁ ဖြင့် အယူခံရာ အယူခံမှုကို တစ်စိတ်တစ်ဒေသ ခွင့်ပြုပြီး တရားပြိုင်များက တရားလိုသို့ နစ်နာကြေးငွေကျပ်သိန်း ၈၀ ပေးစေရန် ဒီကရီချမှတ်ခဲ့သည်။ တရားပြိုင်မောင်ဇော် (ခ) အောင်ဇော်လင်း ပါ ၂ ဦးတို့က ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၄ ခုနှစ် တရားမဒုတိယအယူခံမှု အမှတ် ၂၉ ဖြင့်လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၁၄ ခုနှစ် တရားမပြင်ဆင်မှု အမှတ် ၃၄၈ ဖြင့်လည်းကောင်း အဆင့်ဆင့်တင်သွင်းလျှောက်ထားသော်လည်း အောင်မြင်မှုမရရှိသဖြင့် အထူးအယူခံဝင်ခွင့်ပြုရန် ၂၀၁၅ ခုနှစ် တရားမအထွေထွေလျှောက်လွှာ(အထူး) အမှတ် ၄၆၇ တွင် လျှောက်ထားရာ အောက်ပါပြဿနာကို ပြန်လည်စိစစ်ကြားနာနိုင်ရန် အထူးအယူခံဝင်ခွင့် ပြုခဲ့သည်–

"အမှတ်(၂) တရားပြိုင်အား အမှတ်(၁) တရားပြိုင်နှင့် တရားလိုတို့ကို လက်ထပ်ထိမ်းမြားပေးရန် ကတိပျက်ကွက်သူဖြစ်ကြောင်း သုံးသပ်၍ တရားပြိုင်များက တရားလိုသို့ နစ်နာကြေးငွေကျပ်သိန်း ၈၀ ပေးစေရန် ချမှတ်ခဲ့သည့် ဒီကရီကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အတည်ပြုခဲ့ခြင်း သည် မှန်ကန်ခြင်း ရှိ မရှိ။"

အယူခံတရားလို၏ရှေ့နေက အယူခံတရားပြိုင် မစိမ်းလဲ့လဲ့စိုးနှင့် မောင်ဇော်တို့သည် လူငယ်သဘာဝ မေတ္တာမျှနေကြ၍ မောင်ဇော်ဘက်မှ မိဘဆွေမျိုးများ၊ ရပ်မိရပ်ဖများနှင့်အတူ မစိမ်းလဲ့လဲ့စိုး၏မိဘများထံ စေ့စပ်ကြောင်းလမ်း၍ မင်္ဂလာပွဲပြုလုပ်ပေးမည်ဟု ပြောခဲ့ခြင်းဖြစ်ကြောင်း၊ စေ့စပ်ကြောင်းလမ်းသည့်နေ့တွင် တရားလိုနှင့် မောင်ဇော်တို့သည် နှစ်ဖက်မိဘများအား ကန်တော့ခဲ့ကြပြီး မောင်ဇော်ဘက်မှ လူကြီးမိဘများ ရှေ့တွင် မင်္ဂလာပွဲအခမ်းအနားကို ၃၁-၁၂-၂၀၁၀ နေ့တွင် ကျင်းပပြုလုပ်ရန် သတ်မှတ်ကတိပြုခဲ့ကြောင်း၊ မင်္ဂလာဧည့်ခံပွဲအတွက် စရိတ်ငွေကျပ် ၁၀ သိန်းကို အပ်နှံခဲ့ကြောင်း၊ တရားလို၏မိဘများအိမ်တွင် တရား ပြိုင်မောင်ဇော်သည် မစိမ်းလဲ့လဲ့စိုးနှင့် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြောင်း၊ မင်္ဂလာ ဧည့်ခံပွဲပြုလုပ်ရန်အတွက် လိုအပ်သည်များ စီစဉ်ခြင်း၊ ပစ္စည်းများဝယ်ယူခြင်းတို့ ပြုလုပ်ခဲ့ကြောင်း၊ မင်္ဂလာ ဧည့်ခံပွဲကို ၃၁-၁၂-၂၀၁၀ နေ့ သတ်မှတ်ခဲ့ပြီး တရားလိုနှင့်မိဘများက ၄-၁-၂၀၁၁ နေ့သို့ ပြောင်းရွှေ့သည် ကို မောင်ဇော်၏မိဘများက သဘောမတူလက်မခံသဖြင့် မင်္ဂလာဧည့်ခံပွဲကျင်းပရန် ပျက်ကွက်ခဲ့ခြင်းသာ ဖြစ်ကြောင်း၊ **မအေးမယ် ပါ ၂ နှင့် မကြည်ကြည် ပါ ၂ အမှု**[(၁)] အရ မြန်မာဗုဒ္ဓဘာသာဥပဒေအရ ထိမ်းမြားလက်ထပ်ခြင်း တရားဝင်စေရန်အတွက် အခမ်းအနားမလိုဘဲ ကာယကံရှင်နှစ်ဦး၏ သဘောတူညီမှု ဆန္ဒသာ လိုအပ်ကြောင်း၊ မြန်မာဓလေ့ထုံးတမ်းဥပဒေအရ အသိအမှတ်ပြုထားသည့် အခမ်းအနားဟူ၍ မရှိ ကြောင်း၊ ဤအမှုတွင် မောင်ဇော်နှင့် တရားလိုတို့သည် စေစပ်ကြောင်းလမ်းပြီးနောက် တရားလို၏မိဘအိမ် တွင် အကြင်လင်မယားအဖြစ် အတူပေါင်းသင်းနေထိုင်ခဲ့ပြီးဖြစ်၍ လက်ထပ်ရန်ကတိပျက်ကွက်ခြင်းမဟုတ် ကြောင်း၊ မင်္ဂလာဧည့်ခံပွဲရက်ရွှေ့ပြောင်းသတ်မှတ်ခြင်းအပေါ် မောင်ဇော်ဘက်မှမိဘများက သဘောမတူ၍ မင်္ဂလာပွဲကျင်းပရန် ပျက်ကွက်ခြင်းသာဖြစ်၍ လျော်ကြေးမရထိုက်ကြောင်း၊ သို့ဖြစ်၍ ဤအထူးအယူခံမှုကို ခွင့်ပြု၍ မူလမှုကို ပလပ်သင့်ကြောင်းဖြင့် လျှောက်ထားတင်ပြသည်။

အယူခံတရားပြိုင်အမှတ်(၁)၏ရှေ့နေက တရားလိုနှင့် တရားပြိုင်မောင်ဇော်တို့သည် လူငယ်သဘာဝ ချစ်ကြိုက်ခဲ့ကြသူများမဟုတ်ကြောင်း၊ မောင်ဇော်၏ဖခင် ဦးသံလုံးနှင့် အစ်ကိုမျိုးမြင့်အောင်တို့၏ အကူအညီ ဖြင့် တရားလိုအား အဓမ္မပြုကျင့်ခဲ့ခြင်းကို တရားလိုဘက်က ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားရန်ပြု၍ ဦးသံလုံး တို့က တောင်းပန်ပြီး စေ့စပ်ကြောင်းလမ်းခဲ့ခြင်းဖြစ်ကြောင်း၊ စေ့စပ်ကြောင်းလမ်းခြင်းသည် လက်ထပ်ပွဲ ပြုလုပ်ခြင်းမဟုတ်ကြောင်း၊ စေ့စပ်ပွဲပြုလုပ်ရုံမျှဖြင့် လင်မယားအရာမမြောက်ကြောင်း၊ စေ့စပ်ပွဲပြုလုပ်ပြီး ဖြစ်၍ အမှန်တကယ်လက်ထပ်မည်ဟု ယုံကြည်၍လည်းကောင်း၊ တရားဝင်လက်ထပ်ထိမ်းမြားခြင်းမပြုမီ စေ့စပ်ပြီးချိန်၌ ရွာဓလေ့အရ အတူနေထိုင်လေ့ရှိခြင်းကြောင့်လည်းကောင်း တရားလို၏မိဘအိမ်တွင် မောင်ဇော် က လာရောက်နေထိုင်ခြင်းသာဖြစ်ကြောင်း၊ တရားလိုနှင့်မောင်ဇော်တို့သည် တရားဝင်လက်ထပ်ခြင်းမပြု ရသေးဘဲ အတူနေထိုင်ခဲ့ခြင်းသည် တရားဝင်လင်မယားအဖြစ် ပေါင်းသင်းရာမရောက်ကြောင်း၊ မည်သူကမျှ အကြင်လင်မယားဖြစ်သည်ဟု အသိအမှတ်ပြုခဲ့ခြင်းမရှိကြောင်း၊ မင်္ဂလာပွဲကျင်းပရန်သတ်မှတ်သည့် ၃၁-

(၁) ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၆၂၅။

၁၂–၂၀၁၀ နေ့မတိုင်မီရွာ၍ မိုးအဆက်မပြတ်ရွာသဖြင့် သွားလာရေးအဆင်မပြေဖြစ်၍ မင်္ဂလာပွဲရက်ရွှေ့ရန် စီစဉ်ရခြင်းဖြစ်ကြောင်း၊ တရားပြိုင်ဘက်မှ မင်္ဂလာပွဲအတွက်စီစဉ်သူ ဦးအောင်သောင်း(လိုပြ–၆)၊ မောင်ဇော်၊ ရပ်မိရပ်ဖများသဘောတူညှိနှိုင်း၍ ဦးသံလုံးအား ဦးအောင်သောင်းက အသိပေးပြောကြားခဲ့သော်လည်း ဦးသံလုံးက အကြောင်းမဲ့မင်္ဂလာပွဲဖျက်သိမ်းခဲ့ခြင်းဖြစ်ကြောင်း၊ တရားလိုတွင် အရှက်တကွဲဖြစ်ပြီး များစွာ နစ်နာသောကြောင့် နစ်နာကြေးပေးခဲ့သည့် ခရိုင်တရားရုံး၏ဒီကရီကို တရားလွှတ်တော်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်တို့က အတည်ပြုခဲ့ခြင်းသည် မှန်ကန်သဖြင့် ဤအယူခံမှုကို ပလပ်သင့်ကြောင်း လျှောက်ထားတင်ပြသည်။

အဆိုလွှာတွင် တရားလိုနှင့် တရားပြိုင်များသည် တစ်ရွာတည်းနေထိုင်ကြသူများဖြစ်ကြောင်း၊ ၁၃၇၂ ခုနှစ် တန်ဆောင်မုန်းလတွင် တရားပြိုင်ဦးသံလုံးနှင့် သား မျိုးမြင့်အောင်တို့ခေါ်၍ တရားလိုက သွားရောက်ရာ တရားလိုအား တရားပြိုင်အမှတ်(၁) မောင်ဇော်ထံအပ်ခဲ့ကြောင်း၊ တရားပြိုင်မောင်ဇော်က တရားလိုကို သားမယားအဖြစ်ပြုကျင့်ကြောင်း၊ အမျိုးသမီးရေးရာထံ တိုင်ကြားခဲ့ကြောင်း၊ တရားလို၏ဖခင်က ရဲစခန်း တိုင်ကြားရန်ပြုစဉ် တရားပြိုင်မောင်ဇော်သည် ထွက်ပြေးတိမ်းရှောင်နေကြောင်း၊ တရားပြိုင်အမှတ်(၂) ဦးသံလုံး က ဦးအောင်သောင်း၊ ရပ်မိရပ်ဖများနှင့်အတူ တရားလိုနှင့်မိဘများထံ လာရောက်ညှိနှိုင်းပြီး စေ့စပ်လက်ထပ် ပေးမည်ဟု ကတိပြုခဲ့ကြောင်း၊ ၈–၁၂–၂၀၁၀ နေ့တွင် တရားလိုနေအိမ်၌ နှစ်ဖက်မိဘဆွေမျိုး၊ ရပ်မိရပ်ဖများ ရှေ့၌ စေ့စပ်မင်္ဂလာပွဲပြုလုပ်ရာ တရားပြိုင်ဦးသံလုံးက ၎င်းသားနှင့်လက်ထပ်ပေးရန်ကတိပြုခဲ့ကြောင်း၊ မင်္ဂလာပွဲကို ၃၁–၁၂–၂၀၁၀ နေ့တွင် ပြုလုပ်ရန်သတ်မှတ်ပြီး မင်္ဂလာဆောင်စရိတ်ငွေကျပ် ၁၀ သိန်းကို တရားလို၏ မိဘများသို့ တရားပြိုင်ဦးသံလုံးက ပေးအပ်ခဲ့ကြောင်း၊ ထိုအချိန်မှစ၍ တရားပြိုင်မောင်ဇော်သည် ၁၀–၁၂–၂၀၁၀ နေ့မှ ၂၅–၁၂–၂၀၁၀ နေ့ထိ တရားလိုမိဘများနေအိမ်တွင် တရားလိုနှင့်ပေါင်းသင်းနေထိုင် ခဲ့ကြောင်း၊ ၁၀–၁၂–၂၀၁၀ နေ့မှ ၁၄–၁၂–၂၀၁၀ နေ့အထိ မိုးအဆက်မပြတ်ရွာသွန်းသဖြင့် တရားလို၏နေအိမ် တွင် ရေဝပ်ခြင်း၊ လမ်းမကောင်းခြင်းတို့ကြောင့် တရားပြိုင်ဘက်မှ ၎င်းကိုယ်စားမင်္ဂလာပွဲဆောင်ရွက်ရန် လွှဲထားသူ ဦးအောင်သောင်းနှင့် ရပ်မိရပ်ဖများက တရားလိုမိဘများထံလာရောက်၍ မင်္ဂလာပွဲကို ၄–၁– ၂၀၁၁ နေ့သို့ ရွှေ့ပြောင်းပြုလုပ်ရန် ညှိနှိုင်းရာ တရားလို၏မိဘများနှင့် မောင်ဇော်တို့က သဘောတူခဲ့ကြောင်း၊ တရားပြိုင်ဦးသံလုံးက ၃၁–၁၂–၂၀၁၀ နေ့တွင် မင်္ဂလာပွဲမလုပ်သဖြင့် ငွေများပြန်ပေးရန် ၂၆–၁၂–၂၀၁၀ နေ့စွဲပါစာကို ရှေ့နေမှပေးပို့သည့်အပြင် ၄–၁–၂၀၁၁ နေ့ပြုလုပ်မည့် မင်္ဂလာပွဲကို လက်မခံကြောင်းဖြင့် ၃၀– ၁၂–၂၀၁၀ ရက်စွဲပါစာကို ပေးပို့ခဲ့ကြောင်း၊ ၃၁–၁၂–၂၀၁၀ နေ့တွင် တရားလိုဘက်မှ လူကြီးများနှင့်အတူ မင်္ဂလာပွဲပြုလုပ်ရန် ညှိနှိုင်းသော်လည်း တရားပြိုင်ဘက်မှ လက်မခံဘဲ တရားပြိုင်မောင်ဇော်သည် တိမ်းရှောင် သွားကြောင်း၊ ထိမ်းမြားမင်္ဂလာပွဲကိစ္စကို တရားပြိုင်များက ကတိပျက်ကွက်ခဲ့ခြင်းကြောင့် နစ်နာကြေးကျပ်သိန်း ၁၀၀ ရထိုက်ကြောင်း ဖော်ပြစွဲဆိုသည်။

တရားပြိုင်အမှတ်(၁) မောင်ဇော် (ခ) အောင်ဇော်လင်းသည် ချေလွှာတင်သွင်းခြင်းမပြုကြောင်း တွေ့ရသည်။

တရားပြိုင်အမှတ်(၂) ဦးသံလုံးက တရားလိုနှင့် တရားပြိုင် (၁)တို့ လူငယ်ချင်းမေတ္တာမျှ၍ စေ့စပ် လက်ထပ်ပေးမည်ဟု ပြောခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့က နှစ်ဖက်မိဘများအား ကန်တော့ခဲ့ကြပြီး ၁၀–၁၂– ၂၀၁၀ နေ့မှ ၂၅–၁၂–၂၀၁၀ နေ့ထိ လင်မယားအဖြစ်နှစ်ဦးသဘောတူ ပေါင်းသင်းခဲ့ခြင်းဖြစ်သောကြောင့် နစ်နာကြေးမရထိုက်ကြောင်း၊ တရားပြိုင်အမှတ်(၂)က တရားလိုနှင့် ၎င်းဖခင်တို့အပေါ် တရားမကြီးမှုအမှတ်

၈၁/၂၀၁၁ တွင် မင်္ဂလာပွဲစရိတ်အဖြစ် ပေးခဲ့သော ငွေကျပ် ၁၀ သိန်းရလိုမှုစွဲဆိုပြီးမှ တရားလိုက ဤအမှုကို ဖန်တီးစွဲဆိုခြင်းဖြစ်ကြောင်း၊ တရားစွဲရန် အကြောင်းမပေါ်ပေါက်ကြောင်းဖြင့် ချေပသည်။

အမှုတွင် တရားလို မစိမ်းလဲ့လဲ့စိုးနှင့် တရားပြိုင်အမှတ်(၂) ဦးသံလုံး၏သားဖြစ်သူ တရားပြိုင်အမှတ်(၁) မောင်ဇော်(ခ) အောင်ဇော်လင်းတို့သည် ၈-၁၂-၂၀၁၀ နေ့တွင် စေ့စပ်ပွဲပြုလုပ်ခဲ့ပြီး မင်္ဂလာပွဲကို ၃၁-၁၂-၂၀၁၀ နေ့တွင်ပြုလုပ်ရန် သဘောတူသတ်မှတ်ခဲ့ကြကြောင်း၊ စေ့စပ်ပြီးနောက် ၁၀-၁၂-၂၀၁၀ နေ့မှ ၂၅-၁၂-၂၀၁၀နေ့ထိ တရားလို၏နေအိမ်တွင် တရားပြိုင်မောင်ဇော်သည် တရားလိုနှင့်ပေါင်းသင်းနေထိုင်ခဲ့ကြောင်းမှာ အငြင်းမပွားကြောင်း တွေ့ရသည်။ တရားလိုက ရွာဓလေ့အရ လက်ထပ်သည့်နေ့တွင် လူသိရှင်ကြား မင်္ဂလာဧည့်ခံပွဲပြုလုပ်ကြခြင်းဖြစ်ကြောင်း၊ မင်္ဂလာပွဲအတွက် စီစဉ်ဆောင်ရွက်နေစဉ် ၄၊ ၅ ရက်မိုးဆက်ရွာသဖြင့် ရေများဝပ်ပြီး ထင်းများစိုသွားခြင်း၊ လမ်းပန်းသွားလာရေးခက်ခဲခြင်း၊ ပစ္စည်းများသယ်ယူရန် ခက်ခဲခြင်းကြောင့် မင်္ဂလာပွဲကို ၂၊ ၃ ရက်ခန့်နောက်ဆုတ်ရန် တရားပြိုင်ဘက်မှ ဦးအောင်သောင်းက ပြောသဖြင့် ၄-၁-၂၀၁၁ နေ့သို့ရွှေ့ရန် စီစဉ်သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဦးအောင်သောင်းနှင့်တရားပြိုင်မောင်ဇော်တို့က ၎င်းဖခင်ဦးသံလုံးအားပြောကြားအသိပေးရန်ဖြစ်ကြောင်း၊ ၂၆-၁၂-၂၀၁၀ နေ့၌ ပဲခူးမြို့သို့ ခန်းဝင်ပစ္စည်းများကို မောင်ဇော်နှင့်အတူ သွားဝယ်စဉ် ၎င်း၏ယောက်ဖဦးမြင့်စိုးက ၄-၁-၂၀၁၁ နေ့တွင် မင်္ဂလာပွဲ ပြုလုပ်မည်ကို ၎င်းတို့ဘက်မှသဘောမတူဟုပြောကြောင်း၊ ၃၀-၁၂-၂၀၁၀ နေ့တွင် မင်္ဂလာပွဲတားမြစ်သည့်စာ ရောက်လာကြောင်း၊ ၃၁-၁၂-၂၀၁၀ နေ့တွင် ဝေါမြို့နယ်(မယက)ဥက္ကဋ္ဌ ဦးခင်မောင်ထွေးက မင်္ဂလာပွဲ ဆက်လက်ပြုလုပ်ရန် နှစ်ဖက်ခေါ်ယူညှိနှိုင်းပေးသော်လည်း တရားပြိုင်ဦးသံလုံးက လက်မခံကြောင်း၊ တရား ပြိုင် မောင်ဇော်က ၎င်း၏မိဘများသဘောအတိုင်းဖြစ်ကြောင်း ပြောပြခဲ့ကြောင်း၊ မင်္ဂလာပွဲပျက်ခဲ့ရကြောင်းဖြင့် ထွက်ဆိုသည်။

ဦးအောင်သောင်း (လိုပြ-၆) သည် တရားပြိုင် ဦးသံလုံးဇနီး၏ တူတော်စပ်သူဖြစ်ပြီး တရားလိုအား ထောက်ခံထွက်ဆိုပြီး၊ မင်္ဂလာပွဲရက်ရွှေ့သည်ကို ဦးသံလုံးထံ ၎င်းကိုယ်တိုင်သွားရောက်ပြောပြခဲ့ကြောင်း ထွက်ဆိုသည်ကို တွေ့ရသည်။

တရားပြိုင်အမှတ်(၂) ဦးသံလုံးက တရားလို၏ဖခင်ထံသို့ မင်္ဂလာပွဲကိုသဘောမတူကြောင်း ၃၀-၁၂-၂၀၁၀ ရက်စွဲပါ သက်သေခံအမှတ် (ခ) စာဖြင့် အကြောင်းကြားခဲ့ခြင်းဖြစ်သည်။ သက်သေခံအမှတ် (ခ) စာတွင် သတ်မှတ်ရက်တွင် မင်္ဂလာဧည့်ခံပွဲပြုလုပ်ရန် ဆောင်ရွက်ခဲ့သော်လည်း တရားလိုဘက်မှ ထိုနေ့တွင် မလုပ်နိုင်ကြောင်း၊ တရားလိုဘက်မှ ကြိုက်နှစ်သက်သည့်နေ့တွင်ပြောင်း၍ ပြုလုပ်မည်ဟု အေးလူမှတစ်ဆင့် ပြောလာခဲ့ကြောင်း၊ မိမိတို့နှင့် ကြိုတင်ညှိနှိုင်းတိုင်ပင်ခြင်း လုံးဝမရှိဘဲ တစ်ဖက်တည်း၏ လုပ်ချင်ရာလုပ်ကိုင်သည်ကို သဘောမတူနိုင်ပါဟု အကြောင်းပြကာ မင်္ဂလာပွဲပျက်ခဲ့ရခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ တရားပြိုင်ဦးသံလုံးက မင်္ဂလာပွဲဖျက်ခဲ့ခြင်းအကြောင်းပြချက်သည် ခိုင်လုံသည်ဟု မဆိုနိုင်ချေ။

တရားလိုမစိမ်းလဲ့လဲ့စိုးနှင့် တရားပြိုင်အမှတ်(၁) မောင်ဇော်တို့သည် စေ့စပ်ကြောင်းလမ်းပြီးနောက် မင်္ဂလာပွဲကျင်းပပြုလုပ်ရန် နှစ်ဖက်မိဘများသဘောတူရက်သတ်မှတ်ခဲ့၍ မင်္ဂလာပွဲအတွက် ဆောင်ရွက်ဆဲကာလတွင် တရားလို၏မိဘနေအိမ်တွင် ၁၀-၁၂-၂၀၁၀ နေ့မှ ၂၅-၁၂-၂၀၁၀ နေ့ထိ နှစ်ပတ်ခန့်ပေါင်းသင်းနေထိုင်ခဲ့ကြသည်။ ထိုသို့ပေါင်းသင်းနေထိုင်ခဲ့ခြင်းသည် မြန်မာဓလေ့ထုံးတမ်းဥပဒေအရ လင်မယားအရာမြောက်မမြောက်စိစစ်ရန်ဖြစ်သည်။

မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ထိမ်းမြားလက်ထပ်ခြင်းတရားဝင်စေရန်အတွက် အခမ်းအနားမလို

ကြောင်း ကာယကံရှင်နှစ်ဦး၏ သဘောတူညီမှုဆန္ဒသာလျှင် လိုအပ်သည့်ကိစ္စဖြစ်ကြောင်း၊ တရားဥပဒေအရ အသိအမှတ်ပြုထားသည့်အခမ်းအနားဟူ၍မရှိကြောင်း **မအေးမယ် ပါ ၂ နှင့် မကြည်ကြည် ပါ ၂ အမှု**[၁] တွင် ထုံးပြုသည်။

တရားလိုမစိမ်းလဲ့လဲ့စိုးကို တရားပြိုင်မောင်ဇော်၏ဖခင် တရားပြိုင်ဦးသံလုံးနှင့် မောင်ဇော်၏အစ်ကို မျိုးမြင့်အောင်တို့ကဆွဲခေါ်ပြီး သားဖြစ်သူ မောင်ဇော်ထံအပ်ခဲ့ရာ မောင်ဇော်က သားမယားအဖြစ်ပြုကျင့်ခဲ့ကြောင်း၊ ဖခင်သည်(ရယက)ဥက္ကဋ္ဌဖြစ်၍ မတိုင်ရဲသဖြင့် အမျိုးသမီးရေးရာသို့တိုင်ကြားကြောင်း၊ နောက်တစ်ကြိမ်သားမယားအဖြစ် ပြုကျင့်ရန်အားထုတ်ကြောင်း၊ ထိုအခါမှ ဖခင်အားပြောပြပြီး ရဲစခန်းသို့ အမှုတိုင်မည်ပြုသည့်အခါတွင် တရားပြိုင်ဦးသံလုံးက မစိမ်းလဲ့လဲ့စိုးအား ကျေနပ်အောင်လုပ်ပေးမည်ဟု ညှိနှိုင်းကာ စေ့စပ်ပွဲပြုလုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း တရားလို မစိမ်းလဲ့လဲ့စိုး၊ မိခင်နှင့်ကလေးဥက္ကဋ္ဌ ဒေါ်လှရီ (လိုပြ-၃)၊ မသီတာ (လိုပြ-၁)တို့၏ ထွက်ချက်အရ ပေါ်ပေါက်သည်။ တရားလိုမစိမ်းလဲ့လဲ့စိုးနှင့် တရားပြိုင်(၁) မောင်ဇော်တို့ မြန်မာဓလေ့ထုံးတမ်းဥပဒေအရ စေ့စပ်ကြောင်းလမ်းခဲ့ခြင်းသည် လက်ထပ်ထိမ်းမြားခြင်း မဟုတ်ပေ။ စေ့စပ်ကြောင်းလမ်းရုံမျှဖြင့် လင်မယားအရာမြောက်သည်ဟု မဆိုနိုင်သေးဘဲ မိန်းကလေး မိဘများက ၎င်းတို့သမီးနှင့် လက်ထပ်မည့်ယောကျ်ားလေးကို အသိအမှတ်ပြုပြီး နေအိမ်သို့အဝင်အထွက် ပြုရန် ခွင့်ပြုခြင်းသာဖြစ်၍ ရပ်ရွာကလည်း ထိုအတိုင်းနားလည်ထားခြင်းထက်မပိုချေ။ မင်္ဂလာပွဲမပြုလုပ်မီ စေ့စပ်ပြီးနောက် တရားလို၏နေအိမ်တွင် ၎င်းတို့နှစ်ဦး ပေါင်းသင်းနေထိုင်ခဲ့ခြင်းကြောင့် အကြင်လင်မယား အဖြစ် လူသိရှင်ကြားပေါင်းသင်းဆက်ဆံခဲ့သည်ဟု ကောက်ယူနိုင်မည်မဟုတ်ပေ။ မင်္ဂလာပွဲကျင်းပခြင်း၊ ဘုန်းကြီးဆွမ်းကျွေးခြင်း၊ မိဘဆွေမျိုးများအား ကန်တော့ခြင်း၊ ဆွေမျိုးမိတ်သင်္ဂဟများအား ဧည့်ခံကျွေးမွေးခြင်းတို့ကို တရားဥပဒေအရ ပြုလုပ်ရန်မလိုသော်လည်း ထိမ်းမြားလက်ထပ်သူ ကာယကံရှင်များ၏ သဘောတူညီချက်ဆန္ဒကို ထင်ရှားအောင်ပြနိုင်သည့် သက်သေခံချက်ပင်ဖြစ်သည်။ ယင်းမူသဘောကို **မကြင်မြနှင့် မောင်စစ်ဟန်အမှု**[၂]တွင် တွေ့နိုင်သည်။ မင်္ဂလာပွဲပြုလုပ်ခြင်းသည် တရားဝင်လင်မယားအဖြစ် ထိမ်းမြားလက်ထပ်မှုကို ဆွေမျိုးမိတ်သင်္ဂဟများနှင့် ရပ်ရွာ၏အသိအမှတ်ပြုမှုကို ခံယူခြင်းပင်ဖြစ်သည်။

တရားလိုမစိမ်းလဲ့လဲ့စိုးနှင့် အမှတ်(၁) တရားပြိုင်မောင်ဇော်တို့သည် နှစ်ဦးသဘောတူဆန္ဒဖြင့် လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြခြင်းမျိုးမဟုတ်ဘဲ မောင်ဇော်က တရားလိုအား သားမယားအဖြစ် ပြုကျင့်ရာမှ အမှုမဖြစ်ပွားစေရန်အတွက် မောင်ဇော်တို့မိဘများက ညှိနှိုင်း၍ စေ့စပ်ကြောင်းလမ်းပေးခဲ့ခြင်းဖြစ်ပြီး လူသိရှင်ကြား တရားဝင်လင်မယားအဖြစ် အသိအမှတ်ပြုရန် မင်္ဂလာပွဲပြုလုပ်ပေးရန် တရားပြိုင်များဘက်မှ ကတိပြုခဲ့ခြင်းဖြစ်သည်။

တရားပြိုင်ဦးသံလုံးသည် ၎င်း၏သား တရားပြိုင်မောင်ဇော်နှင့် တရားလိုအား တရားဝင်လင်မယား အဖြစ် ထိမ်းမြားလက်ထပ်ရန်အတွက် မင်္ဂလာပွဲပြုလုပ်ပေးရန် ကတိပြုခဲ့ပြီး ရာသီဥတုကြောင့် မင်္ဂလာပွဲကို ၄ ရက် နောက်ဆုတ်၍ ကျင်းပရန် အမှတ်(၂)တရားပြိုင် ကိုယ်စားမင်္ဂလာပွဲစီစဉ်ဆောင်ရွက်ရန် လွှဲအပ်ထားသူ ဦးအောင်သောင်း(လိုပြ-၆)က အဆိုပြုပြီး တရားလို၏မိဘများက သဘောတူခဲ့ပြီး မင်္ဂလာပွဲကို ရွှေ့ဆိုင်းခြင်းဖြစ်သည်။ ဦးအောင်သောင်းသည် တရားပြိုင်ဦးသံလုံး၏ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်မှုသည် ကိုယ်စားလှယ်လွှဲအပ်သူ တရားပြိုင်၏ဆောင်ရွက်ခြင်းဖြစ်၍ တရားပြိုင်ဦးသံလုံးက သဘောတူညီခြင်းဖြစ်

(၂) ၁၉၃၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၂၄၅။

သည်။ မင်္ဂလာပွဲရွှေ့ပြောင်းကျင်းပရန် သဘောတူညီချက်ကို လုံလောက်သည့်အကြောင်းပြချက်မရှိဘဲ လက်မခံခဲ့ခြင်းသည် လက်ထပ်ထိမ်းမြားပေးရန် ကတိပျက်ကွက်ရာရောက်သည်။ ထိုနည်းတူ တရားပြိုင် မောင်ဇော်သည်လည်း ထိမ်းမြားလက်ထပ်ခြင်းမပြုဘဲ တိမ်းရှောင်သွားခြင်းသည် တရားလိုအား ထိမ်းမြား လက်ထပ်ရန် ကတိပျက်ကွက်ခြင်းပင်ဖြစ်သည်။

ထို့ကြောင့် တရားလိုအား လျော်ကြေးကျပ်သိန်း ၈၀ ပေးစေရန် ဒီကရီချမှတ်ခဲ့သည့် ခရိုင်တရားရုံး၊ တရားလွှတ်တော်တို့၏ ဒီကရီကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အတည်ပြုခဲ့ခြင်းသည် မှားယွင်းခြင်း မရှိချေ။

ထို့ကြောင့် ကြားနာခဲ့သည့်ပြဿနာကို အောက်ပါအတိုင်းဖြေဆိုကာ ဤတရားမအထူးအယူခံမှုကို တရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ပလပ်လိုက်သည်–

"အမှတ်(၂)တရားပြိုင်အား အမှတ်(၁) တရားပြိုင်နှင့် တရားလိုတို့ကို လက်ထပ်ထိမ်းမြားပေးရန် ကတိပျက်ကွက်သူဖြစ်ကြောင်း သုံးသပ်၍ တရားပြိုင်များက တရားလိုသို့ နစ်နာကြေးငွေကျပ်သိန်း ၈၀ ပေးစေရန် ချမှတ်ခဲ့သည့် ဒီကရီကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အတည်ပြုခဲ့ခြင်းသည် မှန်ကန်ကြောင်း။"

ရှေ့နေစရိတ် ကျပ် ၅၀၀၀၀/– သတ်မှတ်သည်။

(ထွန်းထွန်းဦး)
ပြည်ထောင်စုတရားသူကြီးချုပ်

(သာဌေး)
တရားသူကြီး

(စိုးညွန့်)
တရားသူကြီး

(မြသိမ်း)
တရားသူကြီး

(မြင့်အောင်)
တရားသူကြီး

(အောင်ဇော်သိန်း)
တရားသူကြီး

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၆ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၇၄

၂၀၁၅ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁၆၈ တွင် ချမှတ်ခဲ့သော ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်စွဲပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁။ ဒေါက်တာဒေါ်ခင်သူဇာကျော်
၂။ ဦးဝင်းကိုကျော်
(ကိုယ်တိုင်နှင့်ကျန်အယူခံတရားလိုများ၏ အထွေထွေကိုယ်စားလှယ်စာရသူ)
၃။ ဒေါ်ခင်နီလာကျော်
၄။ ဒေါက်တာဝင်းဗိုလ်ကျော်
၅။ ဒေါက်တာဝင်းထူးကျော်
၆။ ဒေါ်သီဂီကျော်
(အယူခံတရားလို ၁ မှ ၆ ကွယ်လွန်သူ ဒေါ်ခင်စိန်လွင်၏ တရားဝင်ကိုယ်စားလှယ်များ)

နှင့်

၁။ ဦးမြင့်ဆွေ(ခ)တန်ကင်ကူး
၂။ ဒေါ်မြမြ(ခ)တန်ကင်ကြည်
၃။ ဒေါ်မြစိန်(ကွယ်လွန်သူ ဦးတင်ဝင်း(ခ) တန်စစ်ချန်၏ တရားဝင်ကိုယ်စားလှယ်)

အယူခံတရားလို | အယူခံတရားပြိုင်များ

အယူခံတရားလိုအတွက် – ဦးစိန်လှိုင်၊ တရားလွှတ်တော်ရှေ့နေ
အယူခံတရားပြိုင်များအတွက် – (၁) (၂) ဦးမောင်မောင်၊ တရားလွှတ်တော်ရှေ့နေ
(၃) ကိုယ်တိုင် (မလာ)

### စီရင်ချက်

၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၀၉ တွင် ဒေါ်ခင်စိန်လွင်က ဒေါ်မြစိန် ပါ ၃ ဦးတို့အပေါ် တိုက်ခန်းလက်ရောက်ရလိုမှုစွဲဆိုရာ စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ခဲ့သည်။ ယင်းဒီကရီအပေါ် တရားပြိုင်ဦးမြင့်ဆွေနှင့် ဒေါ်မြမြတို့က ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၄ ခုနှစ် တရားမပထမအယူခံမှုအမှတ် ၂၀ တွင် အယူခံရာ အယူခံမှုကိုခွင့်ပြု၍ ဒေါ်ခင်စိန်လွင် စွဲဆိုသောအမှုကို ပလပ်ခဲ့သဖြင့် ဒေါ်ခင်စိန်လွင်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၁၅ ခုနှစ် တရားမအယူခံမှုအမှတ် ၁၆၈ တွင် ဆက်လက်အယူခံတင်သွင်းသော်လည်း အောင်မြင်မှုမရရှိ၍ ကွယ်လွန်သူ ဒေါ်ခင်စိန်လွင်

၏ တရားဝင်ကိုယ်စားလှယ်များဖြစ်သည့် ဒေါက်တာခင်သူဇော်ကျော် ပါ ၆ ဦးတို့ အထူးအယူခံဝင်ခွင့်ပြုရန် ၂၀၁၆ ခုနှစ် တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၇၅ တွင် လျှောက်ထားသောအခါ အောက်ပါ ပြဿနာများကို ပြန်လည်စိစစ်ကြားနာနိုင်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်–

"၁။ အချင်းဖြစ်မြေနှင့်အိမ်ကို နိုင်ငံတော်မှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့်အချိန်မှစ၍ တရားလိုနှင့်တရားပြိုင်တို့သည် အိမ်ရှင်အိမ်ငှားဆက်သွယ်မှုပြတ်တောက်သွားပြီဖြစ်ကြောင်း တရားရုံးအဆင့်ဆင့်မှ သုံးသပ်ခဲ့သည့်အပြင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားစဉ် ကာလအတွင်းတွင်လည်း တရားပြိုင်သည် အိမ်ငှားအဖြစ် ဆက်လက်တည်ရှိနေကြောင်း အမှုတွင်မပေါ်ပေါက်ပါဘဲလျက် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းမှရုပ်စဲ၍ ပိုင်ရှင်အား ပြန်လည်လွှဲပြောင်းပေးအပ်သည့်အခါ တရားလိုနှင့်တရားပြိုင်တို့သည် အိမ်ရှင်အိမ်ငှားအဖြစ် ဆက်လက်တည်ရှိကြောင်း ကောက်ယူသုံးသပ်ချက်သည် ဥပဒေနှင့်ညီညွတ်မှု ရှိ မရှိ။

၂။ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က တရားလိုစွဲဆိုသောအမှုအား ပလပ်ခဲ့ခြင်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အတည်ပြုခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်မှုတမှန်ကန်မှု ရှိ မရှိ။"

အယူခံတရားလိုများ၏ရှေ့နေက အချင်းဖြစ်တိုက်ခန်းတည်ရာ မြေကွက်ကို ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၅–၁၁–၂၀၀၈ ရက်စွဲပါ သက်သေခံအမှတ် (ဂ) အမိန့်အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ကြောင်း၊ ၁၉၈၇ ခုနှစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေပုဒ်မ ၆ (ခ)နှင့်အညီ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းလိုက်သည့်အတွက် သိမ်းဆည်းခံရသောပစ္စည်းသည် နိုင်ငံတော်အစိုးရ၏ ပိုင်ဆိုင်မှု၊ စီမံခန့်ခွဲမှုအောက်သို့ရောက်ရှိသွားကြောင်း၊ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၁၁(ဂ)တွင် ပစ္စည်းတွင် အငှားချထားသူ၏အကျိုးသက်ရောက်မှု ကုန်ဆုံးသည့်အခါ သို့မဟုတ် ယင်းအကျိုးသက်ရောက်မှုကို တစ်စုံတစ်ခုသော အခြားအရာဖြစ်ပွားသည့်အချိန်ထိသာ စီမံခန့်ခွဲနိုင်လျှင် ယင်းအခြင်းအရာဖြစ်ပွားသည့်အခါ အငှားချထားမှုကုန်ဆုံးကြောင်း ပြဋ္ဌာန်းထားသဖြင့် ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည့်အတွက် ပစ္စည်း၏ပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်၊ အကျိုးသက်ဆိုင်ခွင့်တို့သည် အငှားချထားသူထံတွင် မရှိတော့ဘဲ နိုင်ငံတော်အစိုးရထံသို့ ရောက်ရှိသွားသောကြောင့် ယင်းပုဒ်မ ၁၁၁ (ဂ)အရ ပစ္စည်းအငှားချထားခြင်းသည် ကုန်ဆုံးရပ်စဲသွားကြောင်း၊ တစ်နည်းအားဖြင့် ပြည်သူ့ဘဏ္ဍာသိမ်းဆည်းလိုက်သည့် ၂၅–၁၁–၂၀၁၈ နေ့မှစ၍ အိမ်ရှင်အိမ်ငှားဆက်သွယ်မှုရုပ်စဲပြတ်တောက်သွားကြောင်း၊ ယင်းမူသဘောကို **ဦးရှားမား ပါ ၂ နှင့် ဦးအောင်သိန်း ပါ ၇ အမှု**[၁]တွင် တွေ့နိုင်ကြောင်း၊ **ဒေါ်ကျင်မှုံနှင့် ဒေါ်ကျင်ရီအမှု**[၂]တွင် ကနဦးက ငှားရမ်းထားသည့်အိမ်ခန်းများမရှိတော့သဖြင့် ကွယ်ပျောက်ပျက်စီးသွားပြီဖြစ်သော ယင်းအိမ်ခန်းများကို ပေးအပ်ရန်မှာမဖြစ်နိုင်သည့် အခြေအနေသို့ ရောက်ရှိ၍ အိမ်ငှားပဋိညာဉ်မှာ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၅၆ အရ ပျက်ပြယ်သွားကြောင်း၊ နောက်ထပ်ပြန်လည်ဆောက်လုပ်သည့် အဆောက်အအုံသစ်နှင့်စပ်လျဉ်း၍ အိမ်ရှင်အိမ်ငှားဆက်သွယ်မှုမရှိကြောင်း ထုံးပြုခဲ့ကြောင်း၊ အိမ်လခပြေစာများအရ ၂၀၀၇ ခုနှစ် အောက်တိုဘာလမှစ၍ အိမ်လခပေးသွင်းခြင်းမရှိကြောင်း၊ ပြည်သူ့ဘဏ္ဍာသိမ်းခဲ့သည့် ၂၅–၁၁–၂၀၀၈နေ့ နောက်ပိုင်း

(၁) ၁၉၉၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ–၅၂။

(၂) ၁၉၈၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ–၈၆။

တွင်လည်း အိမ်လခပေးသွင်းခြင်းမရှိကြောင်း၊ ပြည်သူ့ဘဏ္ဍာသိမ်းခဲ့ပြီးနောက် ထိုပစ္စည်းသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအမည်ပေါက်ဖြစ်ပြီး ၁၅-၆-၂၀၀၉ နေ့တွင် ဒေါ်ခင်စိန်လွင်အမည်ဖြင့် အထူးဂရန်ချထားပေးခဲ့ကြောင်း၊ အထူးဂရန်ချပေးခြင်းဖြင့် အိမ်ရှင်အိမ်ငှားဆက်သွယ်မှု ပြန်လည်ဖြစ်ပေါ်ရန် အကြောင်းမရှိကြောင်း၊ ဒေါ်ခင်စိန်လွင်အား အထူးဂရန်ချထားပေးပြီးနောက်ပိုင်း တရားပြိုင်များသည် အိမ်လခပေးခဲ့ကြောင်း အမှုတွင်ပေါ်ပေါက်ခြင်းမရှိ၍ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၀၅ အရ အိမ်ရှင်အိမ်ငှားအဖြစ် တည်ရှိသည်ဟု မဆိုနိုင်ကြောင်း၊ သို့ဖြစ်၍ ဤအထူးအယူခံမှုကိုခွင့်ပြု၍ ခရိုင်တရားရုံး၏ ဒီကရီကို ပြန်လည်အတည်ပြုသင့်ကြောင်းဖြင့် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်အမှတ် (၁) (၂) တို့၏ရှေ့နေက အချင်းဖြစ်အိမ်ခန်းတွင် တရားပြိုင်များ၏ဖခင် တန်ခေးဟန်က အိမ်ငှားတစ်ဦးအဖြစ် နေထိုင်ခဲ့ရာ ၎င်းကွယ်လွန်ပြီးနောက် သားသမီးများဖြစ်ကြသည့် တရားပြိုင်များက လစဉ်ငှားရမ်းခများပေး၍ အိမ်ငှားအဖြစ်ဆက်လက်နေထိုင်ခဲ့ကြကြောင်း၊ **ဦးရှားမားပါ၂ နှင့် ဦးအောင်သိန်းပါ ၇ အမှု**[၁]သည် ၁၉၆၃ ခုနှစ် လုပ်ငန်းများပြည်သူပိုင်ပြုလုပ်ခြင်း ဥပဒေအရ အချင်းဖြစ်အခန်းအပါအဝင် ပွဲရုံတစ်ခုလုံးကို ပြည်သူပိုင်သိမ်းလိုက်သဖြင့် လုပ်ငန်းနှင့် လုပ်ငန်းပိုင်ပစ္စည်းအားလုံးသည် အစိုးရလက်ဝယ်သို့ရောက်သွားကာ အစိုးရ၏စီမံခန့်ခွဲမှုအောက်သို့ ရောက်ရှိသွားခြင်းဖြစ်ကြောင်း၊ ယခုအမှုသည် နိုင်ငံခြားသားအမည်ပေါက်ပစ္စည်းကို တရားလိုနိုင်ငံသားအား အမွေဆက်ခံခွင့်ရရှိစေရန်အလို့ငှာ ၁၉၈၇ ခုနှစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေပုဒ်မ ၆ (က) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းဖြစ်၍ **ဦးရှားမား ပါ ၂ အမှု**[၁] နှင့် ဖြစ်ရပ်ချင်းမတူညီကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထိုစီရင်ထုံးကို ကိုးကားဆုံးဖြတ်ခဲ့ခြင်းသည် မှန်ကန်မှုမရှိကြောင်း၊ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၅-၁၁-၂၀၀၈ ရက်စွဲပါ သက်သေခံအမှတ်(ဂ) အမိန့်စာအရ မြေကို ဒေါ်ခင်စိန်လွင်အမည်ပေါက်ရေးကို ရည်ရွယ်၍ တည်ဆဲဥပဒေများနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်နိုင်ရန် × × × ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းပေးကြောင်း ပေါ်ပေါက်သဖြင့် တရားလိုအား တရားဝင်ပိုင်ဆိုင်ခွင့်ရရှိစေရန်အလို့ငှာ လုပ်ထုံးလုပ်နည်းအရ ဆောင်ရွက်ခြင်းသာဖြစ်၍ တရားပြိုင်များသည် အိမ်ငှားအဖြစ်မှ ရပ်စဲသွားရန် အကြောင်းမရှိကြောင်း၊ သို့ဖြစ်၍ ဤအထူးအယူခံမှုကို ပလပ်သင့်ကြောင်းဖြင့် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်အမှတ် (၃) ဒေါ်မြစိန်သည် ရုံးရှေ့သို့ လာရောက်တင်ပြခြင်းမပြုကြောင်း တွေ့ရသည်။

အဆိုလွှာတွင် ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၂၁ လမ်း အမှတ်(၃၇)ဟု ခေါ်တွင်သည့် လသာမြို့နယ်၊ မြေပိုင်မြေ ၂၅ ပေ × ပေ ၄၀ ရှိ သုံးထပ်တိုက်နှင့် မြေကွက်၏မူလအမည်ပေါက်မှာ တန်ချောင်ရန်ဖြစ်ကြောင်း၊ ၎င်းထံမှ တန်ဘွန်ချိုက ဝယ်ယူပိုင်ဆိုင်နေထိုင်ခဲ့ကြောင်း၊ တန်ဘွန်ချိုမှသားငယ်ဖြစ်သူ တန်ဘျန်ဟော့အား အပေးစာချုပ်ဖြင့် ပေးကမ်းခဲ့ပြီး ၁၉၂၄ ခုနှစ်တွင် တန်ဘျန်ဟော့သည် လူပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့ကြောင်း၊ ၎င်း၏အစ်ကိုကြီး တန်ဘျန်စိန်(ခ)ဦးဘညွန့်က အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး ၎င်းကွယ်လွန်သောအခါ သားဦးကျော်စိန်က အမွေဆက်ခံခဲ့ကြောင်း၊ ခင်ပွန်းဦးကျော်စိန်သည် ၁၉၉၄ ခုနှစ်တွင် ကွယ်လွန်ရာတရားလိုက ဆက်ခံကြောင်း၊ ဒုတိယကမ္ဘာစစ်ဖြစ်ပြီးနောက် ထိုအိမ်၏မြေညီထပ်တွင် အခြားသူများဝင်ရောက်နေထိုင်ပြီး အပေါ်နှစ်ထပ်တွင် တရားလို၏ယောက္ခမဦးဘညွန့်မိသားစုက ပြန်လည်နေထိုင်ခဲ့ကြောင်း၊ မြေညီထပ်တွင် နေထိုင်သူများက ဦးဘညွန့်မသိဘဲ အဆင့်ဆင့်လွှဲပြောင်းခဲ့ကြရာမှ ထိုအခန်းသည် တရားပြိုင်များလက်ရှိ

ဖြစ်လာကြောင်း၊ တရားပြိုင်သည် လို့လုချွန်းစားသောက်ဆိုင်ဖွင့်လှစ်ခဲ့ရာ ၂၀၀၉ ခုနှစ်တွင် ဆိုင်ပိတ်ထားခဲ့ကြောင်း၊ တရားပြိုင်အမှတ်(၁) တစ်ဦးတည်းသာ သန်းခေါင်စာရင်းပြုလုပ်ထားပြီး လူနေထိုင်ခြင်းမရှိကြောင်း၊ တရားပြိုင်အမှတ် (၂) (၃) တို့သည် လူနေထိုင်ခြင်း၊ လုပ်ငန်းလုပ်ကိုင်ခြင်းမရှိကြောင်း၊ တရားလို မိသားစုနှင့် တရားပြိုင်များသည် အိမ်ရှင်အိမ်ငှားစာချုပ် ချုပ်ခြင်းမရှိဘဲ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ အထိ တရားပြိုင်များ၏ ဖခင် တန်ခေးဟန်အမည်ဖြင့် အိမ်လခကောက်ခံခဲ့ပြီးနောက်ပိုင်းတွင် အိမ်လခ ကောက်ခံခြင်း မပြုတော့ကြောင်း၊ ၂၀၀၈ ခုနှစ်တွင် ပြည်ထဲရေးဝန်ကြီးဌာနက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်း ဆည်းခဲ့ကြောင်း၊ ထိုအမိန့်အရ တရားလိုနှင့် တရားပြိုင်များသည် အိမ်ရှင်အိမ်ငှားဆက်သွယ်မှုမရှိဘဲ ပြတ်တောက်သွားကြောင်း၊ ၂၀၀၉ ခုနှစ်တွင် ပြည်ထဲရေးဝန်ကြီးဌာန၏အမိန့်အရ တရားလိုအမွေဆက်ခံခွင့် ရရှိ၍ တရားလို၏အမည်ဖြင့် အထူးဂရန်ရရှိခဲ့ကြောင်း၊ ထိုနေ့နောက်ပိုင်းတွင် တရားပြိုင်တို့အား ဖယ်ရှား ရန် အကြောင်းပေါ်ပေါက်ကြောင်း ဖော်ပြစွဲဆိုသည်။

တရားပြိုင်အမှတ်(၁) ဦးတင်ဝင်း(ခ) တန်စစ်ချန်က ချေလွှာတင်သွင်းခြင်းမပြုကြောင်း တွေ့ရသည်။

တရားပြိုင်အမှတ်(၂) နှင့် (၃)ဖြစ်သူ ဦးမြင့်ဆွေနှင့် ဒေါ်မြမြတို့က အချင်းဖြစ်မြေညီထပ်အခန်းကို ဖခင် ဦးတန်ခေးဟန်က အပျောက်စနစ်ဖြင့် ဝယ်ယူ၍ လို့လုချွန်းစားတော်ဆက်လုပ်ကိုင်ခဲ့ကြောင်း၊ အပေါ်ထပ်တွင် နေသူပိုင်ရှင်အား လစဉ် အိမ်လခများပေး၍ အသုံးပြုခဲ့ကြောင်း၊ ၁၉၈၆ ခုနှစ်တွင် ဖခင်ကွယ်လွန်၍ မိခင်ဒေါ်လူချောင်ဟောင်(ခ)လူရှောင်ဟောင်က ဦးစီးလုပ်ကိုင်ခဲ့ရာ မိခင်နှင့်အဆင်မပြေသဖြင့် မိခင်က တရားပြိုင် အမှတ်(၁)နှင့် (၃)တို့ကို ရန်ကုန်တိုင်းတရားရုံး တရားမမှုကြီးအမှတ် ၆/၁၉၉၅ တွင် လို့လုချွန်းစားတော်ဆက်လုပ်ငန်းနှင့် ဥပစာသည် မိခင်ကပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာမှုနှင့် လက်ရောက်ရလိုမှုစွဲဆိုရာ တရားရုံးချုပ်၊ တရားမပထမ အယူခံမှုအမှတ် ၈၀/၂၀၀၁ ၏ ဒီကရီအရ အနိုင်ဒီကရီရရှိခဲ့ကြောင်း၊ ၁၄-၁-၂၀၀၉ နေ့တွင် မိခင်ကွယ်လွန်သွား၍ တရားပြိုင်များက အမွေဆက်ခံရရှိခဲ့ကြောင်း၊ လွန်ခဲ့သောနှစ်ပေါင်း ၃၀ ကျော်မှစ၍ ၂၀၀၇ ခုနှစ် အောက်တိုဘာလထိ ဖခင်ဦးတန်ခေးဟန်၏အမည်ဖြင့် လစဉ်ငှားရမ်းခများပေးခဲ့ကြောင်း၊ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလတွင် တရားလိုက ငှားရမ်းခလက်မခံတော့ကြောင်း၊ တရားပြိုင်များသည် ဥပဒေအရ အိမ်ငှားများအဖြစ် တည်ရှိနေကြောင်း၊ မြေကွက်ကိုသာ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းဖြစ်ကြောင်း၊ တရားပြိုင်များလက်ဝယ်ရှိ အိမ်ခန်းပါဝင်ခြင်းမရှိကြောင်း၊ တရားပြိုင်များသည် တရားဝင်အိမ်ငှားဖြစ်၍ အမှုပုံစံမမှန်ကြောင်း၊ တရားစွဲရန်အကြောင်း မပေါ်ပေါက်ကြောင်းဖြင့် ချေပသည်။

အချင်းဖြစ်မြေနှင့် အဆောက်အအုံမှာ မူလအမည်ပေါက်တန်ချောင်ရန်ထံမှ တရားလိုဒေါ်ခင်စိန်လွင်၏ ခင်ပွန်း ဦးကျော်စိန်၏ အဖိုးတန်ဘွန်ချိုကဝယ်ယူ၍ အဆင့်ဆင့်ပိုင်ဆိုင်ခဲ့ရာမှ တရားလိုက အမွေဆက်ခံခဲ့ကြောင်း၊ ဒုတိယကမ္ဘာစစ်ကြောင့် စစ်ပြေးစဉ် အချင်းဖြစ်မြေညီထပ်အခန်း၌ အခြားသူများဝင်ရောက်နေထိုင်ခဲ့ကြကြောင်း၊ အဆင့်ဆင့်လွှဲပြောင်းခဲ့ကြရာမှ တရားပြိုင်များရောက်ရှိလာခြင်းဖြစ်ကြောင်း၊ တရားပြိုင်တို့က တရားလိုထံ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလအထိ အိမ်လခများပေးခဲ့ကြောင်း၊ ထိုနောက်ပိုင်းတွင် တရားလိုက အိမ်လခကောက်ခံခြင်း၊ လက်ခံခြင်းမပြုတော့ကြောင်း အမှုတွင်အငြင်းမပွားပေါ်ပေါက်သည်။

ထို့နောက် အချင်းဖြစ်မြေကွက်ကို ဒေါ်ခင်စိန်လွင်အမည်ပေါက်ရေးကိုရည်ရွယ်၍ မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေပုဒ်မ ၆(ခ)အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်ဖြစ်ကြောင်း၊ ၂၅-၄-၂၀၀၈ ရက်စွဲပါ အကြောင်းကြားစာ (သက်သေခံ-ခ)ကို ပြည်ထဲရေးဝန်ကြီးဌာနက လသာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးထံ ပေးပို့ခဲ့သည်။ ထို့နောက် ပြည်ထဲ

ရေးဝန်ကြီးဌာနက ၂၅–၁၁–၂၀၀၈ ရက်စွဲပါ (သက်သေခံ–ဂ) အမိန့်အရ အချင်းဖြစ်မြေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည်။ ထိုအမိန့်စာတွင် ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းသည့်မြေကို ဒေါ်ခင်စိန်လွင်အမည်ပေါက်ရေးကိုရည်ရွယ်၍ တည်ဆဲဥပဒေများနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်နိုင်ရန် × × × လုပ်ထုံးလုပ်နည်းများအပိုဒ် ၁၇ အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းပေးလိုက်သည်ဟု ဖော်ပြပါရှိသည်။ ထိုသို့လွှဲပြောင်းပေးပြီးနောက် အဆိုပါမြေကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ၃–၇–၂၀၀၉ ရက်စွဲပါ သက်သေခံ(ဃ) ဒေါ်ခင်စိန်လွင်အမည်ဖြင့် နှစ် ၆၀ ဂရန် ထုတ်ပေးခဲ့သည်။

၃–၁၀–၂၀၀၇ နေ့တွင် တရားလိုဒေါ်ခင်စိန်လွင်က နောက်ဆုံးအကြိမ်အိမ်လခလက်ခံခဲ့ကြောင်း သက်သေခံ(င)ပြေစာကို တရားလိုဘက်မှ တင်ပြသည်။

တရားပြိုင်ဒေါ်မြမြက အချင်းဖြစ်မြေညီထပ်အခန်းနှင့် လို့လုချွန်းစားသောက်ဆိုင်ကို ဖခင်၏သူငယ်ချင်း ဦးစင်းရှင်က ပိုင်ရှင်ချန်ဘွန်ကူးထံမှ ၈–၁–၁၉၆၄ နေ့တွင် တန်ဖိုး ၁၀၀၀၀ ကျပ်ဖြင့် ဝယ်ယူခဲ့ကြောင်း၊ ယင်းငွေပေးချေသည့်ဖြတ်ပိုင်းကို သက်သေခံ(၁)အဖြစ် တင်ပြကြောင်း၊ စားသောက်ဆိုင်လုပ်ငန်းကို ဦးစင်းရှင်တစ်ဦးတည်းလုပ်ကိုင်ရာ အဆင်မပြေသဖြင့် ဖခင်ဦးတန်ခေးဟန်နှင့်အတူ စပ်တူလုပ်ကိုင်ခဲ့ကြောင်း၊ ၁၉၈၀ ပြည့်နှစ်တွင် ၎င်းတို့လုပ်ငန်းခွဲကြရာ လို့လုချွန်းစားသောက်ဆိုင်နှင့် ရပိုင်ခွင့်များကို ဖခင်ကယူခဲ့ ကြောင်း၊ ကုက္ကိုင်းဘုရားကျောင်းရှိ ဖူစန်စားသောက်ဆိုင်ကို ဦးစင်းရှင်က ခွဲယူကြောင်း၊ ၁–၁၀–၁၉၈၀ ရက်စွဲပါ သက်သေခံ(၂) သဘောတူညီချက်ဖြင့် ခွဲဝေယူခဲ့ကြောင်း၊ ဖခင်က စားသောက်ဆိုင်လုပ်ကိုင်ခဲ့ရာ အိမ်ခန်းငှားရမ်းခများကို ဒေါ်ခင်စိန်လွင်သို့ လစဉ်ပေးခဲ့ကြောင်း၊ ဖခင်ကွယ်လွန်ပြီးနောက်တွင် ဖခင်တန်ခေးဟန်အမည်ဖြင့် လခများကို ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလထိပေးခဲ့ကြောင်း၊ ထို့နောက်ပိုင်းတွင် တရားလိုက အိမ်လခ လက်မခံတော့ကြောင်း၊ အိမ်ငှားအဖြစ်မှ ရပ်စဲကြောင်းကို တရားလိုက အကြောင်းကြားစာ တစ်စုံတစ်ရာ ပေးပို့ခဲ့ခြင်းမရှိကြောင်း ထွက်ဆိုသည်ကို တွေ့ရသည်။

တရားပြိုင်ဘက်မှ အချင်းဖြစ်တိုက်ခန်းကို အပျောက်စနစ်ဖြင့် ဝယ်ယူပြီးအပေါ်ထပ်တွင် နေထိုင်သူ အိမ်ရှင်တရားလိုသို့ အိမ်လခများပေးခဲ့ကြောင်း တင်ပြခြင်းဖြစ်သည်။

**ဒေါ်ခင်ငွေးသန်းနှင့် ဦးကိုငွေး ပါ ၂ အမှု**[၃] တွင် အပျောက်စနစ်ဖြင့် ရောင်းချခြင်းသည် လွှဲပြောင်းပိုင်ခွင့်ဖြင့် ငှားရမ်းခြင်းဖြစ်သည်။ လွှဲပြောင်းပိုင်ခွင့်ဖြင့် ငှားရမ်းခြင်းဆိုသည်မှာ ငှားရမ်းသည့်ကာလ သတ်မှတ်ချက်မရှိဘဲ အိမ်ငှားက ဥပစာလက်ဝယ်ထားပိုင်ခွင့်ကိုဝယ်ယူ၍ အိမ်ရှင်အား ငှားရမ်းခကိုသာ ပေးသည့် ငှားရမ်းခြင်းကို ဆိုသည်ဟု ပြဆိုထားသည်။

တရားပြိုင်များသည် အပျောက်စနစ်ဖြင့် ဝယ်ယူ၍ အိမ်ရှင်တရားလိုသို့ အိမ်လခများပေးခြင်းသည် အချင်းဖြစ်ဥပစာလက်ဝယ်ထားပိုင်ခွင့်ကို ဝယ်ယူ၍ အိမ်ရှင်အား ငှားရမ်းခကိုပေးသည့် ငှားရမ်းခြင်းဖြစ်သည်ဟု ဆိုရမည်။

ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၀၅ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း အငှားချထားခြင်းဟူသည် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းတွင် အကျိုးခံစားခွင့်ကို လွှဲပြောင်းခြင်းသာဖြစ်၍ တရားလိုနှင့် တရားပြိုင်များသည် အိမ်ရှင်အိမ်ငှားဖြစ်ကြကြောင်း အငြင်းမပွားပေါ်ပေါက်သည်။

**ဦးရှားမား ပါ ၂ နှင့် ဦးအောင်သိန်း ပါ ၇ အမှု**[၁] တွင် အချင်းဖြစ်အခန်းပါဝင်သည့် အဆောက်အဦးတစ်ခုလုံးကို နိုင်ငံတော်မှပြည်သူပိုင်သိမ်းပြီး ပြည်သူ့ဆိုင်ဖွင့်လှစ်ရောင်းချခဲ့သည့်အချိန်မှစ၍ ထိုအခန်း

(၃) ၂၀၀၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ–၁၉၀ ။

နှင့်ပတ်သက်သမျှ အိမ်ရှင်အိမ်ငှားဆောင်ရွက်သူမှာ အလိုအလျောက်ပြတ်စဲသွားပြီဟု ပဋိညာဉ်အက်ဥပဒေ ပုဒ်မ ၅၆ အရ မှတ်ယူရမည်ဖြစ်ကြောင်း၊ ပြည်သူပိုင်သိမ်းလိုက်သည်ဆိုသည်နှင့် တစ်ပြိုင်နက် ပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲမှုမှာ နိုင်ငံတော်အစိုးရလက်ဝယ်သို ရောက်ရှိသွားပြီဖြစ်၍ မူလအိမ်ရှင်သော်လည်းကောင်း၊ အိမ်ငှားသော်လည်းကောင်း ထိုဥပစာနှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့် သို့မဟုတ် စီမံခန့်ခွဲပိုင်ခွင့်မရှိတော့ကြောင်း ထုံးပြုသည်။ ထိုစီရင်ထုံးတွင် ပြည်သူပိုင်သိမ်းထားစဉ်ကာလ၌လည်း အချင်းဖြစ်ဥပစာကို ဦးရှားမားတို့အနေဖြင့် လက်ရှိဖြစ်နေခဲ့ခြင်းကြောင့် အိမ်ရှင်အိမ်ငှားပြတ်တောက်မှုမရှိဟု ဆုံးဖြတ်သင့်ကြောင်း ဦးရှားမားတို့၏ ရှေ့နေက တင်ပြသော်လည်း လက်မခံခဲ့ကြောင်း တွေ့ရသည်။

၂၅-၁၁-၂၀၀၈ ရက်စွဲပါ သက်သေခံ (ဂ) ပြည်ထဲရေးဝန်ကြီးဌာန၏ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့်အမိန့်တွင် × × × အဆိုပါမြေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းလိုက်ကြောင်း၊ ယင်းမြေကို ဒေါ်ခင်စိန်လွင်အမည်ပေါက်ရေးကို ရည်ရွယ်၍ တည်ဆဲဥပဒေများနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်နိုင်ရန် မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၇ အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းပေးလိုက်ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဌာနစုမှူး ဒေါ်သန်းသန်းဝင်း(လိုပြ-၁)က သက်သေခံ (ဂ) အမိန့်အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအမည်ပေါက်ပြုလုပ်ပြီး ယင်းကော်မတီ၏ ၁၅-၆-၂၀၀၉ နေ့ကျင်းပပြုလုပ်သော အစည်းအဝေးဆုံးဖြတ်ချက်အရ ဒေါ်ခင်စိန်လွင်ကို ၁၅-၆-၂၀၀၉ နေ့မှစ၍ နှစ် ၆၀ ဂရန်ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုသည်ကို တွေ့ရသည်။

အဆိုပါအထောက်အထားများအရ ပြည်ထဲရေးဝန်ကြီးဌာန (မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေဆိုင်ရာ စိစစ်ရေးအဖွဲ့)က အချင်းဖြစ်မြေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းသည် တရားလိုဒေါ်ခင်စိန်လွင်အမည်ပေါက်ရေးအတွက်သာဖြစ်သည်။

၁၉၈၇ ခုနှစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေပုဒ်မ ၂ (ဃ) အရ မရွှေ့မပြောင်းနိုင်သော ပစ္စည်းဆိုသည်မှာ မြေ၊ မြေမှဖြစ်ထွန်းသော အကျိုးခံစားခွင့်များ၊ မြေ၌ဆောက်လုပ်ထားသော သို့မဟုတ် တည်ရှိသော အဆောက်အဦနှင့် အရာဝတ္ထုများ၊ ယင်းအဆောက်အဦ၌ တပ်ဆင်ထားသော အရာဝတ္ထုများကိုဆိုသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသောကြောင့် သက်သေခံ(ဂ)အမိန့်စာအရ ပြည်ထဲရေးဝန်ကြီးဌာနက အချင်းဖြစ်တိုက်ခန်းတည်ရာမြေကို ပြည်သူ့ဘဏ္ဍာသိမ်းလိုက်သောအခါ အချင်းဖြစ်အဆောက်အဦလည်း ပါဝင်သည်ဟု ဆိုရပေမည်။ တရားလိုနှင့် တရားပြိုင်တို့သည် မူလက အိမ်ရှင်အိမ်ငှားဆက်သွယ်မှုရှိနေရာမှ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းလိုက်သောအခါ အိမ်ရှင်အိမ်ငှားဆက်သွယ်မှု ပြတ်တောက်သွားပြီဟု ကောက်ယူရမည်ဖြစ်သည်။ **ဦးရှားမား ပါ ၂ နှင့် ဦးအောင်သိန်း ပါ ၇ အမှု**[၁] ကို ရည်ညွှန်းသည်။

**ဒေါ်စန်းနိုင်နှင့် ဦးဝင်းကိုပါ ၂ အမှု**[၄]တွင် ပြည်သူပိုင်သိမ်းစဉ် အငှားချထားခံရသူသည် အချင်းဖြစ်အခန်းကို ပြည်သူပိုင်သိမ်းခြင်းမှရုပ်စဲ၍ ပိုင်ရှင်သို့ပြန်လည်လွှဲပြောင်းပေးအပ်သည့်အခါ အဆိုပါအငှားချထားခံရသူသည် ပိုင်ရှင်၏အိမ်ငှားအဖြစ် ဆက်လက်ရပ်တည်ကြောင်း ဆုံးဖြတ်ထားသည်။ ဤအမှုတွင် တရားပြိုင်တို့သည် မူလပိုင်ရှင်ဖြစ်သူ တရားလိုနှင့် အိမ်ရှင်အိမ်ငှားဆက်သွယ်မှုရှိနေရာမှ အချင်းဖြစ်မြေကို

(၄) ၂၀၀၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၂၇၀(၂၇၂)။

မူလပိုင်ရှင်အမည်ပေါက်အဖြစ် အမွေဆက်ခံခွင့်ရရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာနက ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းခြင်းသည် ၁၉၈၇ ခုနှစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေ အရ ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းအရ စတိသဘောအဖြစ် ဆောင်ရွက်ခြင်းသာဖြစ်သည်။ ယင်းသို့ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီးနောက် တရားပြိုင်များနှင့် အိမ်ရှင်အိမ်ငှားအဆက်အသွယ်ရှိမည်။ တရားလို အမည်ပေါက်ဆောင်ရွက်ပေးပြီး ပြန်လည်ပေးခဲ့ခြင်းဖြစ်၍ တရားလိုနှင့် တရားပြိုင်တို့အကြား မူလကရှိခဲ့ ပြီးဖြစ်သည့် အိမ်ရှင်အိမ်ငှားဆက်သွယ်မှု ပြတ်တောက်ခဲ့သည်ဟု ကောက်ယူလျှင် မှန်ကန်တရားမျှတမှု ရှိမည် မဟုတ်ပေ။ ဤအမှုဖြစ်စဉ်သည် နိုင်ငံခြားသားပိုင် မရွှေ့မပြောင်းနိုင်သောပစ္စည်းဖြစ်သောဥပစာသည် ကွယ်လွန်သူ ခင်ပွန်းပိုင်သဖြင့် ဇနီးဖြစ်သည့် ဒေါ်ခင်စိန်လွင် အမွေဆက်ခံမည်ဖြစ်သော်လည်း နိုင်ငံခြား သားပိုင် ဥပစာဖြစ်၍ တရားလိုအမွေဆက်ခံခွင့်ရရှိရန် ပြည်ထဲရေးဝန်ကြီးဌာနက လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းပြီး တရားလိုကို အမည်ပေါက်အဖြစ် အမွေဆက်ခံခွင့်ပြုပြီးဖြစ်၍ မူလရရှိပြီးဖြစ် သည့် အိမ်ရှင်အိမ်ငှားဆက်သွယ်မှုပြတ်တောက်မှုမရှိဟု ကောက်ယူရမည်သာဖြစ်သည်။

သို့ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က တရားလိုတောင်းဆိုသည့် သက်သာခွင့်မရနိုင် ကြောင်း သုံးသပ်ကာ တရားလိုစွဲဆိုမှုကိုပလပ်ခဲ့ခြင်းအပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အတည်ပြု ခဲ့ခြင်းသည် မှားယွင်းသည်ဟု မဆိုသာချေ။

ထို့ကြောင့် ကြားနာခဲ့သောပြဿနာများကို အောက်ပါအတိုင်းဖြေဆိုကာ ဤတရားမအထူးအယူခံမှု ကို တရားရုံးဆင့်ဆင့်စရိတ်နှင့်တကွ ပလပ်လိုက်သည်–

"၁။ အချင်းဖြစ်မြေနှင့် အိမ်ကို နိုင်ငံတော်မှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့်အချိန်မှစ၍ တရားလိုနှင့် တရားပြိုင်တို့သည် အိမ်ရှင်အိမ်ငှားဆက်သွယ်မှုပြတ်တောက်သွားပြီဖြစ်ကြောင်း တရားရုံးအဆင့်ဆင့်မှ သုံးသပ်ခဲ့သည့်အပြင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားစဉ်ကာလ အတွင်းတွင်လည်း တရားပြိုင်သည် အိမ်ငှားအဖြစ် ဆက်လက်တည်ရှိနေကြောင်း အမှုတွင် မပေါ်ပေါက်ပါဘဲလျက် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းမှရုပ်စဲ၍ ပိုင်ရှင်အား ပြန်လည် လွှဲပြောင်းပေးအပ်သည့်အခါ တရားလိုနှင့် တရားပြိုင်တို့သည် အိမ်ရှင်အိမ်ငှားအဖြစ် ဆက်လက် တည်ရှိကြောင်း ကောက်ယူသုံးသပ်ချက်သည် ဥပဒေနှင့် ညီညွတ်မျှတမှန်ကန်ကြောင်း၊

၂။ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က တရားလိုစွဲဆိုသောအမှုအား ပလပ်ခဲ့ခြင်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အတည်ပြုခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်မျှတမှန်ကန် ကြောင်း။"

ရှေ့နေစရိတ် ကျပ် ၅၀၀၀၀/– သတ်မှတ်သည်။

(ထွန်းထွန်းဦး)
ပြည်ထောင်စုတရားသူကြီးချုပ်

(သာဌေး)
တရားသူကြီး

(စိုးညွန့်)
တရားသူကြီး

(မြသိမ်း)
တရားသူကြီး

(မြင့်အောင်)
တရားသူကြီး

(အောင်ဇော်သိန်း)
တရားသူကြီး

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၆ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၃၈၇

စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်၏ ၂၀၁၆ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၄ တွင် ချမှတ်သော၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

ဦးသန်းငွေ နှင့် ဦးသန်းရွှေ

အယူခံတရားလို အယူခံတရားပြိုင်

အယူခံတရားလိုအတွက် – ဦးမောင်မောင်စိုး၊ တရားလွှတ်တော်ရှေ့နေ
အယူခံတရားပြိုင်အတွက် – ဦးဝင်းတင်၊ တရားလွှတ်တော်ရှေ့နေ

### စီရင်ချက်

၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်

မုံရွာခရိုင်တရားရုံး ၂၀၁၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၁ တွင် ဦးသန်းငွေက ၎င်း၏အစ်ကိုဖြစ်သူ ဦးသန်းရွှေအပေါ် နှစ်ဦးပိုင်ပစ္စည်း ခွဲဝေပေးစေလိုမှုစွဲဆိုခဲ့ရာ တရားလိုစွဲဆိုသောအမှုအား စရိတ်နှင့်တကွ ပလပ်ကြောင်း ဒီကရီချမှတ်ခဲ့သည်။ မူလရုံးတရားလိုက စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၆ ခုနှစ် တရားမပထမအယူခံမှုအမှတ် ၁၄ ဖြင့် အယူခံဝင်ရာ အယူခံမှုကို ပလပ်ခဲ့သဖြင့် ဤတရားမအယူခံမှုကို ဆက်လက်တင်သွင်းလာခြင်းဖြစ်သည်။

အဆိုလွှာတွင် မုံရွာမြို့၊ ဆူးလေကုန်းရပ်၊ ယွန်းကျောင်းလမ်း၊ အကွက်အမှတ် ၃၀–ဆူးလေကုန်း၊ ဦးပိုင်အမှတ် ၁၉–ခ၊ ဧရိယာ ၀.၀၇၅ ဧကရှိ ဝင်းမြေနှင့် အဆောက်အဦအား တရားလို၊ တရားပြိုင်တို့က မူလပိုင်ရှင် ဒေါ်လှညွန့်ထံမှ မှတ်ပုံတင်စာချုပ်အမှတ် ၄၆/၁၉၈၁ ဖြင့် ဝယ်ယူခဲ့ကြောင်း၊ တရားလိုနှင့် တရားပြိုင်တို့မှာ ညီအစ်ကိုအရင်းဖြစ်ပြီး တရားလိုမှာ "နဝရတ်"အမည်ဖြင့် မုံရွာ–ရန်ကုန် ကုန်စည်ပို့ဆောင်သည့် ကားဂိတ်လုပ်ငန်းလုပ်ကိုင်ပြီး တရားပြိုင်အား အစ်ကိုကြီးအဖအရာထား၍ လုပ်ငန်းများ စီမံခန့်ခွဲစေခဲ့ရာ ကားဂိတ်လုပ်ငန်းမှ ဝင်ငွေများကို တရားပြိုင်က လက်ဝါးကြီးအုပ်ရယူခဲ့ကြောင်း၊ အချင်းဖြစ်ဝင်းမြေနှင့် အဆောက်အဦကို ဝယ်ယူစဉ်ကပင် တရားပြိုင်က နေထိုင်ခဲ့ပြီး တရားလိုမှာ နတ်လှူထိပ်ပန်ရပ်ကွက်တွင် နေထိုင်ခဲ့ကြောင်း၊ တရားပြိုင်မှ အချင်းဖြစ်ဝင်းမြေအား ရောင်းချမည်စိုးရိမ်သဖြင့် ၁၈–၆–၂၀၁၂ နေ့က ဆူးလေကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးထံ ကန့်ကွက်လွှာပေးပို့ခဲ့ကြောင်း၊ နှစ်ဦးဝယ်ယူပိုင်ဆိုင်သော အချင်းဖြစ်ဝင်းမြေနှင့် အဆောက်အဦ၏ တစ်ဝက်ကို ခွဲဝေရယူလိုကြောင်း ဖော်ပြထားသည်။

တရားပြိုင်က ချေလွှာတွင် အချင်းဖြစ်ဝင်းမြေနှင့် အဆောက်အဦမှာ ၎င်းနှင့်အစ်မဖြစ်သူ ဒေါ်တင်ဥ

တို့နှစ်ဦးစပ်တူဝယ်ယူ၍ လက်ရှိထားနေထိုင်သော ပစ္စည်းဖြစ်ကြောင်း၊ တရားလိုနှင့်ပူးတွဲလက်ရှိမဟုတ်သကဲ့သို့ ပူးတွဲပိုင်ပစ္စည်းလည်းမဟုတ်ကြောင်း၊ မှတ်ပုံတင်စာချုပ်အမှတ် ၄၆/၁၉၈၁ ပြုလုပ်သည့်နေ့က ဒေါ်တင်ဥ မအားလပ်သဖြင့် ၎င်း၏ကိုယ်စား မောင်အငယ်ဆုံးဖြစ်သူ တရားလိုကို လိုက်ပါလက်မှတ်ရေးထိုးစေခဲ့၍ စာချုပ်တွင် တရားလို၏လက်မှတ်ပါဝင်ရခြင်းဖြစ်ကြောင်း၊ နဝရတ်ကားဂိတ်မှာ ၁၉၇၉ ခုနှစ်တွင် တရားပြိုင် ကိုယ်တိုင် စတင်ဖွင့်လှစ်သောဂိတ်ဖြစ်ပြီး တရားလိုအား ဂိတ်စာရေးအဖြစ်ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ ကားဂိတ်ကို ၁၉၇၉ ခုနှစ်မှ ၁၉၉၀ ခုနှစ်ထိ ဂိတ်ပိုင်အဖြစ် လုပ်ကိုင်ခဲ့ပြီး တရားပြိုင်နှင့်ဒေါ်တင်ဥတို့က ၈/၁၃၆၀ ကားနှင့် ခ/၁၅၈၁ ကားများဝယ်ယူပြီး မိမိကားဂိတ်၌ ပြေးဆွဲလုပ်ကိုင်ခဲ့ကြောင်း၊ တရားလိုမှာ လခစားဂိတ်စာရေးသာဖြစ်ပြီး ကားဝယ်နိုင်သည့် ငွေကြေးအင်အားမရှိကြောင်း၊ တရားလိုနေထိုင်ရန် နေအိမ်မရှိ၍ တရားပြိုင်က မုံရွာမြို့၊ ထန်းတောရပ်ကွက်၌လည်းကောင်း၊ သံလမ်းအရှေ့ဘက် ဘူတာဝင်းဘက်၌လည်းကောင်း မြေဝယ်၍ အိမ်ဆောက်ပေးခဲ့ရကြောင်း၊ အချင်းဖြစ်ဝင်းမြေနှင့် အဆောက်အဦတွင် တရားလိုအနေဖြင့် အကျိုးခံစားခွင့်မရှိကြောင်း ချေပခဲ့သည်။

မုံရွာခရိုင်တရားရုံးက ဝင်းမြေနှင့်အဆောက်အဦဝယ်ယူစဉ်က ဦးသန်းငွေ၏ငွေကြေး တစ်စုံတစ်ရာ ပါဝင်ခြင်းမရှိ၍သာလျှင် အရောင်းအဝယ်ကိစ္စအတွက် စရန်ငွေပေးချေခြင်း၊ အပြီးသတ်ငွေချေခြင်း စသည့်ကိစ္စအဝဝကို တရားလိုသိရှိခြင်း ပါဝင်ဆောင်ရွက်ခြင်းမရှိခဲ့ခြင်းဖြစ်ကြောင်း၊ ဝင်းမြေဝယ်ယူသည့်အချိန်မှစ၍ နှစ်ပေါင်း ၃၀ ကျော် ကြာမြင့်သည်တိုင်အောင် တရားလိုလက်ရောက်မရရှိခဲ့ကြောင်း၊ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်မှာလည်း တရားပြိုင်၏လက်ဝယ်ရှိနေခြင်းတို့ကြောင့် ဦးသန်းရွှေသည် ဦးသန်းငွေနှင့် ပူးတွဲဝယ်ယူခြင်းမဟုတ်ဘဲ ဦးသန်းရွှေနှင့်အတူဝယ်ယူသူ ဒေါ်တင်ဥအမည်အစား ဦးသန်းငွေအား အမည်ငှားဖြင့် စာချုပ်တွင် ထည့်သွင်းချုပ်ဆိုခဲ့ခြင်းဖြစ်သည်ဟု သုံးသပ်ပြီး တရားလိုစွဲဆိုသောအမှုအား ပလပ်ခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်က တရားပြိုင်ဦးသန်းရွှေမှာ ၁၉၉၇ ခုနှစ်က နဝရတ်ကားဂိတ်တည်ထောင်ခဲ့ရာ ဂိတ်ပိုင်ဖြစ်ပြီး ညီဖြစ်သူ ဦးသန်းငွေမှာ ဂိတ်စာရေးဖြစ်ကြောင်း၊ ဦးသန်းငွေ နေထိုင်ရာနေအိမ်မှာ မီးလောင်ခဲ့သဖြင့် ဆူးလေကုန်းရပ်၊ ဘူတာဝင်းအနီးရှိ မြေအား ဝယ်ပြီး ဦးသန်းငွေတို့လင်မယားကို ထားခဲ့ခြင်းဖြစ်ကြောင်း၊ အချင်းဖြစ်အိမ်ဝင်းမြေအား ဒေါ်လှညွန့်နှင့်သမီး ဒေါ်ချိုချို (ပြိုင်ပြ-၅)တို့ထံမှ ၆၅၀၀၀ ကျပ်ဖြင့်ဝယ်ယူခဲ့ရာ အစ်မဖြစ်သူ ဒေါ်တင်ဥမှစရန်ငွေ ၁၀၀၀၀ ကျပ်ပေးချေသည့်စာချုပ် သက်သေခံအမှတ် (၁၆) ချုပ်ဆိုခဲ့ကြောင်း၊ ကျန်ငွေကို ဒေါ်တင်ဥ၏ရွှေထည်များရောင်းချရငွေနှင့် လိုငွေကို တရားပြိုင်မှ ဖြည့်ထည့်ပြီး ပေးချေဝယ်ယူခဲ့စဉ်က တရားလိုမပါသလို ငွေလည်းမပါကြောင်း၊ ဒေါ်တင်ဥက မြေမဝယ်မီ ခ/၁၅၈၁ ကုန်တင်ကား (၁) စီး ဝယ်ယူထားသဖြင့် အမြတ်ခွန်လိုက်မည်စိုးရိမ်၍လည်းကောင်း၊ အစိုးရဌာနများသို့ သွားလိုခြင်းမရှိ၍လည်းကောင်း မောင်အငယ်ဆုံးဖြစ်သူ ဦးသန်းငွေကို ကိုယ်စားလှယ်လက်မှတ်ရေးထိုးစေခြင်းဖြစ်ကြောင်း၊ မြေဝယ်ယူပြီးနောက် တစ်ထပ်အုတ်ခင်း၊ အုတ်ကာ၊ ကပ်မိုးအဆောက်အဦတစ်လုံးဆောက်လုပ်၍ ဦးသန်းရွှေနှင့် ဒေါ်တင်ဥတို့မိသားစုနေထိုင်ခဲ့ကြပြီး ဦးသန်းငွေမှာ ထိုဝင်းမြေ၌ နေထိုင်ခြင်းမရှိကြောင်း၊ ဒေါ်တင်ဥ (ပြိုင်ပြ-၇)၊ ဒေါ်ချိုချို(ပြိုင်ပြ-၅)တို့၏ ထွက်ဆိုချက်များနှင့် ကိုက်ညီနေကြောင်း၊ ဦးသန်းငွေမှာ အချင်းဖြစ်မြေနှင့် အဆောက်အဦအား ဝယ်ယူရာ၌ ဝင်းမြေရှာဖွေခြင်း၊ ဈေးစကားပြောခြင်း၊ စရန်ငွေပေးချေခြင်း ဆောင်ရွက်မှုအဆင့်ဆင့်ကို ဘာမှသိရှိခြင်းမရှိကြောင်း ၎င်းက ပြန်လှန်စစ်မေးရာ၌ ထွက်ဆိုထားသဖြင့် သက်သေခံအမှတ် (ခ) စာချုပ်တွင် ဝယ်သူအဖြစ် ဦးသန်းငွေလက်မှတ်ရေးထိုးခြင်းမှာ ဒေါ်တင်ဥ၏ကိုယ်စား လက်မှတ်ရေးထိုးရခြင်းဖြစ်သည်မှာ သဘာဝကျကြောင်း သုံးသပ်ပြီး

မူလခရိုင်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြုပြီး ပထမအယူခံမှုအား ပလပ်ခဲ့သည်။

အယူခံတရားလို၏ရှေ့နေက သက်သေခံဥပဒေပုဒ်မ ၉၂ အရ ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များကိုဖြစ်စေ ဥပဒေအရ စာချုပ်ချုပ်ဆိုရန် လိုအပ်သောအကြောင်းအရာတစ်ခုခုကိုဖြစ်စေ သက်သေထင်ရှားပြသလျှင် စာချုပ်ပါစည်းကမ်းချက်များကို ငြင်းဆိုရန် ပြောင်းလဲရန် ဖြည့်စွက်ရန် သို့မဟုတ် နုတ်ပယ်ရန် အလို့ငှာ နှုတ်ဖြင့်ပြုလုပ်ထားသော သဘောတူညီချက် သို့မဟုတ် ပြောဆိုချက်နှင့် စပ်လျဉ်း၍ ထိုစာချုပ်ချုပ်ဆိုသူအချင်းချင်းဖြစ်စေ၊ ထိုသူတို့၏ အကျိုးဆက်ခံသူအချင်းချင်းဖြစ်စေ တင်ပြသော သက်သေခံကို လက်မခံရကြောင်း၊ မူလရုံးတရားလို၊ တရားပြိုင်တို့က မူလပိုင်ရှင်ဒေါ်လှညွန့်ထံမှ ဝယ်ယူခဲ့သော မှတ်ပုံတင်အရောင်းအဝယ်စာချုပ် သက်သေခံအမှတ်(ခ)သည် ဟန်ဆောင်သဘောဖြင့် ချုပ်ဆိုခဲ့ခြင်းမဟုတ်ဘဲ အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက်ဖြင့် အမှန်တကယ် အရောင်းအဝယ်ပြုလုပ်ခဲ့သည့် စာချုပ်ဖြစ်သောကြောင့် မူလရုံးနှင့် အယူခံရုံးတို့က စာချုပ်ပါဝယ်ယူသူတစ်ဦးဖြစ်သည့် ဦးသန်းငွေအားနုတ်ပယ်၍ ဒေါ်တင်ဥ၏အမည်ဌားဖြင့် ချုပ်ဆိုခြင်းဖြစ်သည်ဆိုသော နှုတ်သက်သေခံချက်ကို လက်ခံသုံးသပ်ခဲ့ခြင်းမှာ ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း၊ သက်သေခံအမှတ် (ခ) မှတ်ပုံတင်အရောင်းအဝယ်စာချုပ်သည် ၃-၈-၁၉၈၁ခုနှစ် နေ့က ချုပ်ဆိုခဲ့သောကြောင့် နှစ်ပေါင်း ၃၀ ကျော်ပြီဖြစ်၍ သက်သေခံဥပဒေပုဒ်မ ၉၀ အရ တရားရုံးက အမှန်ကဲ့သို့ မှတ်ယူနိုင်ကြောင်း၊ နဝရတ်ကားဂိတ်နှင့်စပ်လျဉ်းသော အခွန်အခများကို ဦးသန်းငွေအမည်ဖြင့် ပေးဆောင်ခဲ့ကြောင်း သက်သေခံအခွန်ပြေစာများအရ ထင်ရှားပေါ်ပေါက်နေသဖြင့် အချင်းဖြစ်အိမ်မြေကို ဦးသန်းငွေ၏ကိုယ်ပိုင်ငွေကြေးဖြင့် ကောင်းစွာဝယ်ယူနိုင်ကြောင်း ထင်ရှားကြောင်း၊ ဦးသန်းငွေမှာ နဝရတ်ကားဂိတ်ပိုင်ရှင်ဖြစ်ကြောင်းကို ဒေါ်ခင်လှ (လိုပြ-၂)၊ ဦးတိုးကြွယ် (လိုပြ-၁)၊ ဦးထွန်းလင်း(လိုပြ-၄)တို့က ထွက်ဆိုထားချက်အပေါ် မျက်ကွယ်ပြု၍ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း လျှောက်ထားတင်ပြသည်။

အယူခံတရားပြိုင်၏ရှေ့နေက အယူခံတရားလိုသည် မူလတရားမကြီးမှုစွဲဆိုရာ၌ ထိုစဉ်က ပြဋ္ဌာန်းထားသော ၂၀၁၂ ခုနှစ်၊ ရုံးခွန်ဥပဒေအရ အမှုတန်ဖိုးငွေကျပ်သိန်း ၃၅၀ အပေါ် ရုံးခွန် ၃၅၄၀၀၀ ကျပ် ထမ်းဆောင်ခဲ့ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်၏ အယူခံမှု၌လည်း ထိုရုံးခွန်အတိုင်း ထမ်းဆောင်ခဲ့သော်လည်း ဤအယူခံမှုတွင် ၂၀၁၄ ခုနှစ်၊ ရုံးခွန်ပြင်ဆင်ချက်ဥပဒေအရ ရုံးခွန်ကိုထက်ဝက်လျှော့၍ ထမ်းဆောင်ခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်၊ ရုံးခွန်ဥပဒေတွင် ၀.၅%ဟု ပြင်ဆင်သတ်မှတ်ခဲ့သော်လည်း နောက်ကြောင်းပြန် အာဏာသက်ရောက်စေရမည်ဟု သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိကြောင်း၊ တရားမကြီးမှုစွဲဆိုစဉ်က တည်ရှိသော ပြဋ္ဌာန်းချက်အတိုင်း အယူခံမှုတွင်လည်း ထမ်းဆောင်ရမည်ဟု AIR 1960 Sc. 980 အမှုတွင်လည်းကောင်း၊ ၁၉၉၀ ပြည့်နှစ်၊ ရုံးခွန်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေအရ ရုံးခွန်နှုန်းထားများကို တိုးမြှင့်စဉ်ကလည်း မတိုးမြှင့်မီစွဲဆိုထားသော တရားမကြီးမှုများနှင့်ပတ်သက်၍ တင်သွင်းသည့် အယူခံမှုတွင် မူလမှု၌ ထမ်းဆောင်ထားသည့် နှုန်းထားအတိုင်း ထမ်းဆောင်ရမည်ဟု **ဒေါ်သန်းစိန် ပါ -၂ နှင့် ဦးမင်းသူအမှု**[၁] ၌လည်းကောင်း လမ်းညွှန်ဆုံးဖြတ်ထားသဖြင့် ဤအယူခံမှုမှာ ရုံးခွန်မပြည့်စုံသဖြင့် လက်ခံကြားနာဆုံးဖြတ်ပေးရန် အကြောင်းမရှိကြောင်း၊ သက်သေခံဥပဒေပုဒ်မ ၉၂ သည် အပြန်အလှန် ပဋိညာဉ်ပြုသူအချင်းချင်း ပဋိညာဉ်ပါစည်းကမ်းချက်ကို နှုတ်သက်သေခံချက်ဖြင့် ဆန့်ကျင်ပြောင်းလဲပြင်ဆင်ခွင့်မရှိစေရန် ရည်ရွယ်တားမြစ်ထားခြင်းသာဖြစ်ကြောင်း၊ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်တွင် ဝယ်ယူသူအဖြစ် ဦးသန်းငွေ

၁။ ၁၉၉၂ ခုနှစ်၊ တရားမပထမအယူခံမှု(မန္တလေး) အမှတ် - ၁၄၈

အမည်ဖော်ပြထားခြင်းမှာ ဦးသန်းငွေက ဒေါ်တင်ဥ၏ကိုယ်စားအမည်ခံဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း ငြင်းဆိုနေခြင်းသည် ပဋိညာဉ်ပါ စည်းကမ်းချက်ကို ငြင်းဆိုနေခြင်းမဟုတ်ကြောင်း၊ စာချုပ်၌ အပြန်အလှန် ချုပ်ဆိုကြသူများမဟုတ်ဘဲ တစ်ဖက်ဖက်တွင် ပါဝင်ကြသူအချင်းချင်းအနေဖြင့် ပုဒ်မ ၉၂ ၏ တားမြစ်ချက်တွင် အကျုံးမဝင်ကြောင်း၊ လူ ၂ ဦးအား ရောင်းချသည်ဟု အရောင်းအဝယ်စာချုပ်တွင် ဖော်ပြထားသော်လည်း ဝယ်ယူသူတစ်ဦးက ကျန်တစ်ဦးမှာ အမှန်တကယ်ဝယ်သူမဟုတ်ဘဲ အမည်ခံဝယ်သူတစ်ဦးအဖြစ် ထည့်သွင်းထားခြင်းဖြစ်ကြောင်းကို နှုတ်သက်သေခံတင်ပြနိုင်ကြောင်း၊ သက်သေခံဥပဒေပုဒ်မ ၉၀ အရ နှစ်ပေါင်း ၃၀ ကျော်ကြာမြင့်သည့်စာချုပ်စာတမ်းကို တင်ပြလာလျှင် ထိုစာတမ်းအမှတ်အသားရှိ လက်ရေးသို့မဟုတ် လက်မှတ်၊ အသိသက်သေလက်မှတ်တို့နှင့်ပတ်သက်၍ သက်သေခံတင်ပြရန်မလိုဘဲ တရားရုံးက ယင်းစာတမ်းအမှတ်အသားတွင် ဖော်ပြသူ၏ လက်ရေး သို့မဟုတ် လက်မှတ်ဖြစ်သည်ဟု ယူဆနိုင်ကြောင်း ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း၊ နှစ်ပေါင်း ၃၀ ကျော်သည်နှင့်တစ်ပြိုင်နက် စာတမ်းအမှတ်အသားပါ အကြောင်းအရာများအားလုံး မှုချမှန်ကန်သည်ဟု မှတ်ယူရန်အကြောင်း မပေါ်ပေါက်ကြောင်း၊ ပိုင်ရှင်ကိုယ်စား စာချုပ်တွင် အမည်ခံဝယ်ယူခဲ့သူသည် နှစ်ပေါင်း ၃၀ ကျော် ကြာမြင့်သည့်အချိန်၌ သက်သေခံဥပဒေပုဒ်မ ၉၀ အရ ပိုင်ရှင်ဖြစ်လာရန် အကြောင်းမရှိကြောင်း၊ အကြောင်းခြင်းရာနှင့်ပတ်သက်၍ ပထမအယူခံရုံး၏ဆုံးဖြတ်ချက်ကို သက်သေအထောက်အထားလုံးဝမရှိမှသာ ဒုတိယအယူခံရုံးက ဝင်ရောက်စွက်ဖက်ခွင့်ရှိကြောင်း၊ မူလရုံးနှင့် ပထမအယူခံရုံးများက အယူခံတရားလိုအား အမည်ခံဝယ်ယူသူဖြစ်ကြောင်း တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ထားခြင်းသည် အမှုတွဲတွင် ပေါ်ပေါက်နေသော သက်သေအထောက်အထားများနှင့်အညီ ဆုံးဖြတ်ထားခြင်းဖြစ်၍ အထောက်အထားမဲ့ဆုံးဖြတ်ထားခြင်းမဟုတ်ကြောင်း စီရင်ထုံးများဖြင့် ကိုးကားတင်ပြလျှောက်ထားသည်။

အရောင်းအဝယ် မှတ်ပုံတင်စာချုပ် အမှတ် ၄၆/၁၉၈၁ သက်သေခံအမှတ် (ခ) စာချုပ်၌ ဝယ်ယူသူအဖြစ် မူလရုံးတရားလို ဦးသန်းငွေနှင့် တရားပြိုင် ဦးသန်းရွှေတို့မှ လက်မှတ်ရေးထိုးထားခြင်းဖြစ်သည်။

မူလရုံးတရားပြိုင် ဦးသန်းရွှေက သက်သေခံအမှတ်(ခ)အရောင်းအဝယ်မှတ်ပုံတင်စာချုပ်တွင် ဝယ်သူအဖြစ် တရားလိုဦးသန်းငွေ လက်မှတ်ရေးထိုးခဲ့ခြင်းမှာ အမှန်ငွေပေးချေဝယ်ယူသူ အစ်မ ဒေါ်တင်နုသည် အမြတ်ခွန်လိုက်မည်ကိုစိုးရိမ်၍လည်းကောင်း၊ အစိုးရဌာနများသို့ သွားရောက်လိုခြင်းမရှိ၍လည်းကောင်း၊ မောင်အငယ်ဆုံးဖြစ်သူ ဦးသန်းငွေကို ၎င်းကိုယ်စားလက်မှတ်ရေးထိုးစေခဲ့ခြင်းဖြစ်ကြောင်း ထုချေထွက်ဆိုသည်။ တစ်နည်းအားဖြင့်ဆိုသော် အချင်းဖြစ်ဝိုင်းမြေအဆောက်အအုံကို အမှန်တကယ်ငွေပေးချေဝယ်ယူသူမှာ တရားပြိုင် ဦးသန်းရွှေနှင့် အစ်မ ဒေါ်တင်ဥဖြစ်ပြီး ဦးသန်းငွေသည် အစ်မ ဒေါ်တင်ဥ၏ အမည်ခံအမည်ငှားအဖြစ် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်ဟု တင်ပြခြင်းဖြစ်သည်။ တရားပြိုင်ဦးသန်းရွှေ၏ နှုတ်သက်သေခံတင်ပြချက်သည် ဝယ်သူမည်သူမည်ဝါဖြစ်ကြသည်ဆိုခြင်းကို တင်ပြခြင်းဖြစ်သည်။ သက်သေခံအမှတ် (ခ) စာချုပ်ပါစည်းကမ်းချက်(terms of contract)ကို တင်ပြနေခြင်းမဟုတ်ချေ။

သက်သေခံအက်ဥပဒေပုဒ်မ ၉၂ တွင် ပဋိညာဉ်၊ ဂရန် သို့မဟုတ် ပစ္စည်းကို အခြားနည်းလွှဲပြောင်းခြင်းစာချုပ်ပါ စည်းကမ်းချက်များကိုဖြစ်စေ ဥပဒေအရ စာတမ်းအမှတ်အသားဖြင့် ရေးသားထားသည့်ကိစ္စကိုဖြစ်စေ ပုဒ်မ ၉၁ အရ သက်သေထင်ရှားအောင်ပြသပြီးဖြစ်လျှင် ယခင်စည်းကမ်းချက်များကို ငြင်းဆိုရန် ပြောင်းလဲရန် ဖြည့်စွက်ရန် နုတ်သိမ်းရန် စာချုပ်ချုပ်ဆိုသူတို့အချင်းချင်းဖြစ်စေ၊ ယင်းတို့၏ အကျိုးဆက်ခံ

သူ အချင်းချင်းဖြစ်စေ နှုတ်ပဋိညာဉ် သို့မဟုတ် ပြောဆိုချက်ရှိဖူးကြောင်း သက်သေခံတင်ပြခွင့်မရှိစေရဟု ပြဋ္ဌာန်းထားသည်။

ဤပုဒ်မ၏အခြေခံသဘောတရားကို **ဒေါ်ကျင်ဥနှင့် ဦးညွန့်မောင်အမှု**[၂] တွင် အောက်ပါအတိုင်း ရှင်းလင်းညွှန်ပြသည်။

"ပဋိညာဉ်စည်းကမ်းချက်များကို စာချုပ်စာတမ်းပြု၍ ရေးသားထားလျှင် ထိုစာချုပ်စာတမ်းမှတစ်ပါး အခြားသက်သေခံချက်တင်သွင်း၍ ထိုပဋိညာဉ်စည်းကမ်းချက်များကို ထင်ရှားအောင် တင်ပြခွင့်မရှိ။ ထိုကဲ့သို့ ပဋိညာဉ်စည်းကမ်းချက်များကို စာချုပ်စာတမ်းပြုလုပ်မှတ်တမ်းတင်ထားသည်ဖြစ်၍ ထို စာချုပ်ကို တင်သွင်းကာ ပဋိညာဉ်စည်းကမ်းချက်များကို ထင်ရှားတင်ပြထားပြီးဖြစ်လျှင် ထိုစာချုပ် ချုပ်ဆိုသူတို့သည် ထိုပဋိညာဉ်စည်းကမ်းချက်များကို ဆန့်ကျင်ရန်၊ ပြင်ဆင်ဖြည့်စွက်ရန်၊ နုတ်ပယ် ရန် နှုတ်ကတိ သို့မဟုတ် ပြောဆိုချက်တစ်စုံတစ်ရာကို သက်သေခံအဖြစ် တင်သွင်းလက်ခံခြင်း မပြုရ။ × × × "

ပဋိညာဉ်ကို ချုပ်ဆိုသူအချင်းချင်းသည် ပဋိညာဉ်ပါ စည်းကမ်းချက်များကို နှုတ်သက်သေခံချက်ဖြင့် ဆန့်ကျင်ပြောင်းလဲပြင်ဆင်ခွင့်မရှိစေရန် သက်သေခံဥပဒေပုဒ်မ ၉၂ အရ ပိတ်ပင်ထားခြင်းဖြစ်သည်။ ဤ ပုဒ်မ၌ ပြဋ္ဌာန်းထားခြင်းမှာ စာချုပ်ချုပ်ဆိုသူအချင်းချင်း(as between the parties to such instrument)ဟု ဖြစ်ရာ စာချုပ်ချုပ်ဆိုသူအချင်းချင်းနှင့်သာ သက်ဆိုင်သည်။

သက်သေခံဥပဒေပုဒ်မ ၉၂ တွင် စာချုပ်ချုပ်ဆိုသူအချင်းချင်းကြားတွင် နှုတ်သက်သေခံချက် တင်ပြ ခြင်းမပြုရဟု ပိတ်ပင်ထားခြင်းဖြစ်ရာ ယခုအမှုတွင် တရားပြိုင်ဦးသန်းရွှေနှင့် တရားလိုဦးသန်းငွေတို့သည် သက်သေခံအမှတ်(ခ)စာချုပ်ကို အပြန်အလှန်ချုပ်ဆိုကြသူများမဟုတ်ဘဲ ဝယ်သူဘက် တစ်ဘက်တည်းတွင် ပါဝင်သူအချင်းချင်းဖြစ်သဖြင့် ၎င်းတို့အချင်းချင်းကြား ယင်းပုဒ်မ ၉၂ အရ ပိတ်ပင်နိုင်ခြင်း ရှိ မရှိ စိစစ်ရန် လိုသည်။

KORBAN ALI V ZORA BI BI **အမှု**[၃] တွင် အောက်ပါအတိုင်း ထုံးဖွဲ့ထားသည်-

"The words refer to the persons who on the one side and the other came together to make the contract or disposition of property and would not apply to questions raised between the parties on the one side only of a deed.

It will in no way prevent parties on one side of a deed to show by parol evidence their mutual relations, the one with the other so that it is open to one of the two persons in whose favour a deed of sale is purported to be executed to prove by parol evidence in a suit by him against the other that the defendant was not a real but a nominal party only to the purchase.

စာချုပ်ကို အပြန်အလှန်ချုပ်ဆိုကြသူများမဟုတ်ဘဲ တစ်ဘက်ဘက်တွင် ပါဝင်ကြသူအချင်းချင်း အနေဖြင့် ပုဒ်မ ၉၂ ၏ တားမြစ်ချက်တွင် အကျုံးမဝင်ပေ။ အပြန်အလှန်ချုပ်ဆိုကြသူများသာလျှင် ပဋိညာဉ် စည်းကမ်းကို ကွဲလွဲရန်ဖြစ်စေ၊ ဆန့်ကျင်ရန်ဖြစ်စေ နှုတ်သက်သေခံတင်ပြခြင်းမပြုနိုင်ကြောင်း ပိတ်ပင်ထား ခြင်းဖြစ်သည်။ သို့ဖြစ်ရာ အရောင်းစာချုပ်တွင် ဝယ်ယူနှစ်ဦးဖော်ပြထားရာ၌ ဝယ်ယူသူတစ်ဦးက ကျန်တစ်ဦး

၂။ ၁၉၇၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁

၃။ ၁၉၅၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၆၈(လွှတ်တော်)

မှာ အမှန်တကယ် ဝယ်ယူသူမဟုတ်ဘဲ အမည်ခံအမည်ငှားသာဖြစ်ကြောင်း နှုတ်သက်သေခံတင်ပြခွင့်ရှိပေသည်။ အဘယ်ကြောင့်ဆိုသော် ပဋိညာဉ်ချုပ်ဆိုသူများ မည်သူမည်ဝါဖြစ်ကြသည်ဆိုခြင်းမှာ ပဋိညာဉ်စည်းကမ်းချက် (term of the cotract)မဟုတ်သည့်အပြင် ချုပ်ဆိုသူအချင်းချင်း(parties to the instrument) မဟုတ်သူတို့အနေဖြင့် ပုဒ်မ ၉၂ ၏ တားမြစ်ချက်တွင် အကျုံးမဝင်၍ဖြစ်သည်။

ထို့ကြောင့် တရားပြိုင်ဦးသန်းရွှေက တရားလိုဦးသန်းငွေသည် သက်သေခံအမှတ်(ခ)စာချုပ်၌ ဝယ်သူအဖြစ် လက်မှတ်ရေးထိုးပါဝင်နေသော်လည်း ၎င်းသည် အမှန်တကယ်ဝယ်သူမဟုတ်ဘဲ ဝယ်သူဒေါ်တင်ဥ၏ အမည်ခံအမည်ငှားအဖြစ် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း နှုတ်သက်သေခံတင်ပြချက်ကို သက်သေခံအက်ဥပဒေပုဒ်မ ၉၂ အရ ပိတ်ပင်ခြင်းမရှိချေ။

အယူခံတရားလို၏ရှေ့နေက သက်သေခံအမှတ်(ခ) အရောင်းအဝယ်စာချုပ်သည် နှစ်ပေါင်း ၃၀ ကျော်ပြီဖြစ်၍ သက်သေခံအက်ဥပဒေပုဒ်မ ၉၀ အရ တရားရုံးက အမှန်ကဲ့သို့ မှတ်ယူနိုင်ကြောင်း တင်ပြသည်။

သက်သေခံအက်ဥပဒေပုဒ်မ ၉၀ အရ နှစ်ပေါင်း ၃၀ ကျော်ကြာမြင့်သည့် စာတမ်းအမှတ်အသားကို သင့်လျော်သည့် ထိန်းသိမ်းထားရာမှ တင်ပြလျှင် ယင်းစာတမ်းအမှတ်အသားရှိ လက်ရေး သို့မဟုတ် လက်မှတ် သို့မဟုတ် အသိသက်သေလက်မှတ်တို့နှင့်ပတ်သက်၍ သက်သေခံတင်ပြရန်မလိုဘဲ တရားရုံးက ယင်းစာတမ်းအမှတ်အသားတွင် ဖော်ပြသူ၏လက်ရေး သို့မဟုတ် လက်မှတ်ဖြစ်သည်ဟု ယူဆနိုင်သည်ဟု ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

ဤအမှုတွင် သက်သေခံအမှတ်(ခ) အရောင်းအဝယ်စာချုပ်၌ ဝယ်ယူသူများအဖြစ် မူလရုံးတရားလိုနှင့် တရားပြိုင်တို့ လက်မှတ်ရေးထိုးခဲ့ကြောင်း အငြင်းမပွားသဖြင့် သက်သေခံအက်ဥပဒေပုဒ်မ ၉၀ အရ မှတ်ယူရန်အကြောင်းမပေါ်ပေါက်ပေ။ အယူခံတရားလို၏ရှေ့နေတင်ပြသကဲ့သို့ ယင်းစာချုပ်မှာ နှစ်ပေါင်း ၃၀ ကြာမြင့်ပြီဖြစ်၍ စာချုပ်ပါအကြောင်းအရာများကို တရားရုံးက အမှန်ကဲ့သို့ မှတ်ယူနိုင်မည်ဟု သက်သေခံအက်ဥပဒေပုဒ်မ ၉၀ က ဆိုလိုခြင်းမဟုတ်ပေ။

မူလမုံရွာခရိုင်တရားရုံးနှင့် အယူခံရုံးဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်တို့က မူလရုံးတရားပြိုင် ဦးသန်းရွှေသည် နဝရတ်ကားဂိတ်ပိုင်ရှင်ဖြစ်ပြီး ညီဖြစ်သူ ဦးသန်းငွေမှာ ဂိတ်စာရေးဖြစ်ကြောင်း၊ ဦးသန်းငွေနေထိုင်သောအိမ်မှာ ဦးသန်းရွှေမှ မြေဝယ်ပြီး နေအိမ်ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ အချင်းဖြစ်ဝင်းမြေနှင့် အဆောက်အဦဝယ်ယူစဉ်က ဦးသန်းငွေအနေဖြင့် စရန်ငွေပေးချေခြင်း၊ အပြီးသတ်ငွေချေခြင်းကိစ္စများတွင် သိရှိခြင်းပါဝင်ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း၊ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်သည် တရားပြိုင်လက်ဝယ်၌သာရှိနေပြီး တရားပြိုင်နှင့် အစ်မဒေါ်တင်ဥမိသားစုတို့သာ နေထိုင်လျက်ရှိကြောင်း အစ်မဒေါ်တင်ဥက အမြတ်ခွန်လိုက်မည်စိုးရိမ်၍လည်းကောင်း၊ အစိုးရဌာနများသို့ သွားလိုခြင်းမရှိ၍လည်းကောင်း မောင်အငယ်ဆုံးဦးသန်းငွေကို ၎င်း၏ကိုယ်စား လက်မှတ်ရေးထိုးစေခဲ့ခြင်းမှာ အမည်ခံအမည်ငှားအနေဖြင့် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း ကောက်ယူသုံးသပ်ခဲ့ခြင်းမှာ အထောက်အထားမဲ့ဆုံးဖြတ်ထားခြင်းမဟုတ်ဘဲ နှစ်ဖက်သက်သေခံချက် အထောက်အထားများအပေါ် သုံးသပ်ဆုံးဖြတ်ထားခြင်းဖြစ်ကြောင်း တွေ့ရသည်။

အောက်ရုံးနှစ်ရုံးစလုံးက အကြောင်းခြင်းရာအပေါ်တွင်သော်လည်းကောင်း၊ ဥပဒေအချက်အလက်များပေါ်တွင်လည်းကောင်း တစ်သဘောတည်း ချမှတ်ထားသောအမိန့်ကို ဒုတိယအယူခံရုံးအနေဖြင့် ဝင်ရောက်စွက်ဖက်ရန်အကြောင်းမရှိပေ။ ထိုကဲ့သို့ တစ်သဘောတည်းချမှတ်ခဲ့သော အမိန့်မှာ အလွန်အလွန့်မှားယွင်း

ပြီး တရားမျှတမှုလွန်စွာကင်းမဲ့နေမှသာလျှင် ဤရုံးကဝင်ရောက်စွက်ဖက်နိုင်သည်ဟု **မောင်လှ ပါ–၂ နှင့် ဒေါ်မမလေးအမှု**[၄] ၌ လမ်းညွှန်ထုံးဖွဲ့ထားသည်။

အမှုတစ်မှုတွင် အကြောင်းခြင်းရာနှင့်ပတ်သက်၍ မူလရုံးနှင့် ပထမအယူခံရုံး၏ဆုံးဖြတ်ချက်တို့မှာ ထပ်တူထပ်မျှဖြစ်နေလျှင် ဒုတိယအယူခံရုံးအနေနှင့် လုံလောက်သောအကြောင်းမရှိပါက ယင်းဆုံးဖြတ်ချက်ကို လွယ်လင့်တကူ ဝင်ရောက်စွက်ဖက်မည်မဟုတ်ပေ။ ဤမူသဘောကို **ဦးသိန်းလှ ပါ ၂ နှင့် ဒေါ်ညွန့်ညွန့်အမှု**[၅]၊ **ဦးအောင်ကွန့်နှင့် ဒေါ်တဆုပ်အမှု**[၆] တွင် လမ်းညွှန်ဆုံးဖြတ်ထားသည်။

သို့ဖြစ်ရာ သက်သေခံအမှတ်(ခ)မှတ်ပုံတင်အရောင်းအဝယ်စာချုပ်တွင် ဝယ်ယူသူတစ်ဦးဖြစ်သော ဦးသန်းငွေသည် အစ်မဖြစ်သူ ဒေါ်တင်ဥ၏ အမည်ခံအမည်ငှားအနေဖြင့် လက်မှတ်ရေးထိုးထားခြင်းဖြစ်ပြီး အမှန်တကယ်ဝယ်ယူသူမှာ ဦးသန်းရွှေနှင့် ဒေါ်တင်ဥတို့သာဖြစ်သည်ဟု မူလရုံးနှင့် အယူခံရုံးတို့က တစ်သဘောတည်းဆုံးဖြတ်ထားခြင်းကို ဤရုံးက ဝင်ရောက်စွက်ဖက်မည်မဟုတ်ပေ။

မူလရုံးတရားလို ဦးသန်းငွေက အချင်းဖြစ်မြေနှင့် အဆောက်အအုံကို တရားပြိုင်ဦးသန်းရွှေနှင့် နှစ်ဦးပိုင်ပစ္စည်းဖြစ်ကြောင်း အဆိုပြု၍ ထိုပစ္စည်းကို ထက်ဝက်ခွဲဝေပေးရန် စွဲဆိုခြင်းဖြစ်သည်။

"ပစ္စည်းခွဲဝေပေးလိုမှု"မှာ ပစ္စည်းအရပ်ရပ်တွင်ရှိသည့် ပိုင်ရှင်အများ၏ ပူးတွဲပိုင်ဆိုင်မှုနှင့် ပူးတွဲလက်ရှိဖြစ်မှုတို့မှ တရားလို၏ အစုအတွက် သီးခြားပိုင်ဆိုင်မှုနှင့် သီးခြားလက်ရှိရရန် စွဲဆိုခြင်းဖြစ်သည်။ ခွဲဝေခြင်းဟူသည် ရှယ်ယာဝင်အချင်းချင်း အမွေစားအမွေခံအချင်းချင်းထံမှ အလားတူအခွင့်အရေးအတွက် ပူးတွဲအခွင့်အရေး၏ တစ်စိတ်တစ်ဒေသကို စွန့်လွှတ်ခြင်းပင်ဖြစ်ပေသည်။

ယခုအမှုတွင် မူလရုံးတရားလိုအနေဖြင့် အချင်းဖြစ်ပစ္စည်းကို မူလရုံးတရားပြိုင်နှင့် ပူးတွဲပိုင်ဆိုင်မှုနှင့် ပူးတွဲလက်ရှိဖြစ်ကြောင်း မပေါ်ပေါက်ဘဲ ယင်းပစ္စည်းကို အမှန်တကယ်ဝယ်ယူသူ ဒေါ်တင်ဥ၏အမည်ခံအမည်ငှားသာဖြစ်ကြောင်း ပေါ်ပေါက်နေသည်ဖြစ်ရာ တရားလိုတောင်းဆိုသည့်သက်သာခွင့်ကို မရထိုက်ချေ။

သို့အတွက် အယူခံတရားလို(မူလရုံးတရားလို)စွဲဆိုသောအမှုကို ပလပ်ခဲ့သည့် မုံရွာခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အတည်ပြုပြီး တရားမပထမအယူခံမှုအား ပလပ်ခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်၏ စီရင်ချက်နှင့် ဒီကရီမှာဥပဒေအရမှားယွင်းချွတ်ချော်မှုမရှိပေ။

ဤအယူခံမှုကို ပလပ်ရမည်ဖြစ်၍ အယူခံတရားလိုထမ်းဆောင်ထားသော ရုံးခွန်ပြည့်စုံခြင်း ရှိ၊ မရှိကို သုံးသပ်ရန် မလိုတော့ပေ။

ထို့ကြောင့် ဤအယူခံမှုကို စရိတ်နှင့်တကွ ပလပ်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀၀၀/– သတ်မှတ်သည်။

(စိုးညွန့်)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး

---

၄။ ၁၉၆၆၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ–၄၆၀

၅။ ၁၉၇၅၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ–၁၀၁

၆။ ၁၉၇၅၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ–၁၁၆

# ENGLISH SECTION



# Recognition and Enforcement of Foreign Judgment in Myanmar

Junior Toke Kalay

Now a days foreign businessmen are trading and investing in Myanmar. When International trade and investments speedily grow, various types of private business dispute are arisen between parties especially in private sectors from different countries. In order to solve these disputes, parties can use two ways: Arbitration Process and Judicial Process. After these cases were decided, if one party did not abide by the respective award or judgment, the other shall require to enforce this award or judgment. Although any award or judgment passed by an arbitral tribunal or a court can be properly enforced within its local limits, normally, the award or judgment rendered by a foreign country may be hardship to recognize or enforce in any other country. Therefore, recognition and enforcement of arbitral award and foreign judgment will be crucial to the future. In this article, it will be focused on recognition and enforcement of foreign judgment within jurisdiction of Myanmar.

The enforcement of foreign judgments is recognizing and enforcing in one jurisdiction of judgments rendered in another jurisdiction. Firstly, local court will seek for the issues that foreign judgment can be recognized or not under the domestic laws. When it can be recognized, secondly, local court will enforce or execute this foreign judgment or decree as if it is passed as a local judgment or decree.

Until now, Myanmar has no bilateral or multilateral international agreement or treaty with foreign countries for recognition and enforcement of foreign judgments. This field is generally a matter for national law. The Code of Civil Procedure (CPC) generally prescribes the ways and means for recognition and enforcement of foreign judgment. Under the CPC, section 2 subsection (5) defines "foreign Court" and section 2 subsection (6) defines "foreign judgment". Under S.2 (5) of CPC, *"Foreign Court" means a Court situate beyond the limits of the Union of Myanmar which has no authority in the Union of Myanmar and is not established or continued by the President of the Union.* In the light of S. 2 (6) of CPC, *'foreign judgment' means the judgment of a foreign Court.*

Section 13 of the CPC states that '*A foreign judgment shall be conclusive as to any matter thereby directly adjudicated upon between the same parties, or between parties under whom they or any of them claim litigating under the same title, except-*

*(a) where it has not been pronounced by a Court of competent jurisdiction;*

*(b) where it has not been given on the merits of the case;*

*(c) where it appears on the face of the proceedings to be founded on an incorrect View of international law or a refusal to recognize the law of the Union of Myanmar in cases in which such law is applicable;*

*(d) where the proceedings in which the judgment was obtained are opposed to natural justice;*

*(e) where it has been obtained by fraud;*

*(f) where it sustains a claim founded on a breach of any law in force in the Union of Myanmar.*

Section l4 of the CPC prescribes that '*The Court shall presume upon the production of any document purporting to be a certified copy of a foreign judgment, that such judgment was pronounced by a Court of competent jurisdiction, unless the contrary appears on the record; but such presumption may be displaced by proving want of jurisdiction*. This section indicates how a foreign judgment can be accepted. Production of a certified copy of a foreign judgment shall be presumed conclusive in view of the Myanmar Court as it was pronounced by a foreign court of competent jurisdiction unless said finding contains material contrary to section 13.

By insertion[1] a new provision in 1937 to the original legislation of the CPC, its section 44A lays down the principal procedure for execution of a decree passed by non-Myanmar Courts. However, to enable implementation of the provision, it has limited territory concerning with those decrees of a "reciprocating territory", and to further limitation, only of the decrees pronounced by "Superior Courts" of that reciprocating territory, both of which are subject to further proclamation of the President of the Union. The original text of that section can be studied as follows;

*44A (1) Where a certified copy of a decree of any of the superior courts of any reciprocating territory has been filed in a District Court, the decree may be executed in the Union of Myanmar as if it had been passed by the District Court.*

*(2) Together with the certified copy of the decree shall be filed a certificate from such superior Court stating the extent, if any, to which the decree has been satisfied or*

[1] This section was inserted by "The Code of Civil Procedure (Amendment) Act, 1937". India Act No. 8/1937.

*adjusted and such certificate shall, for the purpose of proceedings under this section, be conclusive proof of the extent of such satisfaction or adjustment.*

*(3) The provision of section 47 shall as from the filing of the certified copy of the decree apply to the proceedings of a District Court executing a decree under this section, and District Court shall refuse execution of such decree, if it is shown to the satisfaction of the Court that the decree falls within any of the exceptions specified in clauses (a) to (f) of section 13.*

*Explanation 1 "Reciprocating territory" means any country or territory, which the President may, from time to time, by notification in the Gazette declare to be reciprocating territory for the purposes of this section: and "superior Courts", with reference to any such territory means such Courts as may be specified in the said notification.*

*Explanation 2"Decree ", with a reference to a superior Court, means any decree or judgment of such Court under which a sum of money is payable, not been a sum payable in respect of taxes or other charges of a like nature or in respect of a fine or other penalty, but shall in no case includes an arbitration award, even if such award is enforceable as a decree or judgment.*

According to S 44A of CPC, a certified copy of a foreign judgment must be filed to the District Court and this Court may execute or enforce this judgment as if it had been passed by the District Court and that Court must exercise S. 47 of CPC to enforce this decree if this does not fall within the exceptions specified in clauses (a) to (f) of S. 13. But, in the light of the explanation of this Section, it can be enforced only the decrees pronounced by 'Superior Courts' of reciprocating Country and it must be only money decree passed by these Superior Courts. Moreover, the president needs to pronounce that which are reciprocating Countries and which courts are 'Superior Courts' of these countries. Nonetheless, the President has not announced required notifications through the different eras until now. Therefore, this section cannot apply at present.

Under the paragraph 117 of the first schedule of **The Limitation Act, 1909,** the period of limitation of a suit upon a foreign judgment as defined in CPC is **six years** from the date of that judgment.

In some common law jurisdiction, although there is no treaty between two countries on recognition and enforcemcnt of a judgment, one country's judgments may be enforced by the other party's courts under the procedural laws. In the absence of a relevant treaty, a foreign judgment may be enforced in this jurisdiction by a claim made at common law.

On the other hand, in some civil law jurisdiction, a foreign judgment can be recognized in

some countries (i.e., Japan) without any formality or special procedure as well as bilateral or multilateral agreement or treaty. It is required to take an action for a judgment or summary judgment granting the recognition or registration of foreign judgments. Foreign judgments are typically entitled to recognize in these countries if they are fulfilled the requirements set out in domestic laws. In many civil law countries, they are getting to modernize their Code of Civil Procedure or its procedural laws so as to enforce foreign judgments.

In conclusion, it should be further to analyzed that whether current procedures of Myanmar are effective or not on recognition and enforcement of foreign judgment without bilateral or multilateral agreement or treaty unless the notification of the reciprocating country.

## DIGITALIZATION AND ENHANCING COURTS PROCEEDINGS AND JUSTICES WITH INFORMATION TECHNOLOGY

The heartbeat of the Courts procedure and legal proceedings in every country vastly based on the documents and information provided by the parties who sought the Justice for the matters and/or chosen to settle dispute amongst themselves at the Courts. Courts proceeding includes gathering of information(facts), checking and validation of accuracy/correctness of documents and information received, inspection and processing of the document and analysis of information by the Courts staff, Judicial Officers, lawyers, government authorities and Judges who are to work on fact findings based on the viewpoint and presentation made by all parties involved in the matter. The key attributes and focal point of the proceeding are eventually pulled out from the case and finally formed a basis of final outcome/Judgment to conclude the matter at the Court.

By and large, Courts proceedings normally swamped with paper documents which contain all the necessary information for the matters and even more than what it is actually needed in most cases. Furthermore, it is also a very common practice in many jurisdictions that duplicate copies of the same paper documents are submitted many times by the different parties at the different stages of proceeding. As such, the paper documents and the data volume in Court matters become enormous and it is indeed a challenging task for the Judiciary to properly manage all paper flow in the Court while ensuring the accuracy and correctness of the information therein for further processing and final decision making. Courts in Myanmar are not an exception of this trend and hence Myanmar Judiciary has started to explore possible ways and opportunities to tackle this most challenging problem like any other Jurisdictions around the world.

The world is now emerging on digital economy and with cutting edge of Information Technology, many digitalization and digital transformation processes are introduced and expanded rapidly in many industries and in different business domains with the superb power of Information and Communication Technology (ICT). Legal proceedings and Courts administration are also well established and developed on digital platform in many countries as Technology enables Courts to process, store, retrieve and communicate information in whatever form it may take, with no restriction and limitation on the distance, time and volume. Thus, Information Technology (IT) is generating and bringing up many industries, including the Judiciary and Judicial system to the new industrial revolution which is most significant and far-reaching level compare to those in the past. The birth of the information technology and digital age is indeed an Industrial Revolution in terms of

how information is stored, retrieved and transmitted in assisting people at work and providing faster, more accurate and more efficient services in their respective field of study. It has also created positive impact to the society and is progressively advancing and improving the life style and social activities of the people around the world.

In addition, with the rapid advancement of AI (Artificial Intelligence) and IOT (internet-Of- Thing) technologies in recent years, digitalization has drawn much higher important role and it becomes integral part of the people's daily life in many countries. AI and IOT has added huge new capacities to human intelligence and constitutes a resource which causes substantial changes to the way people think, plan and carry out their own activities and interaction with others around them.

The Judiciary and Courts main business is to hear and determine the matter arises or case in a fair and timely manner at reasonable cost. In doing so there are processes that lead to the conclusion of the cases before the Court. With introducing of Information Technology to the Courts, it has enhanced the efficiency, effectiveness and competency of the administration and the litigation processes at the Courts. The processes must be efficient in the sense that they provide value for money. The system cannot be engaged in an abstract search for the truth alone, and insensible to all other factors, like cost, efficiency, and equity.

Those countries where ICT infrastructure has well established and with technology advancement, the Judiciary has made significant changes such that computers are widely used to hold information for communication and become a rich source of intelligence for the Court proceedings. Desktop, laptops and tablets, smart mobile devices are used extensively in the Courts and other devices which can assist in presenting and recording Court in session are also commonly used to become more efficient and effective Judicial system. The Courts proceedings and Justices of the country is much enhanced by the Information Technology and digital transformation.

As such, it is a very heartwarming and inspiring situation that the Judiciary and the Courts in Myanmar has joined the digitalization transformation journey with ASEANs and other countries to enhance the Judicial and the Court system in Myanmar to be more efficient, effective and most lmportantly , equitable in that all those who ought to have access to the justice system, which is free from discriminatory, or show partiality to a class of litigants or some areas of subject matter. It is very crucial and substantial initiative from the office of **Chief Justice of the Union at the Supreme Court of the Union of Myanmar.**

In recent years, Myanmar Judiciary has been continuously making an effort to align with the industrial digitalization of the Judicial system with the development of ICT sector in Myanmar and it has initiated some process to take advantage of the new opportunities offered by the Information Technology to provide a professionally excellent service to the community and to the people of Myanmar. It continues to ride on the new developments in Information Technology that would enhance the delivery of Courts services to the public and benefit to the administration of Myanmar Judicial systems. There could definitely be the impediments and challenges to implement

full suite of IT ENABLED Courts SERVICES in Myanmar as Myanmar is still classified under developing country status and it does not have robust and well-defined infrastructure to support full digitalization journey for the Judiciary. Nevertheless, it is the duty of the Courts and the Judiciary to prepare and work towards to overcome these challenges and strive to provide fairness and the equity to the people of Myanmar and to uphold the Justice in Myanmar.

Information Technology advancement and IT initiatives can be **implemented in many work areas at the Supreme Court of the Union of the Republic of the Union of Myanmar and other lower Courts** as part of the Digital Transformation drive which helps to enhance and improve the Courts processes in the areas of:

- Document creation, storage and retrieval,
- Presentation of cases at Court
- Recording of Court Proceedings;
- Case Management
- Optimizing Courts work flow processes
- Improved Access to the Law by Courts staff / Judicial Officers and public;
- Continuing Education;
- Communication (external /internal)

**Document Creation, Storage and Retrieval**

With assistance of IT, parties can create and send electronic document (soft copy/scanned copy) when Flling or submitting the documents to the Courts instead of filing a hard copy document. Similarly, for Court's hearing procedure where judges are required to produce written judgements, rulings, and reasons for the decisions that they made can continuously be typed out directly on their computer instead of writing down so that the secretaries or typists would not need to type the same out in typescript. A Judge can make a decision much faster with IT enabled devices and because of the abiiity to manipulate different documents through copy, cut and/or paste, or working from standard templates, it is now much easier and faster to produce a document with the necessary information for a Judge without repeatedly working on it as it is used to be when using paper copy documents.

As electronic copy of documents filed or created at the Courts are stored in the same computer or shared storage medium,.it is possible for the Court staff and Judges to store the document, retrieve the document and, call up other documents, without having to step out from their office desk. Similarly, the result judgements, decisions and/ or rulings. can be produced much faster to release to the parties when it is requested. The said decisions, judgements or rulings can put into a court system database to which judges and other people who has access to the case will be able to retrieve and read/edit simultaneously for whatever purpose. Therefore, IT definitely makes the production of document, release of decisions and final judgment to the parties in much

more efficient and faster manner compared to those cases in old days at Court.

As most of the documents are made and available electronically, it creates an opportunity of creating and maintaining an electronic case file that would eliminate problems of loss or misplaced of the physical file at the Courts. An electronic version of the court file would benefit to all officers and Judges to speed up the process and reduce the cost of preparing a record for appeal purposes, thus eliminating one of the bottenecks to the speedy delivery of justice.

**Presentation of Cases at the Courts**

With an assistance of portable mobile devices and well-established IT infrastructure, presentation of cases at the Court sessions are no longer required to be a lengthy process. In the course of proceeding inside Court rooms, case information can be shared simultaneously and read by all parties involved in the case while Courts is in session. The LCD monitors and projectors can be connected to the laptop or personal mobile devices to allow lawyers and litigant in person to present their case before the Judges and Judicial officers inside the Court room which helps everyone to be on the same page while hearing the matter and to support for better decision making.

**Recording of Courts Proceeding**

Court proceedings are normally recorded as hand writing by the judge/magistrate and their personal secretaries. In some jurisdictions, court reporters recorded the proceedings using stenographer or shorthand, and later produced a record of the proceedings. In other jurisdictions, recording was carried out by way of voice recorders and the recorded voice message is later transcribed into a typed record. With the development of the Artificial Intelligence and Information Technology, it is now possible to have digital audio recordings of voice on the computer or mobile devices and to be transcribed automatically into an electronic copy which can be kept in the electronic case file and shared as centralized copy for all parties. It is also possible to have instantaneous recording of proceedings by court reporter which can be viewed by the judge and counsel using their computers at their respective desks while the Court is in session. With the use of IT for Court in session, the pace of proceedings may speed up considerably. The quality of the record is enhanced immensely as it is far more accurate with use of latest technology on voice recognition. Cases ought to be resolved faster for both at trial, and on appeal as the result of the easy availability and accessibility of the record of the trial. As the time required to spend on the task of writing and recording proceedings has reduced substantially for the Judges, they can pay more attention and focus to the hearing and Judging function as proceeding continues in the Court room.

**Case Management**

With the help of Information Technology, application software can be developed to implement case and hearing management system at the Courts. Cases can be tracked timely and can be heard at the Courts in more proactive and efficient manner. Computers are able to do necessary work in considerably much lesser time than it is done manually. Equipped with all the necessary information of the case, it is easier for the Court staff, the Judicial officers, and the Judges to take appropriate action, to decide whether to move the case forward or not, or to assign it, or to list it for trial as whatever action is appropriate.

**Optimizing Courts work flow processes**

With the help of Information Technology and wide range of Artificial Intelligence application software available nowadays, Courts work processes can be streamlined and automated in many areas to have more transparency, better decision making and minimizing the possible human errors.

**Continuing Education**

There are many e-learning application out there in market, Judiciary can search for most appropriate and suitable e-learning program software to introduce at the Courts and the legal community of Myanmar. This will help all the Courts officers and legal practitioners to be the well informed of any new technology introduced at the Court which is related to legal processes and also to be updated with latest revision and version of Iaw/Acts/Rules of Courts and legal practices.

**Communication (external /internal)**

It is in the interest of both the Judiciary and the public that the public might wish to know and understand what is happening at the Courts and the Judiciary in relation to its mandate from time to time. The public has a right to know what the judiciary is doing with the resources entrusted to them in carrying out its mandate and hence it is very important for the Judiciary to establish well-defined and proper communication channel with public. The judiciary should not and could not use the same communication channel and platform used by other organs of government to the public. The Judiciary does not control the purse strings of government or the powerful machinery of government in the manner that both the legislature and executive do. The authority of the judiciary ultimately rests on the confidence of the public. Therefore, it is crucial for the judiciary to setup a communication channel which will enable them to communicate to the people of Myanmar in most effective and efficient manner.

One of the easier means to achieve extensive coverage On public communication in shortest time frame is to setup online website /web portal of Myanmar Judiciary which contain

requisite information about Rules of Courts and Regulations gazetted, activities at Courts, Journals, periodical reports and regular updates from Judiciary. In this regard, the Judiciary in Myanmar has developed a website **for The Supreme Court of the Union** at **http: www. unionsupremecourt. gov. mm** for public access to provide relevant information pertaining to the Court.

Because of the limited infrastructure development and cost incurred for online intemet usage, the audience may be limited. Nevertheless, because of the possibility of reuse of that information by media agencies and other people, it is possible that it would still reach a wider audience than initially anticipated. Information Technology has offered the Courts not only an opportunity to communicate with the public through the internet, but also provides an Opportunity to allow internal communication within the organisation through Intranet and electronic mail. There may be information to which the public may not be privy could be kept on intranet accessible only to relevant category of officers in the Courts. At the same time, paperless communication using email programmes between Judges and other judicial personnel in and outside of the judiciary is possible at very little cost, and almost instantaneously. With the matured state of social media and official websites of Judiciary in many countries all over the world, judges and other professionals are able to share information of a professional nature or merely only for recreational purpose.

**Improved Access to the Law by Courts staff /Judicial Officers and public**

In many jurisdictions, the law applicable is often found in different sources. These include Statute Books for legislation; Law Reports and publication from the Court. The medium for storage of the legislation and case law was previously only available through hard copy in book form or printed or typescript. The traditional approach in some jurisdictions was regularly producing an up-to-date version in the form of one edition of the laws in force at a particular time, or by periodical updates.

It is now possible to keep both legislation and law reports, not only in hard copy and book form, but also in digital format, on CDs and other storage media, online (Internet/Intranet), or on standalone machines which make it much easier for a judge or member of the public to search and obtain the provisions of the law or previous Court decision, Judgment , precedence that one desires to look for to use as reference or to cite in Courts' proceeding. With the use of the Internet, it is possible to seek for and obtain comparative and persuasive judiciousness from other jurisdictions while seated at one's work station.

The situation for the Courts proceeding is even much more promising now as the documents are digitally created and stored as electronic copy which make it easier to copy and distribute to relevant parties at a very little cost. Therefore, it is now possible for the law to be available in an easier, more convenient and most accessible format to the public. It also makes simpler for people to do research and incorporate the results into new documents being produced. IT has tremendously

This section was inserted by "The Code otcwu Procedure (Amendment) Act, 1931". man Act No. M937.

improved access to the law, improving the productivity of its users for the quality and quantity of what they produce, and thus continuously increasing both the efficiency and effectiveness of the Judicial sector and benefit the Legal fratemity.

With evolving Digital transformation and digitalization culture, all the Courts processes will be eventually phased out from manual to digital process in progressive manner in the coming years. Moreover, office automation features can be implemented at the Courts with assistance of IT and latest ICT equipment available in the industry too. Thus, Myanmar Judiciary has embarked on the information Technology and started planning and preparing a Digitalization Roadmap to enhance the Courts and Justice functions to provide better justice for the society and the people of Myanmar.

As the huge digital wave is drawing closer for the Myanmar Judiciary, it is indeed an exciting journey and paradigm shift for all in the legal community, especially to the Courts administrative staff, legal practitioners, Judicial Officers and the Judges. Therefore, it is necessary that all must assume full responsibilities in their respective work areas to make oneself well prepared and be ready to adapt Digital mindset and Digitalization Culture towards the success of digital transformation for the Myanmar Judiciary and enhance Justices for the people of Myanmar.

## ကြော်ငြာ

**စာရေးသူများသို့**

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှထုတ်ဝေသော တရားရေးဂျာနယ်များ၌ ထည့်သွင်းဖော်ပြရန် တရားစီရင်ရေးရာ၊ ဥပဒေရေးရာတို့နှင့်စပ်လျဉ်းသော ဆောင်းပါးစာမူများ ရေးသားပေးပို့နိုင်ပါသည်။

၂။ စာမူများအား မြန်မာဘာသာဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း ရေးသားနိုင်ပါသည်။

၃။ စာမူတစ်ပုဒ်အတွက် မူရင်းစာမူနှင့်အတူ မိတ္တူတစ်စောင် ပူးတွဲပေးပို့ရန်ဖြစ်ပါသည်။ ကိုယ်တိုင်ရေးသားကြောင်းနှင့် ယခင်က မည်သည့်စာစောင်၊ မဂ္ဂဇင်းတွင်မျှ ဖော်ပြဖူးခြင်းမရှိကြောင်း ဝန်ခံချက်လည်း ပါရှိရမည်ဖြစ်ပါသည်။

၄။ စာမူများအား တရားရေးဂျာနယ်၊ စာတည်းအဖွဲ့၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နေပြည်တော်သို့ စာရေးသူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့ရန်ဖြစ်ပြီး စာရေးသူ၏ နေရပ်လိပ်စာအပြည့်အစုံ ဖော်ပြပေးရန်ဖြစ်ပါသည်။

၅။ ရွေးချယ်ခြင်းမခံရသောစာမူများအား ပြန်လည်ရယူလိုပါက စာရေးသူကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း ပြန်လည်ထုတ်ယူနိုင်ပါသည်။

**တရားရေးဂျာနယ်၊ စာတည်းအဖွဲ့**

# တရားစီရင်ရေးဆောင်ပုဒ်

- ဥပဒေနှင့်အညီ ဆုံးဖြတ်ပါ။
- မှန်မှန်နှင့် မြန်မြန် စီရင်ပါ။
- လုပ်ထုံးညီညီ ဆောင်ရွက်ပါ။
- လာဘ်ပေးလာဘ်ယူ ကင်းရှင်းပါ။
- ဖြောင့်မတ်တည်ကြည်မှုဖြင့်
- တရားရုံး၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းပါ။

